
www.burmeseclassic.com

တကယ့်ဖြစ်ရပ်

# ရှုခင်း

မဂ္ဂဇင်း

2014 NOVEMBER




LUCKY STAR

သားသမီးရတနာ မထွန်းကားသူများအတွက်

福星男女不孕不育專科

ဆရာစံ 楊醫師

B.E (Chemical) D.E.S (U.S.A)

Boy Baby 生男孩專方 သားသားရတနာ

x + y = ♂

Girl Baby 生女孩專方 သမီးလေးရတနာ

x + y = ♀

Twin Baby 雙生兒專方 အမြွှာလေးရတနာ

တိုက်(D)၊ အခန်း(၆)၊ ရွှေစပယ်ရိပ်မွန်၊ ရေကျော်ကြောင်းသိပ္ပံရှေ့၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

Tel : 01 - 536355, Hp - 09 - 73241356, Hp - 09 - 5139886 Email sanmyint 5688@gmail.com


www.burmeseclassic.com

www.burmeseclassic.com

# အယ်ဒီတာချုပ်၏ အမှာစကား

တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းများနယ်သည် ပြည်သူလူထုအား မှန်းအသိပညာပေးမှုကို အထူးပြုရည်ရွယ်ခဲ့သည့်အပြင် မှုခင်းဖော်ထုတ်နေသော အမှုစစ်ရဲအရာရှိများအနေဖြင့် မှုခင်းဖော်ထုတ်ရာတွင် အတွေ့အကြုံနှင့် ဆက်စပ်၍ လက်တွေ့နယ်ပယ်၌ အသုံးချနိုင်စေရန် ရည်ရွယ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း၏ အယ်ဒီတာအဖွဲ့တွင် ဘဝ အတွေ့အကြုံများပြားသော နိုင်ငံဝန်ထမ်းဟောင်း အငြိမ်းစားများ ပါဝင်သလို ပညာရေးနယ်ပယ်တွင် ကျောင်းသူ၊ ကျောင်းသားများနှင့် အမြဲထိတွေ့နေသည့် နာမည်ကြီးကျူရှင်ဆရာ၊ ပညာရှင်များလည်းပါဝင်ပါသည်။

နယ်ပယ်စုံမှ ပညာရှင်များ၏ စုပေါင်းအားထုတ်မှုဖြင့် ထုတ်ဝေသော တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် လူတိုင်း မှုခင်းအသိပညာတိုးပွားစေရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းတွင် ပူးပေါင်းပါဝင်စေရေး၊ အိမ်နီးချင်း စောင့်ရှောက်မှုစနစ်ဖြင့် မှုခင်းကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေး ဖော်ထုတ်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုဘက်မှ ပါဝင်တာဝန်ယူနိုင်ခွင့်ရှိသည်များကို သိရှိစေရန် ပညာပေးအစီအစဉ်ဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် ပြည်သူ့မေတ္တာကို ခံယူ၍ ပြည်သူလူထု၏လက်ခံအားပေးမှုဖြင့် ရှေ့ခရီးကို လျှောက်လှမ်းရန် ကြိုးပမ်းအား ထုတ်နေသည်ဖြစ်၍ မည်သူမဆိုလိုအပ်ချက်များကို အကြံပြုနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အယ်ဒီတာချုပ်

www.burmeseclassic.com

စာရေးဆရာအောင်ကျော်ဇော စီစဉ်ထုတ်ဝေသည်

တကယ့်ဖြစ်ရပ်

# မှန်

မဂ္ဂဇင်း

# 2014 November

အတွဲ(၁)၊ အမှတ်(၁၄)


အယ်ဒီတာချုပ် - အောင်ကျော်ဇော

ရဲအုပ်အောင်လွင်(ငြိမ်း)

ဒုအရာခံဗိုလ်(ငြိမ်း)တပ်မတော်(ကြည်း)

တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ

အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)

လက်ထောက်အယ်ဒီတာ - နေမျိုးအောင်

ထုတ်ဝေသူ

ဦးအောင်လွင်(ယာယီ/၂၀၈၃)

ပုံနှိပ်သူ

သိန်းသန်းဦးပုံနှိပ်တိုက်

ဒီဇိုင်းအပြင်အဆင်

Ⓜ Min Group

ကွန်ပျူတာစာစီ

နေမျိုးအောင်

ပန်းချီသရုပ်ဖော်

ပန်းချီမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)




မျက်နှာဖုံးရှင်

ဝတ်မှုန်ရွှေရည်

ဓာတ်ပုံ

ရဲရဲ


ဖြန့်ချိရေး

ကန့်ကော်လွင်စာပေ၊ အမှတ်(၉၇)၊ မြေညီထပ်(ဝဲ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁ ၃၈၅၃၆၉၊ ၀၉ ၄၉၂၉၄၂၁၈


www.burmeseclassic.com

**ကဗျာ**

မျိုးကိုကိုထက်(ပျဉ်းမနား)၊ ရွှေစောသက်(ရွှေဘို)၊ လမင်းသစ္စာ၊
မောင်ထည်ဝါ(ပျော်ဘွယ်)၊ မာန်အောင်မင်းနီ၊ မန်းစံရွှေ မင်းထက်သားညီ(တောင်ငူ)၊
ကျော်လွင်ဦး(ပျဉ်းမနား)

**ကာတွန်း**

သူရိန်၊ မင်းခန့်ကျော်၊ ကျော်ဝင်းခိုင်၊ စောဟန်၊ မြတ်နိုး၊ မုဒ္ဒံအိန်ဂျယ်၊ ပေါက်ကျိုင်း၊
အက်လာယ်မှူး

**ဆောင်းပါး**

**ညွှန့်ဟုံ(ကြူဘော)**
ရန်သူနှင့်ဆက်သွယ်သည့်ပစ္စည်း ဥပဒေနှင့်မငြိစွန်းစေချင် ၂၃
**ဦးသန်းထွန်း(ဥပဒေ)**
အပိုင်းလေး ပုဒ်မလေး ၂၇


BURMESE CLASSIC



# 2014 NOVEMBER CONTENTS

www.burmeseclassic.com

www.burmeseclassic.com





ဘာသာပြန်
လှမိုး(ပညာရေး)
ကိုလိုနီခေတ် မြန်မာနိုင်ငံကို ကိုင်လှုပ်ခဲ့သော ၈၀
လူသတ်မှုကြီး
လှျမ်းထက်
သေမင်းနှင့် တကာယ်စစ်ခင်းသူ ဂျိမ်းစ်ဘွန်း ၁၃၆

တစ်မျက်နှာဝတ္ထု
အိမ့်(ရှုပဒေ)
မနှောင်းသောအသိ ၁၁၁

အခန်းဆက်ဝတ္ထုရှည်
ထက်ထက်ဦးဝေ
နွေအလွန် ၇၂

ရုပ်ရှင်မိတ်ဆက်
ဦးဝင်းမြိုင်(သရုပ်ဆောင်)
ဟိုဒင်းဟိုဟာ ၁၁၂

တစ်ခန်းရပ်ဟာသ
ထက်ထက်(ဟာသ) ၁၃၂

ဗေဒင်
ဝေဒသုတေသီတစ်ဦး

သတင်း
နိုင်ငံတကာသတင်း




www.burmeseclassic.com

www.burmeseclassic.com

ရသ


**မောင်ထည်ပါ(ပျော်ဘွယ်)**
ဒုစရိုက်သမားတို့ သွားရာလမ်း ၅၅
**ဒုတိယရဲမှူးကြီးဝင်းဦး(မြိမ်း)**
လက်မဆော့ရ ၆၂
**ရှင်လွန်းမယ်**
ထာဝစဉ်လန်း ဝိတိပန်း ၇၀
**မောင်သာမှန်(ဒီကျွန်း)**
သူနှင့်သူမ ၈၈
**မောင်မောင်လွင်(ညောင်လေးပင်)**
မေတ္တာနှောင်ကြိုးတစ်မျှင် ၉၈
**နွေအလွန်**
ရင်ထဲက မျက်ရည် ၁၂၀
**ရွှေဘိုဘာမထီခင်အောင်**
မသဲဖြူနှင့် သွေးလူးသောမျက်နှာ ၁၄၄
**ကျွန်းစဉ်မြေစာခက်**
ထိုင်းပြန်လူငယ်တစ်ယောက်အကြောင်း(၅) ၁၅၂
**အောင်ကျော်ဇော**
နှုတ်မရတဲ့ ဆူး ၁၆၆

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# ဂုဏ်သိက္ခာ

အို.....လူသား
ဝေဖန်ပြောဆို
ဆရာလို.....
ငါ.....ပိုတတ်သိ ပြောကြ၏
အပြစ်မြင် အကျင့်ဆိုးမဟုတ်ပါ
သို့သော်.....
မေတ္တာအရင်းခံ၊ စေတနာရှေ့ထား
စိတ်မှာဆုံးဖြတ်
နိုးကြားစိတ်ဓာတ်
အသိနဲ့သတိ အမြဲရှိဖို့
ခင်မင်ရင်းနှီး၊ မိတ်ကောင်းဆွေပမာ
စိတ်ကောင်း စေတနာနှင့်
နွံနစ်ပတ္တမြား ဖုံးကွယ်သွားမှာ
မလိုလားဘူးလေ။
ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီး
ကိုယ့်ရဲ့ခရီး.....
ကိုယ့်‘ထီး’ကိုယ်ဆောင်းသလို.....။
‘‘အရက်’’ကို‘မုန်း’
‘‘ဘဝကိုနာ’’ရှောင်ကြဉ်ဖယ်ရှား
နေသွားစမ်းပါ.....။
အကျိုး၊ အကြောင်း
အဆိုးအကောင်း (မြည်းစမ်းသုံးသပ်)
ဝေဖန်ပိုင်းခြား၊ ကွဲပြားခြားနား
သိမှားနောင်တ
မင်းရသင့်ပြီ မဟုတ်လား
ကိုယ့်တန်ဖိုး.....ကိုယ်ပဲဆုံးဖြတ်တယ်။

အလုပ်ခွင်မှာ.....‘‘ဆရာ’’
အရပ်မှာ.....‘‘လူကြီး’’
လူ့ဝန်းကျင် ဂုဏ်သတင်းရယ်နှင့်
အမှားရယ် ကင်းရလေအောင်
အသိစိတ် ထိန်းချုပ်ဆောင်လို့
ရိုးသားလေခြင်း.....။
ဆရာဆိုတာ နာသုံးနာနှင့်
အမှားကင်း အမြင်ကျယ်
ဉာဏ်မြော်ရှုတွေး၊ လေးစားထိုက်အောင်စင်ကြယ်
ရိုးသားပါးနပ်၊ လမ်းပြရှေ့ဆောင်
ယုံကြည်အားကိုး.....၊
ကြည်ညိုလေးစား.....၊
ချစ်ကြောက်ရိုသေ.....၊
ဂုဏ်ဒြပ်တွေပိုင်မှ ဤလူ့ရွာတွင်
မြင့်မြတ်နှလုံးသား
လောကသစ္စာ.....ခံ့ညားထည်ဝါ
‘‘ဂုဏ်သိက္ခာ’’ရှိလှစွာတည်း။ ။



မျိုးကိုကိုထက် (ပျဉ်းမနား)


www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေချစ်တတ်သူ ဥပဒေထိန်းသိမ်းသူ

ပန်းကလေးကို ချိုးချင်ချိုး
ဥပဒေကို မချိုးနဲ့။
သံလေးကို ကောက်ချင်ကောက်
ဥပဒေကို မဖောက်နဲ့။
ကောင်မလေးကို ရိချင်ရိ
ဥပဒေကို မငြိနဲ့။
မိတ်ဆွေချင်း တွန်းချင်တွန်း
ဥပဒေကို မစွန်းနဲ့။
ဥပဒေကင်းကွာ မြို့ရွာနာ၏
ဥပဒေတိကျ နိုင်ငံလှ၏
ဥပဒေစိုးမိုး ရပ်ရွာဖြိုး၏
ဥပဒေဝန်ထမ်း မှန်ကန်လမ်းတည့်
သစ္စာရှိသော် နိုင်ငံမော်၏
ဥပဒေတည့်မတ် နိုင်ငံရပ်တည်
သိက္ခာကြည်၏။
ဥပဒေသည်သာ ကိုးကွယ်ရာတည့်
ပြော်.....
ဥပဒေဆိုတာ ကြောက်စရာမဟုတ်
မဲ့စရာမဟုတ် အဟုတ်လိုက်နာ
ကျင့်ကြံပါစွ စည်းကမ်းလှလျှင်
သင်သာသခင်ဖြစ်ပါသည်။
သင်သာအရှင်ဖြစ်ပါသည်။ ။



ရွှေစောသက် (ရွှေဘို)


စည်းကမ်းဥပဒေ လိုက်နာသော ပြည်သူများသို့ ...

www.burmeseclassic.com

www.burmeseclassic.com



# သတိ ရှေ့မှာဇရာရှိသည်



အားမလိုအားမရ
စိတ်တိုင်းမကျခဲ့။
ဒေါသနဲ့ငြိုငြင်
စိတ်မရှည်ချင်ခဲ့။
စိတ်သွားတိုင်း ကိုယ်မပါကြ
အလိုဆန္ဒ မပြည့်ဝ
တွေ့နေ မြင်နေရ
အိုကြီးအိုမတွေလေ။
ဩော်.....
ငါလည်းတစ်နေ့ကျ
လျှောက်ရမယ့်လမ်းပါပဲရယ်လို့
ရော်ရမ်းကာ ပြေးမကြည့်တော့
စာနာဖို့အရေး အတွေးမရှိ
တတိတိ ရွေ့လျားသွားတဲ့ စက္ကန့်အိမ်အောက်
အတ္တတွေ ထိန်ထိန်တောက်ခဲ့သမျှ
မလှမပ နေဝင်ချိန်ရောက်မှ သိမယ်လေ။ ။

လမင်းသစ္စာ

www.burmeseclassic.com

www.burmeseclassic.com



# လူ၏တန်ဖိုး

တောသို့ပျော်ပါ။ သမင်များသည်
နီလာပတ္တမြား၊ တွေ့ရှိငြားလည်း
မြက်စားကာပင်၊ တောသို့ဝင်လေ၏။
စိတ်လိုလိုက်စား၊ လူမိုက်များလည်း
အိပ်စားကာမ၊ ခံစားကြလျက်
ဘဝများစွာ၊ သံသရာမှာ
လေးရွာအပါယ်ဆင်းလေ၏။
မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၍
ဖြူအောင်စိတ်ထား၊ ကျင့်ကြံပွားလျက်
တရားမြတ်နိုး၊ ကောင်းအောင်ကြိုးမှ
ဖွံ့ဖြိုးလူ့ရွာ၊ သာမည်ပ။
လူဖြစ်လာရ တစ်ခဏ။
ကုသိုလ်ရအောင် ကြိုးပမ်းကြ။ ။




မောင်ထည်ဝါ (ပျော်ဘွယ်)

www.burmeseclassic.com

www.burmeseclassic.com



# သတိထား ••• အသိများတတ်သည်



ငါ့ခေါင်းတွင်မူ၊ ဆံပင်ဖြူကို
ဆေးကူမည်းနက်၊ အုန်းဆီစွက်၍
ဖြီးလျက်ဆင်သ၊ ငယ်စဉ်ကလို
လှစေလိုပြီး၊ နုပျိုသယောင်
အရောင်လှည့်ဖြား၊ ဟန်ဆောင်ထားသည်
ရွယ်များငယ်သလား၊ ထင်ယိုးမှားအောင်။
တစ်နေ့သော်ကား၊ လမ်းလျှောက်သွားစဉ်
ကစားခဲ့ကြ၊ ဘဝရွယ်တူ
ငယ်သူငယ်ချင်း၊ ပေါင်းအသင်းကို
ခေါ်ရင်းလက်ဆွဲ၊ ခင်မင်ဆဲဟု
လှိုက်လှဲမဆုံး၊ တွေ့ကြုံတုန်းမှာ
အပြုံးတစ်စ၊ ငယ်ရုပ်ပြလျက်
ငါကနှုတ်ဆက်လေသောအခါ.....။
စေ့စေ့ကြည့်လျက်၊ ငါ့အားဖက်၍
မျက်ခုံးအစ၊ မေးစေ့ကအမွေး
နှုတ်ခမ်းမွေးတို့၊ ဖြူဖွေးနေကြ
အိုရုပ်ပြပြီ.....
မင်းကငါက၊ ငယ်ဘဝလို
မနုပျိုတော့.....တဲ့
ပြောဆိုမမှား၊ သူ့စကားကြောင့်
တရားရဖို့ကောင်းသော်လည်း။
ဩော်.....ငါတွေးကြည့်၍
သတိနောင်တ၊ အသိရမိ
ခေါင်းကဆံပင်၊ ငယ်ရုပ်သွင်လို
အဆင်မည်းနက်၊ ဆိုးထားလျက်ပေါ့.....
မျက်နှာပေါ်က အမွေးများ
နက်အောင်ဆိုးဖို့ မေ့လို့ထား
ဆိုးပြန်ရင်ကား မှန်မလား.....။ ။


မှာန်အောင်မင်းနီ

www.burmeseclassic.com

www.burmeseclassic.com



# သာဓု သာဓု သာဓု



လူတွေဟာလေ
အပူပင်ကြား လှုပ်ရှားရုန်းကန်
အရှုံးမခံ အနိုင်ရဖို့ ထိပ်တက်ဖို့လုပ်ရင်း
စိတ်ပျက်ဖို့ကောင်းတာတွေ ကြုံရတာစုံလို့။
ဆင်းရဲသား ဘဝတွေက
အပျင်းမဖက်အား စားဝတ်နေရေးအတွက်
သေဘေးနီးတာတောင် ရှောင်ရခက်တာမို့
နောင်ဘဝအတွက်ဆိုတာ မတွေးအား။
ကြွယ်ဝချမ်းသာသူအချို့
အပန်းမဖြေ လမ်းတကာမော်ကြွားလို့
ပျော်ပါးစွာ အလှူဒါနပြုကြ
မတော်မတရားရှာ ပကာသနတွေစုတတ်တာမို့
ကုသိုလ်အစစ်အမှန် ဖြစ်ရေးကို
အလစ်မပေးဘဲ ပြုတတ်ကြကာမှ
သာဓု သာဓု သာဓုလို့ ခေါ်ပါရစေ။ ။

မန်းစံရွှေ

www.burmeseclassic.com

www.burmeseclassic.com



# မျက်နှာပူရတဲ့ ကွက်လပ်

ချမ်းသာကြွယ်ဝမှုကဗျာမှာ မြင်ရတာ
ကွက်လပ်.....။
ငြိမ်းချမ်းရေးရဲ့ကဗျာမှာ တွေ့ရတာလည်း
အဲဒီကွက်လပ်ပါပဲ.....။
ဘဝမှာ
ကွက်လပ်တွေကို
မပိုင်ချင်ဘဲ ပိုင်နေရ
မသေချာတဲ့ အိုင်ဒီယာတွေကြောင့်
ကွက်လပ်တွေ ရလာတာလား
မကြာခဏ
တွေးနေမိရဲ့။
ဒါနကုသိုလ် ပြုမှုကဗျာမှာ
ကွက်လပ်တွေရှိနေ
သီလဆောက်တည်မှု ကဗျာမှာ
ကွက်လပ်တွေ တွေ့ရ
ဘာဝနာအားထုတ်မှု ကဗျာမှာလည်း
ကွက်လပ်တွေ မြင်ရပြန်တော့
နှလုံးသားထဲမှာ
သောကမျက်ရည်ဟာ တစ်စက်ချင်းကျလို့လာ
ကြေကွဲမှုချောက်ကမ်းပါးဟာ
နက်သထက် နက်လာခဲ့တယ်။

တကယ်ဆို.....
အဲဒီလို ကွက်လပ်တွေ
ဘဝမှာ လက်တစ်ဆစ်စာတောင် မမြင်ရဖို့
အသိတရားနဲ့ သတိတရား ပေါင်းစပ်ဆင်ခြင်
ကွက်လပ်ဖြည့်တတ်သူဖြစ်ဖို့
ကြိုးစားသင့်ပါရဲ့။
ပြောရရင်.....
ဘဝမှာ
ကွက်လပ်တွေ ရှိနေခြင်းဟာ
လက်မထောင်လို့မရတဲ့ ကဗျာဖြစ်လို့
'ညံ့'အဆင့်နဲ့
စာမေးပွဲရှုံးသူသာဖြစ်တယ်။ ။



မင်းထက်သားညီ (တောင်ငူ)

www.burmeseclassic.com

www.burmeseclassic.com



# ရှေးထုံးစဉ်လာ ယဉ်ကျေးမှု

ကြီးသူကိုရိုသေ
ရွယ်တူကိုလေးစား
ငယ်သူကိုသနား
မိဘဆရာ၊ ဆရာမများက
ကျောင်းသား၊ ကျောင်းသူ လူငယ်များကို
လိမ္မာရေးခြားရှိလာစေရေး
ပညာသင်ဆုံးမပေးခဲ့
ယဉ်ကျေးမှုသင်တန်းတွေလည်း
နွေကျောင်းပိတ်ရက်ကလေးမှာ
ဖွင့်ပေးသင်ကြားခဲ့ပါတယ်။
ဒါနဲ့လည်း ယဉ်ကျေးမလာကြ
ကလေးတွေကို အပြစ်ဆိုရမလား
ခေတ်ရေစီးလို့ ဆိုရမလား
ကြီးသူကိုလည်း မရိုသေ
ရွယ်တူကိုလည်း မလေးစား
ငယ်သူကိုလည်း မသနား
စကားနဲ့တောင် အကျောမခံ
ပြန်ပြောပြန်ဆိုနဲ့
ဆရာထံပါး စာသင်သားအရွယ်
ကလေးသူငယ်ကအစ
ဆုံးမသွန်သင် ပဲ့ပြင်ပေးတာတောင်မှ
နားမထောင်ကြ၊ မလေးစားကြနဲ့
ရှေးထုံးစဉ်လာ ယဉ်ကျေးမှု
ပျောက်ကွယ်လုနီးပါးဖြစ်နေ။ ။



ကျော်လွင်ဦး (ပျဉ်းမနား)

www.burmeseclassic.com

# Cartoon



www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon





www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com




## Cartoon




www.burmeseclassic.com

www.burmeseclassic.com





# ညွန့်ဟံ (ကြူခတော)

## ရန်သူနှင့်ဆက်သွယ်သည့်ပစ္စည်း ဥပဒေနှင့် မငြိစွန်းစေချင်

မကြာသေးမီက သတင်းတစ်ပုဒ် ဖတ်လိုက်ရပေသည်။ လားရှိုးမြို့ဈေးကြီးအတွင်းရှိ ရွှေဆိုင်တစ်ဆိုင်အား သေနတ်သမားတစ်ဦးက နေ့ခင်းကြောင်တောင် အနုကြမ်းစီးသည့်သတင်းဖြစ်သည်။ အတော်ပင်လက်ရဲဇက်ရဲနိုင်လှသော လုပ်ရပ်ဖြစ်သည်။ လူစည်ကားချိန်လည်းဖြစ်ပြီး လုံခြုံရေးတွေရှိသည့်ကြားက အနုကြမ်းစီးခြင်းဖြစ်၏။ သို့ရာတွင် CCTV ကင်မရာက မှတ်တမ်းတင်ပြီးဖြစ်လေရာ ရာဇဝတ်ဘေး ပြေးလွတ်မည်မဟုတ်ပါ။ ရဲတပ်ဖွဲ့ကလည်း မဖြစ်မနေ အင်အားသုံး စုံစမ်းဖော်ထုတ်ရန်ရှိပေသည်။

စာရေးသူ လွန်ခဲ့သည့် နှစ်ခြောက်ဆယ်လောက်က သတင်းဆောင်းပါးတစ်ပုဒ် ဖတ်ဖူး၏။ မန္တလေးမြို့ဈေးချိုအတွင်းရှိ ရွှေဆိုင်တစ်ဆိုင်၌ လူစည်ကားချိန်တွင် လူတစ်ယောက်က ရွှေဆိုင်၏မှန်ကိုခွဲကာလုယက်ခြင်းဖြစ်၏။ လူစည်ကားချိန်ဖြစ်သည့်အလျောက် တရားခံကို ချက်ချင်းဖမ်းဆီးမိ၍ စစ်ဆေး၏။ တရားခံကို 'ဒီလောက် လူတွေအများကြီးရှိနေတဲ့ကြားက အခုလိုကျူးလွန်တာဟာ အလွယ်တကူအဖမ်းခံရမယ်ဆိုတာ မစဉ်းစားမိဘူးလား'ဟု မေးလေသည်။ ထိုအခါ တရားခံက 'အဲဒီအချိန်တုန်းက ကျွန်တော့်အဖို့ ငွေလိုနေတယ်၊ ရွှေဆိုင်မှန်သေတ္တာထဲက ရွှေကိုပဲမြင်တယ်၊ တခြားဘာကိုမှ မမြင်ဘူး'ဟု ဝန်ခံဖြေကြားပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောင်တစ်သက်ပုံ
ကြွက်တစ်မြုံ့ဆိုသည့်
စကားကဲ့သို့ မိမိ၏
အဆင်ပြေမှုကြောင့်
အစမှသိမ်းပိုက်ရယူအပ်သော
ပစ္စည်းကြောင့် မိသားစုအများဆင်းရဲ၏။
မိမိကိုယ်တိုင် ရန်သူဖြစ်မှန်းမသိ
ဖြစ်ရသည့်ဘဝသို့ ရောက်ရပေ၏။
ရန်သူနှင့်မိတ်ဆွေ
ခွန်တွဲပေးသောပစ္စည်းသည်
မိတ်ဆွေစစ်ဖြစ်ဖို့လို၏

...

တရားခံအနေဖြင့် ဥပဒေ၏အဆုံးအဖြတ် ခံယူဖို့သာရှိတော့သည်။ အခြားရွေးချယ်စရာ နည်းလမ်းမရှိဖြစ်ရ၏။ သူသည် စိန်ရွှေရတနာပစ္စည်းသာမြင်၏။ ရှေ့နောက်ဆင်ခြင်မှုအာရုံမရှိ။ ရေထဲကငါးကဲ့သို့ ငါးစာကိုသာမြင်ပြီး ငါးစာ၏နောက်က သူ့ကိုဒုက္ခပေးမည့် ငါးမျှားချိတ်ကို မြင်နိုင်သည်မဟုတ်ပေ။ လိုချင်တပ်မက်မှု၏ ဆိုးကျိုးရလဒ်က ဖဝါးခြေထပ် ကပ်ငြိနေပေမည်။

ထို့ကြောင့် ပညာရှင် စာရေးဆရာကြီး ဟံသာဝတီဦးဘရင်ရေးသားသည့် **ရွှေထုံးစဥ်လာ** စာအုပ်ထဲက ဆောင်းပါးတစ်ပုဒ် ခေါင်းစီးကို သတိရမိ၏။ ခေါင်းစီးက **"ပစ္စည်းသည် ရန်သူနှင့်ဆက်နွယ်၏"** ဟူ၍ဖြစ်၏။ အကြောင်းအရာက ကုန်းဘောင်ခေတ်နှောင်းပိုင်း မြန်မာနိုင်ငံအခြေအနေနှင့် အင်္ဂလိပ်တို့က M သုံးလုံးဖြစ်သော ဘာသာရေး၊ စီးပွားကုန်သွယ်မှု၊ စစ်ရေးတို့ဖြင့် ကျူးကျော်သိမ်းပိုက်မှုအကြောင်းဖြစ်လေသည်။ မြန်မာ့သယံဇာတနှင့် ထုတ်ကုန်ပစ္စည်းကို လိုချင်တပ်မက်မှုကြောင့် ဖြစ်လာရသော အခြေအနေများကို စုစည်းပြထားခြင်းဖြစ်၏။ မိမိပိုင်ဆိုင်သော ပစ္စည်း၊ သူတစ်ပါးပိုင်ဆိုင်သောပစ္စည်းက ရန်သူနှင့်ဆက်သွယ်တတ်ကြောင်း သတိကြီးစွာထားဖို့ ညွှန်ပြခြင်းဖြစ်၏။

မြန်မာ့ဆိုရိုးစကားတွင် **"လွယ်လျှင် သူကြွယ်ပင်သူခိုးဖြစ်"** ဟုဆို၏။ အချို့က **"ကွယ်လျှင်သူကြွယ်ပင်သူခိုးဖြစ်"** ဟု ဆိုကြသည်။ လူမသိသူမသိ မျက်ကွယ်အနေအထားတွင် သူဌေးသူကြွယ်ပင် ဖြစ်လင့်ကစား အလွယ်တကူဖြစ်ပါက သူခိုးသူဝှက်သဖွယ် ယူငင်တတ်ပေသည်။ မိမိတို့ကိုယ်တိုင် တစ်စုံတစ်ခုသော အဖိုးတန်သည်ဖြစ်စေ၊ အဖိုးနည်းပါးသည်ဖြစ်စေ လူမမြင်ကွယ်ရာ၌တွေ့ပါက ပြန်ပေးရန်ခက်တတ်၏။ ပိုင်ရှင်ကို ဖော်ထုတ်ဖို့ ဝန်လေးတတ်၏။ ဘတ်စ်ကားစီးရင်း သူတစ်ပါးမေ့ကျန်သော ထီး၊ ပိုက်ဆံအိတ် စသည်တို့ကိုတွေ့ပါက ပိုင်ရှင်ကိုစုံစမ်းဖို့ အတော်ပင်စဉ်းစားကြသည်။ စိတ်ကောင်းရှိသော အငှားယာဉ်မောင်းတို့က သူတို့ကားပေါ်၌ မေ့ကျန်ခဲ့သော ငွေထုပ်၊ ငွေအိတ်၊ ရတနာများကို ပိုင်ရှင်ထံအပ်နှံသည့်သတင်းများ တွေ့ရ၏။ ချီးကျူးဖွယ်ဖြစ်ပေသည်။ လက်ခံပါက စားသုံးနိုင်၏။ သို့သော်

www.burmeseclassic.com

**လှုပ်ရှားနိုင်စွမ်းမရှိ မြန်မာ့မြေ နှင့်ပွေ အတူမနေ**ဖြစ်တတ်၏။ မိမိ၏ ကာယ၊ ဉာဏ၊ ဝီရိယစွမ်းပကားကြောင့်မဟုတ်ဘဲ အခြောင်ရသောပစ္စည်းကြောင့် ဒုက္ခရောက်သူတို့ မနည်းလှ။ မြန်မာမှုတွင် **"အစ်ဝင်လျှင် ပုဆိန်ထွက်သည်"**ဟုဆို၏။ စိတ်ဆင်းရဲရ၏။ သို့ဖြစ်၍ ပစ္စည်းကြောင့် ရန်သူမဖြစ်စေသင့်။ အခွင့်အခါမသင့်ပါက ဥပဒေနှင့် ငြိစွန်းသည်အထိ ဖြစ်ရလေသည်။

များစွာသော လုယက်မှု၊ ခိုးဝှက်မှု၊ ဓားပြမှု၊ အနုကြမ်းစီးမှု၊ လူသတ်မှုတို့သည် ပစ္စည်းနှင့်ဆိုင်၏။ သူတစ်ပါးပစ္စည်းကို ရန်သူဟုမသတ်မှတ်ခြင်းဟု ဆိုနိုင်၏။ မိမိ၏ ချွေးနဲ့စာမဟုတ်ပါဘဲလျက် လိုချင်တပ်မက်လောဘစိတ်ဖြင့် ကျူးလွန်ကြခြင်းဖြစ်၏။ တကယ်တော့ ဥစ္စာပစ္စည်းသည် လူတို့၏မိတ်ဆွေဖြစ်၏။ ရိုးသားစွာ ရှာဖွေကြရသည်၊ အသုံးချကြရသည်။ နေမှုထိုင်မှု၊ စားသောက်မှု၊ ဝတ်စားဆင်ယင်မှုတို့သည် ပစ္စည်းကြောင့်ချည်းဖြစ်၏။ သမ္မာအာဇီဝလုပ်ငန်းဖြစ်ရပါမည်။ စိတ်ဓာတ်လည်းသန့်ရှင်း၏။ တရိစ္ဆာကိုယ်ကျင့်သီလကိုလည်း မထိခိုက်ပေ။ အိပ်ပျော်စားဝင် တင့်တင့်တယ်တယ် နေထိုင်နိုင်ခွင့်ကို ဆောင်ကြဉ်းပေးလေသည်။

တရားဝင်မဟုတ်သော မသမာသည့်နည်းဖြင့် ရယူခြင်းက မှုတခြင်းမရှိ။ စိတ်၏ရွှင်ပျမှုမရနိုင်။ **လိပ်ပြာသန့်**မှုလည်းကင်း၏။ အနိမ့်ဆုံးအားဖြင့် အပေးအယူအဂတိလိုက်စားမှု လာဘ်ပေးလာဘ်ယူကိစ္စများကြောင့်ကြွယ်ဝသော်လည်း နောက်ကြောင်းပြန်ဆင်ခြင်လိုက်သည့်အခါ အိပ်ပျော်နိုင်ဖို့ပင်ခက်၏။ မိမိကြောင့်လည်းတစ်ပါးသူ စိတ်ဆင်းရဲရ၏။

ရှေးရိုးစဉ်လာ မြန်မာ့ဆိုထုံးစကားတစ်ခုရှိပေသည်။ **"မိမိချမ်းသာ ကိုယ့်ဖို့ရှာ သဗ္ဗာဝါအပေါင်း၊ ဆင်းရဲကြောင်း"**ဖြစ်၏။ ပစ္စည်းကြောင့် ရန်ပွားရ၏။ **ကြောင်တစ်သက်ပုံ ကြွက်တစ်မြုံ့**ဆိုသည့်စကားကဲ့သို့ မိမိ၏အဆင်ပြေမှုကြောင့် အခမ့်သိမ်းပိုက်ရယူအပ်သောပစ္စည်းကြောင့် မိသားစုအများ ဆင်းရဲ၏။ မိမိကိုယ်တိုင်ရန်သူဖြစ်မှန်းမသိ ဖြစ်ရသည့်ဘဝသို့ ရောက်ရပေ၏။ ရန်သူနှင့်မိတ်ဆွေ ခွဲခြားပေးသောပစ္စည်းသည် မိတ်ဆွေစစ်ဖြစ်ဖို့လို၏။

တရားဝင်မဟုတ်သော
မသမာသည့်နည်းဖြင့် ရယူခြင်းက
မှုတခြင်းမရှိ။ စိတ်၏ရွှင်ပျမှုမရနိုင်။
လိပ်ပြာသန့်မှုလည်းကင်း၏။
အနိမ့်ဆုံးအားဖြင့် အပေးအယူ
အဂတိလိုက်စားမှု
လာဘ်ပေးလာဘ်ယူကိစ္စများကြောင့်
ကြွယ်ဝသော်လည်း
နောက်ကြောင်းပြန်ဆင်ခြင်လိုက်သည့်အခါ
အိပ်ပျော်နိုင်ဖို့ပင်ခက်၏။
မိမိကြောင့်လည်း
တစ်ပါးသူ စိတ်ဆင်းရဲရ၏

...

www.burmeseclassic.com

www.burmeseclassic.com

ယခုကာလတွင် **'မရ ဒသကချိုင်'**ဆိုသကဲ့သို့ တစ်ဖက်ကိုမစဉ်းစား၊ စာနာမှုကင်းစွာ ရယူအပ်သော ပစ္စည်းကြောင့် ရုံးပြင်ကနားရောက်ကြရလေသည်။ ဖြစ်ရပ်များစွာတွင် အကြမ်းဖက်မှု၊ ရက်စက်မှုတွေ ပြွမ်းတီးပေ၏။ လက်ရဲဇက်ရဲနိုင်ကြသည်။ ခေတ်လည်းမီကြသည်။ လက်စမပေါ်အောင် ပြုတတ်ကြသေးသည်။ ပစ္စည်းပိုင်ဆိုင်သူဘက်က သတိကြီးစွာထားရမှုလည်း ပါဝင်၏။ လမ်းသွားလမ်းလာပြုရင်း ဆွဲကြိုးဖြတ်ခံရမှု၊ ပိုက်ဆံအိတ်လုယူမှုကို မော်တော်ဆိုင်ကယ် အသုံးပြုကြသည်။ ကားပေါ်တက် လိုရာမောင်းနှင်ပေးသည်ဆိုသော အငှားယာဉ်ပေါ်က လုယက်ခံရသည့်သတင်းက ဒုနှင့်ဒေးဖြစ်လေသည်။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ အဓမ္မကျူးလွန်မှုများတွင် အသက်ငယ်ငယ် နုပျိုသော အရွယ်မရောက်သေးသော လူငယ်များပါဝင်ခြင်းဖြစ်၏။ ဆင်ခြင်နိုင်စွမ်းမရှိသော ဉာဏ်ရည်ကြောင့် မလုပ်သင့်၊ မကြံသင့်သည်ကို အားထုတ်ကြခြင်းဖြစ်၏။

မကြာမီက ကျွန်တော်တို့ဝန်းကျင်မနီးမဝေး၌ ကြုံရသောမှုခင်းက စိတ်မသက်သာစရာဖြစ်ရ၏။ စက်မှုဇုန်တစ်ခုတွင် ညပိုင်း၌ အစောင့်တစ်ဦးသာရှိနေခိုက် လူငယ်တစ်စုက အစောင့်ကိုသတ်၊ စက်ရုံကိုဖောက်ကာ ငွေကြေးများစွာ ယူငင်သွား၏။ ကိန်းဂဏန်းအတော်များ၏။ သို့ရာတွင် CCTV ကြောင့် တရားခံများ ရက်တိုကာလအတွင်း အဖမ်းခံရသည်။ အားလုံးပေါင်း ရှစ်ယောက်ဖြစ်သည်။ ကျူးလွန်သူ၊ လက်တွေ့ပါဝင်သူ၊ နောက်လိုက်တွေပါဖြစ်၏။ ယင်းတို့တွင် အသက် ၁၅ နှစ်အရွယ်များပါဝင်နေ၏။ ယခုတော့ စိတ်ဆင်းရဲရ၏။ ရန်သူနှင့်ဆက်သွယ်သော ပစ္စည်းကြောင့်ဟု ဆိုရပေတော့မည်။

ဆွေရိုးမျိုးရိုးမကောင်းရာမကောင်းကြောင်း ဖြစ်ရပ်တစ်ခုကို တင်ပြချင်၏။ လူငယ်ဇနီးမောင်နှံသည် စီးပွားရေးအမြင်ဖြင့် ကြိုးစားရင်း ဆန်ကုန်သည်ဖြစ်လာ၏။ နေ့စဉ်အိတ်ပေါင်းများစွာ ရောင်းချရ၏။ သို့ဖြင့်နေ့စားအငှားလူငယ်များဖြင့် လုပ်ကိုင်၏။ လူရင်းများကဲ့သို့ ဖြစ်လာ၏။ တစ်ညနေ လုပ်ငန်းပြီးစီးကာ အလုပ်သမားများ ပြန်ကြသည်။ ဆိုင်တွင် ပိုင်ရှင်သာရှိ၏။ ထိုအချိန်တွင် အလုပ်သမားတစ်ဦး ပြန်လည်ရောက်ရှိလာ၏။ သန့်စင်ခန်းဝင်လိုသဖြင့် ပြန်လာကြောင်းပြောသဖြင့် အလွယ်တကူဖွင့်ပေးခဲ့သည်။ လူငယ်သည် ပိုင်ရှင်အားရန်ပြုကာ ငွေသေတ္တာကိုယူငင်၏။ သို့သော် ဆန်ကုန်သည်ပိုင်ရှင်လူငယ်က အားကောင်းမောင်းသန် သတ္တိရှိသူဖြစ်ပေရာ ဒဏ်ရာရသည့်ကြားက ပြန်လည်ခုခံ၏။ ငွေကြေးတွေတော့ ပါမသွား။ သူ့တွင် ဒဏ်ရာအများအပြားရသွား၏။ အလုပ်သမားလူငယ်ကို အရပ်က ဝိုင်းဝန်းလိုက်သော်လည်း မှောင်ရိပ်သန်းသဖြင့် လွတ်မြောက်သွား၏။ သို့သော် သူ၏နိုင်ငံသားစိစစ်ရေးကတ်ပြားကျန်ရစ်ခဲ့၏။ ရဲတပ်ဖွဲ့သို့ တိုင်ကြားရသည်။


စစ်ဆေးသောအခါ သူတစ်ပါးကတ်ပြားကို ၎င်း၏ဓာတ်ပုံကပ်ထားသည်ကို တွေ့ရ၏။ အမှုတစ်ခုက နှစ်ခုဖြစ်သွားလေသည်။ ယခုတော့ ခြေရာခံဖို့ လွယ်ကူပေသည်။

လုပ်ငန်းခွင်လူယုံခန့်ထားမှုက ပစ္စည်းနှင့်ဆက်နွှယ်ပေရာ သတိထားရသည့်အကြောင်းဖြစ်လာ၏။ ပစ္စည်းငွေကြေးကိုင်သည့်နေရာ၌ လူခန့်ထားမှုတွင် အတော်ပင် စိစစ်ရသည့်အခြေအနေကို နေရာစုံတွင် တွေ့ရသည့်ကြားက မှုခင်းများနှင့် မကင်းတတ်ကြပါ။ ဖြေရှင်းနေရဆဲကိစ္စတွေဖြစ်သည်ဟု ဆိုချင်ပါ၏။

သို့ဖြစ်ပေရာ မိတ်ဆွေအစစ်ကဲ့သို့ဖြစ်ရမည့် ပစ္စည်းကြောင့် ရန်သူနှင့် ဆက်သွယ်မိခြင်းမရှိအောင် ကျင့်သုံးရန်ဖြစ်ပေသည်။ ထို့ပြင် ပြဋ္ဌာန်းဥပဒေနှင့် မငြိမစွန်း မကင်းမလွတ်ဖြစ်နိုင်သည့် အခြေအနေမဖြစ်အပ်ဟု သတိရှိသင့်ပါ၏။

ညွန့်ဟံ (ကျူတော)

www.burmeseclassic.com

# ဦးသန်းထွန်း (ဥပဒေ)
## အပိုင်းလေး၊ ပုဒ်မလေး

တစ်နေ့က ဒီမိုကရေစီတူဒေးသတင်းစာကို ဖတ်ကြည့်လိုက်ရာတွင် အယ်ဒီတာ၏အာဘော်အနေဖြင့် ဖော်ပြထားသည့်ခေါင်းစဉ်မှာ **"လာဘ်စားမှုကြောင့် ဘတ်ဂျက်တစ်ဝက်ကုန်သွားသည့်ကိစ္စ ထိရောက်စွာ စုံစမ်းဖော်ထုတ် အရေးယူသင့်ပြီ"**ဟူသောခေါင်းစဉ်ဖြင့် ဖော်ပြထားရာ ထိုအကြောင်းအရာအား အကျဉ်းမျှ ဖော်ပြလိုပါသည်။

စက်တင်ဘာလ ၁၆ ရက်က နေပြည်တော်၌ ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရသစ်လက်ထက်တွင် စီမံကိန်းများဆောင်ရွက်ရန် ဝန်ကြီးဌာနများက တောင်းခံထားသည့် ဘတ်ဂျက်ငွေများကို တစ်ဝက်သာ အသုံးပြုပြီး ကျန်တစ်ဝက်သည် ဌာနများအတွင်း လာဘ်စားမှုကြောင့် ကုန်သွားခြင်းဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်ကို တွေ့ရကြောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းကို ဆီးသီးဗန်းမှောက်သည့်ဥပမာဖြင့် ပြောကြားခဲ့ရာတွင် ဆီးသီးဗန်းမှောက်သဖြင့် ပြုတ်ကျသွားသော ဆီးသီးများကို ဟိုလူနှိုက်စား၊ ဒီလူနှိုက်စားဖြင့် ပြန်ကောက်ပြီးချိန်တွင် တစ်ဝက်ကုန်သွားကြောင်း၊ အစိုးရဌာနများရှိ ဘတ်ဂျက်များသည်လည်း ကြားထဲမှ နှိုက်စားထားသဖြင့် စီမံကိန်းလုပ်ဆောင်ရန်အတွက် တစ်ဝက်သာကျန်တော့သည့် အခြေအနေဖြစ်နေကြောင်း

www.burmeseclassic.com

ပြောကြားခဲ့ကြောင်း ဖော်ပြထားပေသည်။

ယင်းအခြေအနေသည် အဂတိလိုက်စားမှု မြင့်မားဆဲဖြစ်သည်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မီးမောင်းထိုးပြခဲ့ခြင်းဖြစ်ကြောင်း ဆိုလိုသည်မှာ စီမံကိန်းတစ်ခုအတွက် ဘတ်ဂျက်ကျပ်သိန်း ၁၀၀၀၀ ကုန်ကျမည့် စီမံကိန်းတွင် ကျပ်သိန်း ၅၀၀၀ သာ စီမံကိန်းအတွင်း ရောက်ရှိပြီး ကျန်ကျပ်သိန်း ၅၀၀၀ သည် လာဘ်စားသူများက ရယူသွားခြင်းဖြစ်သည်ဟု သုံးသပ်နိုင်ကြောင်းနှင့် ယင်းသည် နိုင်ငံ၏အဂတိလိုက်စားမှုအခြေအနေကို သိသာစွာ ရှုမြင်နိုင်ပေသည်ဟူ၍ ဖော်ပြထားပေသည်။ အဂတိလိုက်စားမှုအခြေအနေများသည် ဌာနဆိုင်ရာအချို့တွင် ဖြစ်ပေါ်နေခြင်းဖြစ်ရာ ရှုပ်ထွေးနက်ရှိုင်းသည့် ပြဿနာတစ်ရပ်အဖြစ် ကြာရှည်စွာ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ယင်းအခြေအနေကြောင့် နိုင်ငံတော်၏ ခွန်အားကို ယုတ်လျော့စေပြီး တိုင်းပြည်စီးပွားရေးကိုပါ ထိခိုက်စေကြောင်း ဆက်လက်ဖော်ပြထားပေသည်။

မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုအမြင့်မားဆုံး နိုင်ငံများစာရင်းတွင် ပါဝင်နေပြီး ယင်းသို့အဂတိလိုက်စားမှုများကြောင့် ဝေဖန်မှုအများဆုံးခံရသည့် နိုင်ငံတစ်နိုင်ငံဖြစ်နေသည်။ ယင်းအခြေအနေကြောင့် လက်ရှိအစိုးရသစ်လက်ထက်တွင် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လက ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။

အဂတိလိုက်စားမှုများအတွက် အရေးယူမှုများပြုလုပ်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းကာ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရန် အစိုးရနှင့် လွှတ်တော်အပိုင်းမှ အင်တိုက်အားတိုက် ဆောင်ရွက်နေသော်လည်း ယနေ့အချိန်အထိ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုများ သိသာစွာလျော့သွားသည်ကို မတွေ့ရချေ။

အစိုးရအဖွဲ့၏ အပြောင်းအလဲများကို အောက်ခြေအဖွဲ့အစည်းများက လိုက်ပါကာ ဆောင်ရွက်နိုင်ခြင်းမရှိခြင်းကြောင့် ယခုကဲ့သို့ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း အချို့က ဝေဖန်ပြောကြားချက်ရှိကြောင်းလည်း ဖော်ပြထားပေသည်။ ထို့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကလည်း အသံကျယ်လောင်စွာ ထွက်ပေါ်လာသည့် အဂတိလိုက်စားမှုပြဿနာများအတွက် မည်သို့ကိုင်တွယ်ဖြေရှင်း အရေးယူနေသည်ကို ပြည်သူများက အထူးစိတ်ဝင်စားလျက်ရှိပေသည်။ ၎င်းနှင့်ပတ်သက်၍ မည်သူ့ကို မည်သို့ဖော်ထုတ်အရေးယူခဲ့ကြောင်း ပွင့်လင်းမြင်သာစွာ ထုတ်ဖော်မှုအားနည်းနေခြင်းအပေါ်လည်း အချို့က ဝေဖန်ပြောကြားလျက်ရှိကြကြောင်း သုံးသပ်တင်ပြထားပေသည်။

သို့ဖြစ်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပွင့်လင်းမြင်သာစွာ ချပြလိုက်သော အဂတိလိုက်စားမှုကိစ္စများကို တာဝန်ရှိသူများက စုံစမ်းဖော်ထုတ်၍ ထိရောက်စွာ အရေးယူသင့်ပြီဖြစ်ပါကြောင်း တင်ပြထားပေသည်။

**ဥပဒေအရ မှန်မှန်ကန်ကန်သာ လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးကော်မရှင်အနေနဲ့ စစ်မယ်ဆိုရင် ပြစ်ဒဏ်ကျခံရမယ့် တရားသူကြီး တော်တော်များများရှိတယ် ဟုပြောကြောင်း ဖော်ပြထားပေသည်. . .**

www.burmeseclassic.com

www.burmeseclassic.com



အထက်ဖော်ပြပါ အယ်ဒီတာ၏အာဘော်မှ တင်ပြချက်သည် အလွန်ကောင်းမွန်မှန်ကန်ပြီး ထိုအချက်သည် ယနေ့ခေတ် မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော ဒီမိုကရေစီ၏ မွန်မြတ်ကောင်းမွန်သော ပွင့်လင်းမြင်သာမှု အသီးအပွင့်တစ်ခု ပွင့်ထွန်းလာသကဲ့သို့ ခံစားရပါသည်။

အထက်ဖော်ပြပါ အချက်များမှာ (၁၈-၉-၂၀၁၄) ရက်နေ့ထုတ် ဒီမိုကရေစီတူဒေးသတင်းစာတွင် ဖော်ပြထားခြင်းဖြစ်ပြီး တစ်ဆက်တည်းမှာပင် (၁၉-၉-၂၀၁၄) ရက်နေ့ထုတ် ဒီမိုကရေစီတူဒေးသတင်းစာတွင် ရန်ကုန်မြို့ ချက်ထရီရှမ်ဟိုတယ်၌ စက်တင်ဘာလ ၁၈ ရက်နေ့က ပြုလုပ်သည့် 3rd Conference on Media Development in Myanmar အပြီးတွင် သတင်းမီဒီယာများ၏ မေးမြန်းချက်အပေါ် ပြည်ထောင်စုဝန်ကြီးက တိုင်းပြည်၏ ကြီးလေးသည့်တာဝန်ကိုယူထားသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအနေဖြင့် အစိုးရ၏အားနည်းချက်ကို ထောက်ပြရာတွင် တိကျစွာပြောကြားဖို့လိုကြောင်း နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က တုံ့ပြန်ပြောကြားလိုက်ကြောင်း၊ စက်တင်ဘာလ ၁၆ ရက်က ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အစိုးရသစ်လက်ထက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများသည် တောင်းခံထားသည့် ဘတ်ဂျက်များကို တစ်ဝက်သာ အသုံးပြုပြီး ကျန်တစ်ဝက်သည် လာဘ်စားမှုများကြောင့် ကုန်သွားသည်ဟု ပြောကြားခဲ့မှုနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က အထက်ပါအတိုင်း ပြန်လည်တုံ့ပြန်ပြောဆိုခဲ့ခြင်းဖြစ်ပေသည်။

“တိုင်းပြည်ရဲ့ ကြီးလေးတဲ့တာဝန်ကို ယူထားရတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရဝန်ကြီးဌာနတွေရဲ့ အားနည်းချက်ကိုပြောတာက လက်ခံပါတယ်။ သို့သော် မိမိရဲ့ တာဝန်လေးနက်မှုကြောင့် သူပြောတဲ့စကားတွေဟာ ပိုပြီးတော့ တိတိကျကျဖြစ်ဖို့ကောင်းတယ်။ ဘယ်ဝန်ကြီးဌာနလဲ၊ ဘာဖြစ်နေလဲ တိကျစွာပြောရင်တော့ ပိုကောင်းပါတယ်”ဟု ယင်းက မီဒီယာများအား ပြောကြားရင်း လိုအပ်ချက်များကို အသေးစိတ်ထောက်ပြခဲ့ပါသည်။

ထိုသတင်းနှင့်တစ်ဆက်တည်းတွင် ၁၉-၉-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ ပြည်တွင်းရေးရာကဏ္ဍတွင် **“အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ သတင်းထုတ်ပြန်ချက်”**ဟူသောခေါင်းစဉ်ဖြင့် အမှတ်စဉ် (၁)မှ (၁၀)အထိ အချက်(၁၀)ချက်ဖော်ပြလျက် ပြည်သူ့ဗဟိုပြု အုပ်ချုပ်ရေးစနစ်ကျင့်သုံးရာတွင် အဂတိလိုက်စားမှုဆိုင်ရာ ပြည်သူများ၏ တိုင်ကြားစာများကို ဤကော်မရှင်က ထိရောက်သွက်လက်စွာ အရေးယူဆောင်ရွက်သွားနိုင်ရန်နှင့် ဥပဒေပါ သတ်မှတ်ချက်များအတိုင်း ပြည့်စုံစွာ တင်ပြတိုင်ကြားကြရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် သတင်းထုတ်ပြန်ချက်များကိုလည်း အခါအားလျော်စွာ အသိပေးထုတ်ပြန်သွားမည်ဖြစ်ကြောင်း ကြေညာချက်အား ဖတ်ရှုမှတ်သားလိုက်ရပါသည်။

ထိုသို့ကြေညာပြီး နောက်တစ်နေ့ဖြစ်သော ၂၀-၉-၂၀၁၄ ရက်နေ့တွင်ပဲ ဒီမိုကရေစီတူဒေးသတင်းစာတွင် တစ်ဆက်တည်းထပ်မံဖတ်ရှုလိုက်ရသည်မှာ **“တရားစွဲဆိုခြင်းခံနေရသည့်ဟုမ္မလင်းမြို့နယ်တရားသူကြီး၏ ပိုင်ဆိုင်မှုများကို စတင်စုံစမ်းစစ်ဆေး”** ဟူသောခေါင်းစဉ်ဖြင့် ဖော်ပြထားသည်မှာ လာဘ်ပေးလာဘ်ယူမှုများကြောင့် တာဝန်မှရပ်စဲခံရကာ အမှုဖွင့်တရားစွဲဆိုခြင်းခံထားရသည့် ဟုမ္မလင်းမြို့နယ်တရားသူကြီးပိုင်ဆိုင်မှုများကို စတင်စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ယင်းကဲ့သို့ စုံစမ်းစစ်ဆေးမှုများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လမ်းညွှန်မှုများနှင့်အတူ ဟုမ္မလင်းမြို့နယ်ရဲစခန်းနှင့် အခြားတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်နေပြီး ၎င်းပိုင်ဆိုင်သူများမှာ အဂတိလိုက်စားမှုများမှ ရရှိခဲ့ခြင်း ဟုတ်၊ မဟုတ်ဆိုသည့်ကိစ္စများကို စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက “၁၇ ရက်က စစ်တာပါ။ သူအပါအဝင် သူ့မိသားစုတွေ ပိုင်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ အခြားဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုပိုင်ဆိုင်မှုတွေ ရှိ၊ မရှိဆိုတာ စစ်ဆေးသွားမှာပါ၊ စစ်ဆေးမှုတွေပြီးသွားရင် သက်ဆိုင်ရာ တာဝန်ရှိသူတွေကို တင်ပြမယ်။ ဘယ်လိုဆက်လုပ်မယ်ဆိုတာတော့ သက်ဆိုင်ရာတာဝန်ရှိသူတွေက ဆုံးဖြတ်မယ်ထင်ပါတယ်''ဟုပြောသည်။

တရားသူကြီးအမည်မှာ ဦး-----ဖြစ်ပြီး ၎င်းသည် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလက မူးယစ်ဆေးဝါးအမှုတစ်ခုတွင် လာဘ်ငွေ ဆယ်သိန်းကျော်နီးပါး ယူဆောင်ခဲ့ကြောင်း၊ ယာဉ်

---

**အမျိုးသားလွှတ်တော်**
**ဥက္ကဋ္ဌပြောကြားချက်များအရ**
**ယခုအစိုးရသစ်လက်ထက်တွင်**
**ဝန်ကြီးဌာနများကို**
**စီမံကိန်းများဆောင်ရွက်ရန်**
**ခွင့်ပြုပေးခဲ့သည့်**
**ဘတ်ဂျက်ငွေများကို**
**တစ်ဝက်သာအသုံးပြုပြီး**
**ကျန်တစ်ဝက်မှာ ဌာနများအတွင်း**
**လာဘ်စားမှုများကြောင့်**
**ကုန်သွားခြင်းဖြစ်ကြောင်း**
**ဖော်ပြချက်မှာ**
**အထက်ပိုင်းခြစားမှုဖြစ်ပါသည်**

. . .

မတော်တဆမှုတစ်ခုတွင် အမှုကျေအေးရန်အတွက် ငွေ
ကျပ် ၂၀၀၀၀၀ တောင်းခံခဲ့သည့်အပြင် အခြားတော
ခံမှုများကိုလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး
ကော်မရှင်က စစ်ဆေးပေါ်ပေါက်ခဲ့သောကြောင့် အဂတိ
လိုက်စားမှုကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက တရားလို
ပြုလုပ်ကာ တိုင်တန်းခဲ့သဖြင့် ယခုကဲ့သို့ အမှုဖွင့်ထား
ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတရားသူကြီးကို စက်တင်ဘာ ၁၅ ရက်မှစတင်
ကာ တာဝန်မှရပ်စဲပြီး ဟုမ္မလင်းရဲစခန်းတွင် ပြည်ထောင်
စုအဆင့် လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးကော်မရှင်
မှ တာဝန်ရှိသူတစ်ဦးက တရားလိုပြုလုပ်ကာ အမှုဖွင့်
ထားကြောင်း သိရသည်။

တရားလွှတ်တော်ရှေ့နေ ဦးမျိုးအောင်က ''ဥပဒေ
အရ မှန်မှန်ကန်ကန်သာ လာဘ်ပေးလာဘ်ယူတိုက်ဖျက်
ရေးကော်မရှင်အနေနဲ့ စစ်မယ်ဆိုရင် ပြစ်ဒဏ်ကျခံရမယ့်
တရားသူကြီးတော်တော်များများရှိတယ်''ဟုပြောကြောင်း
ဖော်ပြထားပေသည်။

ယခုဆောင်းပါးအားရေးရင်းနှင့် စာရေးသူ၏ တ
ခါက တစ်ဘဝလေးကို ပြေး၍မြင်မိပါတော့သည်။ စာ
ရေးသူ (၁၀)တန်းအောင်သည်မှာ (၁၉၇၅)ခုနှစ်ဖြစ်
ထိုနှစ်တွင်ပဲ ယခင်က ကုန်သွယ်ရေး(၁၀) သို့မဟုတ်
ဆေးနှင့်ဆေးပစ္စည်းကော်ပိုရေးရှင်းတွင် စာရေးဝန်ထမ်း
ဝင်လုပ်ခဲ့ပါသည်။ ထိုဌာနတွင် (၄/၅)နှစ်ခန့်လုပ်ပြီး
ဥပဒေအရ ဘွဲ့ရခဲ့သည်။ ထိုနောက်ပိုင်းတွင် ဌာနတစ်ခုပြောင်း
သွားခဲ့သည်။ ထိုဌာနမှာ အမှတ်(၁)စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်းလက်အောက်
စက်ရုံတစ်ရုံတွင် စာရေးဝန်ထမ်းအဖြစ် တာဝန်ထမ်း
ဆောင်ခဲ့ပါသည်။

ထိုဌာနတွင် ဌာနခွဲအများကြီးရှိ၍ စာရေးသူ တာ
ဝန်ယူရသည့်ဌာနမှာ ဝယ်ယူရေးဌာနဖြစ်ပါသည်။ ထို
ဌာန၏ လုပ်ငန်းတာဝန်အရ စက်ရုံအတွက်လိုအပ်သည့်
စက်ပစ္စည်းများအပါအဝင် အခြားလိုအပ်သည့် စ
အရန်ပစ္စည်းများအပြင် စက်ဆီ၊ ချောဆီ၊ ဒီဇယ်
စသည့် စက်သုံးဆီများကိုလည်း ဝယ်ယူဖြည့်တင်းပေး
ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလုပ်ငန်းများ၏ သဘောသဘာဝအရ စာရေးသူသည် တခြားအစိုးရဌာနများသို့ သွားလာဆက်ဆံဝယ်ယူရပါသည်။ စာရေးသူ၏ အဓိကတာဝန်မှာ ယခင်က MOC ဟုခေါ်သည့် မြန်မာ့ရေနံကော်ပိုရေးရှင်းနှင့် P.P.S.C ဟုခေါ်သည့် ရေနံထွက်ပစ္စည်း ဖြန့်ဖြူးရောင်းချရေး ကော်ပိုရေးရှင်းစသည့် ဌာနကြီးများသို့ ဝယ်ယူရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အစိုးရဌာနများအတွင်း ဌာနအချင်း ကူးလူးဆက်ဆံကြရာတွင် အထက်ဖော်ပြပါ ဒီမိုကရေစီတူဒေးသတင်းစာအယ်ဒီတာ၏အာဘော်တွင် ဖော်ပြချက်များအား မှိုင်းမြင်းကိုးကား ဖော်ပြလိုပါသည်။

အထက်ကဖော်ပြခဲ့သည့် အမျိုးသားလွှတ်တော်အစည်းအဝေးကို ယခု စက်တင်ဘာလ (၁၆)ရက်နေ့တွင်ကျင်းပစဉ်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌပြောကြားချက်များအရ ယခုအစိုးရသစ်လက်ထက်တွင် ဝန်ကြီးဌာနများကို စီမံကိန်းများဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့သည့် ဘတ်ဂျက်ငွေများကို တစ်ဝက်သာအသုံးပြုပြီး ကျန်တစ်ဝက်မှာ ဌာနများအတွင်း လာဘ်စားမှုများကြောင့် ကုန်သွားခြင်းဖြစ်ကြောင်း ဖော်ပြချက်မှာ အထက်ပိုင်းခြစားမှုဖြစ်ပါသည်။

ယခု စာရေးသူတင်ပြနေသည့် ဌာနအချင်းချင်းဆက်ဆံရာတွင် လျင်မြန်ချောမွေ့လွယ်ကူစေရန်အတွက် ချောဆီထည့်ပေးနေရခြင်းမှာ အောက်ပိုင်းခြစားမှုဖြစ်ပါသည်။ အောက်ခြေတွင်လည်း မည်သို့ခြစားနေသနည်းဆိုပါလျှင် အထက်ဖော်ပြပါ အစိုးရဌာနများသို့ ဌာနအချင်းချင်း မိမိဌာနအတွက် လိုအပ်သည့်ပစ္စည်းများကို ဝယ်ယူရာတွင် စာရေးသူသည် အစပိုင်းတွင် ပုံမှန်အတိုင်း သက်ဆိုင်ရာဌာန၏ စာရွက်စာတမ်းများနှင့် သွားရောက်တင်ပြ ဝယ်ယူရာ၌ အခက်အခဲမျိုးစုံနှင့်တွေ့ပြီး မိမိလုပ်ငန်းမှာ လုံးဝမအောင်မြင်ဘဲ တစ်နေကုန်ပြီး ပြန်လာခဲ့ရပါသည်။

ထိုသို့ရှိနေစဉ် ဌာနဆိုင်ရာအချင်းချင်း လမ်းတွင် မိမိကဲ့သို့ စက်ရုံအဝယ်တော်တစ်ဦးနှင့် သွားတွေ့ပါသည်။ အခြေအနေအမှန်ကို အကြောင်းစုံပြောပြလိုက်သည့်အခါ မိမိထက်လုပ်သက်ရင့်ပြီး အတွေ့အကြုံများသည့် အဝယ်တော်က အားရပါးရရယ်ပြီး "ခင်ဗျားက စာအုပ်ကြီးအတိုင်း သွားလုပ်တာကိုး၊ ဘယ်ရမလဲ၊ အခုခေတ်က ခင်ဗျား မသေမချင်းမှတ်ထား၊ ဌာနဆိုင်ရာတွေမှာ ဘယ်နေရာရယ်လို့ မပြောလိုဘူး၊ မိမိလုပ်ငန်းအောင်မြင်ချင်ရင် **'အပိုင်းလေး၊ ပုဒ်မလေး'**နဲ့ လုပ်ရတယ်ဗျ၊ ဒီလိုမလုပ်ရင်တော့ စိတ်ညစ်ရတာပဲ အဖတ်တင်မယ်"ဟုပြောပါသည်။ ဒီမှာတင် စာရေးသူက "ဘာလဲဗျ **'အပိုင်းလေး၊ ပုဒ်မလေး'**ဆိုတာ၊ ကျွန်တော်မသိလို့ ရှင်းပြစမ်းပါဦး"ဟုပြောလိုက်ရာ ထိုလူက "ခင်ဗျားကလည်း အ,လိုက်တာဗျာ၊ မှတ်ထား။ **'အပိုင်းလေး'**က **'အပေးလိုင်း'**၊ **'ပုဒ်မလေး'**က **'ပေးမှလုပ်'**တာကိုပြောတာ"လို့ပြောတော့မှ စာရေးသူက သဘောပေါက်သွားပါတယ်။

ဒီနောက်ပိုင်းမှာ စာရေးသူလည်း အထက်ပါ ကျွန်ုပ်မိတ်ဆွေကြီး၏ ဩဝါဒအတိုင်း **"အပိုင်းလေး၊ ပုဒ်မလေး"**ဆိုသည့် စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်တော့မှပဲ ဌာနဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့သွားပါတော့သည်။ ဒီတော့မှ **"ဩော်.....ဒီလိုလား"**ဟု စိတ်ထဲတွင် ရေရွတ်မိပါတော့သည်။

ယေဘုယျအနေနှင့် ပြောရမည်ဆိုလျှင် ဝန်ကြီးဌာနအထက်ပိုင်းများတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌပြောဆိုခဲ့သလို စီမံကိန်းကြီးတစ်ခုအတွက် ဘတ်ဂျက်ချပေးလိုက်လျှင် တစ်ဝက်သာအသုံးပြုပြီး ကျန်တစ်ဝက်သည် လာဘ်စားမှုများကြောင့် ကုန်သွားကြောင်း၊ အောက်ခြေပိုင်း ဌာနဆိုင်ရာများတွင်တော့ **"အပိုင်းလေး၊ ပုဒ်မလေး"**ဆိုသည့်စနစ်နှင့်အညီ ဖြစ်ပွားနေပါကြောင်း ကိုယ်တွေ့ဖြစ်ရပ်နှင့်အတူ တင်ပြလျက် သမိုင်းတွင်မည်သည် လိမ်ညာလှည့်ဖြား၍ ရကောင်းသောအရာမဟုတ်ပေ။ ဘာနှင့်မျှလည်း ဖုံးကွယ်၍မရပေသော အထက်ဖော်ပြပါ အဖြစ်အပျက်များကို သတိထားရှောင်ရှားခြင်းဖြင့် ကောင်းမွန်သော အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်ကြပါစေဟူသော စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။

ဦးသန်းထွန်း (ဥပဒေ)

www.burmeseclassic.com

www.burmeseclassic.com



အခန်းဆက်ဝတ္ထုရှည်

# ထက်ထက်ဦးဝေ

## နွေအလွန်



www.burmeseclassic.com

www.burmeseclassic.com



ခင်လမုအဆက်

"ဒေါက်တာ မနေ့က ဒေါက်တာ့ဆီကိုလာတဲ့ ဦးလွမ်းသာဟာ ဒေါက်တာနဲ့ ဘယ်လိုပတ်သက်နေသလဲဟင်"

ဒေါက်တာမှုယာစိုးမှ မေးလာသည့်အတွက် ကျွန်မက လူနာမှတ်တမ်းကို စစ်ဆေးနေရာမှ သူမထံ မြန်မေးလိုက်မိ၏။

"မှုယာက ဘယ်လိုမြင်လို့လဲကွယ်"

"ဆရာဝန်နဲ့လူနာတစ်ယောက်ထက်ပိုတဲ့ ရင်းနှီးမှုတော့ ရှိရမယ်လေ၊ ဘာကြောင့်လဲဆိုတော့ ဒေါက်တာတို့ဆက်ဆံရေးနဲ့ မျက်လုံးလေးတွေက စကားပြောနေကြတယ်"

မဆိုးပါဘူး။ လူကဲခတ်တော်သားဟု ချီးမွမ်းချင်သည်။ ဒီလိုပါပဲ။ ဆရာဝန်တစ်ယောက်ထံ ရောက်လာကြသည့် လူများစွာရှိတတ်ကြသော်လည်း ကိုယ့်ထံရောက်လာသည့် သီးသန့်ညှို့သည့်မျိုးဆိုလျှင် အားလုံးက စိတ်ဝင်စားတတ်ကြ၏။ ကျွန်မတွင် ထိုညှို့သည့်မျိုးက ရှားပါးတတ်၍ လုပ်ဖော်ကိုင်ဖက်များမှ ထူးဆန်းစွာ စိတ်ဝင်စားကြသည်မှာ မဆန်းပေ။

"ဦးလွမ်းသာဆိုတာက စီးပွားရေးနယ်ပယ်မှာ အောင်မြင်နေတဲ့ Business Man ပဲ ဒေါက်တာ၊ ပြီးတော့ ရိုးဖြောင့်သူတစ်ယောက်ပါ၊ သူ့ကုမ္ပဏီမှာ မှုယာ့အသိရှိတယ်၊ သူတို့ပြောပြလို့ မှုယာသိရတာ"

ပန်းသတင်း လေညင်းဆောင်ပြီး လူသတင်းကို လူချင်းဆောင်တတ်ကြ၏။ ကျွန်မအဖို့ ဦးလွမ်းသာနှင့်ပတ်သက်၍ သံသယဖြစ်လောက်အောင် မည်သည့်အရာမျှ မရှိပါ။

"ကျေးဇူးတင်ပါတယ် မှုယာရယ်၊ တကယ်တော့ ဦးလွမ်းသာက မမကို Propose လုပ်ထားသူပါ၊ မမက သူ့ရဲ့ Family Doctor ပါကွယ်၊ နောက်ပြီး မမတို့အသက်အရွယ်က ရင့်ကျက်တည်ငြိမ်စွာနဲ့ အချစ်ကို ဆုံးဖြတ်ရမယ်လေ၊ အချစ်ထက် ဘဝကို ကြည့်တတ်ရမယ်၊ နှလုံးသားထက် ဦးနှောက်နဲ့ ဆုံးဖြတ်ရမယ် မှုယာ"

"ဟုတ်ပါတယ် ဒေါက်တာ၊ ဒါပေမဲ့ ဒေါက်တာ့အတွက် အရာရာအဆင်ပြေလိမ့်မယ်လို့ မှုယာ ယုံကြည်တယ်၊ ဦးလွမ်းသာလို အရာရာပြည့်စုံပြီး အရည်အချင်းရှိသူတစ်ယောက်အဖို့ မိန်းကလေးတိုင်း နှစ်သက်၊ သဘောကျကြမှာပါလေ၊ ဘာပဲပြောပြော ဒေါက်တာ ကံကောင်းပါတယ်"

ဒေါက်တာ မှုယာစိုးအား ကျေးဇူးတင်စွာ ကြည့်မိသည်။ ဦးလွမ်းသာသည် ကျွန်မအား လက်မထပ်မီကပင် စိတ်ချမ်းသာမှုများစွာပေးတတ်သူပါလား။ ကျွန်မဘက်က ဦးလွမ်းသာအတွက် မည်သည့်ဖုံးကွယ်မှုမျိုးမှ ရှိမနေစေချင်ပါ။ ထို့ကြောင့် မှုယာစိုးအား ရင်ဖွင့်မိ၏။

"ဦးလွမ်းသာက မုဆိုးဖိုတစ်ယောက်ပါ မှုယာ၊ ဒါပေမဲ့ သူဟာ လွတ်လပ်သူတစ်ယောက်ပဲလေ၊ မမဘက်က လက်မခံနိုင်စရာ မရှိပါဘူး၊ သူကတော့ အဲဒီအတွက် စိတ်မကောင်းဖြစ်နေခဲ့ရတယ်"

"ဒါတော့ ဒေါက်တာ့ကို ကိုယ်ချင်းစာမိမှာပေါ့လေ၊ ဘာကြောင့်လဲဆိုရင် ဒေါက်တာက ချောချောလှလှ၊ ပညာတတ်ဆရာဝန်မ၊ လွတ်လပ်သူတစ်ယောက်ကိုး"

"ဒါပေမဲ့ အရွယ်လွန်သူတစ်ယောက်ဆိုတာလည်း ထည့်ပြောဦးလေကွယ်"

"အရွယ်လွန်ပေမယ့်လည်း အကောင်းအတိုင်း ရှိနေသေးတာပဲ ဒေါက်တာရယ်၊ အသက်ကြီးပေမယ့် မပျက်စီးသေးပါဘူးနော်"

နှစ်ဦးသား သဘောကျစွာ ရယ်မောမိကြပြန်သည်။ ဦးလွမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



တော့ ခုချိန်တွင် မည်သို့နေမည် မသိ။ ကျွန်မနှင့် မူယာစိုးကြောင့် မျက်ခုံးလှုပ်နေမည်ကတော့ အသေအချာပင်။

"နောက်တစ်ခု မူယာကြား ထားတာ ရှိနေသေးတယ် ဒေါက်တာ"

ထိုစကားလေးကြောင့် မျက်တောင်လေးမှေးစင်းပြီး နားစွင့်မိပါ၏။ ဒေါက်တာမူယာစိုး ပြောလာမည့်စကားများကို တပ်မက်စွာ နားထောင်မိလေသည်။ သို့သော်လည်း ကျွန်မ၏ရင်ထဲတွင် မိုးသေးမိုးဖွဲလေးများ ဖြိုင်ဖြိုင်ရွာချနေသလို လှုပ်ရှားမိသည်ကဖြင့် အမှန်ပါ။



"ဦးလွမ်းသာက သူ့မိခင်ကို သိပ်ချစ်တယ်တဲ့ ဒေါက်တာ"

ကျွန်မ သိနေပြီးသား စကားတစ်ခွန်းဖြစ်နေ၍ စိတ်ချမ်းမြေ့မိသည်ကတော့ ဝန်ခံပါ၏။ ဒါကို ကျွန်မ သိပြီးသားပဲလေ။

"မမ သိပါတယ်၊ တို့ကိစ္စမှာလည်း ဦးလွမ်းသာမိခင်ရဲ့ တိုက်တွန်းမှုမပါဘဲနဲ့ သူ ဘာကိုမှ ဆုံးဖြတ်လိမ့်မှာမဟုတ်ပါဘူး၊ မိခင်သဘောကျကိုသာ သူရွေးချယ်မယ့်သူပါ မူယာ"

"ဒါဆို အိုကေပြီပေါ့၊ ဘာလိုသေးလဲ ဒေါက်တာရယ်၊ ဒီလို အဆင်ပြေမှုမျိုးကို မူယာတို့တောင် တမ်းတမျှော်လင့်မိတယ်"

"မူယာ့မှာလည်း ရည်ရွယ်သူ ရှိနေပြီပေါ့နော်"

သွက်လက်စွာ ခေါင်းညိတ်ပြီး သူ့ခံစားမှု တစ်စွန်းတစ်စကို သိခဲ့ရ၏။ ဒေါက်တာမူယာစိုးထံ အမြဲလာနေတတ်သော ကောင်လေးတစ်ယောက်ကို ကျွန်မ သတိရသွားရသည်။ ထိုကောင်လေးမှာ ညှိုးဆိုးဆိုးအသွင်သဏ္ဌာန်နှင့် မှုန်ကုပ်ကုပ်မျက်နှာလေးက တစ်စုံတစ်ခုကို အလိုမကျသည့်နှယ်။

"သနားပြီး ချစ်ခဲ့မိတာပါ ဒေါက်တာရယ်၊ မူယာ့ကို လာစောင့်နေတတ်တဲ့ ငြိမ့်လေ၊ ဒေါက်တာ သိမှာပါ"

ကျွန်မအား ရှင်းပြလာသည်။ သနားရာမှ စတင်မိသည့် အချစ်တစ်ခုကို ကျွန်မလည်း တစ်ချိန်က စိတ်ပျက်ဝမ်းနည်းလောက်အောင် ခံစားခဲ့ရသူပါပဲလေ။ မူယာစိုးအာ တွေတွေလေး ငေးကြည့်နေမိပြ သည်။

"ငြိမ့်က မူးယစ်ဆေးဝါး ကြောင့် လမ်းမှားကို ရောက်ခဲ့တဲ့သူ ပါ၊ ဆေးရုံမှာ တက်ဖြတ်ပြီး ပျောက် ကင်းမှ လူကောင်းတစ်ယောက်ဖြ ခဲ့ပေမယ့် အဆင်မပြေတဲ့ မိဘနှ ပါးကြောင့် စိတ်ညစ်ပြီး မူးယစ်ဆေး ဝါးသံသရာထဲမှာ ပြန်နစ်မျောသွား မှာကို စိုးရိမ်မိတယ်၊ မူယာက ငြိမ့် ရဲ့ကျန်းမာရေးကို တစ်ပတ်တစ် ကြိမ် စစ်ဆေးပေးရင်းနဲ့ သူ့ရဲ့စိတ် ဓာတ်ကလေးကိုပါ ပြုပြင်ယူခဲ့ရသ ပါ ဒေါက်တာ၊ အဲဒီကမှတစ်ဆင့် သံယောဇဉ်ဖြစ်ပြီး ချစ်သူဘဝကို ရောက်ခဲ့ရတယ်လေ"

"ဒါဆို ငြိမ့်က မူယာ့ထက် ငယ်မှာပေါ့နော်"

"ငါးနှစ်လောက်ငယ်ပါတယ် ဒေါက်တာ"

နှုတ်ခမ်းဖူးဖူးလေးက တင်း တင်းလေးဖြစ်သွားပြီး သက်ပြင်းတစ် ချက်ကို ရှိုက်လိုက်ပြန်၏။ ဒေါက် တာ မူယာစိုး၏ ငြိမ့်သည် ကျွန်မ ၏ ခန့်နည်းတူ တစ်ဖွတ်ထိုးဆ မည့် ကလေးဆိုးတစ်ယောက်ဖြ မှန်း သူမပြောဘဲနှင့် ကျွန်မစိတ်က အလိုလိုသိနေမိပြန်သည်။ ပေ သူတို့၏အချစ်သည် အလိုမကျခြင်း တပ်မက်ခြင်းများစွာဖြင့် ဘဝကို အလွယ်တကူ အရှုံးပေးလိုတတ်ကြ

www.burmeseclassic.com

www.burmeseclassic.com


**အားကိုးမရတဲ့ ဘိန်းစားတစ်ယောက်ကို ချစ်မိလို့ မူယာ့ကို သူတို့တွေ သဘောတူတဲ့သူနဲ့ လက်ထပ်ပေးဖို့ စီစဉ်နေကြပါတယ်၊ မူယာလေ ဘေးကျပ်နံကျပ်နဲ့ သုပ်စုံး၊ စားရှုး ဖြစ်နေရပြီပေါ့ . . .**

ာ ကျွန်မက ဒေါက်တာ မူယာစိုး တစ်ယောက် စိတ်ချမ်းသာမှုရစေရန် နှင့် ခြိမ့်တစ်ယောက် ကံကောင်းစေ နေသော ဆုတောင်းမိရလေပြီ။

"ခြိမ့်က တစ်ဦးတည်းသော သားတစ်ယောက်ပါပဲ၊ မိဘတွေက အိမ်ထောင်ရေးအဆင်မပြေကြဘူး ဒေါက်တာ၊ ခြိမ့်ဒက်ဒီက Export & Import ကုမ္ပဏီတစ်ခုမှာ မန်နေဂျာ တစ်ယောက်ပါ၊ ဒါပေမဲ့ မိန်းမကိစ္စ ရှုပ်တယ်၊ ခြိမ့်မကြိုက်ဆုံးက သူတို့ မသိအောင် မိန်းမတွေ တစ်ယောက် ပြီးတစ်ယောက်ယူပြီး မိသားစု အပေး မခင်တွယ်တာပဲ၊ ခြိမ့်မာမီ ကတော့ ကစားဝိုင်းမှာ မပြန်နိုင် အောင် အိုးပစ်အိမ်ပစ်နဲ့ နေချင် သလိုနေတတ်တယ်လေ၊ ဒီတော့ ခြိမ့်ဘဝလေးကို ဒေါက်တာ တွေး ကြည့်ရင် သိနိုင်ပါတယ်၊ ဒါဟာ အိမ်ထောင်ရေးအဆင်မပြေတဲ့ မိဘ နှစ်ပါးက မွေးဖွားလာတဲ့ ကလေး တစ်ယောက်မှာ စိတ်နဲ့ပတ်သက်ပြီး Psycho တစ်ခု ဝင်လာခြင်းရဲ့ အကြောင်းရင်းပါပဲ"

ကျွန်မလည်း သက်ပြင်းလေး တစ်ချက် ချလိုက်မိပါရဲ့။ ခြိမ့်ခံစား ရသော ဝေဒနာသည် စိတ်နှင့်သက် ဆိုင်နေ၏။ အဆိုးဆုံးကတော့ အဖော်မှဲ့ခြင်းကြောင့် အတွေးမျိုးစုံ ဝင်လာရပြီး စိတ်ပျော်ရာသို့ ရှာဖွေ ရင်းမှ မူးယစ်ဆေးစွဲလာခြင်းဆို သည်ကို ဒေါက်တာမူယာစိုးမပြော ခင်ကတည်းက ကျွန်မ ကြိုသိနေမိ ပြန်သည်။

"နောက်တော့ ခြိမ့်ဟာ အပေါင်းအသင်းတွေရဲ့ အဆွယ် ကောင်းမှုကြောင့် ဆေးချတယ်၊ မူး ယစ်ဆေးသုံးတယ်၊ နောက်ဆုံး ဘိန်းဖြူသားကောင်ဘဝကိုရောက် ခဲ့ရတာပါ၊ ဒီတော့မှ သားသမီးကို ပစ်ပယ်ထားတဲ့ မိဘနှစ်ပါးဟာ နောင်တရပြီး သားအတွက် ယူကျုံး မရ ဖြစ်ကြရပြီပေါ့၊ အဲဒီမှာ မူးယစ် ဆေးသုံးစွဲမှုနဲ့ ခြိမ့် အဖမ်းခံခဲ့ရတယ်၊ ခြိမ့်အတွက် နိုင်ငံတော်က မူးယစ် ဆေးကို ပြတ်သွားအောင် ဖြတ်ပေး နိုင်ခဲ့လို့ လူကောင်းတစ်ယောက် ပြန်ဖြစ်လာချိန်မှာ မူယာနဲ့ဆုံစည်း ခဲ့ကြတာပါပဲ"

ဒေါက်တာမူယာစိုးတစ်ယောက် ခြိမ့်အကြောင်း ပြောနေရင်းမှ သူ တို့နှစ်ယောက် တွေ့ဆုံခဲ့ပုံကို သတိ ရနေသည့်အလား အကြည့်ကို တစ် နေရာဆီသို့ပို့ကာ ပြန်လည်တွေး တောနေပုံမျိုးရပါသည်။ ကျွန်မက သူ့အတွေးအား မဖျက်ဆီးချင်တော့ ပါ။ ထို့ကြောင့် သူပြောလာမည့် စကားကိုသာ နားစွင့်နေမိ၏။

"မူယာလေ သူ့ကိုဘာကြောင့် သနားမိတာလဲ၊ တကယ်ဆို ဘိန်း ဖြူသမားတစ်ယောက်ဟာ အတိတ် ကို ပြန်လည်လျှောက်လှမ်းတတ်ကြ တာ မထူးဆန်းပါဘူး၊ ဒါကြောင့် ခြိမ့်မိဘက မူယာ့ဆီမှာ တစ်ပတ် တစ်ကြိမ် ကျန်းမာရေးစစ်ဆေးတဲ့ အနေနဲ့ ခြိမ့်ကို ဘိန်းဖြူသုံးစွဲတဲ့သူ ဘဝမရောက်အောင် တစ်ဖက် လှည့်နဲ့ မူယာ့ဆီ အပ်ထားတယ် ဒေါက်တာ၊ သူ့အကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်း ပြောခဲ့ကြပါ တယ်"

မူယာစိုးသည် ရှေ့ဆက်ပြော ရမည့်စကားအား မဝံ့မရဲဖြစ်နေပုံ မျိုးဖြင့် မျက်ဝန်းလေးများ လှုပ်ရှား ယောက်ယက်ခတ်နေကြသည်။ သူ့ စိတ်များသည်လည်း ခံစားမှုကို ထိန်းထားရဟန်တူပါ၏။

"ပြဿနာက မူယာ့မိဘတွေ ဆီက စခဲ့တာပါပဲ ဒေါက်တာရယ်၊ ဖေဖေနဲ့မေမေက ပညာမတတ်၊ အားကိုးမရတဲ့ ဘိန်းစားတစ်ယောက် ကို ချစ်မိလို့ မူယာ့ကို သူတို့တွေ သဘောတူတဲ့သူနဲ့ လက်ထပ်ပေးဖို့

www.burmeseclassic.com

စိတ်ညစ်နေကြပါတယ်၊ မူယာလေ ဘေး ကျပ်နံ့ကျပ်နဲ့ ဆုပ်စူး၊ စားရူး ဖြစ် နေရပြီပေါ့''

ဒါကြောင့် ကောင်လေး၏မျက် ဝန်းများသည် တစ်စုံတစ်ခုကိုမကျေ နပ်ခြင်းအရိပ်အယောင်မျိုးဖြင့် မှုန် တေနေခြင်းဖြစ်ကြောင်း ကျွန်မ သိ ခဲ့ရ၏။ မူယာစိုးအဖြစ်က ကျွန်မ ခံ စားရခြင်းထက် ပိုဆိုးနေမည်ဟု ထင်မိသည်။ ခန့်က ငြိမ့်လောက် မဆိုးသော်လည်း ထိုအချိန်ကသာ ခန့်သည် အပေါင်းအသင်းမှားပြီး ဆေးစွဲသူတစ်ယောက် ဖြစ်လာပါက ကျွန်မ၏အပြစ်မကင်းချေ။ သည် အတွက် ခန့်ကို ကျေးဇူးတင်မိရပြန် သည်။

''ဒီအကြောင်းတွေကိုသိသွား တော့ ငြိမ့်ဟာ မူယာ့ကို အကျပ်ကိုင် တယ် ဒေါက်တာ၊ သူ့ကိုချစ်ရင် သူ့ နောက်ကို လိုက်ခဲ့ပါတဲ့၊ သူ့ကိုမချစ် ရင် ဘိန်းစားသမားဘဝကို ပြန်သွား လိုက်မယ်တဲ့လေ၊ အခုလက်ရှိအခြေ အနေက ဒီအတိုင်းပါပဲ၊ မူယာစဉ်း စားခက်နေတယ် ဒေါက်တာရယ်၊ ဘာကြောင့်လဲဆိုရင် ငြိမ့်ဟာ အား ကိုးမရတဲ့ ယောက်ျားတစ်ယောက် မှန်းလည်း သိနေတယ်၊ သူ့ကိုချစ် မိတာကလည်း ချစ်တာထက် သနားတာက ပိုပါလိမ့်မယ်၊ သူ အရင်ဘဝကို ပြန်ရောက်သွားမှာကို လည်း စိုးရိမ်နေမိတယ်၊ မူယာလေ ဘယ်လိုဆုံးဖြတ်ရမလဲတောင် မသိ တော့ပါဘူး ဒေါက်တာရယ်''

''ငယ်ရွယ်သူတွေမှာ တစ်ဖွတ် ထိုးစိတ်ကြောင့် အမှားအမှန်ကိုမခွဲ ခြားတတ်ဘူး မူယာ၊ ငြိမ့်က ဘိန်း ဖြူစွဲခဲ့တော့ ပိုဆိုးနေတာပေါ့၊ ဘာ ပဲလုပ်လုပ် မြွေမသေ တုတ်မကျိုး အောင်တော့ မူယာ့ဘက်က မိဘနဲ့ ငြိမ့်ကို စည်းရုံးပေးလေ၊ ငြိမ့်ကို လည်း တည်တည်တံ့တံ့ အလုပ် တစ်ခုကိုလုပ်နိုင်၊ အလုပ်အကိုင်နဲ့ ဆိုတော့ စိတ်လည်းတည်ငြိမ်သွား မယ်၊ ဘဝကိုလည်း နားလည်လာ မယ်၊ ပြီးတော့ ဆန္ဒထက် ဖြစ်လာ တဲ့ အခြေအနေကို လက်ခံနိုင်တဲ့ စွမ်းအားတွေ အလိုလိုရရှိလာမှာပဲ ပေါ့၊ ဒီတော့မှ ကိုယ့်ဘဝအတွက် ဖြစ်ချင်တာကို ညှိနှိုင်းယူရမှာပေါ့ မူယာရယ်''

ကျွန်မက မူယာစိုးအား လမ်း ပြပေးနေသော်လည်း ကျွန်မကိုယ် တိုင်ကိုက လျှောက်နေသောလမ်း ကလေးတွင် စမ်းတဝါးဝါးဖြင့် ကိုယ့် အတ္တကို ရှေ့တန်းတင်မိသော ကြောင့် လူတစ်ယောက်မှာ သနား စရာကောင်းလောက်အောင် ဆုံးပါး သွားခဲ့ရဖူးပါ၏။ ငြိမ့်ကိုတော့ ခန့် ကဲ့သို့ မဖြစ်စေချင်ပါ။

ဒေါက်တာမူယာစိုးသည် ကျွန်မ၏စကားလေးကို နားလည်စွာ ဖြင့် အားတက်သရော ပြောရှာပြန် သည်။

''အခုလည်း မိဘတွေကို ငြိမ့် ရဲ့အခြေအနေကို ပြောပြပြီး မူယာ ရေလိုက်ငါးလိုက် နေခဲ့မိတယ် ဒေါက်တာ၊ ငြိမ့်က စိုးရိမ်ကြီးစွာနဲ့ လာစောင့်နေတာပဲကြည့်တော့''

''မင်း ငြိမ့်အပေါ် ဘယ်လို သဘောထားသလဲဟင်၊ တို့ကိုမရှက် ပါနဲ့၊ ရင်ထဲရှိသမျှသာ ပြောပါ မူ ယာ''

''ငြိမ့်ကို မချစ်ဘူး ဒေါက်တာ သူ့ကို သနားစိတ်နဲ့ သံယောဇဉ် တွယ်မိတာပါ၊ ဒါကို ခွဲခွဲခြားခြား မူယာ သိလိုက်ရတဲ့နေ့လေးဟာ မူ ယာ့မိဘ သဘောတူတဲ့ ကိုမြတ်မင်း ဆွေကို စတင်တွေ့တဲ့အချိန်ကပါပဲ''

ငြိမ့်အတွက် ကျွန်မ လုံးဝစိတ် မကောင်းခဲ့ပါ။ အနာဂတ်အရေးကို ကြိုတင်သိမြင်နေသည့် မနောဗေဒင် ဆရာတစ်ဦးနှယ် ငြိမ့်၏အနာဂတ် သည် မည်သို့မျှ ကောင်းနိုင်ဖွယ်ရာ မမြင်မိပေ။

''ကိုမြတ်မင်းဆွေက S.A.E တစ်ယောက်ပါ ဒေါက်တာ၊ စီမံကိန်း တစ်ခုမှာတာဝန်ကျနေတယ်၊ မကြာ သေးမီက အိမ်ကိုအလည်လာရင်းနဲ့ မူယာနဲ့ ဆုံခဲ့ကြတာပါ၊ အမြန်ဆုံး လက်ထပ်ဖို့ကိစ္စကို စီစဉ်မယ်လို့ လည်း ပြောသွားပါတယ်''

ကျွန်မတို့ မိန်းကလေးများ အတွက် ချစ်သူနှစ်ယောက် အပြိုင် ပေါ်လာခြင်းသည် မကောင်းသော် လည်း မိမိရွေးချယ်မှုအတွက် အကောင်းဆုံး၊ အမှန်ကန်ဆုံးနှင့် အသင့်လျော်ဆုံးကို ဖြစ်စေတတ် သည်။ အချစ်တစ်ခုမှ တစ်ခုသို့ ပြောင်းသည့်အခါ မလိုလားအပ် သည့်၊ မကောင်းသောဂုဏ်ပုဒ်ကို ပိုင်ဆိုင်ရပေမယ့် ဘဝအတွက်ရွေး ချယ်မှုကြောင့် ကျေနပ်သောအချစ် ကို ရရှိစေတတ်၏။ ထိုအချစ်သည် သာ ကိုယ့်ဘဝ၏ ခိုင်မြဲသောအရာ ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ခြိမ့်အတွက် မျှော်သင့်ချက် ကုန်ဆုံးပြီပေါ့နော်၊ စိတ်မကောင်းစရာပဲကွယ်"

ထိုစကားလေးကြောင့် ဒေါက်တာမှုယာစိုး၏ မျက်နှာလေးမှာ ရုတ်ခြည်းညှိုးရော်သွားသည်ကိုတော့ တွေ့မြင်လိုက်ရပါ၏။ ကျွန်မတို့ စကားပြောဆိုခြင်းမဆုံးမီတွင် နာ့စ်တစ်ယောက် ဝင်လာပြီး.....

"မမတို့ကို ဆေးရုံအုပ်ကြီးခေါ်နေပါတယ်ရှင်"

"ဪ...အေး...အေး၊ သွားလိုက်မယ်နော်"

"ဟုတ်ကဲ့ရှင့်"



သူနာပြုဆရာမလေး ထွက်သွားပြီးနောက် ဆေးရုံအုပ်ကြီးထံ သွားရန် ပြင်မိကြသည်။ သည်နေ့ ဆေးကျောင်းသားများအတွက် စာသင်ဆောင်တွင် လက်တွေ့ပြသရန် ရှင်းပြရာတွင် ကျွန်မတို့ ပါဝင်နေ၏။ ကိုယ်ဆေးကျောင်းသူဘဝကလည်း ဤသို့ပါပဲလေ။ အတွေ့အကြုံတစ်ခုကို စာတွေ့လည်းသင်ရ၏။ လက်တွေ့လည်းလေ့လာရ၏။ တိရစ္ဆာန်များအား လက်တွေ့ခွဲစိတ်ရပြီးမှ လူများကို တစ်ဆင့်ပြီးတစ်ဆင့် လေ့လာရသည့်အခါတွင် ကြောက်စိတ်များ ပျောက်ကွယ်လုနီးပါး ဆေးပညာကို သင်ယူခဲ့ရပါသည်။ သည်အတွက် ပညာလည်းရ၏၊ တရားလည်းရ၏။ ဆေးရုံဟူသည် မွေးဖွားခြင်းမှ သေဆုံးခြင်းအထိ တရားသံဝေဂရစရာ နေရာလေးတစ်ခုလည်း ဖြစ်လေသည်။

* * *

"မမ ဆေးခန်းရှေ့မှာ ဦးလွမ်းသာ ရောက်နေပါတယ်ရှင်"

"အေး..အေး၊ ဒီတစ်ယောက်ပြီးရင် ပိတ်ပြီလေ၊ ခဏလေးစောင့်ပါလို့ သွားပြောပေးပါ ညီမရယ်"

"ဟုတ်ကဲ့ပါ"

ခုတင်ထက်မှ လူနာကို စမ်းသပ်စစ်ဆေးနေစဉ် ဦးလွမ်းသာ ရောက်လာသည့်အတွက် ကျွန်မက မိန်းကလေးအား ပြောခိုင်းလိုက်ရသည်။ ပြီးမှ စိတ်အေးလက်အေး ပြန်လည်စမ်းသပ်နေမိ၏။ လူနာမှာ

သူ့ကို
သနားစိတ်နဲ့
သံယောဇဉ်
တွယ်မိတာပါ။
ဒါကို ခွဲခွဲခြားခြား
မှုယာသိလိုက်ရတဲ့
နေ့လေးဟာ
မှုယာ့မိဘ
သဘောတူတဲ့
ကိုမြတ်မင်းဆွေကို
စတင်တွေ့တဲ့
အချိန်ကပါပဲ
...

www.burmeseclassic.com

www.burmeseclassic.com


တီဘီဖြစ်မည်ဟု ထင်ရ၍ သူ့အတွက် သေချာစေရန် ဓာတ်ခွဲစမ်းသပ်ခိုင်းရတော့သည်။

"ဒီစာအတိုင်း ဆေးခန်းကိုသွားပြီး သွေးစစ်၊ ဆီးစစ်ပါ၊ ပြီးရင် Ultrasound၊ E.C.G ရိုက်ရလိမ့်မယ်"

လူနာနှင့်အတူ လူနာရှင်ပါ မျက်နှာများ ကွက်ခနဲပျက်သွားကြလေသည်။ ကျွန်မမှာ သူတို့အခြေအနေကိုကြည့်၍ ရှင်းပြပေးရတော့၏။

"ကျွန်မက လိုအပ်လို့ရိုက်ခိုင်းရတာပါ၊ ရှင့်ရဲ့ဝေဒနာက ဒါတွေနဲ့ စမ်းသပ်ကြည့်မှ သေသေချာချာ ပြောနိုင်ပြီး ရောဂါအမည်တပ်နိုင်မှာပေါ့၊ အနာသိရင် ဆေးရှိပါတယ်ရှင်"

ကျွန်မ ပြောပြခြင်းကို နားလည်သွားကြသော်လည်း သူတို့၏ မျက်နှာမှာ အပြည့်အဝ ပြန်လည်မသာယာလာသေးချေ။

တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်နေကြသေးသည်။ ထိုအကြည့်များကို ကျွန်မက အလိုလို နားလည်နေမိ၏။

"ရောဂါကို ကွဲကွဲပြားပြားမသိဘဲနဲ့ ဟုတ်နိုးနိုးနဲ့ ရမ်းကုနေရင် ရှင်ပဲနစ်နာမှာပေါ့၊ ကျွန်မက ငွေမျက်နှာပဲကြည့်တဲ့ ဆရာဝန်တစ်ယောက်မဟုတ်ပါဘူး၊ ကိုယ့်ကိုအားကိုးပြီး လာကြတဲ့လူနာတွေကို ကျွန်မက စေတနာနဲ့လမ်းညွှန်ပြတာပါ။ တချို့က ဆေးရုံမသွားချင်လို့ ပျောက်နိုးနိုးနဲ့ ဆေးခန်းကို လာပြချင်ကြတယ်၊ ပျောက်မသွားတဲ့အပြင် ပိုဆိုးလာတဲ့အခါကျမှ အပ်နဲ့ထွင်ရမယ့်နေရာမှာ ပုဆိန်နဲ့ပေါက်ရတဲ့အဖြစ်မျိုး ကြုံကြရလိမ့်မယ်၊ ကျွန်မပြောတာ ရှင်တို့ သဘောပေါက်ကြတယ်နော်"

"သဘောပေါက်ပါတယ် ဆရာမရယ်၊ ဒါပေမဲ့....."

ပျာပျာသလဲ ဝင်ပြောပြီး စကားကို ရပ်သွားကြသည်။ သူတို့တွင် ငွေကြေးအခက်အခဲရှိသည်ကို သူတို့ဝန်မခံပါဘဲနှင့် ကျွန်မ သိနေပါပြီ။

"ကျွန်တော်တို့က တစ်နေ့လုပ်မှ တစ်နေ့စားရတာပါ ဒေါက်တာ"

နံဘေးမှလူပိုက ဝင်ပြောလာ၏။ သူတို့ကိုကြည့်ပြီး ကျွန်မလည်း သက်ပြင်းချလိုက်မိပြန်ပါပြီ။ ကေန္တနှမြောကပ်စေးနဲ့သူတွေနှင့် တွေ့နေရပါလား။ တွန့်တိုသူကို လမ်းပြရမည်မှာ ခက်ခဲသောလုပ်ရပ်တစ်ခုလည်း ဖြစ်နေပြန်သည်။

"ဒါတွေအမြန်ဆုံးမလုပ်နိုင်ရင် ရှင် ဒုက္ခဖြစ်မှာ သေချာတယ်၊ ပိုးစိုးပက်စက် မဖြစ်ချင်ရင်တော့ အမြန်ဆုံးသာသွားပါ၊ လူ့အသက်ရှင်နေနိုင်ရေးအတွက် ကျန်းမာရေးက အရေးကြီးပါတယ်၊ ကျန်းမာရေးထက် ဘယ်အရာကမှ ပိုအရေးကြီးမလာပါဘူး၊ ကျွန်မ အခုပေးလိုက်မယ့် ဆေးတွေဟာ ရှင့်ရောဂါအတွက် ခဏတစ်ဖြုတ်သာ သက်သာမှုကို ပေးစွမ်းနိုင်မှာပါ။ အခု စမ်းသပ်ခနဲ့ ဆေးဖိုးငွေကို နှမြောနေရင်လည်း မယူတော့ပါဘူး၊ ဒါပေမဲ့



ရှင့်ရောဂါကိုတော့ ကျွန်မ ညွှန်ကြားတဲ့အတိုင်း လိုက်နာစေချင်တယ်၊ သွားနိုင်ကြပါပြီ"

"ဟုတ်....ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ဗျာ"

ဆေးအမည်ကို ရေးပေးလိုက်ပြီး ကျွန်မအား နှုတ်ဆက်သွားသူများကို ခေါ်လိုက်ရပြန်ပါသည်။

"နေဦး၊ ဒီစာရွက်ကိုယူပြီးရှေ့မှာ နာ့စ်ရှိတယ်၊ သူ့ဆီပေးလိုက်ပါ၊ သူက ဆေးပေးလိမ့်မယ်"

"ဟုတ်ကဲ့ခင်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



သွက်လက်စွာယူပြီး ထွက်သွားကြရှာသည်။ သူတို့ထွက်သွားမှ သက်ပြင်းမောကိုချပြီး ပစ္စည်းများကို သိမ်းလိုက်ရတော့၏။ ကျွန်မမှာ ဤသို့သော လူနာများနှင့်လည်း တွေ့ကြုံခဲ့ရပါ၏။ တချို့က ငွေကုန်မည်စိုးပြီး ရောဂါအဖြစ်ခံကာ နှမြောတတ်သူများလည်း လောကတွင်ရှိတတ်ကြပါ၏။ ထိုအခါ ခန္ဓာကိုယ်တွင် ဖြစ်သောရောဂါထက် စိတ်တွင်ဖြစ်သော တွန့်တိုခြင်းကို ဦးစွာကုသနိုင်မှသာ ရတတ်ပါသည်။ ဆေးယူပြီး ထွက်သွားချိန်တွင် နာ့စ်က ကျွန်မကို မေးလာ၏။

''မမ စောစောကလူတွေကို Free လို့ ရေးပေးလိုက်လို့ ဆေးဖိုးမတောင်းလိုက်ဘူးနော်''

''အေးလေ၊ ကုသိုလ်ရပါတယ်ကွာ''

''ဟင်း.....ဆင်းဆင်းရဲရဲတွေမှမဟုတ်တာ၊ ပေးနိုင်လျက်နဲ့''

''ဓာတ်ခွဲစစ်နိုင်အောင် မယူချင်တော့တာပါ၊ သူ့ရောဂါကတီဘီဖြစ်ဖို့ သေချာသလောက်ပဲ၊ ကိုယ့်ရောဂါကုဖို့တောင် နှမြောနေရင်ဘယ်သူက သူ့ငွေကို ယူနိုင်ရက်မှာလဲကွယ်''

ဦးလွှမ်းသာ ရောက်လာ၏။ ကျွန်မ စောင့်နိုင်းထားခြင်းအတွက် ဦးလွှမ်းသာကို အားနာရလေပြီ။ စောစောက လူနှစ်ယောက်ကြောင့် မေ့လျော့စိတ်များ ပြန်လည်အသက်ဝင်လာရလေပြီ။

''ပြီးပြီ ဦးလွှမ်းသာ၊ ခဏလေးနော်''

''ရပါတယ်ဗျာ''

သူနာပြုလည်း သိမ်းစရာရှိသည်များကို သိမ်းဆည်းနေလေ၏။ အခန်းထဲမှ ကော့စ်အိတ်ကိုဆွဲပြီး ထွက်လာစဉ် ဦးလွှမ်းသာက ကျွန်မထံမှအိတ်ကို လှမ်းယူရှာသည်။

''ပေးပါ ဒေါက်တာ၊ ကျွန်တော်ကိုင်ပါ့မယ်''

''နေပါစေရှင်''

''မေမေ့စကားကို ဒေါက်တာမေ့ထားလိုက်ပြီလား''

သည်တော့မှ ဦးလွှမ်းသာမိခင်ပြောထားသော စကားလေးကို အမှတ်ရသွားရတော့၏။

''ဒီစကားနဲ့ပဲ ကျွန်မကို ငြင်းမရအောင် ချုပ်ကိုင်ထားတယ်နော်''

''မေမေ့ကြောင့်ပါ ဒေါက်တာရာ''

ဦးလွှမ်းသာသည် တစ်ချက်ပြုံးလိုက်သည်။ ထိုအပြုံးကို ရှားပါးစွာမြင်ရသည်ဟု ထင်မိပြီး ကျွန်မက သူ့ထံ မျက်လုံးလေးဝင့်ကာ ကြည့်နေဆဲတွင်.....

''ဆရာမ..ဆရာမ၊ သားဘွားဘွားကို ကယ်ပါ ဆရာမရယ်၊ ဘွားဘွားကြီးကို ခေါ်လို့မရတော့ဘူး၊ အီး.....ဟီး.....အီး.....အီး''

နှစ်ယောက်သား ရင်ထိတ်သွားကြရလေပြီ။ ကျွန်မထံ တကြော်ကြော်ခေါ်ပြီး ငိုနေရှာသော ကလေးငယ်လေးအား မေးလိုက်ရ၏။

''ကလေး.....ဘာဖြစ်လို့လဲဟင်၊ မင်းက ဘယ်ကလဲ''

''သားရဲ့ဘွားဘွားကို ခေါ်မရလို့ပါ ဆရာမ၊ သား ဒီနားမှာနေပါတယ်၊ လိုက်ကြည့်ပေးပါ ဆရာမရယ်၊ သားကိုသနားပါဗျာ''

ကလေးငယ်မှာ ရှစ်နှစ်ခန့်ရှိပါလိမ့်မည်။ ကျွန်မ၏လက်ကို ဆွဲခေါ်လိုက်ပြီး ထိုင်ကန်တော့နေရှာလေသည်။ ကလေးငယ်အား ကျွန်မသနားမိ၏။

''ဦးလွှမ်းသာ ပြန်တော့နော်၊ ကျွန်မ ဒီကလေးနဲ့ လိုက်ကြည့်ပေးချင်တယ်၊ ညီမရေ.....ဆေးခန်းမြန်မြန်ပိတ်ပြီး မမနဲ့ လိုက်ပေးပါဦးကွယ်''

''ဟုတ်ကဲ့ မမ''

''ကျေးဇူးတင်ပါတယ် ဆရာမရယ်၊ သား ဘွားဘွားကို စိုးရိမ်လို့ပါ''

''မင်းအိမ်မှာ လူကြီးမရှိဘူးလား''

ကလေးက ခေါင်းလေးခါယမ်းပြပြီး ကျွန်မထံ မျက်လုံးပြူးလေးဖြင့် ကြည့်နေစဉ် ဦးလွှမ်းသာထံမှ စကားသံ ပေါ်ထွက်လာလေသည်။

''ကျွန်တော်လည်း ဒေါက်တာနဲ့လိုက်ခဲ့မယ်၊ လာ.....ကားပေါ်တက်ကြ''

အံ့ဩမှုမှမဆုံးသေး။ ဦးလွှမ်းသာ၏ ဆုံးဖြတ်မှုတစ်ခုက ကျွန်မအတွက် အင်အားတစ်ရပ် ဖြစ်စေခဲ့ရသည်ကိုတော့ မငြင်းနိုင်ပါ။ ဦးလွှမ်းသာသည် ကလေးငယ်လေးအားခေါ်ပြီး Surf ကားပေါ်တင်နေ၍ ကျွန်မနှင့် သူနာပြုလည်း ကားပေါ်တက်လိုက်ကြလေပြီ။ ကား လည်းထွက်လာသည်။

''ကလေး.....မင်းအိမ်ကို ဦး

www.burmeseclassic.com

တို့ကို လိုက်ပြနော်"

ကလေးငယ်နှင့် ဦးလွမ်းသာက ရှေ့တွင်နေရာယူကာ ကလေး၏ လမ်းပြမှုနှင့် မကြာမီတွင် တဲလေး တစ်လုံးရှေ့တွင် ရပ်တန့်သွားတော့သည်။

"ဆရာမ သားတို့အိမ် ရောက်ပါပြီခင်ဗျာ"

ကျွန်မတို့ ကားလေးပေါ်မှဆင်းပြီး ကလေး၏ခေါ်ရာနောက်သို့ လိုက်ပါခဲ့ကြသည်။ အိမ်ကလေးမှာ တဲကလေးသာသာဖြစ်ပါ၏။ အနီး ပတ်ဝန်းကျင်ရှိ ရေနံဆီမီးခွက်လေးများ၏ အလင်းရောင်နှင့် အိမ်သေးလေးများကို ကျွန်မတို့ မြင်နေရလေသည်။ ထိုနေရာလေးသည် ကျူးကျော်နေရာဟုခေါ်သော၊ ဘဝမပြေလည်သောသူများ နေထိုင်ရာ ပတ်ဝန်းကျင်တစ်ခုအဖြစ် လူများသိထားကြ၏။ ထိုနေရာမျိုးတွင် မြေးအဘွားနှစ်ဦးလည်း နေထိုင်ကြ၍ မည်သည့်အလုပ်မျိုးဖြင့် လုပ်ကိုင်စားကြပါသနည်း။ ယိုင်လုလုတဲလေးပေါ်သို့ သုံးယောက်သား သတိထားကာ တက်ခဲ့ကြရသည်။

"ဟော.....ဆရာဝန်ရောက်လာပြီ ဖယ်ကြ....ဖယ်ကြ၊ အဲဒီ တို့ရပ်ကွက်ထဲက ဆရာဝန်မလေးပဲ"

ဝိုင်းအုံကြည့်နေသော လူစုထဲမှ အသံတစ်သံနှင့်အတူ လူနာရှိရာ ပတ်ဝန်းကျင်တွင် လူရှဲသွား၏။ သည်တော့မှ အဘွားအိုတစ်ယောက်ကို ကျွန်မ တွေ့မြင်ရတော့သည်။ ချက်ချင်းပင် စမ်းသပ်ကြည့်မိရာ အဘွားအိုမှာ အပူကြီးပြီး သတိလစ်သွားခြင်းဖြစ်ကြောင်း သိလိုက်ရသည်။

"ရေနွေးယူမလား ဆရာမလေး၊ ဒီဓာတ်ဘူးထဲမှာ အဆင်သင့်ရှိတယ်"

"ကောင်းတာပေါ့ရှင်၊ ညီမရေ အဆင်သင့်နော်"

ကျွန်မ၏စမ်းသပ်မှုနှင့် နာ့စ်၏ ကျွမ်းကျင်မှုတို့ကြောင့် အဘွားအိုအား ဆေးတစ်လုံးထိုးပေးပြီး အဖျားကျသွားစေရန် ပြုစုရတော့သည်။ ဦးဆုံး အဝတ်သန့်တစ်ခုကို ရေဆွတ်ပြီး နဖူးပေါ်တင်ပေးခြင်းကို ပြုလုပ်နေစဉ်ပင် ကိုယ်ပူကြီးနေ၏။

"ရေခဲရနိုင်မလားရှင်"

"ဟာ.....ဒီအချိန် ဘယ်ရပါတော့မလဲ"

"ရတယ် အဘ၊ ကျွန်တော် ပြေးဝယ်ပေးမယ်"

လူရွယ်က ပြောလိုက်ရာ အဘိုးအိုသည် လက်တုန်တုန်လေးဖြင့် သူ့အိတ်ထဲမှ အဝတ်နှင့်ထုပ်ထားသည့် ငွေစက္ကူနွမ်းနွမ်းလေးကို ယူနေ၍ သနားသွားရ၏။

"ကျွန်မမှာ အကြွေရှိပါတယ်၊ ရော့.....ကလေး"

အိတ်ထဲမှ တစ်ရာတန်တစ်ရွက်ကို ထုတ်ပေးလိုက်ရာ လူငယ်က မယူပေ။ သူ့အိတ်ကပ်ထဲမှ ငါးဆယ်တန်လေးကိုထုတ်ပြီး.....

"ကျွန်တော့်မှာရှိပါတယ် ဆရာမ၊ ဒါနဲ့ဆို လောက်ပါတယ်"

ချက်ချင်းပင် အိမ်လေးပေါ်မှ ပြေးဆင်းသွားလေသည်။ သူတို့သည် လူဆင်းရဲသော်လည်း စိတ်ဓာတ်မဆင်းရဲသည်ကို ပြနေကြလေပြီ။

"ကိုယ်ပူကျသွားမှ မနက်ဖြန် ဒရစ်သွင်းလိုက်မယ် ညီမ၊ ဒါမှ အားပြန်ပြည့်လာမှာ"

"အခုလည်း ဆေးခန်းမှာကုန်နေပြီ မမ၊ မနက်ဖြန်ဆို အဆင်ပြေမှာပါ"

သွေးပေါင်ချိန်တိုင်းကြည့်ရာ အခြေအနေကောင်း၍ မကြာခင် မျက်တောင်များ တဖျတ်ဖျတ်ခတ်လာကြသည်။ ရေခဲဝယ်သူလည်း ပြန်ရောက်လာ၍ ရေခဲအုပ်ပေးချိန်တွင် အဘွားအိုမှာ လူးလွန့်လာလေပြီ။

"ဟော.....ဘွားဘွားကြီး သတိရလာပြီ၊ ဘွားဘွား.....ဘွားဘွား"

ကလေးငယ်က အားရမြူးထူးစွာ ခေါ်နေရှာသည့်အတွက် အဘွားအိုသည် မျက်ခွံလေးကို တဖြည်းဖြည်းဖွင့်လာလေ၏။ ဝမ်းသာနေရှာသော ကလေးငယ်သည် အဘွားဖြစ်သူ၏ကိုယ်လုံးလေးအား လှုပ်ယမ်းပြီး ပြောလိုက်လေသည်။

"ဘွားဘွား သတိရပြီနော်၊ ဘွားဘွား သားကိုတွေ့လားဟင်"

အဘွားအိုက ခေါင်းလေးညိတ်ပြရှာ၏။ အားလုံးမှာ အဘွားအိုအတွက် ရတက်မအေးဖြစ်ရခြင်းမှ လွတ်မြောက်ကြရလေပြီ။ သူတို့၏ မျက်နှာများတွင် လှိုက်လှဲကျေနပ်ခြင်း အပြုံးလေးများ ကိုယ်စီနှင့်။

"ဟော.....သတိရလာပြီ၊

www.burmeseclassic.com



သတိရလာပြီ''

''အဘွား.....နေကောင်းတယ်နော်''

အဘွားအိုထံ စုပြုံဝိုင်းမေးကြတော့သည်။ အဘွားအိုမှာ သူတို့၏အမေးများကို မဖြေနိုင်ပေ။ မျက်လုံးများက တစ်စုံတစ်ယောက်အား ရှာဖွေနေသည့်အလား မျက်ဆန်လေးမှာ တရွေ့ရွေ့နှင့် ကြည့်နေလေပြီ။ ဤသည်ကို နားလည်သောလူက..

''အမေကြီးက သူ့မြေးကိုရှာနေတာနဲ့တူတယ်၊ ပြလိုက်ကြပါဦး''

''အင်း...ဟုတ်လိမ့်မယ်၊ ဟဲ့.....အောင်ဘ၊ မင်းဘွားအေကို ခေါ်လိုက်လေ၊ မင်းကို ရှာနေတာ''

''အဘွား ‥ ဒီမှာ အဘွားမြေးရှိပါတယ်''

ဘွားအေသည် မြေးကိုတွေ့သည်နှင့် ဖက်ထားရှာ၏။ အောင်ဘမှာ ဘွားအေ၏ ရင်ခွင်တွင် မျက်နှာအပ်ပြီး ကြုံကြုံပါအောင်ငိုရှာတော့လေသည်။

''ဒီမြေးအဘွားနှစ်ယောက်ဟာ သိပ်ချစ်ကြတာ၊ သနားပါတယ်''

''အဘွားအို ပြန်သတိရလာလို့ တော်ပါသေးရဲ့''

''ဆရာဝန်ကို ဘယ်သူခေါ်လာတာလဲမသိဘူးနော်၊ ဆရာဝန် ရောက်လာလို့ အဘွားအသက်ရှင်သာတာ၊ နို့မို့ဆို သေသွားပြီ''

သိသူများက ကျွန်မထံသို့ အကြည့်များ စုပြုံရောက်လာကြတော့သည်။ လူအုပ်ထဲမှ အသက်အကြီးဆုံး အဘိုးအို၏ စကားသံကြောင့် အားလုံးမှာ တိတ်ဆိတ်သွားကြပြန်၏။

''အိမ်း.....သေမင်းက ဒေါ်မယ်မကို လက်မခံသေးလို့ပဲလေ၊ သူ့ရဲ့ကံနဲ့ ဆရာမလေးရဲ့စေတနာ၊ မေတ္တာတွေကြောင့် ကုသိုလ်ကံကောင်းပြီး သေမင်းကို အန်တုနိုင်တာပါ၊ ဆရာမလေးက ဒေါ်မယ်မရဲ့ ကျေးဇူးရှင်ပါပဲကွယ်''

ထိုစကားလေးကြောင့် ကလေးငယ်သည် အဘွားအိုထံမှခွာကာ အဘိုးအို၏ရှေ့တွင် ဝပ်တွားပြီး.....

''ဆရာမကို သားသွားခေါ်လာတာပါ အဘိုး၊ သားကိုသနားရင် ဆရာမလေးအတွက် ဆေးကုခငွေလေးကို သားကိုချေးပေးပါဗျာ၊ သားပြန်ဆပ်ပါ့မယ်နော်''

''ဩော်...မင်းက ဆရာမလေးကို ခေါ်လာတာကိုး၊ အင်း.....သံယောဇဉ်၊ သံယောဇဉ်၊ အသိဉာဏ်မရှိတဲ့ တိရစ္ဆာန်လေးတွေတောင် ကြင်နာကြသေးတာပဲလေ၊ လူဆိုတော့ မပြောသာတော့ဘူးပေါ့ကွယ်၊ စိတ်ချ အောင်ဘ၊ ဆရာမလေးအတွက် အဘတို့ ကူညီကြမယ်၊ မင်း ပြန်ဆပ်စရာ မလိုပါဘူး''



''ကျွန်တော်တို့လည်း ဝိုင်းဝန်း ကူညီကြရမှာပေါ့ အဘရာ၊ ကိုယ့်ရပ်ကွက်အရေးကိစ္စပဲ၊ ကြည့်ရှုစောင့်ရှောက်ဖို့ တာဝန်ရှိနေပါတယ်၊ အဘွား ဒီလောက်ထိ ဖြစ်သွားလိမ့်မယ်လို့ မထင်မိဘူးဗျာ၊ မနေ့က တောင် ဈေးထွက်နေသေးတာပဲ''

''ဗျားနာတယ်ဆိုတာ အချိန်မရွေး ဖြစ်တတ်တာပဲကွယ်၊ အသက်အရွယ်က စကားပြောလာတော့ ဓောက်ပြန်ပြီပေါ့''

အဘွားအိုအတွက် ရပ်ကွက်လေးထဲမှလူများ၏စေတနာသည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ရင်ထဲ၊ အသည်းထဲတိုင် စူး နစ်လာရပါပြီ။ သူတို့သည် တစ်နေ့ လုပ်မှ တစ်နေ့စားရရှာသော၊ လက် လှုပ်မှ ပါးစပ်လှုပ်နိုင်သည့် လူတန်း စားများဖြစ်ကြပေမယ့် သူတို့၏ စေတနာသည် လူတကာနှင့် ယှဉ် ပြိုင်နိုင်၏။ သူတို့ကိုယ်၌က မချမ်း သာသော်လည်း စေတနာမှာ မဆင်း ရဲရှာကြပေ။ ငွေနွမ်းနွမ်းလေးများကို ထုတ်ကာ အဘိုးအိုထံအလှုအယက် ပေးကြရှာလေသည်။

''အဘ ကျွန်မကို စကားပြော ခွင့်ပြုပါရှင်''

ကျွန်မ၏နှလုံးသားမှ ယိုစီး ထွက်ပေါ်လာသော စကားလေး သည် တုန်ယင်နေမှန်းလည်းသိ၏။ သို့သော် အသံကိုထိန်းပြီး ခံစားချက် များစွာဖြင့် စကားများကို တစ်လုံး ချင်း ပြောချလိုက်မိလေပြီ။

''ကျွန်မ အဘွားအတွက် ဒါန ပြုပါရစေ၊ ဒီကလေးကို စမြင်လိုက် ကတည်းက ကုသိုလ်ဖြစ်ကူညီမယ် ဆိုပြီး လိုက်လာခဲ့တာပါရှင်''

ကျွန်မ၏စေတနာစကားလေး ကို သူတို့ မယုံနိုင်စရာမရှိပေ။ ဆေး ခန်းလေးမှ ကျွန်မ၏သတင်း၊ ကျွန်မ ၏ စေတနာ၊ မေတ္တာများက ကျွန်မ ၏စကားကို သက်သေခံနေကြပြီး သားပါ။

''နောက်နေ့တွေမှာလည်း အဘွား ဆေးခန်းကို မလာနိုင်ရင် ကျွန်မကိုယ်တိုင် လာကြည့်ပေးပါ့ မယ်၊ အဘွား စိတ်ချလက်ချကျန်း မာလာသည်အထိ ကုသိုလ်ပြုပါရ စေ''

စကားအဆုံးတွင် အဘိုးအို၏ ကြည်လင်သော မျက်ဝန်းများနှင့် တည်ငြိမ်စွာပြောလာသော စကား များက ကျွန်မ၏စိတ်ဘဝင်ကို ချမ်း မြေ့စေရပြန်သည်။

''အိမ်း.....ဆရာမလေးရဲ့ စေတနာဟာ မွန်မြတ်လှပါပေတယ် ကွယ်၊ စေတနာအကျိုးကို ဆရာမ လေး ပြန်လည်ခံစားရမှာပါပဲလေ၊ လူတိုင်းမှာ မွန်မြတ်စိတ်ကလေးတွေ ကိုယ်စီကိုယ်င ရှိထားကြရင် ကမ္ဘာ ကြီးဟာ အေးချမ်းသာယာလာမှာပဲ ပေါ့ကွယ်၊ အဘတို့ မြန်မာလူမျိုး တွေဟာ တခြားနိုင်ငံတွေထက် သာ လွန်တဲ့အရာဟာ ဒီမြင့်မြတ်တဲ့နှလုံး သားလေးတွေ ရှိထားနေကြလို့ပါပဲ၊ ဆင်းရဲရဲ၊ ချမ်းသာသာ မြန်မာမှန် ရင် ဖြဟ္မစိုရ်တရား လက်ကိုင်ထား ကြတဲ့သူတွေပါပဲ''

''ကျေးဇူးတင်ပါတယ် သမီး ရယ်၊ အဘွားသာသိရင် ဆုတွေပေး ဦးမှာ သေချာပါတယ်၊ သူတို့မြေး အဘွားဘဝလေးဟာ သနားစရာ လည်းကောင်းပါတယ်၊ အရင်က အဘွားမှာ သားတစ်ယောက်ရှိခဲ့ တယ်လေ၊ သူဌေးအိမ်မှာ အလုပ် လုပ်ရင်းနဲ့ သူဌေးသမီးနဲ့ညားပြီး အလုပ်လည်းပြုတ်၊ ထောင်လည်း ကျသွားရတယ်၊ အပြစ်ကတော့ ခိုး မှုလေ၊ အဘွားရဲ့သားလေးဟာ ရိုး ရိုးသားသား၊ သဘောကောင်းလေး ပါကွယ်၊ ဒေါ်ကြီးတို့မျက်စိရှေ့တင် ကြီးပြင်းလာခဲ့တာပါ၊ သူ့ရဲ့စာရိတ္တ ကို လူတိုင်းသိကြပါတယ်၊ ဒါပေမဲ့ ကံဆိုးမသွားရာ မိုးလိုက်ရွာဆိုသလို

သူဌေးအိမ်က တမင်တကာဖန်တီး ပြီး ပစ္စည်းပျောက်မှုနဲ့ ရဲတိုင်တယ် ပြီးတော့ အိမ်မှာလာရှာကြတယ် ဘယ်အချိန်ကတည်းက ရောက်နေ မှန်းမသိတဲ့ ပစ္စည်းဟာ ခိုးရာပါ ပစ္စည်းအဖြစ် မိသွားပြီး သက်သေ နဲ့ဆိုတော့ ရဲကဖမ်းသွားရတာပေါ့ လေ၊ အာမခံလိုက်ဖို့ကလည်း မတတ်နိုင်၊ သားကလည်းထောင် ထဲမှာရောက်နေချိန် အဘွားဆိုတာ သနားစရာပါကွယ်''

ကျွန်မတို့ကို ပြောပြနေသော အဒေါ်ကြီးသည် အဘွားဘဝလေး အား စာနာသူပီပီ မျက်ရည်လေး များပင် လည်လာရသည်။ ထိုမျက် ရည်စလေးကို အင်္ကျီမည်းညစ်ညစ် ၏လက်မှ အင်္ကျီအနားစလေးနှင့် သုတ်ကာ စကားကိုဆက်ပြောလာ ပြန်၏။

''မတရားမှန်းလည်း သိနေ တယ်၊ ဒါပေမဲ့ အဘွားမှာ တရား ပါတယ်ကွယ်၊ သားမှာ ဝဋ်ကြွေး လို့ ဒီဝဋ်ကြွေးကို ပေးဆပ်ချိန် ကျ ရောက်ခဲ့လို့ပါတဲ့၊ သားကလည်း အချစ်သမားပီပီ သူ့သမီးကို ချစ် မိသမျှ ပြစ်ဒဏ်ကို ပေးဆပ်ပါရစေ ဆိုပြီး သူ့ရဲ့မေတ္တာကြွေးကို ချစ်သူ ရဲ့မိဘတွေ ကျေနပ်အောင် သက် သေပြသွားခဲ့ရှာတယ်လေ၊ ဒါပေမဲ့ တရားကို နတ်စောင့်တယ်ဆိုတဲ့ စကားဟာ သိပ်မှန်တယ် သမီး မတရားပြုလုပ်ခဲ့တဲ့အတွက် သူဌေး ရဲ့လူယုံဟာ သနားပြီး အဖြစ်မှန် ရှင်းပြတောင်းပန်လာတဲ့အပြင် ... တော်မှ မှန်ရာကို ထွက်ဆိုခဲ့တဲ့

အတွက် အမှုက ကွင်းလုံးကျွတ် လွတ်သွားခဲ့ရတယ်''

အဒေါ်ကြီးသည် စကားကိုစိတ်ဝင်စားစွာ ပြောနေသောကြောင့် အားလုံးမှာ ငြိမ်သက်စွာဖြင့် နားထောင်နေကြသည်။ ဆက်ပြောလာသည့်စကားများအား ငံ့လင့်နေကြ၏။

''ဖြစ်ချင်တော့ စိတ်ဖိစီးမှုဝေဒနာကြောင့် သားဖြစ်သူဟာ ထောင်ကထွက်ပြီး မကြာခင်မှာ သေဆုံးသွားခဲ့တယ်လေ၊ လောကလောက၊ တရားမမျှလိုက်ပုံများကတော့ မပြောချင်တော့ပါဘူး သမီးရယ်၊ သားလေးဆုံးပြီး တစ်လကျော်လောက်အကြာမှာ မွေးကင်းစကလေးငယ်လေးနဲ့အတူ စာတစ်စောင် ရောက်လာတယ်လေ၊ စာထဲမှာပါတာက အဘွားရဲ့သားနဲ့အကြောင်းပါပြီး မွေးလာတဲ့ သူတို့သွေးကို လက်မခံနိုင်ဘူးတဲ့၊ သူတို့မျိုးဆက် မဖြစ်စေရဘူးဆိုပြီး အဘွားဆီ လာပေးတာပေါ့''

''ဟယ်.....လူမဆန်လိုက်ကြတာနော်''

အနားရှိ မခံနိုင်သူ အမျိုးသမီးတစ်ဦးက ဝင်ပြောလိုက်၍ ကျန်သူများမှာလည်း အဘွားအတွက် မခံချေပ်နိုင်ဖြစ်နေကြရ၏။ သူတို့၏မျက်နှာပေါ်တွင် အထင်းသားပေါ်လွင်နေကြလေပြီ။

''အဘွားအတွက်တော့ ဝမ်းသာစရာပါပဲ၊ သေဆုံးသွားတဲ့သားကိုယ်စား မြေးလေးရတာပဲဆိုပြီး အသက်ကြီးမှ ကလေးငယ်လေးကို မွေးခဲ့ရတာပေါ့ကွယ်၊ ဒေါ်ကြီးတို့လည်း ကလေးငယ်အတွက် ဝိုင်းဝန်းပံ့ပိုး ကူညီထိန်းပေးကြပါတယ်၊ ဒီလိုနဲ့ တစ်ယောက်တစ်လှည့်ကူညီရင်း ကြီးပြင်းလာခဲ့တယ် သမီးရယ်၊ ခုဆို ကလေးက ဒုတိယတန်းတောင် တက်နေရပါပြီ၊ အဖေလိုပဲ မြေးလေးက လိမ္မာတယ်၊ အဘွားကိုလည်း သိပ်ချစ်ရှာတယ်၊ အခုပဲ ကြည့်လေ၊ အင်း.....လောကကြီးမှာ ဒီအဘွားအိုသာမရှိရင် ဒီကလေးတော့ ဒုက္ခပါပဲကွယ်''

ကလေးငယ်၏ အနာဂတ်အတွက် ရတက်မအေးဖြစ်နေကြမည်ပင်။ ကျွန်မလည်း တွေးတောမိပြီး သက်ပြင်းတစ်ခုချမိပါ၏။

''မမ ပြန်ကြစို့လေ၊ တော်ကြာ မမတို့အပြန်မှာ ညဥ့်နက်သွားလိမ့်မယ်၊ ခုတောင် ၁၀ နာရီထိုးတော့မယ်လေ''

သူနာပြုလေး သတိပေးမှ ပြန်ရန်သတိရသွားမိသည်။ ကျွန်မက အကြောင်းမဟုတ်။ ဦးလွမ်းသာက ရှိသေးသည်။ ခုမှ ဦးလွမ်းသာအား သတိရသွားမိပြီး ရှာဖွေလိုက်ရာ သနားသွားရလေပြီ။ ဦးလွမ်းသာသည် တဲရှေ့ကွပ်ပျစ်လေးပေါ်တွင် တိုင်တစ်တိုင်ကိုမှီပြီး ငြိမ်သက်စွာ ထိုင်နေရှာ၏။ ကျွန်မတို့ပြောသည့် စကားများကိုလည်း ကြားနေပါလိမ့်မည်။

''ဟုတ်သားပဲ၊ အဘတို့၊ အဒေါ်တို့ ကျွန်မကို ခွင့်ပြုကြပါဦးနော်၊ ဆေးတွေကတော့ စောစောက ပြောပြထားတဲ့အတိုင်း ဆေးပတ်လည်အောင် တိုက်ပေးကြပါ''

''စိတ်ချ ဆရာမလေး၊ စိတ်ချလက်ချပြန်ပါ၊ အဘလည်း ဒီမှာ ရှိနေမှာပါ၊ အဘသားကို ပြောထားပြီးသားပါကွယ်''

နှုတ်ဆက်ထွက်လာချိန်တွင် ဦးလွမ်းသာကို အားနာမိပါပြီ၊ သို့ပေမယ့် သူ့မျက်ဝန်းများတွင် စာနာသနား ကြင်နာသည့် အကြည့်များ ဖုံးလွှမ်းနေရာ ဦးလွမ်းသာလို လူကြီးလူကောင်းတစ်ယောက်သည် ကျွန်မအတွက် သက်တော်စောင့်တစ်ယောက်အလား ရှိနေရခြင်းမှာ တကယ်ဆို မဖြစ်သင့်ပေ။

ကားအထွက်တွင် လမ်းထိပ်အထိ လိုက်ပို့ပေးကြရှာ၏။ ပြီးတော့လည်း သူနာပြုဆရာမလေးအိမ်သို့ တချို့တစ်ဝက်က လိုက်ပါသွားကြသည်ကိုလည်း တွေ့ရသည်။ အပြန်လမ်းတွင် ဦးလွမ်းသာအား.....

''အားနာလိုက်တာ ဦးလွမ်းသာရယ်၊ ဒီလိုမှန်းသိရင် ဦးလွမ်းသာကို ကျွန်မ အိမ်ပြန်ခိုင်းပါတယ်''

ကားလေးမောင်းရင်းမှ ကျွန်မထံ အကြည့်တစ်ချက်ပို့လိုက်သည်။

''ဒေါက်တာ့ကို ဒီအတိုင်းတစ်ယောက်တည်း ထားရက်ခဲ့နိုင်မှာလား''

မျက်ဝန်းလေးများ ဝိုင်းစက်သွားရလေပြီ။ ဦးလွမ်းသာ၏မျက်နှာအား မကြည့်ရဲလောက်အောင် ရင်ခုန်လှုပ်ရှားသွားရသည်။ ထို့မှ တိတ်ဆိတ်သွားကြပြန်လေသည်။

''ကျွန်တော်လေ အမှန်စကားပြောရရင် ဘဝကို နက်နက်နဲနဲ မတွေးကြည့်မိဖူးဘူး ဒေါက်တာ၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဟာလည်း ကျွန်တော်ဖြတ်သန်းလာရတဲ့ ဘဝအတွေ့အကြုံနဲ့ယှဉ်ပြီး ပြောနေတာပါ၊ ကျွန်တော့်တစ်သက်မှာ ဒီကလေးလောက် ဆင်းရဲတဲ့ ဘဝမျိုး မတွေ့ခဲ့မိပါဘူး၊ ကလေးငယ်ရဲ့ဘဝလေးက သနားဖို့ကောင်းပါတယ်''

ဦးလွမ်းသာတို့လို ပြည့်စုံသူများတွင် ဆင်းရဲခြင်းဟူသည် ရယ်စရာပြက်လုံးတစ်ခုအလား သဘောထားမိကြမည်ဖြစ်သလို လေးနက်စွာ စိတ်ကူးကြည့်မိကြမည်မဟုတ်ပေ။ အိပ်မက်ပင် မက်ကြည့်မည့် အရာမျိုးမဟုတ်၍ ဦးလွမ်းသာ၏ နှုတ်မှ ဖွင့်ဟလာသည့် စကားတစ်ခွန်းကို ကျွန်မ မယုံနိုင်စရာမရှိပေ။

''မနက်ဖြန် ဒီကလေးရဲ့နောင်ရေးနဲ့ နေထိုင်ရေးအတွက် အိမ်ကလေးကို ပြင်နိုင်အောင်၊ အဘွား နဲ့ ကလေးတို့ရဲ့ စားဝတ်နေရေးကို ကူညီတဲ့အနေနဲ့ ငွေငါးသိန်း လှူချင်တယ် ဒေါက်တာ''

အံ့သြမှုကြောင့် ဦးလွမ်းသာကို ကြည့်လိုက်မိ၏။ ကျွန်မ၏ဝမ်းသာခြင်းထက် မြေးအဘွားနှစ်ယောက် ဝမ်းသာခြင်းက ပိုပါလိမ့်မည်။

''အတိုင်းထက်အလွန် ဝမ်းသာမိပါတယ် ဦးလွမ်းသာရယ်၊ သူတို့တွေသာသိရင် ဦးလွမ်းသာကို ကျေးဇူးတင်ကြမှာပါပဲ၊ သူတို့ဘဝမှာ ငွေငါးသိန်းဆိုတာ အိပ်မက်တောင် မက်ဖူးကြမှာမဟုတ်ပါဘူး၊ မိုးနည်းရပ်ဝန်းဒေသမှာ မိုးရွာချလိုက်သလိုမျိုး သိပ်ကိုဝမ်းသာသွားကြမှာပါ ဦးလွမ်းသာ''

* * *

နောက်တစ်နေ့တွင် အဘွားအိုသည် ကျွန်မ၏ဆေးခန်းလေးသို့ ဆိုက်ကားစီးကာ ရောက်လာရှာပါသည်။ မနေ့ကအဒေါ်ကြီးက အဘွားအိုအား တွဲခေါ်လာ၏။ ဆေးခန်းတွင်ပင် ဒရစ်ချိတ်ပေးနေ၍ အပြန်တွင် ဆေးခန်းပိတ်ချိန်မှန်းပြီး ရောက်လာရှာသော ဦးလွမ်းသာ၏ ကားနှင့်ပင် အဘွား၏တဲကလေးသို့ လိုက်ပို့ပေးလေသည်။ ထို့ကြောင့် မနေ့က တိုင်ပင်ထားသော ကိစ္စလေးအား ဦးလွမ်းသာက လူကြီးများစုံရာတွင် စတင်ပြောလာ၏။

''အဘွားတို့ မြေးအဘွားအတွက် ငွေငါးသိန်းလှူတာပါ၊ လက်ခံပါ အဘွား၊ ကလေးရဲ့နောင်ရေးကို ရည်ရွယ်ပြီး လိုအပ်သလို သုံးပါ၊ အဘွားရဲ့ကျန်းမာရေး၊ စား ဝတ်နေရေးကိုလည်း စီစဉ်ပေးကြ ပါလို့ ရပ်မိရပ်ဖများကို ကျွန်တော် ပြောကြားလိုပါတယ်ခင်ဗျာ''

''ဝမ်းသာလိုက်တာကွယ်''

လက်ခုပ်သံတဖြောင်းဖြောင်း နှင့် သြဘာသံများသည် မိုးယံထက် သို့ ပျံ့လွင့်သွားသည်ဟု ထင်မိ သည်။ သူတို့တွေ၏ ဝမ်းသာပီတိ အစုစုတို့ထက် မည်သည့်အရာကမှ သာလွန်မည်မဟုတ်ပေ။

''အဘတို့ ဝမ်းသာတာပေါ့ ... တူရယ်၊ ကိုယ့်အိမ်နီးချင်းအတွက် ကျေနပ်ဝမ်းမြောက်ခြင်း ဖြစ်ကြရပါ တယ်၊ သူတို့ရဲ့ကုသိုလ်ကံပါပဲ အင်း.....သာဓု.....သာဓု...သာဓု''

အဘိုးအို၏ သာဓုခေါ်သံလေး သည် နှလုံးသားထဲ တစိမ့်စိမ့်ဝင် ရောက်သွားခဲ့ပြီဟု ထင်ရပြန်သည်။ အဘိုးအိုကလည်း သူ့ဆန္ဒကို တိုင် ပင်ရှာ၏။

''ခိုင်ခံ့တဲ့အိမ်ကလေးကို ဆောက်ပေးကြမယ်၊ ကျန်တာတော့ ကလေးရဲ့နောင်ရေးနဲ့ ရင်းနှီးနိုင်ဖို့ ငွေပေါ့၊ ဘဏ်ထဲထည့်ထားမှ စိတ် ချရမှာ၊ အားလုံးကို တို့တစ်တွေ ဝိုင်းပြီးစီစဉ်ပေးကြတာပေါ့ကွယ်''

''အားလုံးကောင်းသလိုသာ စီစဉ်ကြပါခင်ဗျာ''

ဦးလွမ်းသာသည် လူအများ ကြားတွင် ဝိုင်းဖွဲ့ထိုင်နေပြီး စကား များပြောနေလေသည်။ ဦးလွမ်းသာ ၏ ကြင်နာမှု၊ စာနာမှုများကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏နွေးထွေးမှုသည် ဦးလွှမ်းသာ၏ရင်တွင် ပီတိများစွာ ဖြစ်ခဲ့ရသည်ကိုတော့ ကျွန်မ မငြင်းနိုင်ပေ။ သူတို့၏အပျော်သည် ကျွန်မထံသို့ပါ ကူးစက်လာရ၏။

"အခုလို အဘတို့အပေါ် စေတနာထားပြီး ဆေးနဲ့ငွေတွေလှူဒါန်းပေးတဲ့အတွက် ဆရာလေးနဲ့ ဆရာမလေးတို့ ကျန်းမာပါစေ၊ လိုရာဆန္ဒ ပြည့်ဝပါစေ၊ စီးပွားရေးမှာလည်း ဒီ့ရေအလား တိုးတက်လာကြပါစေဗျား"

"ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ အဘ"

ကျွန်မလည်း တိုးတိတ်စွာ ဆုတောင်းမိပါ၏။ ထိုခံစားမှု ပီတိအဟုန်သည် မည်သည့်အရာနှင့်မျှ မလဲနိုင်ပေ။ ကုသိုလ်ဟူသည် ယူတတ်လျှင်ရ၏၊ လှူတတ်လျှင် မြတ်၏ဟု ဆိုကြသည်။ ဦးလွှမ်းသာကဲ့သို့ မလှူနိုင်ပေမယ့် ဦးလွှမ်းသာနည်းတူ ကျွန်မလည်း ခံစားရပါသည်။

ထိုည အပြန်လမ်းကလေးသည် သာယာကြည်နူးမှုကိုယ်စီဖြင့် အတွေးများက ခိုဝင်နေကြ၍ တိတ်ဆိတ်မှုဖြင့် လိုက်ပါလာကြ၏။ ဤသည်ကို ဦးလွှမ်းသာက စတင်လှုပ်ရှားလာလေပြီ။

"ဒေါက်တာ ဘာတွေတွေးနေလဲဟင်၊ ကျွန်တော် မသိရဘူးလား"

ဦးလွှမ်းသာသည် အပြုံးတစ်ခုဖြင့် ကျွန်မထံငဲ့ကြည့်ကာ မေးလာရှာသည်။

"ကြော်.....သိရပါတယ် ဦးလွှမ်းသာ၊ ကျွန်မ တွေးမိတာက ခုချိန်ဆိုရင် ဦးလွှမ်းသာရဲ့အလှူကြောင့် မြေးအဘွားနှစ်ယောက် ဘယ်လောက်ဝမ်းသာနေမလဲလို့၊ အဘွားရဲ့အပြုံးလေးကို ခုထိ ကျွန်မ မြင်ယောင်နေမိတယ်လေ"

"ကျွန်တော်တို့ ဒီနေ့လှူမိတဲ့အလှူက ကျွန်တော့်တစ်သက်မှာ ဒီလိုပီတိမျိုး တစ်ခါမှ မခံစားရဖူးဘူး ဒေါက်တာ၊ အရင်က အလှူအတန်းတွေ မြောက်မြားစွာ လုပ်ခဲ့ပါတယ်၊ တကယ်တမ်း ဆင်းရဲနွမ်းပါးသူတွေကို လှူလိုက်ရတဲ့အခါမှာ သူတို့ရဲ့အပြုံးဟာ ကျွန်တော့်ရင်ထဲမှာ ထိထိခိုက်ခိုက်လေးကို ခံစားလာရပါတယ်၊ အဲဒါ ဒေါက်တာ့ကြောင့် ဒီလိုကုသိုလ်မျိုးကို ရခဲ့တာပါ"

"ဒါပေမဲ့ ဦးလွှမ်းသာရဲ့ စိတ်ဆန္ဒက အရေးကြီးပါတယ်နော်၊ ကုသိုလ်တစ်ခုဆိုတာ ပေးတဲ့လူနဲ့ ခံယူတဲ့လူရှိမှ ရတာတ်တာမျိုးပါ၊ အကြောင်းတိုက်ဆိုင်တာလည်း ပါနေပါတယ်ရှင်"

"ဘာပဲပြောပြော ဒေါက်တာ့ကို ကျေးဇူးတင်မိပါတယ်၊ ဒေါက်တာက ကျွန်တော့်ရဲ့ လမ်းပြကြယ်လေးပါပဲ၊ ဒေါက်တာ့စိတ်နဲ့ ကျွန်တော့်စိတ်က ထပ်တူထပ်မျှပါပဲဗျာ"

စိတ်ချင်း၊ သဘောထားချင်း တူညီခြင်းဟာ လူနှစ်ဦးရဲ့ဘဝပေါင်း ဆုံခြင်းအတွက် အဓိကအကြောင်း ခြင်းရာတဲ့ ဆိုပါလျှင် ကျွန်မကို တ ဖက်လှည့်နှင့် ရည်းစားတော ပြော နေခြင်းပဲလား ဦးလွှမ်းသာနှယ်

> ဒီနေ့လှူမိတဲ့
> အလှူက
> ကျွန်တော့်တစ်သက်မှာ
> ဒီလိုပီတိမျိုး တစ်ခါမှ
> မခံစားရဖူးဘူး ဒေါက်တာ၊
> အရင်က အလှူအတန်းတွေ
> မြောက်မြားစွာ
> လုပ်ခဲ့ပါတယ်၊ တကယ်တမ်း
> ဆင်းရဲနွမ်းပါးသူတွေကို
> လှူလိုက်ရတဲ့အခါမှာ
> သူတို့ရဲ့ အပြုံးဟာ
> ကျွန်တော့်ရင်ထဲမှာ
> ထိထိခိုက်ခိုက်လေးကို
> ခံစားလာရပါတယ်
> ...

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့နှစ်ဦးရဲ့ ဆုံစည်းခြင်းဟာ ဦးလွမ်းသာရဲ့ မပြည့်စုံတဲ့ နှလုံးသား ကွက်လပ်လေးကို ဖြည့်ဆည်းဖို့ ရောက်လာခြင်းလားကွယ်။

"ဩော်...ဒေါက်တာ့ကိုပြောဖို့မေ့နေလိုက်တာ"

ထိုစကားလေးကြောင့် ဦးလွမ်းသာထံ အကြည့်တစ်ချက်ပို့မိ၏။ ဦးလွမ်းသာက အရေးကြီးသော ကိစ္စတစ်ခုအား သတိရသွားဟန်ဖြင့် ကျွန်မကို ပြောပြလာလေသည်။

"ဒေါက်တာ ဘယ်နေ့အား မလဲဟင်"

ကျွန်မ၏ အားလပ်မည့်နေ့အား စိတ်ထဲမှ ရေတွက်လိုက်၏။ ပြီးမှ ဦးလွမ်းသာသိစေရန် ပြောမိသော်လည်း ကျွန်မတွင် အားလပ်ရက် မရှိသလောက် အပြင်ထွက်နေရသည်ချည်းပင်။

"သန်ဘက်ခါလေ၊ ဘာလုပ်မလို့လဲ ဦးလွမ်းသာ"

"မေမေ့ကို ပြည်ဘုရားတွေပို့ပေးရဦးမယ်လေ၊ မနေ့ကတောင် မေမေက ပြောနေပြီ၊ ဒေါက်တာ Duty Off ဖြစ်မယ့်အချိန်မှ ဖြစ်မှာပေါ့"

ဟုတ်ပါရဲ့။ များပြားသော အလုပ်များကြားတွင် နစ်နေ၍ ကျွန်မ သတိမရခြင်းကို ဦးလွမ်းသာ က နားလည်နေပါလိမ့်မည်။

"ဒါဆို သန်ဘက်ခါ စီစဉ်လိုက်မယ် ဒေါက်တာ"

"ဦးလွမ်းသာ ကောင်းသလိုသာ စီစဉ်ပါ၊ ပြည်ကို ကျွန်မလည်း သွားချင်နေတယ်"

ဦးလွမ်းသာ၏ ဝမ်းသာအပြုံးတစ်ခုကို လှစ်ခနဲ တွေ့မြင်ရမှု အခိုက်အတန့်၌ ကျွန်မ ဘာကြောင့် ရင်မှာစူးနစ်စေခဲ့ရတာလဲကွယ်။ အိပ်ပျော်နေတဲ့ ကျွန်မရဲ့နှလုံးသားရင်ခုန်သံလေးကို နိုးထလာအောင် တံခါးလေးလာခေါက်နေတဲ့ ဦးလွမ်းသာကို ကျွန်မရဲ့ နှလုံးသားတံခါးလေး ဖွင့်ပေးရမှာလား။ အချိန်များစွာထိ အချစ်ကို မစဉ်းစားချင်တော့သည့် ကျွန်မ ဦးလွမ်းသာအပေါ် တိမ်းညွတ်နေပြီလား။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်မိ၏။

"ဒေါက်တာ့ကို တစ်နေ့နေ့မှာ ကျွန်တော့်ရဲ့စကားလက်ဆောင်လေး တစ်ခု ဖွင့်ပြောပြပါ့မယ်"

ဦးလွမ်းသာ၏စကားများသည် ကျွန်မအား ပဟေဠိဖြစ်စေခဲ့ရလေပြီ။ သူ့စကားသည် မည်သည့် စကားမျိုးမှန်း မသိပေမယ့် သိချင်စိတ်ကို မျှသိပ်လိုက်ရ၏။ ကျွန်မ အတွေးတွင် ထိုစကားလက်ဆောင်ဆိုသည်က ငြိတွယ်နိုဝင်နေသည်ကိုတော့ မငြင်းနိုင်ပါ။

"ကြည့်ပါဦး၊ ပြည်ရွှေဆံတော်ဘုရားကြီးက ပြောင်းလဲနေလိုက်တာကွယ်၊ အမေ့အဖို့ အံ့သြစရာပါလား"

ဦးလွမ်းသာနှင့် ကျွန်မက အမေ့ညွှန်ကို ခြံရံလျက် တွဲလျှောက်လာကြ၏။ ရွှေဆံတော်ဘုရားပေါ်မှ ပြည်မြို့ရှုခင်းအလှကို ကြည့်ကြရင်း တစ်ချိန်က စိတ်မကောင်းစရာအဖြစ်အပျက်လေးတစ်ခုက ကျွန်မကို ခြောက်လှန့်သလိုရှိနေသည်။ မိဘအုပ်ထိန်းမှုအောက်တွင် လောင်းရိပ်မိနေရှာသော ကောင်လေးတစ်ဦးအား ထိုလောင်းရိပ်အောက်မှ ဆွဲထုတ်ချင်သော မာနကြီးသည့် ကောင်မလေးတို့ ထိုရွှေဆံတော်ဘုရားရှေ့တွင် တွေ့ကြစဉ် ဆရာမကို ရုတ်တရက်တွေ့လိုက်ရ၍ သွေးပျက်လုမတတ် ထိတ်လန့်ခဲ့ဖူးပါ၏။

ယခုတော့လည်း နော်ရီးမရှိတော့လေပြီ။ အချစ်အတွက် ဘဝကိုပေးဆပ်သွားခဲ့သည့် အချစ်ကြီးသူ နော်ရီး မည်သည့်ဘဝသို့ ရောက်ရှိသွားပြီလဲကွယ်။ လူတစ်ယောက်၏ ဘဝတစ်ခုသည် အချိန်တိုအတွင်း မယုံနိုင်လောက်အောင် ပျောက်ကွယ်သွားခဲ့ရ၏။

ဧရာဝတီမြစ်ရေသည် တစ်ချိန်က ကျွန်မ တွေ့ခဲ့သည့်အတိုင်း မရပ်မနား စီးဆင်းနေကြသော်လည်း လူ့ဘဝတစ်ခုသည် မြစ်တစ်စင်းထက် ပျောက်လွယ်၊ ပျက်လွယ် မြန်သည်။ ပြီးတော့ ဒေါ်လေးမေမေလည်း ပြည်မြို့တွင် ခေါင်းချခဲ့ရ၏။ နောက် ဦးဖေသော်၊ ခန့်မင်းသာ အားလုံးသည် ကျွန်မအား သေကွဲခွဲသွားကြလေပြီ။ လူ့ဘဝ၏ ပ... လက်မှော်ပညာကဲ့သို့ ကျွန်မအား အတတ်ပညာအမျိုးမျိုးဖြင့် လှည့်စားသွားနိုင်ကြရက်သည်။

"ဒကာမလေးတို့က ဘယ်က လာကြတာလဲ"

ဦးပဉ္ဇင်းတစ်ပါးက ကျွန်မနှင့်

www.burmeseclassic.com



ဦးလွမ်းသာမိခင်အား မေးလာ၍ စိတ်များပျံ့လွင့်သွားရာမှ ပြန်လည်စုစည်းသွားကြ၏။

"ရန်ကုန်ကပါ ဘုရား"

"ဟုတ်လား၊ ဒီလို တကူးတက လာဖူးရတဲ့အတွက် ရွှေဆံတော်ဘုရားကြီးကို စုံအောင်ဖူးသွားကြ၊ အောင်မြေတွေကို ဝင်ပြီး အဓိဋ္ဌာန်ခဲ့ကြ၊ ပတ္တမြားမျက်ရှင်ဘုရားလည်းရှိသေးတယ်၊ နားပြီးဖူးသွားပါ"

"တင်ပါ့ဘုရား"

"ဒကာမကြီးကအသက်ဘယ်လောက်ရှိနေပြီလဲ"



"ခုနစ်ဆယ်ပြည့်ပါတော့မယ်ဘုရား"

ရဟန်းကြီးသည် ခေါင်းလေးညိတ်ကာ အမေ့ညွှန့်ကို ပြုံးကြည့်ရင်း လေးနက်သောစကားများကို ပြောလာ၏။

"အသက်တွေ ကြီးကုန်ကြတော့ တရားဘာဝနာကို များများပွားများပါ၊ ဦးဇင်းကတော့ တွေ့တဲ့လူတိုင်းကို ဒီနည်းပဲပေးပါတယ်၊ သေရင် ကိုယ့်နောက်ပါမယ့်အလုပ်က ကုသိုလ်အလုပ်ပဲလေ၊ ဒါနမျိုးစေ့ကို မသေခင်ချသွားကြ၊ တရားအသိကို စိတ်ထဲမှာ အမြဲနှလုံးသွင်းထားရင် လောဘ၊ ဒေါသ၊ မောဟတွေလည်း မရှိတော့ဘူး၊ ဒါဆိုရင် သေခြင်းတရားကို အပြုံးမပျက်ဘဲရင်ဆိုင်သွားနိုင်မှာပါ"

"မှန်ပါတယ် ဘုရား၊ လောကီလူ့ဘောင်ဟာ ရှုပ်ထွေးမှန်း သိကြပေမယ့် ဖြတ်နိုင်ဖို့ခက်ခဲတဲ့အလုပ်ပါဘုရား"

"အိမ်း.....ဒကာမကြီးက သံယောဇဉ် အလွန်များသကိုး၊ ကြိုးစားကျင့်ပေါ့ဗျာ၊ ကိုယ်သေရင် ဘယ်သား၊ ဘယ်သမီးကမှ ကိုယ့်ကို မကယ်နိုင်ဘူး၊ ကိုယ့်ကိုကယ်နိုင်တာက ဒါန၊ သီလ၊ ဘာဝနာပဲ၊ မီးထဲမှာ သားသမီးသံယောဇဉ်အပူမီးဟာ အဆိုးဆုံးပါပဲလေ"

"တပည့်တော်မှာ သားလေး တစ်ယောက်သာ ရှိပါတယ်ဘုရား"

"ဟုတ်လား၊ ဘယ်အရွယ် တုန်း ဒကာမကြီးရဲ့"

"လေးဆယ်ကျော်အရွယ်ပါ

သေရင်
ကိုယ့်နောက်ပါမယ့်
အလုပ်က
ကုသိုလ်အလုပ်ပဲလေ၊
ဒါနမျိုးစေ့ကို
မသေခင်ချသွားကြ၊
တရားအသိကို
စိတ်ထဲမှာ
အမြဲနှလုံးသွင်းထားရင်
လောဘ၊ ဒေါသ၊ မောဟ
တွေလည်း မရှိတော့ဘူး၊
ဒါဆိုရင် သေခြင်းတရားကို
အပြုံးမပျက်ဘဲ
ရင်ဆိုင်သွားနိုင်မှာပါ
...

www.burmeseclassic.com

www.burmeseclassic.com



ဘုရား။ တပည့်တော်က သူ့အတွက်ပဲ ပူပင်နေမိတာပါဘုရား''

''သူလည်း ငယ်တော့တာမှ မဟုတ်ဘဲဗျာ၊ ကျုပ်က ငယ်သေးတယ်အောက်မေ့နေတာ၊ အခုပါလာသလား''

''ဟော.....ဟိုမှာ ပုတီးစိပ်ပြီး ထလာတာ တပည့်တော်ရဲ့သားပါဘုရား''

ဦးလွမ်းသာမှာ စိပ်ပုတီးလေးကို လက်မှာကိုင်ပြီး ကျွန်မတို့ရှိရာ တန်းတန်းမတ်မတ် ရောက်လာလေသည်။ ရဟန်းကြီးအား ဦးချပြီးနောက် ဝတ္တုငွေကို ကိုယ်တိုင်ကပ်၍ လှူဒါန်းနေသည်ကို မိခင်ကြီးမှာ ပျော်တပြုံးပြုံးဖြင့်.....

''မောင်လွမ်းသာက စေတနာ သဒ္ဓါတရား သိပ်ထက်သန်တာ သမီးရဲ့၊ ငယ်ငယ်ကဆို အဘိုးအို၊ အဘွားအိုတွေ၊ အလှူခံတွေ၊ ဘုန်းတော်ကြီးတွေတွေ့ရင် အတင်းသွားလှူတော့တာပဲ''

ကျွန်မက ဦးလွမ်းသာ၏ စေတနာသဒ္ဓါတရား ထက်သန်ပုံကို လက်တွေ့သိမြင်ပြီးသားဖြစ်နေ၍ ဦးလွမ်းသာမိခင်၏စကားကို မယုံနိုင်ဖွယ်ရာမရှိပါ။

''သားလေးဟာ သနားဖို့လည်း ကောင်းပါတယ် သမီးရယ်၊ မိဘအပေါ် သိပ်ကိုသိတတ်ရှာတာပါ၊ အရွယ်ရောက်ပြန်တော့ အမေပေးစားတဲ့ မိန်းကလေးကိုပဲ သူယူခဲ့ရှာတာ၊ မိန်းကလေးက အမေ့စိတ်ကြိုက် ရွေးချယ်ပေးထားတဲ့ မိန်းကလေးပါပဲကွယ်၊ လိမ္မာရေးခြားလည်းရှိတယ်၊ မယားဝတ္တရား ကျေပွန်တဲ့သူလေးပါ၊ ဒါပေမဲ့ အချိန်ကြာကြာ မပေါင်းလိုက်ရရှာဘူးကွယ်၊ သားအပေါ် သိပ်ချစ်ရှာတာပါ''

ထိုစကားကို မည်သည့်ရည်ရွယ်ချက်ဖြင့် ပြောနေသည်မသိပါ။ ဦးလွမ်းသာ၏ အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး ကျွန်မကို ပြောပြလာ၏။

''နာမည်လေးက နန်းမြင့်မူတဲ့၊ ရှမ်းဗမာမလေးပေါ့၊ သူ့ဇာတိက တောင်ကြီးကလေ၊ ဒါပေမဲ့ ဆယ်နှစ်သမီးလောက်ကတည်းက ရန်ကုန်မှာ ကျောင်းအိပ်၊ ကျောင်းစား ပညာသင်ရင်း ရောက်လာရှာတာ၊ အခုတော့လည်း မြင့်မူလေးမိဘတွေက နိုင်ငံခြားကို ရောက်ကုန်ကြပါပြီကွယ်၊ အမေနဲ့မတွေ့တာတောင် နှစ်တွေအတော်ကြာညောင်းခဲ့ပြီပဲလေ''

အမေညွှန့်သည် ချွေးမဖြစ်သူ နန်းမြင့်မူကို သတိရသွားပြီထင့်။ မျက်တောင်လေးကို တဖျတ်ဖျတ်ခတ်ကာ ဝဲလာသော မျက်ရည်စကို ထိန်းလိုက်ရှာ၏။ ပြီးမှ စကားကိုပြန်ဆက်သည်။

''သားဟာ အမေ့စိတ်ကြိုက် ရွေးချယ်ထားတဲ့ မြင့်မူလေးကို ယူခဲ့ရပေမယ့် သူမချစ်ဘဲ ယူခဲ့ရတယ်ဆိုတာ အမေသိသွားရတဲ့တစ်နေ့ ယူကျုံးမရဖြစ်ခဲ့မိတယ် သမီးရယ်၊ အဲဒီအချိန်ကတည်းက သားဟာ တစ်ပင်လဲလို့ တစ်ပင်ထူချင်ရင်တောင် သူ့စိတ်ကြိုက် မိန်းကလေးကိုပဲယူဖို့ အမေ ခွင့်ပြုထားလိုက်ပါပြီ၊ အိမ်ထောင်တစ်ခုမှာ အရေးအကြီးဆုံးဟာ အချစ်ရှိဖို့ပဲ သမီး၊ သနားပြီးချစ်တာထက် ချစ်ပြီးသနားတာက ပိုခိုင်မြဲတတ်ကြောင်းကို အမေ လက်ခံသွားပါပြီကွယ်''

ကျွန်မတို့ ကိုယ့်မွေးနံဂြိုဟ်ထောင့်ရှေ့တွင် ပုတီးကိုယ်စီစိပ်မိကြ၏။ ကျွန်မ၏အာရုံထဲတွင် တစ်ခါတစ်ခါ ဦးလွမ်းသာမိခင်၏ စကားများက နားထဲဝင်ရောက်လာကြ၏။ စိတ်ကို တည်ငြိမ်စွာထားပြီး အာရုံကို မပျံ့လွင့်စေရန် သမာဓိဖြင့်ထိန်းနေရသည်။ စနေဂြိုဟ်သက်အလိုက် ပုတီးစိပ်ပြီးချိန်တွင် ကျွန်မနံဘေးမှ သားအမိကို သတိထားမိ၏။ မိခင်သည် သမီးလေးအား ဘုရားစာကို ရွတ်ဆိုပေးပြီး ဦးချကန်တော့ခိုင်းသည့်အတွက် ချစ်စရာသမီးငယ်လေးသည် စကားမပီကလာ၊ ပီကလာဖြင့် လိုက်ဆိုနေသံက ကျွန်မအဖို့ ကြည်နူးစေရသည်။ ပြီးနောက် ကလေးငယ်၏ ဆုတောင်းနေသံလေးကို ကြားရစဉ်၌ ဆို့နင့်သွားမိရပြန်သည်။

''မေမေလည်း ကျန်းမာပါစေ၊ သမီးလည်း ကျန်းမာပါစေ၊ ဖေဖေကြီးလည်း မြန်မြန်ပြန်လာပါစေ၊ ဖေဖေကြီးနဲ့ယူသွားတဲ့ မိန်းမကြီးလည်း ကျန်းမာပါစေ၊ မေမေနဲ့ သမီးတို့ကို သနားရင် ဖေဖေကြီး သမီးတို့ဆီကို ပြန်လာဖို့ ပြောပေးပါဘုရား''

''အို.....သမီးလေးရယ်''

မိခင်သည် ကလေးငယ်လေးအား ပွေ့ဖက်ပြီး ရင်ခွင်တွင် ထွေးပိုက်ကာ မျက်ရည်ဝဲခနဲဖြစ်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဝန်းကျင်တွင် လူရှင်းနေ၍ စနေဂြိုဟ်တိုင်ရှေ့တွင် ကျွန်မနှင့် သူတို့သားအမိမှလွဲ၍ မည်သူမျှမရှိပေ။

"လာ....သမီး၊ မေမေတို့အိမ်ပြန်ကြစို့နော်"

ကလေးကိုလက်ဆွဲပြီး လမ်းသို့ရောက်ရန်အထတွင် အမျိုးသမီးက ကျွန်မထံ ရုက်ရွံ့စွာလှမ်းကြည့်၍ ကျွန်မနှင့် အကြည့်ချင်းဆုံကြသည့်အခါတွင် သူမ၏ အံ့သြသွားခြင်းနှင့် မျက်ဝန်းလေးမှာ နဂိုထက်ကျယ်သွား၏။

"ဟယ်..နွေအလွန်မဟုတ်လားဟင်"

သူမက စတင်နှုတ်ဆက်လာတော့သည်။ မျက်မှန်ကိုဖယ်ကာ ကျွန်မထံ ပြုံးပြလိုက်သည့် နှုတ်ခမ်းလေးများကြောင့် သူမကို မမှတ်မိစရာ မရှိတော့ပါ။ ကျွန်မ ဤသို့တွေ့ရလိမ့်မည် မထင်မိခဲ့။

"လေးမူ.....ဝမ်းသာလိုက်တာဟယ်"

မျက်မှန်လေးကို ပြန်တပ်ကာ ကျွန်မကို တွေတွေလေးကြည့်နေသည့် လေးမူမှာလည်း ကျွန်မကို ဝမ်းသာအားရ ပြုံးပြရှာပါသည်။

"မင်းနဲ့ အခုလို ပြန်တွေ့ရလိမ့်မယ်လို့ မထင်မိဘူး နွေအလွန်ရယ်၊ ဆရာဝန်ဖြစ်နေပြီမဟုတ်လား။ ဘယ်မှာတာဝန်ကျတာလား၊ အိမ်ထောင်ရော ကျသွားပြီလားဟင်"

"ဖြည်းဖြည်းပြောပါ လေးမူရာ၊ ဘယ်ကစဖြေရမှန်းတောင်မသိတော့ဘူး၊ သူလေးက လေးမူ့သမီးပေါ့နော်"

လေးမူသည် ကျွန်မအား ခေါင်းလေးညိတ်ပြပြီး စိတ်မကောင်းဟန်ဖြင့် ခေါင်းလေးငုံ့သွားရှာသည့်အတွက် စောစောက ကလေးငယ်၏ ဆုတောင်းလေးအတိုင်း အားငယ်နေရှာမည့် လေးမူအား ကျွန်မက နှစ်သိမ့်ပေးမိသည်။

"မင်းရဲ့အမျိုးသားက နောက်အိမ်ထောင် ထူသွားပြီပေါ့နော်၊ ဒါဟာ စိတ်မကောင်းစရာမဟုတ်ပါဘူး လေးမူရယ်၊ မင်းမှာ ဒီသမီးလေးရှိနေသေးတာပဲ"

"သမီးလေးအတွက် စိတ်မကောင်းဖြစ်မိတာပါဟာ၊ သမီးမှာ မိစုံဖစုံ ရှိလျက်နဲ့ အတူတူမနေရတဲ့ဘဝ၊ အဖမဲ့သမီး ဖြစ်ခဲ့ရတယ်၊ ဒါတွေဟာ မာနချင်းပြိုင်ကြတဲ့အခါမှာ မြေစာပင်ဖြစ်ခဲ့ရတာက ဒီသမီးလေးပါပဲ၊ စောစောက သူ့ဆုတောင်းလေးကို မင်းကြားလိုက်ရတယ်မဟုတ်လား၊ လူလူချင်း မေတ္တာထားရမယ်ဆိုတဲ့အသိနဲ့ ကိုယ့်ဖခင်ကို ယူသွားတဲ့ မိန်းကလေးအပေါ် ကျန်းမာပါစေဆိုပြီး မေတ္တာထား ဆုတောင်းပေးတာ၊ တို့ဆီမှာတောင် ဒီလိုအတွေးမျိုး မရှိခဲ့တာ ဝန်ခံပါတယ်ကွာ"

မေတ္တာဟူသည် ရောင်ပြန်ဟပ်တတ်သော်လည်း ကလေးငယ်၏ မေတ္တာသည် မည်သည့်နည်းနှင့်မျှ ရောင်ပြန်ဟပ်လာစရာအကြောင်း မရှိပေ။ ဤသည်ကို ကျွန်မလည်း သိနေပါ၏။

"ယောကျ်ားတွေဟာ ဆုံးဖြတ်ချက်တစ်ခုကို ချမိရင် ဘယ်အရာကိုမှ မငဲ့ကွက်တတ်ကြပါလား၊ မယားအစားရရင် သားသမီးကြေမှာပဲပေါ့နော်၊ ခုခေတ်မှာ ဖောက်ပြန်ခြင်းဆိုတာ ယောကျ်ားတွေအတွက် ထမင်းစား၊ ရေသောက်အလုပ်လို လွယ်လွယ်လေး လုပ်နိုင်ကြလို့ လေးမူ အံ့သြမိတယ်၊ နွေအလွန့်ဦးလေး ဦးဖေသော်လို ယောကျ်ားမျိုးက ရှားသွားပြီကွာ၊ ဦးဖေသော်နဲ့ယှဉ်လိုက်ရင် လေးမူရဲ့ယောကျ်ားဟာ အနိမ့်ဆုံးနေရာမှာ ရှိနေပါတယ်၊ တော်ပြီကွာ၊ ဝမ်းသာရမယ့်အချိန်လေးမှာ စိတ်ညစ်စရာတွေ မတွေးချင်ဘူး၊ မင်းရဲ့အကြောင်းကို ပြောပြဦးလေ"

လေးမူသည် သူမ၏ စိတ်ပျက်ဝမ်းနည်းစရာ အကြောင်းအရာများကို မေ့ထားပြီး ကျွန်မအကြောင်းကို စိတ်ဝင်စားနေသည်။ ကျွန်မ၏ အကြောင်းက သူမ သိချင်လောက်အောင် စိတ်ဝင်စားစရာမရှိပါ။

"ဒီအတိုင်းပါပဲ လေးမူရာ၊ ဘာမှမပြောင်းလဲသေးပါဘူး"

ထိုစကားအား ဘဝင်မကျသော်လည်း အားပေးရှာပါသည်။ ပြီးတော့လည်း အတိတ်ကို သတိရနေပြန်၏။

"ကောင်းပါတယ်ကွာ၊ သံယောဇဉ်မရှိတော့ သောကမရှိ အပူမရှိတာက စိတ်ချမ်းသာစရာကောင်းပါလိမ့်မယ်၊ နေနိုင်ရင် ဒီအတိုင်းပဲနေသွား နွေအလွန်၊ တို့ကိုကြည့် ဘယ်လောက်စိတ်ညစ်စရာကောင်းသလဲ၊ ပြန်ပျိုချင်လို့ မရတော့ဘူး"

www.burmeseclassic.com



သမီးငယ်လေးမှာ ကျွန်မအား မျက်လုံးလေး ကလယ်ကလယ်ဖြင့် လိုက်ကြည့်နေရှာပါသည်။ အလှူခံပုံးလေးတွင် ငွေထည့်ချင်၍ မိခင်၏အိတ်ကလေးထဲမှ ငွေစက္ကူတစ်ရွက်ကိုထုတ်ပြီး ငွေသွားလှူနေသည့်အတွက် လေးမူသည် ကျွန်မအား မေးငေါ့ပြ၏။

"တွေ့လား နွေအလွန်၊ လေးမူသမီးက ငွေလှူဖို့မပြောနဲ့၊ ဖအေကိုတောင် လှူလိုက်တာ။ စေတနာက သိပ်ကောင်းတယ်လေ"

အရယ်အပြောလေးတစ်ခုကြောင့် ကလေးငယ်လည်း မိခင်နားတွင် ငြိမ်သက်စွာ ထိုင်နေရှာသည်။ ကလေးတစ်ယောက်နှင့်



လေးမူဘဝက သည်အတိုင်း တစ်သက်လုံးနေသွားနိုင်လျှင် ကောင်းပါမည်။ သို့သော် သူမအား ကျွန်မက အကြံပေးမိ၏။

"နောက်အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိတော့ဘူးလား လေးမူ"

လေးမူ၏ခနဲ့ပြုံးနှင့် အကြည့်တစ်ခုတွင် အဓိပ္ပာယ်များစွာပါနေ၏။ ကျွန်မထံ ခြောက်ကပ်ကပ်စကားမျိုး ပြောလာသည်။

"အိမ်ထောင်ထပ်ပြုမှာစိုးပြီး ကွာမပေးဘူးလေ၊ ယောကျ်ားတွေများ သိပ်ကိုရယ်စရာကောင်းတာ၊ သူများဆီကဟင်းလည်း ခိုးစားသေးတယ်၊ သူ့ဟင်းခွက်ထဲက သူများခိုးစားမှာ ကြောက်နေတယ်လေ၊ ဟင်း.....ဟင်း"

"ဒါဆို မင်းက နှစ်ယောက်ပေါင်းနေတာကို လက်ခံနေတယ်ပေါ့"

"သွားစမ်းပါကွာ၊ တို့က ယောကျ်ားလုပ်စာထိုင်စားပြီး ယောကျ်ားက သေဆိုသေ၊ ရှင်ဆိုရှင် နေတတ်တဲ့ ခပ်ညံ့ညံ့မိန်းမမျိုး မဟုတ်ဘူး၊ ဟိုမိန်းမကို ယူသွားကတည်းက အိမ်ပေါ်တောင် အတက်မခံဘူး၊ သူကလည်း မလာရဲဘူးပေါ့၊ ဟဲ့.....ဒါနဲ့ နောင်ရိုးသတင်း ကြားပြီးပြီလား၊ နောင်ရိုးတို့မုံရွာကို ပြောင်းသွားကြတယ်တဲ့"

ြသော်.....သူမှ နောင်ရိုးအကြောင်း မသိသေးရှာတာပဲလေ။ ကျွန်မ ပြောမည်ဟန်ပြင်ပြီးမှ နောင်ရိုးနှင့်ပတ်သက်ပြီး လေးမူ စိတ်မကောင်းမဖြစ်စေချင်တော့ပါ။

ခေါင်း ကိုသာ ဘယ်ညာယမ်းပြမိ...

"ဆရာမက သူ့သားကို မ... နဲ့မပတ်သက်စေချင်လို့ မုံရွာ... ပြောင်းသွားတာနေမှာပါ၊ ခုလော... ဆို နောင်ရိုးလည်း ဆရာဝန်ဖြစ်... မှာပဲ၊ အိမ်ထောင်တောင် ကျ... ကျနေမှာ၊ ဒါမှမဟုတ် မင်းကိုစော... မျှော်နေမလားပဲနော်"

လေးမူထံ ယဲ့ယဲ့လေးပြုံးပြ... နှုတ်ဆက်စကားဆိုမိသည်။ ... မူသည် ကျွန်မအား ခွဲခွာရတော့... မည်ဆိုသည့်အသိဖြင့် ညှိုးငေ... သွားရ၏။

"အတိတ်ကို မတမ်းတချင်... နဲ့တော့လို့ နောင်ရိုးကိုတွေ့ရင်သ... ပြောပြလိုက်ပါ လေးမူရယ်၊ ... သွားတော့မယ်နော်၊ တို့က ရန်ကု... မှာ တာဝန်ကျနေတယ်၊ ပြည်... သတိရမိလို့ အသိမိတ်ဆွေတွေ... လိုက်လာတာပါ၊ သူတို့စောင့်နေ... လိမ့်မယ်၊ သွားမယ် လေးမူ"

စိတ်မကောင်းစွာ ထွက်လာ... ရ၏။ တန်ဆောင်းတစ်နေရာရာတွ... ရှိမည့် ဦးလွမ်းသာတို့သားအမိ... ရှာဖွေရာ ကျွန်မ မတွေ့မီ ဦးလွ... သာက ရောက်လာ၏။

"ဒေါက်တာ"

ကျွန်မ လှည့်ကြည့်မိရာ ... လွမ်းသာသည် ကျွန်မထံ တန်းတ... မတ်မတ် ရောက်လာသည်။ ... ကျွန်မကို စောင့်နေရှာသည်ထ... ရဲ့လေ။

"အမျိုးသမီးတစ်ယောက်... စကားပြောနေလို့ ကျွန်တော်မ... တာပါ၊ ဒေါက်တာ့အသိနဲ့ တွေ့...

www.burmeseclassic.com

...ယ်ပေါ့လေ"

"ပြည်မှာအတူတူကျောင်းတက် ...သူငယ်ချင်းပါ၊ အမှတ်မထင် ...ဆုံလာပြီး စကားကောင်းနေမိ ...ဦးလွမ်းသာရဲ့၊ ဦးလွမ်းသာ ...ရောဟင်"

"ဂေါပကရုံးမှာ ငွေလှူနေ ...ယ် ဒေါက်တာ၊ အဲဒီမှာ စောင့် ...တယ်"

ဦးလွမ်းသာနှင့် မိခင်ကြီးတို့၏ ...တနာကို ဖွင့်ပြောစရာလိုမည် ...င်တော့ပါ။ သူတို့သည် ကျွန်မ ...ည်ညို၊ လေးစားရသော သား ...နှစ်ဦး ဖြစ်လာစေရန် ဟန် ...င်မှုမပါဘဲနှင့် လိုက်လှဲသော ...တနာ၊ မွန်မြတ်သောသဒ္ဓါတရား ...က အမြဲတမ်းသန္တေတည်နေကြ ...များပါ။ သည်အတွက် ကျွန်မ ...က်မှ မည်သည့်ယုံမှားသံသယမျိုး ... မရှိခဲ့ပေ။

"ပြီးရင် နဝဒေးတံတားကြီးကို ...ပြီး ပြည်တစ်ဖက်ကမ်းက ဘုရား ...သွားဖူးကြမယ် ဒေါက်တာ"

"ကောင်းတာပေါ့ ဦးလွမ်းသာ ...ယ်"

ပြည်တစ်ဖက်ကမ်းတွင် တစ် ...က ဧရာဝတီမြစ်ကို ဖက်ဖြင့်ကူး ... တကူးတက သွားရောက်ဖူးမြော် ...သည့် အခက်အခဲမှ လွတ်မြောက် ... အချိန်တိုအတွင်း လွယ်ကူလျင် ...စွာ ကူးနိုင်ခြင်းမှာ နဝဒေးတံ ...ကြီးကို တည်ဆောက်ခဲ့သော ...ငံတော်၏ကျေးဇူးကြောင့်ဖြစ် ...ည်။ ယခုဆိုလျှင် နေရာတိုင်းတွင် ...တားကြီးများ တည်ဆောက်ခဲ့ပြီး ဖြစ်သလို လမ်းများကိုလည်း ပြုပြင်၊ ပြင်ဆင်နေကြ၍ မြန်မာပြည်ကြီး၏ တောင်ပေါ်၊ မြေပြန့် နယ်စပ်တစ်ခုလုံး တိုးတက်ပြောင်းလဲ ခေတ်မီသော နိုင်ငံတော်ကြီးသို့ ဦးတည်နေလေပြီ။ ကမ္ဘာပေါ်ရှိ တိုးတက်ခေတ်မီသော နိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်စေရန် နည်းပညာများ၊ လူ့စွမ်းအားအရင်းအမြစ်များကို ဖော်ထုတ်နေလေပြီ။ ကမ္ဘာပေါ်တွင် မြန်မာပြည်ကြီးအား ရွှေရောင်လွှမ်းသော တိုင်းပြည်ကြီးအဖြစ် မြင်တွေ့နေရပြီး ရွှေနိုင်ငံဟု တင်စားခေါ်ဝေါ်နေကြပေပြီ။

ဤသည်မှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှု၏ စွမ်းပကားဖြစ်ကြောင်းကို အငြင်းပွားစရာလိုမည် မထင်ပေ။

"ဟယ်...မူယာ၊ ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ၊ ရင်ထိတ်လိုက်တာကွယ်၊ တို့ကိုပြောပြပါဦး"

ဆရာဝန်ခန်းအတွင်းသို့ ဝင်လိုက်သည်နှင့် ဒေါက်တာမူယာစိုး၏ အူလှိုက်သည်းလှိုက် ငိုကြွေးနေပုံကို တွေ့ရ၍ ကျွန်မပါ ထိတ်လန့်သွားရလေသည်။ သူမသည် ကျွန်မကိုမြင်သည်နှင့် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။

"ခြိမ့်လေ.....ခြိမ့်.....အီး.....ဟီး.....ဟီး"

စကားကို ရှေ့ဆက်မပြောနိုင်ရှာဘဲ ဝမ်းနည်းပက်လက်ငိုနေပြန်ရာ ခြိမ့်များ ဘာဖြစ်လို့ပါလိမ့်။ ကျွန်မပါ စိတ်ပူသွားမိသည်။

"ခြိမ့် ဘာဖြစ်လို့လဲ မူယာ"

သူမသည် ကျွန်မအား ခေါင်းမော့ကြည့်လာသည့်တိုင် မျက်ရည်များ တတွေတွေ စီးကျနေဆဲပင်။ အသံကိုထိန်းပြီးမှ.....

"ခြိမ့် မနေ့က ဆုံးသွားပြီ ဒေါက်တာ"

"ဟင်.....ဟုတ်ရဲ့လား"

မယုံနိုင်စရာပင်။ လွန်ခဲ့သော သုံးရက်ခန့်က ဝရန်တာတွင် ရပ်စောင့်နေသည့်ခြိမ့်နှင့် ကျွန်မ ဆုံမိကြသေးသည်။ ဘယ်လိုများဖြစ်ပါလိမ့်။ နေ့မြင်ညပျောက် သင်္ခါရတရားကြီးကို ကြောက်လန့်သွားမိလေပြီ။

"စောစောကလေးတင် သူ့အလောင်းကို ရေဝေးအအေးတိုက်ဆီ လာသယ်သွားပြီ ဒေါက်တာ၊ မူယာတောင် ခဏလေးပဲ တွေ့လိုက်ရတာပါ၊ ခြိမ့် သနားပါတယ် ဒေါက်တာရယ်၊ ဟင့်.....ဟင့်"

"ဘာဖြစ်လို့လဲ မူယာ၊ ဒီလောက် မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားတာ မယုံနိုင်စရာပဲကွယ်"

ဒေါက်တာမူယာစိုးသည် တစ်ရှူးစက္ကူပါးလေးနှင့် မျက်ရည်များကို တို့ပြီးနောက် ဝမ်းနည်းစွာ ပြောပြလာပါသည်။ သူမနှင့်ကျွန်မကြားတွင် ထိမ်ချန်စရာစကားများမရှိပေ။ လွတ်လပ်စွာ ရင်ဖွင့်တော့၏။

"မူယာ့ကြောင့် ခြိမ့်သေသွားတာပါ ဒေါက်တာ၊ အမြဲတမ်း... မူယာ့ကို နောက်ဆုံး...

www.burmeseclassic.com

တဲ့နေ့လေးကို ဒေါက်တာ မှတ်မိမှာ ပေါ့၊ အဲဒီနေ့က သူ့ဆိုင်ကယ်နဲ့ မူယာ လိုက်သွားတဲ့အချိန်မှာ ခြိမ့်ဟာ မူယာ့ကို ခိုးပြေးမယ်ဆိုတဲ့ အကြံအစည်နဲ့ပေါ့လေ၊ ဒါကို မူယာက မသိဘူး၊ မူယာသိတဲ့အချိန်မှာ ခြိမ့်ကို လက်မထပ်နိုင်ဘူးလို့ ပြတ်ပြတ်သားသား ပြောလိုက်မိတယ်လေ၊ သူ အံ့သြသွားရှာတယ်၊ ပြီးတော့ မူယာ့ကို နာကြည်းမုန်းတီးတဲ့ အကြည့်နဲ့ သူစိမ်းပြင်ပြင် စူးစူးရှရှ နောက်ဆုံးတစ်ချက်ကြည့်ပြီး လှည့်ပြန်သွားရှာပါတယ်၊ နောက်ဆုံးတော့ စိတ်ကလူကို အနိုင်ယူသွားသလိုမျိုး ခြိမ့်ဟာ ဘိန်းဖြူဝဲဂယက်ထဲ ပြန်ရောက်သွားတော့တာပေါ့၊ အဲဒီမှာ ဘိန်းဖြူကို အကြောထဲထိုးသွင်းရာက သေဆုံးသွားရတာပါ၊ မူယာလေ ဒီလောက်ထိ ဖြစ်လာလိမ့်မယ်လို့ မထင်မိဘူး ဒေါက်တာရယ်''

ဒေါက်တာမူယာစိုး၏ ရင်တွင်းမှဝေဒနာကို သိရပြီးနောက် ခြိမ့်သည်လည်း ခန့်မင်းသာနည်းတူ အချစ်စိတ်ကြောင့် အသက်ပေးသွားသည့်အဖြစ်မျိုးဟု ကျွန်မ ထင်မိ၏။ ဘိန်းဖြူသမားများကို လူတွေက 'ခွေးမြီးကောက်ကျည်တောက်စွပ်'ဟု ဆိုကြသည်။ လူဟူသည် မကောင်းမှုက စိတ်ကို အစဉ်အမြဲ စိုးမိုးထားတတ်၏။ မကောင်းမှုကို မကောင်းမှန်း သိထားသော်လည်း ဖြတ်နိုင်ရန် ခက်ခဲကြလေသည်။

''မငိုပါနဲ့တော့ မူယာရယ်၊ မင်းလည်း ခြိမ့်ကို လက်ထပ်နိုင်တာမှ မဟုတ်တာ၊ ကံတရားက စီမံသွားတာကို တို့တွေလိုက်နာကြရမှာပေါ့ကွာ၊ ဘိန်းသမားဘဝဟာ ဒီအတိုင်းပဲ နိဂုံးချုပ်တတ်ကြတာ ဆရာဝန်ဖြစ်တဲ့ မူယာ နားလည်နေမှာပါ၊ တို့ မိန်းကလေးတွေဟာ အိမ်ထောင်တစ်ခုကို တည်ဆောက်တဲ့နေရာမှာ ခိုင်မာတောင့်တင်းပြီး အားကိုးလောက်တဲ့ အရည်အချင်းမျိုးရှိသူကိုသာ ရွေးချယ်ချင်ကြတာ ဓမ္မတာပါ''

ကျွန်မက စကားကို ခဏနားပြီးနောက် မူယာစိုးအား ဆက်လက်နှစ်သိမ့်ပေးမိပြန်သည်။

''ခြိမ့်ဟာ ဒီလိုအရည်အချင်းမျိုး မရှိတဲ့အပြင် လူတကာ ရွံရှာမုန်းတီးကြတဲ့ ဘိန်းဖြူသားကောင်ဖြစ်နေတာကိုက သူ့ဘဝကို သူကိုယ်တိုင်သတ်သွားတာပါ၊ ခြိမ့်လို စိတ်အလိုကိုလိုက်တတ်တဲ့ ဘိန်းဖြူသုံးစွဲသူတွေ ရှိနေသရွေ့ တို့မြန်မာပြည်မှာ အရုပ်ဆိုး၊ အကျည်းတန်စရာ ဖြစ်နေကြတာပေါ့လေ၊ မူးယစ်ဆေးသုံးစွဲသူတွေရှိနေလို့ မူးယစ်ဆေး ထုတ်လုပ်သူ၊ ရောင်းဝယ်၊ ဖြန့်ဖြူးသူတွေ ရှိနေကြတာပေါ့၊ ဒါတွေကို ပပျောက်အောင် နိုင်ငံတော်အစိုးရက ဖော်ထုတ်ဖမ်းဆီးနေတာကို မူယာအမြင်ပဲလေ၊ ဒါကြောင့် တိုင်းပြည်ရန်စွယ် မျိုးဖျက်သူဖြစ်တဲ့ ခြိမ့်လို မူးယစ်ဆေးသမားတစ်ဦး သေသွားတာ ဝမ်းနည်းမနေပါနဲ့ကွာ၊ ကိုယ့်နိုင်ငံကို နှောင့်ယှက်ဖျက်ဆီးသူ အဖျက်သမားတစ်ယောက် လျော့သွားတယ်လို့ပဲ စိတ်ကိုဖြေသိမ့်စေချင်တယ်''

ကျွန်မ၏စကားအဆုံးတွ သူမ အငိုရပ်သွားလေပြီ။ ကိုယ်နှ ခင်မင်သော မိတ်ဆွေအတွက် စားဝမ်းနည်းနေရပေမယ့် မပြသ လောကကြီးတွင် တရားအသိရှိ ချင်၏။ ကျွန်မတို့သည် လူတစ် အား သေမင်းနှင့်အပြိုင် အသ ကိုလုပြီး ကယ်တင်ခဲ့ကြရသည် သေမင်းကို အနိုင်ယူနိုင်သည်လည် ရှိ၏။ အရှုံးပေးရသည်လည်းရှိသည် ပင်။ ကိုယ့်မျက်စိရှေ့တွင်ပင် တစ်ယောက်၏အသက်ကို သေမ လက်သို့ အပ်လိုက်ရသည့်အဖြစ်မျ လည်း ကြုံတွေ့ခဲ့ရဖူးပါသည်။ ဆေ များ၊ ဂွမ်းစများ၊ ပတ်တီးစများ၊ စိတ်ကိရိယာများကြားတွင် လူသာ များ၏အသက်ကို ကယ်တင်ပေး ရသည့်အတွက် ကုသိုလ်လည်း ဝမ်းလည်းဝသည့် ဘဝများပါ။ ဆေ ရုံပေါ်မှ ရောဂါကင်းစွာ ကျန်းမ ပျော်ရွှင်ပြီး ဆင်းသွားကြသည့် များကိုတွေ့လျှင် ပီတိဖြစ်မိ၏။ ပီတိမျိုးသည် မည်သည့်အရာနှင့် လဲ၍မရပေ။ တချို့ဆိုလျှင် ကျေ ဇူးတင်လွန်း၍ တတ်နိုင်သမျှ နှင့် လာရောက်ကန်တော့တတ် သေးသည်။ အများသူငါ ပျော် ပါးချိန်၊ ကုသိုလ်ယူနေချိန်များ ကျွန်မတို့က ချွေးတလုံးလုံးနှ အသက်ကယ်နေရသည့်အခါလည် ရှိပါသည်။ ဤသည်ကို စိတ် ဘဲ ကုသိုလ်ပြုနေသည်ဟု မြင်မိ စိတ်ကိုဖြေသိမ့်ရပါ၏။

သိပ်မကြာ။ ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



ယာစိုးတစ်ယောက် မိဘသဘောတူသူ ကိုမြတ်မင်းဆွေနှင့် လက်ထပ်သွားသည့် ဖိတ်စာလေးကို ကျွန်မ ဖတ်လိုက်ရလေပြီ။ သို့ပေမယ့် ခုချိန်ထိ ခြိမ့်တစ်ယောက် သက်ရှိထင်ရှား ရှိနေဆဲဖြစ်ပါက ဤသို့ မြန်မြန်ဆန်ဆန် လက်ထပ်နိုင်လိမ့်မည်မထင်ပါ။

ခုတော့လည်း တစ်ချိန်က ခြိမ့်ရပ်ခဲ့သော၊ ထိုင်ခဲ့သော၊ စောင့်ခဲ့သော နေရာလေးတွင် ကိုမြတ်မင်းဆွေက ဝင်ရောက်နိုင်ခဲ့လေပြီ။

"ဟော့..ကိုဆွေရောက်နေပြီ"

ဟုဆိုလျှင် ဒေါက်တာ မူယာစိုးမှာ အယောင်ယောင်အမှားမှားနှင့် စိတ်ကမဖြောင့်တော့ပေ။ သူမို့ ခွဲစိတ်ခန်းထဲဝင်လျှင် ကိုမြတ်မင်းဆွေ မရောက်လာပါစေနှင့်ဟု ဆုတောင်းနေရမလိုပင်။ စိတ်ဇောကြောင့် ကယောင်ချောက်ချား မဖြစ်စေလိုပေ။

"ကိုဆွေက မူယာ့ကို သိပ်ချစ်တယ် ဒေါက်တာ၊ မူယာရွေးချယ်တာ မှန်သွားတယ်နော်"

ခြိမ့်အတွက်တော့ ကျွန်မ စိတ်မကောင်းဖြစ်မိတာ အမှန်ပါ။ ခြိမ့်ဆုံးစက ငိုနေသော မူယာစိုး၏မျက်ရည်များသည် ယခုတော့ဖြင့် ခန်းခြောက်ကုန်ပြီလားမသိပါ။ နှလုံးသားမှ တကယ်ချစ်ရမည့်သူ ပေါ်လာသည့်အချိန်တွင် ဟန်ဆောင်ခြင်းမျက်နှာဖုံးမှာ အလိုလိုကွာကျလာတတ်မှန်း ကျွန်မ နားလည်မိပါ၏။ အားနာတတ်သူအတွက် အချစ်စစ်ကို တွေ့ရှိနိုင်မည်မဟုတ်ပေ။

"ဟော.....ကိုဆွေလာကြိုနေပြီ ဒေါက်တာရေ့၊ မူယာသွားတော့မယ်နော်"

"အေး..အေး၊ တို့လည်း မျိုးပပလာရင် သွားတော့မှာ"

သွက်လက်စွာ ထွက်သွားရှာသည့် မူယာ့ကျောပြင်ကိုကြည့်ပြီး ကျွန်မ ပြုံးကြည့်မိပါ၏။ ခုတော့လည်း မူယာစိုးတစ်ယောက်မှာ အချစ်စစ်၊ အချစ်မှန်ကို ရှာဖွေတွေ့သွားသူတစ်ဦးပမာ မြူးကြွနေပေပြီ။ ကျွန်မ စဉ်းစားမိသည်က ခြိမ့်၏ဝိညာဉ်သည် မူယာစိုးရှိရာ ပတ်ဝန်းကျင်တွင် ဝဲခိုနေမည်မှာ မလွဲပါ။ တစ်ခါတစ်ခါတွင် ခြိမ့်၏ပုံ့ညှာဘုံ ကိုရိပ်ခနဲ ကျွန်မတွေ့မိသည်က အမှန်ပါ။ တစ်ခါတစ်ရံ၌ အပုပ်နံ့မျိုးကို ရတတ်၏။ သို့သော်လည်း ဆေးရုံဟူသည် လူအမျိုးမျိုး၊ ရောဂါအထွေထွေဖြင့် သေဆုံးသူ အများအပြားရှိနေတတ်သည့် နေရာမျိုးဖြစ်၍ မကောင်းဆိုးဝါးများခိုအောင်းနိုင်သည့် နေရာတစ်ခုပါ။ ဆရာဝန်တစ်ယောက်မို့ ကြောက်စိတ်မရှိသော်လည်း မိမိနှင့်ပတ်သက်သူ တစ်ဦးတစ်ယောက်ဖြစ်ပါက စိတ်မှာ အလိုလိုသိနေတတ်သည်။

ကျွန်မ ချင်းပြည်နယ်တွင် တာဝန်ကျစဉ်က သေဆုံးသွားသောခန့်သည် ကျွန်မထံရောက်လာသည်ကို ခုမှပင်တွေးမိပြီး ပြန်ပြောင်းအမှတ်ရသွား၏။ ထိုစဉ်က ဆေးရုံလေးထဲတွင် ခန့်ကို ကျွန်မ တွေ့မိသလို ကျွန်မ၏အခန်းရှေ့တွင် ရပ်နေတတ်သည့် အဖြစ်လေးကိုလည်း ပြန်



လည်မြင်ယောင်နေမိသည်။ ဤသည်ကို ကျွန်မက မသိခဲ့ပေ။ ခန့်ကိုစိတ်စွဲပြီး မြင်နေသည်ဟုပင်ထင်ခဲ့ပြီး မေ့ပျောက်သွားခဲ့၏။ ခန့်၏ဝိညာဉ်သည် ကျွန်မ၏ထံပါးတွင် တရစ်ဝဲဝဲ ရှိနေပါလိမ့်မည်။

ဪ.....ခုတော့လည်း ခန့်သည် မည်သည့်ဘဝသို့ ကူးပြောင်းသွားပြီမသိပါ။ ခန့်ကို ယနေ့ထက်တိုင် မတွေ့မိတော့ပေ။ ကောင်းရာမွန်ရာသို့ ဘဝကူးသွားပါစေဟုသာ ဆုတောင်းပေးမိ၏။

"ဟော..ဒေါက်တာက မပြန်

www.burmeseclassic.com

www.burmeseclassic.com

သေးဘဲကိုး၊ မူယာတစ်ယောက်တော့ အောက်မှာတွေ့ခဲ့ပါရဲ့၊ ပြုံးလို့၊ ရွှင်လို့"

"တို့လည်း ပြန်တော့မှာပါ၊ မျိုးကိုစောင့်နေတာလေ၊ Hall ခန်းထဲက လူနာကို ဒီညနေဆင်းဖို့ မှာထားခဲ့ချင်တယ်၊ သူကြည့်ရတာ ခွင့်ရက်များများလိုချင်လို့ ဆေးရုံကို လာတက်တာလို့ တို့မြင်တယ်၊ ဘာကြောင့်လဲဆိုတော့ သူမှာ ရောဂါမှ မရှိဘဲကွာ၊ ရောဂါတွေအကုန်လုံး ရှာဖွေစစ်ဆေးပြီးနေပြီ"

"အင်းနော်၊ ဒီလိုလူစားမျိုးလည်း ရှိပါသေးလား၊ ဒါဆိုရင် သူ့ကို ဖိုက်ခွဲရမယ်လို့ ပြောလိုက်မယ် ဒေါက်တာ၊ ဒါမှ သူ့ရဲ့လိမ်ညာတာတွေ ပေါ်သွားမှာ"

"အခုလည်း ဘယ်ကိုသွားနေလဲ မသိပါဘူး၊ နေ့လယ်ကတည်းက မတွေ့တာ၊ မနေ့ကလည်း ပျင်းလို့ ရုပ်ရှင်သွားကြည့်သတဲ့လေ၊ ဝေးဝေးတော့သွားမယ်မထင်ပါဘူး၊ ဒီရပ်ကွက်ထဲက ဗီဒီယိုရုံတွေမှာပဲရှိမှာပါ"

"ပြန်လာရင်တော့ မျိုးနဲ့အတွေ့ပဲ"

ဒေါက်တာမျိုးပပ၏ ကြုံးဝါးသံပင်ဖြစ်သည်။ လူနာတချို့၏ အကျင့်ဆိုးများကြောင့် သက်ပြင်းချကာ ထွက်လာမိလေသည်။ မျိုးပပသည် အပြောဆိုးသည်မှလွဲ၍ စေတနာထားတတ်သည်။ စိတ်ရှည်သည်၊ ကျွမ်းကျင်သည်။

သူမ ပြောသည့်အတိုင်းပင် နောက်တစ်နေ့တွင် ထိုလူနာကို လုံးဝမတွေ့ရတော့ပါ။ ဒေါက်တာမျိုးပပကို တောင်းပန်ပြီး ချက်ချင်းဆင်းသွားသည်ဟု သိရပါ၏။ ဩော်....သူလိုလူမျိုးလည်း ဆေးရုံပေါ်တွင် ရှိတတ်သေးသည်။

**ရွှေလဆက်ဖတ်ပါရန်**
**လေးစားစွာဖြင့်**
**ထက်ထက်ဦးဝေ**


## ကျွန်မခင်ပွန်း အိမ်ကိုပြန်ရောက်လာပါပြီ

★ (၁၅-၇-၂၀၁၄)ရက်နေ့မှာ ဆရာကြီးနဲ့ သွားရောက်တွေ့ဆုံပြီး အိမ်ထောင်ရေး ရှုပ်ထွေးဖောက်ပြန် သွားရောက်ပေါင်းသင်းနေထိုင်တဲ့ ကျွန်မခင်ပွန်းကို အဲဒီမိန်းမနဲ့ အမြန်ဆုံး မုန်းတီးပြတ်စဲပြီး ကျွန်မအိမ်ကို အမြန်ဆုံးပြန်ရောက်လာဖို့ အထူးယတြာအစီအရင် ထောင်းခံဆောင်ရွက်ခဲ့ပါတယ်။ (၂၁-၉-၂၀၁၄)ရက်နေ့က ကျွန်မခင်ပွန်း အိမ်ကိုပြန်ရောက်လာပါပြီရှင်။ (မစိုး...ဝင်္ဂနှင်းတောင်မြို့နယ်)။ ကျွန်မဆရာကြီးက **ဆရာကြီးဦးအောင်မြင့်**(ဥပဒေဘွဲ့)၊ [လက္ခဏာဗေဒင်ပညာသုတေသီ]၊ အမှတ် (၈၄၃)၊ ဦးဝိစာရလမ်း၊ (၁၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ၀၉၃၀၁၇၈၀၇၈၅၊ ၀၉၇၃၀၀၈၉၃၂၄၊ ၀၉၅၀၈၂၈၄၃၊ ၀၁-၅၀၈၇၀၄၊ ၀၉၅၁၇၈၂၂။

❋ ယုံကြည်အားကိုးမှုသာလာခဲ့ပါ ❋


www.burmeseclassic.com

www.burmeseclassic.com





# မောင်ထည်ဝါ

(ပျော်ဘွယ်)

## ဒုစရိုက်သမားတို့သွားရာလမ်း

www.burmeseclassic.com

www.burmeseclassic.com



စပယ်မြောင်မြို့သည် ရန်ကုန် – ပြည် လမ်းမကြီးပေါ်၌ တည်ရှိနေ၏။ မိုးလေဝသကောင်းမွန်သော ဒေသဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်သဖြင့် အရောင်းအဝယ် ကုန်သွယ်စီးပွား ကြီးထွားဖွံ့ဖြိုးသော မြို့ဖြစ်၏။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ချောမွေ့နေသည့်အတွက် ရန်ကုန်သို့လည်း အလွယ်တကူ သွားရောက်နိုင်သလို ပြည်မြို့သို့လည်း နေ့ချင်းပြန် သွားရောက်နိုင်၏။ ဒေသခံလူထုအတွက် ရေကြည်ရာ မြက်နုရာ ပဋိရူပဒေသတစ်ခုပင်ဖြစ်သည်။

စပယ်မြောင်မြို့မဈေးကြီးအနီးမှာတော့ ရွှေအုန်းပင်ဟူသော ဦးချစ်မောင်မိသားစုပိုင် ဆန်ပွဲရုံကြီးကို ထီးထီးမားမား တွေ့ရှိနေရ၏။ ဆိုင်ထဲမှာ ဆန်အိတ်တွေကို အထပ်လိုက် အထပ်လိုက် ပုံထား၏။ စားသုံးသူ ဖောက်သည်များကို လက်လီလက်ကား ရောင်းချပေး၏။ ပွဲရုံကို ဦးချစ်မောင်၏ဇနီး ဒေါ်စိန်ကြည်က ကြီးကြပ်ကွပ်ကဲ၏။ လူမှုဆက်ဆံရေးကောင်းမွန်ပြေပြစ်သဖြင့် ဒေါ်စိန်ကြည်၏ပွဲရုံသည် အခြားအခြားသော ဆန်ဆိုင်များထက် ရောင်းအားပိုကောင်း၏။ ဆန်ခြင်တွယ်ရာ၌လည်း ပြည့်ပြည့်ဝဝရရှိ၏။ တစ်ပြည်ချင်းလည်း ဝယ်လို့ရ၏။ အိတ်လိုက်ဝယ်ယူသူများကိုလည်း ဆိုင်ကယ်ဖြင့် အိမ်အထိလိုက်ပို့ပေး၏။ လူကိုယ်တိုင်မလာဘဲ ဖုန်းဆက်မှာယူလျှင်လည်း အိမ်အရောက်လာပို့ပေးသည်။ သူ့ဆိုင်တွင် အလုပ်လုပ်သော အလုပ်သမားများကိုလည်း လုပ်ငန်းခွင်၌ ပျော်ရွှင်အောင်ထား၏။ အကူအညီလိုအပ်လာလျှင် ငွေကြေး၊ ဝတ္ထုပစ္စည်းများကို ဖြည့်ဆည်းပေးလေ့ရှိ၏။

ညနေပိုင်း ၅ နာရီထိုးလျှင် အရောင်းအဝယ်ကိစ္စကို ရပ်နားပြီး ဆိုင်ကိုပိတ်လိုက်သည်။ လုပ်ငန်းများ ရပ်နားသိမ်းဆည်းပြီးသော အခါမှာတော့ အလုပ်သမားသုံးယောက်လည်း လုပ်အားခများထုတ်ယူကြပြီး အိမ်ပြန်သွားကြလေ၏။ မောင်ကျော်နှင့် မောင်ဝင်းတို့ကတော့ တစ်နေ့လုံး ဆန်အိတ်ထမ်းရ၊ ဆန်အိတ်တင်ပေးရ၊ ဆိုင်ကယ်နှင့် ဆန်အိတ်များကို ပို့ဆောင်ပေးရခြင်းများကို လုပ်ကိုင်ပေးရသောကြောင့် ပင်ပန်းမှုများ ပြေပျောက်စေဖို့ဟူသောအကြောင်းပြချက်ဖြင့် အဆင်းရနံ့ သင်းပျံ့နေတဲ့ ဇလပ်ဝါစားသောက်ဆိုင်သို့ ဦးတည်ချီတက်သွားလေ၏။ ကိုမောင်မြတစ်ဦးသာ မိသားစုအတွက် ဟင်းချက်စရာများ ဝယ်ယူပြီး အိမ်သို့ပြန်သွားလေ၏။

ဇလပ်ဝါစားသောက်ဆိုင်သို့ မောင်ကျော်နှင့် မောင်ဝင်းတို့ရောက်ရှိသွားချိန်တွင် ဆိုင်အတွင်းစားပွဲတိုင်းမှာ စားသောက်သူများနှင့်ပြည့်နေ၏။ ထောင့်စွန်းတွင်ရှိသော စားပွဲတစ်လုံးသာ လွတ်နေ၏။ ထိုစားပွဲတွင် ဝင်ထိုင်လိုက်သည်နှင့် စား

**မောင်ကျော်၏ လက်ထဲ၌ သိန်းဂဏန်းအထိတက်လာ၏**
**ညီဝမ်းကွဲတော်စပ်သူ မောင်ထွန်းအေးက**
**အနိုင်နှင့်ပိုင်းဖို့အတွက် လူချင်းလဲကစားရန်**
**မောင်ကျော်ကို သတိပေးပါသေးသည်။**
**သို့သော်လည်း . . .**

www.burmeseclassic.com

...ဆို့ထိုးကောင်လေးတစ်ယောက် ရောက်လာပြီး.....

"အစ်ကိုတို့ ဘာသုံးဆောင်ကြမလဲ"

"ထုံးစံအတိုင်းပေါ့ ညီလေးရာ၊ ဖေတစ်လုံးနဲ့ ကိုက်လန်ကြော်တစ်ပွဲ၊ ကြက်ချဉ်စပ်တစ်ပွဲ"

ခဏကြာလျှင် စားပွဲပေါ်သို့ မှာသမျှ စားသောက်ဖွယ်ရာများ စုံလင်စွာရောက်ရှိလာ၏။

"ကဲ..ကိုကျော် ပွဲစပေတော့၊ ကျွန်တော်က သိပ်မရဘူးဗျ၊ အိမ်ရောက်ရင် မိန်းမက ပြဿနာရှာတယ်ဗျ"

ဟု မောင်ဝင်းက ပြောသည်။

"အေး....မင်းက မိန်းမရတာ မကြာသေးတော့ မိန်းမကိုကြောက်နေရတယ်ပေါ့ ဟုတ်လား၊ ယောနေစ ကြောင်သေမသို့ ဆိုစကားရှိတယ်လေ၊ အဲဒီစကားပုံအတိုင်းကျင့်မှပေါ့ကွ"

"ကြောက်တယ်လို့လည်း မဟုတ်ပါဘူး၊ ရည်းစားဘဝတုန်းက အိမ်ထောင်ပြုရင် အရက်သောက်ပါဘူးလို့ ကတိပေးထားလို့ပါ"

"တော်စမ်းပါ မောင်ဝင်းရာ၊ မိန်းမကြောက်ရင် ကြောက်တယ်ပြောစမ်းပါကွာ"

ထိုအချိန်တွင် လျှာထိုးဦးထုပ်ဆောင်းထားသော လူတစ်ဦး ရောက်လာပြီး.....

"လေးကျော်ကို ကျွန်တော်လာခေါ်တာ၊ ရွာမှာ ဘကြီးဘိုးဆယ်ဆုံးသွားပြီ၊ အခုပဲ ကျွန်တော်နဲ့တစ်ပါတည်း ရွာကိုလိုက်ခဲ့ပေတော့"

"ဟေ...ဟုတ်လား၊ ဒါဆို ငါလိုက်ခဲ့ရမှာပေါ့၊ ကဲ.....မောင်ဝင်းရေ မင်း ငါ့အိမ်ကိုသွားပြီး ငါ့မိန်းမကို ပြောပေးပါကွာ၊ ရွာမှာ ဘကြီးဆုံးသွားလို့ လိုက်သွားတယ်လို့"

ထို့နောက်မှာတော့ မောင်ကျော်က ကျသင့်ငွေများကို ရှင်းပေးခဲ့ပြီး လာရောက်ခေါ်ယူသော လူငယ်နှင့်အတူ ဆိုင်ထဲမှ ထွက်လာခဲ့ကြသည်။ မောင်ကျော်၏ဘကြီး ဦးဘိုးဆယ်နေသော သပြေကုန်းရွာမှာ စပယ်မြောင်မြို့မှ ၁၀ မိုင်ခန့်ကွာဝေး၏။ မောင်ကျော်တို့တူအရီးနှစ်ယောက် ဆိုင်ကယ် ကယ်ရီဖြင့် ထွက်လာခဲ့ရာ ညနေ ၆ နာရီခွဲခန့်တွင် သပြေကုန်းရွာသို့ ရောက်ရှိကြသည်။



"ဟယ်...မောင်ကျော်၊ မင်းအခုမှရောက်လာတယ်"

"ကိုမောင်ကျော်ကြီးကလည်း ဘကြီးဆုံးတာ ရက်လည်တော့မယ်၊ အခုမှရွာကိုပြန်လာတယ်"

"မင်းကို ဘကြီးဘိုးဆယ်က မဆုံးခင်မှာ မောင်ကျော်နဲ့တွေ့ချင်တယ်လို့ ပြောနေသေးတယ်၊ မင်းဘကြီးက မင်းကိုတော်တော်ချစ်တယ်ကွ"

ဆွေမျိုးသားချင်းတွေ သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ပြောဆိုနှုတ်ဆက်စကား ပြောနေကြခြင်းဖြစ်သည်။ အသုဘအိမ်ထုံးစံအတိုင်း ဖဲဝိုင်းကလည်း ကောင်းသလားမမေးနဲ့၊ လောင်းကြေးက သိန်းဂဏန်းအထိရှိ၏။ နာရေးကြီး ဖဲသမားများကို ဖိတ်ကြားပြီး စီစဉ်ပြုလုပ်ခြင်းဖြစ်သည်မို့ ဖဲဝိုင်းမှာ လူတွေက တိုးမပေါက်အောင် စည်ကားလှ၏။

ထိုညက အဆွယ်ကောင်းသည့်အတွက် မောင်ကျော်လည်း ဖဲဝိုင်းမှာ ဝင်ကစားဖြစ်ခဲ့သည်၊ ဖဲဝိုင်းအစပိုင်းမှာတော့ မောင်ကျော် ကံကောင်းစွာပင်

www.burmeseclassic.com

www.burmeseclassic.com

**ဖဲရိုက်ခြင်း၊ လောင်းကစားခြင်းစတဲ့ ဒုစရိုက်လုပ်ငန်းတွေဟာ လူ့ရဲ့ကိုယ်ကျင့်တရားကို ပျက်ပြားစေတယ် စီးပွားဥစ္စာကိုလည်း ပျက်စီးစေတယ်။ မလုပ်ဘဲနေတာ အကောင်းဆုံးပဲ ...**

နိုင်ပွဲတွေ ဆက်ကာဆက်ကာ ရရှိခဲ့ပြီး မောင်ကျော်၏ လက်ထဲ၌ သိန်းဂဏန်းအထိ တက်လာ၏။ ညီဝမ်းကွဲတော်စပ်သူ မောင်ထွန်းအေးက အနိုင်နှင့်ပိုင်းဖို့အတွက် လူချင်းလဲကစားရန် မောင်ကျော်ကို သတိပေးပါသေးသည်။ သို့သော်လည်း ဖဲပင်အလှည့်ကောင်းနေသော မောင်ကျော်က ဖဲဝိုင်းမှထချင်စိတ်လုံးဝမရှိ။ ဖဲဝိုင်းထဲ၌ရှိသမျှ ပိုက်ဆံတွေ သူတစ်ဦးတည်း အကုန်လိုချင်သော လောဘစိတ်က ငယ်ထိပ်သို့ရောက်နေသည်။ မည်သူမျှ အမြဲတမ်းကံမကောင်းနိုင်ပါ။ ည၁၁နာရီပိုင်းရောက်လာတော့ မောင်ကျော်၏ ဖဲလက်က ကျရှုံးပြလာခဲ့ပြီ။ ည၁၂နာရီပိုင်းက မောင်ကျော်အနိုင်ရထားသော ပိုက်ဆံများမှာ တဖြည်းဖြည်းနှင့် တစ်ပွဲပြီးတစ်ပွဲ ရှုံးနိမ့်ကာ အဆိုးဆုံး အခြေအနေသို့ ရောက်ခဲ့ရလေ၏။

နံနက် ၄ နာရီ ထိုးသောအခါမှာတော့ မောင်ကျော်ရဲ့လက်ထဲ၌ ပိုက်ဆံက လက်ဖက်ရည်ဖိုးပင် မကျန်တော့။ ညီဖြစ်သူ မောင်ထွန်းအေးထံမှ ခေတ္တခဏချေးယူထားသော ငွေကျပ်နှစ်သိန်းက အကြွေးစာရင်းပြနေလေ၏။

"အစ်ကို.....အစ်ကိုယူထားတဲ့ ငွေနှစ်သိန်းက ကျွန်တော့်ကိုယ်ပိုင်ငွေမဟုတ်ဘူး၊ ကျွန်တော့်ယောက္ခမရဲ့ငွေတွေ၊ ဒီငွေတွေက တစ်ပတ်အတွင်း ပေါင်ထားတဲ့ လက်ဝတ်ရတနာတွေ ပြန်ရွေးဖို့ စုထားတာ၊ မရွေးနိုင်ရင် လက်ဝတ်ရတနာတွေ အဆုံးခံရတော့မှာ သေချာတယ်၊ ဒီတော့ အစ်ကိုယူထားတဲ့ ငွေတွေကို တစ်ရက်နှစ်ရက်အတွင်း ပြန်ရမှဖြစ်မယ်၊ ယောက္ခမ သိသွားရင် အစ်ကိုရော၊ ကျွန်တော်ပါ ဒုက္ခရောက်နိုင်တယ်"

ဟု မောင်ထွန်းအေးကပြောဆိုနေ၏။

"အေးပါကွာ၊ ဒီရက်အတွင်း အဆင်ပြေအောင် ငါစီစဉ်ပါ့မယ်"

ဟု မောင်ကျော်က ခပ်တည်တည်ဖြင့် ပြောဆို၏။ ထိုသို့ ဟန်မပျက် ပြောဆိုနေရသော်လည်း မောင်ကျော်၏ခေါင်းထဲ၌ မီးတောက်တမျှ ပူလောင်ဆူဝေနေသည်။ လောလောဆယ်တွင် ကျပ်နှစ်သိန်းရဖို့ အခွင့်အလမ်းများကို မောင်ကျော် ရှာဖွေကြည့်မိ၏။ ပံ့ပိုးကူညီမှုများ ရလိုရငြား မျှော်လင့်ကြည့်သော်လည်း မောင်ကျော်အဖို့ကား မိုးကောင်းကင်ကို လက်လှမ်းမမီသလို ဝေးကွာလွန်းလှ၏။

နောက်ဆုံးမှာတော့ မိမိအလုပ်လုပ်သည့် ဆန်ပွဲရုံပိုင်ရှင်ထံ တင်ပြအကူအညီတောင်းခံရကောင်းမလားဟု တွေးမိ၏။ တောင်းခံလျှင်ကော ငါ့အား ယုံကြည်စွာထုတ်ပေးပါ့မလား၊ ပွဲရုံပိုင်ရှင်က ကူညီမှုမပေးခဲ့လျှင် ငါဘာလုပ်မလဲ။ စဉ်းစားမရဘဲ မောင်ကျော်၏ခေါင်းထဲမှာ ကမ္ဘာကြီးပတ်ချာလည်နေသည်။ မောင်ကျော် ခေတ္တမျှ မျက်လုံးမှိတ်ထားရင်း တစ်စုံတစ်ခုကို တွေးတောကြံဆနေ၏။ မောင်ကျော်၏မျက်လုံးထဲ၌ ဆန်ပွဲရုံမှ ဆန်ရောင်းရငွေများကို မြင်ယောင်နေသည်။

"အင်း.....ဟုတ်ပြီ၊ ငါ့အခက်အခဲ၏ထွက်ပေါက်ဟာ....."

စပယ်မြောင်မြို့မှ ရွှေအုန်းပင် ဆန်ပွဲရုံပိုင်ရှင် ဦးချစ်မောင်သည် နံနက် ၅ နာရီတွင် အိပ်ရာမှထ၍ ကိုယ်လက်သန့်စင်ပြီးနောက် သူ၏ နေ့စဉ်ထာဝရအလုပ်က ဘုရားရှိခိုးခြင်းပင်ဖြစ်သည်။ ဘုရားရှိခိုးပြီးတိုင်း သုံးဆယ့်တစ်ဘုံသားအပေါင်းတို့အား အမျှမဝေဘဲ ပေးဝေမြဲဖြစ်

သည်။ နံနက် ၆ နာရီမှာ ပွဲရုံတံခါးဖွင့်လှစ်၏။ ဆိုင်ရှေ့မျက်နှာစာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် အမှိုက်သရိုက်များ သန့်ရှင်းရေးပြုလုပ်၏။ ဆိုင်အတွင်း၌လည်း အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်၏။ ထိုင်နေကျ စားပွဲဗီရိုအား သန့်ရှင်းရေးပြုလုပ်ရန် ကြည့်လိုက်သောအခါ စားပွဲဗီရို၏သော့မှာ ပျက်စီးနေသည်ကို တွေ့ရှိရသည်။

ဦးချစ်မောင်၏ရင်မှာလည်း "ဒိန်း"ခနဲ ထိတ်လန့်သွားလေ၏။ စားပွဲဗီရိုအတွင်း စစ်ဆေးကြည့်ရှုသောအခါ ဆန်ရောင်းရငွေများမရှိတော့။ ပျောက်ဆုံးနေသည်ကိုတွေ့ရလေ၏။ ဖောက်ထွင်းသူသည် စားပွဲဗီရိုသော့ကို ရိုက်ချိုးဖျက်ဆီး၍ အတွင်းမှငွေများကို ယူဆောင်သွားခြင်းဖြစ်သည်။ ဆန်ရောင်းရငွေ ကျပ် (၁၀)သိန်းကျော် ပါသွားလေ၏။

ယင်းကိစ္စကို ဦးချစ်မောင်က သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားခဲ့ရာ အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော် ချက်ချင်းပင်ရောက်လာ၏။ ဖောက်ထွင်းခံရသော စားပွဲဗီရိုအား သေချာစွာ ကြည့်ရှုပြီးနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးသည်လည်း ရဲစခန်းသို့ လက်ကိုင်ဖုန်းဖြင့် ဆက်သွယ်သတင်းပို့လိုက်သည်။ ထိုသို့ တိုင်ကြားချက်ရရှိသည်နှင့်တစ်ပြိုင်နက်တည်း ရပ်ကွက်အပိုင်နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် တင်မောင်စိုးနှင့်အဖွဲ့ဝင်များ ဦးချစ်မောင်၏ ရွှေ[illegible]န်းပင်ပွဲရုံသို့ ရောက်ရှိလာကြ၏။

"ကဲ ဦးလေး၊ ဖြစ်စဉ်ကိုပြောပြပါ၊ ဘယ်လိုအဖောက်ခံရတာလဲ"

"ဖြစ်စဉ်က ဒီနေ့မနက် ၆ နာရီလောက်မှာ ဦးလေး ဆိုင်ဖွင့်တယ်၊ ဆိုင်ရှေ့ပတ်ဝန်းကျင်ကို အမှိုက်လှည်းတယ်၊ ပြီးတော့ ဆိုင်အတွင်း အမွှေးတိုင်တွေထွန်းတယ်၊ အဲဒီနောက် ဦးလေးထိုင်နေကျ စားပွဲဗီရိုကို ကြည့်လိုက်တော့ ဗီရိုသော့ ပျက်နေတာကို တွေ့ရတယ်၊ အတွင်းကို စစ်ဆေးကြည့်လိုက်တော့ မနေ့က ဆန်ရောင်းရငွေ (၁၀)သိန်းကျော် မရှိတော့ဘူး"

ဟု ဦးချစ်မောင်က ဖြစ်စဉ်ကို ပြောပြသည်။

နယ်ထိန်းခေါင်းဆောင်နှင့်အဖွဲ့ဝင်များက ရပ်ကွက်လူကြီးများကို သက်သေထားကာ အခင်းဖြစ်ပွားသည့် ဆန်ပွဲရုံအတွင်း နေရာအနှံ့ လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ ပျက်စီးနေသော ဗီရိုသော့ကို ဓာတ်ပုံရိုက်ခြင်း၊ မှတ်တမ်းယူခြင်းများကို ရဲလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်နေကြ၏။ ဖောက်ထွင်းမှုနှင့်စပ်လျဉ်း၍ မည်သည့်သဲလွန်စမျှ မတွေ့ရသော်လည်း စားပွဲဗီရိုနှင့် မလှမ်းမကမ်းရှိ ဆန်အိတ်ပုံပေါ်တွင် လက်ပတ်နာရီတစ်လုံးကို တွေ့ရသည်။ ထိုနာရီအား ရှာဖွေပုံစံတွင် ရေးသွင်း၍ သိမ်းယူခဲ့သည်။

ဆန်ပွဲရုံအတွင်း စစ်ဆေးကြည့်ရှုခြင်းများ ပြီးစီးသွားသောအခါ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် တင်မောင်စိုးက.....

"ရပ်ကွက်လူကြီးများ တွေ့ရတဲ့အတိုင်း မှုခင်းနဲ့ပတ်သက်တဲ့ သက်သေခံပစ္စည်း ထူးထူးခြားခြားတော့ မတွေ့ရသေးဘူး၊ နာရီတစ်လုံးတော့ တွေ့ရတယ်၊ ဒီပွဲရုံမှာ လုဝင်လုထွက် ဘယ်သူရှိနိုင်မလဲ"

ဦးချစ်မောင်၏ဇနီး ဒေါ်စိန်ကြည်က.....

"အဒေါ်တို့က ဆန်ဆိုင်ဆိုတော့ ဆန်လာဝယ်တဲ့လူတွေတော့ ရှိတာပေါ့ကွယ်"

"အခုတလော သုံးလေးရက်အတွင်း ဆွေမျိုးထဲကဖြစ်စေ၊ ပြင်ပကဧည့်သည်ဖြစ်စေ လာတဲ့သူရှိသလား"

"ခုရက်တွေအတွင်း ဘယ်သူမှ မလာကြဘူးကွဲ့၊ ဆိုင်မှာအလုပ်လုပ်တဲ့ အလုပ်သမားသုံးယောက်တော့ရှိတယ်"

"ဒါဆိုရင် ဦးလေးနဲ့အဒေါ်တို့ ဒီမှာတွေ့ရှိထားတဲ့နာရီကို သေချာစွာကြည့်စမ်းပါ။ ဘယ်သူပတ်တဲ့နာရီဖြစ်နိုင်မလဲ၊ အလုပ်သမားတွေထဲက နာရီပတ်တဲ့လူရှိသလား"

ဒေါ်စိန်ကြည်က.....

"ဦးချစ်မောင်၊ ရှင်စဉ်းစားကြည့်ပါဦး၊ ကျွန်မတော့ ဒီနာရီမျိုး မောင်ဝင်းပတ်တာ တွေ့မိသလိုပဲ"

ဟုဆို၏။

"ကဲ..ဒါဆိုရင် အလုပ်သမားသုံးယောက်ကို ခေါ်မေးလိုက်ရင် အဖြေမှန်ပေါ်လာမှာပဲ၊ သူတို့ဘယ်မှာနေကြလဲ"

"သူတို့နေတာက တိုက်ကြီးကုန်းမှာ နေကြတယ်"

"ဒါလောက်သိရင် [illegible]

www.burmeseclassic.com

www.burmeseclassic.com

ပါပြီ၊ ဦးလေးနဲ့အဒေါ်တို့က အခြေအနေ ထူးခြားမှုရှိရင် ချက်ချင်း စခန်းကို သတင်း ပို့ပါ၊ အမှုမှန်ပေါ်အောင်လိုက်မှာပါ၊ ဒုစရိုက်သမားရဲ့ပြေးလမ်းက တိုတိုလေးပဲ၊ ရပ်ကွက်လူကြီးများကိုလည်း ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး''

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်မောင်စိုးနှင့် အဖွဲ့ဝင်များလည်း ရပ်ကွက်လူကြီးများကို နှုတ်ဆက်ပြီး ထွက်ခွာလာခဲ့ကြသည်။



အချိန်ကား နံနက် ၈ နာရီခွဲနေပြီ။

စံပယ်မြောင်မြို့ ရဲစခန်း....။

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် တင်မောင်စိုးသည် အမှုစစ်ရုံးခန်းထဲ၌ တပ်ကြပ်ကြီး သာစိန်အောင်နှင့်အတူ အမှုကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးနေကြသည်။ ထိုစဉ်အချိန်၌ ရဲတပ်သားတစ်ဦးဝင်လာပြီး သတင်းပို့၏။

''ဆရာ တိုက်ကြီးကုန်းက မောင်ဝင်းဆိုသူ လာပါပြီ''

''ရုံးခန်းထဲ ခေါ်ခဲ့ကွာ''

မောင်ဝင်း ရုံးခန်းထဲသို့ဝင်လာပြီး စားပွဲရှေ့မှ ကုလားထိုင်၌ ဝင်ထိုင်လိုက်၏။ နယ်ထိန်း ဒုရဲအုပ် တင်မောင်စိုးက မောင်ဝင်း၏ တစ်ကိုယ်လုံးကို စူးစိုက်အကဲခတ်ကြည့်လိုက်၏။

''မင်းနာမည် မောင်ဝင်းလား''

''ဟုတ်ပါတယ်''

''ကျောင်းပညာ ဘယ်အထိ သင်ခဲ့လဲ''

''အဋ္ဌမတန်းအထိ သင်ခဲ့ပါတယ်''

''အခု ဘာလုပ်နေသလဲ''

''ရွှေအုန်းပင်ဆန်ပွဲရုံမှာလုပ်ပါတယ်''

''မင်းနဲ့အတူတူ ဘယ်သူတွေ လုပ်သေးလဲ''

''ကျွန်တော်နဲ့အတူတူ မောင်ကျော်ရယ်၊ မောင်မြရယ် သုံးယောက်လုပ်ပါတယ်''

''အေး.....ဟုတ်ပြီ၊ ငါတို့မေးတာကို မှန်မှန်ပြောပါ၊ မှန်တာပြောရင် မှန်တာဖြစ်မယ်၊ လိမ်ညာပြောရင် ဒုက္ခတွေ့မယ်၊ ဒီမှာကြည့်စမ်း၊ ဒါ မင်းနာရီမဟုတ်လား''

မောင်ဝင်းက ခေါင်းခါပြီး ပြ ဆိုသည်။

''ဒီနာရီ ကျွန်တော့်နာရီ မ ဟုတ်ပါဘူး၊ မောင်ကျော်ရဲ့နာရီပါ''

''ဒါဆို မောင်ကျော် အခုဘယ်မှာလဲ''

''ဟိုတစ်နေ့က သူ့ဘကြီးဆုံး သွားလို့ဆိုပြီး သပြေကုန်းရွာကိုပြန်သွားတယ်''

''မောင်ကျော် သပြေကုန်းရွာကိုပြန်သွားတာ သေချာတယ်နော်''

''သေချာပါတယ်''

''ဟေ့.....ရဲဘော်ကျော်မြင့်၊ မောင်ဝင်းကို ခဏအနားယူပါစေ ပြန်ခေါ်သွားတော့''

မောင်ဝင်းလည်း တပ်သား ကျော်မြင့် ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေ၏။ နယ်ထိန်း ဒုရဲအုပ် တင်မောင်စိုးသည် သပြေကုန်းရွာ ရဲကင်းသို့ ဟန်းဖုန်းဖြင့် ဆက်သွယ်၍ မှုခင်းအခြေအနေကို အသေး စိတ်ပြောပြသတင်းပို့လိုက်ပြီး မော ကျော်အား ဖမ်းဆီးပေးရန် အကူ အညီတောင်းခံလိုက်တော့သည်။

ထိုနေ့ နေ့လယ် ၁ နာရီခွဲ တွင် သပြေကုန်းရဲကင်းမှ ဆန်ပွဲရုံ ဖောက်ထွင်းမှုနှင့်စပ်လျဉ်း၍ အလို ရှိသော မောင်ကျော်အား မြို့နယ် ရဲစခန်းသို့ သပြေကုန်းရဲကင်းမှူး ကိုယ်တိုင် လာရောက်ပို့ဆောင်ပေး ခဲ့သည်။ စခန်းသို့ ရောက်လျှင် ရောက်ချင်းပင် နယ်ထိန်းခေါင်း ဆောင် ဒုရဲအုပ် တင်မောင်စိုးနှင့် အဖွဲ့က မောင်ကျော်အား စစ်ဆေး

www.burmeseclassic.com



များ ပြုလုပ်ခဲ့သည်။

"မင်းနာမည်က"

"မောင်ကျော်ပါ"

"မင်းဘယ်မှာနေတာလဲ"

"တိုက်ကြီးကုန်းမှာပါ"

"အခုမင်း ဘာလုပ်နေလဲ"

"ကျွန်တော် ရွှေအုန်းပင်ဆန်ပွဲရုံမှာ လုပ်ပါတယ်"

"အခုမေးမယ့်မေးခွန်းတွေက အရေးကြီးလာပြီ၊ မှန်မှန်ဖြေပါ၊ လိမ်ညာထွက်ဆိုရင် ဒုက္ခရောက်မှာသေချာတယ်၊ မင်းနဲ့အတူတူ အလုပ်လုပ်တဲ့ မောင်မြ၊ မောင်ဝင်းတို့ကို စစ်ဆေးပြီးပြီ၊ သူတို့က အမှန်အတိုင်း ထွက်ဆိုချက်ပေးသွားကြပြီ၊ ဒီမှာကြည့်စမ်း၊ ဒီနာရီဟာ မင်းနာရီမဟုတ်လား၊ မှန်မှန်ပြောနော်"

မောင်ကျော်ခမျာ တစ်ကြိမ်တစ်ခါမျှ အတွေ့အကြုံရှိသူမဟုတ်၍ အတော်ပင်တုန်လှုပ်ထိတ်လန့်နေ၏။ မောင်ကျော်က အရက်သောက်ပြီးမှသာ အာသွက်လျှာသွက်၊ မသောက်တဲ့အချိန်မှာတော့ မခုတ်တတ်တဲ့ ကြောင်လို ကုပ်ခြေအပြည့်။

"ဟုတ်ပါတယ် ဆရာ"

"ဒီနာရီကို မောင်ကျော်ဘယ်မှာထားခဲ့သလဲ"

"ကျွန်တော် ဘယ်မှာထားမိခဲ့မှန်း မသိတော့ပါဘူး"

"မောင်ကျော် သပြေကုန်းရွာကို ဘာကြောင့်ပြန်သွားရတာလဲ"

"ကျွန်တော့်ဘကြီး ဆုံးသွားလို့ပါ"

"ဘကြီးရဲ့အသုဘမှာ မောင်ကျော် ဖဲကစားဖြစ်ခဲ့သလား"

"ဟုတ်ကဲ့၊ ဖဲကစားခဲ့ပါတယ်"

"မောင်ကျော် ဖဲဝိုင်းမှာ နိုင်ခဲ့သလား၊ ရှုံးခဲ့သလား၊ အကြွေးဘယ်လောက်တင်ခဲ့သလဲ"

"ဟုတ်ကဲ့ပါ၊ အကြွေးနှစ်သိန်းကျော် တင်ခဲ့ပါတယ်"

"ဒီကြွေးနှစ်သိန်း ပြန်ဆပ်နိုင်ဖို့ မောင်ကျော်ဘာတွေလုပ်ခဲ့လဲ"

"ဟုတ်ကဲ့ ဆရာ၊ အမှန်ကို ကျွန်တော်ဝန်ခံပါတယ်၊ ဖဲဝိုင်းမှာ တင်ခဲ့တဲ့ ကြွေးနှစ်သိန်းကလည်း အရေးတကြီး ပြန်ဆပ်ရမှာဖြစ်နေတယ်၊ အမျိုးမျိုး ရှာဖွေကြံဆပေမယ့် အဆင်မပြေခဲ့ပါဘူး၊ နောက်ဆုံးမှာတော့ သေချာပေါက် ငွေရရှိနိုင်မယ့် ဆန်ပွဲရုံကို ဖောက်ထွင်းခဲ့ရခြင်းဖြစ်ပါတယ်"

"ဘယ်လိုဘယ်ပုံ ဖောက်ထွင်းဖြစ်ခဲ့တာလဲ"

"အဲဒီညက လမိုက်ညလည်းဖြစ်တယ်၊ မိုးက တဖွဲဖွဲလေးရွာနေတယ်၊ အိမ်နောက်ဖေးထွက်တဲ့ တံခါးကို တွန်းကြည့်လိုက်တော့ တံခါးက ချက်ထိုးမထားတော့ ပွင့်လာတယ်၊ အဲဒီတံခါးပေါက်က ပွဲရုံထဲဝင်လိုက်ပြီး ငွေတွေသိမ်းထားတတ်တဲ့ ဗီရိုရဲ့သော့ကို သံတုတ်တစ်ခုနဲ့ ကလန့်လိုက်တော့ ဗီရိုတံခါးပွင့်လာတယ်၊ အထဲက ငွေ(၁၀)သိန်းကိုယူခဲ့ပြီး နောက်ဖေးကဝင်တဲ့အပေါက်ကပဲ ပြန်ထွက်ခဲ့တယ်၊ တံခါးကို အသာပြန်ပိတ်ထားခဲ့တယ်၊ ညတွင်းချင်းပဲ သပြေကုန်းရွာကို ပြန်လာခဲ့တယ်၊ ဒီနေ့ (၁၂)နာရီခန့်မှာ အဖမ်းခံရတာပါပဲ ဆရာရယ်"

မောင်ကျော်သည် အမှန်ကို ဝန်ခံလိုက်ပြီး မထိမ်ချန်ဘဲ ဖြစ်စဉ်များကို ပြောချလိုက်သဖြင့် ရင်ထဲမှာ ပေါ့ပါးသွားသလို ခံစားနေရသည်။ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် တင်မောင်စိုးက.....

"မောင်ကျော် မင်းအခုလို ဝန်ခံထွက်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မင်းအတွက်စိတ်မကောင်းပါဘူး၊ ဖဲရိုက်ခြင်း၊ လောင်းကစားခြင်းစတဲ့ ဒုစရိုက်လုပ်ငန်းတွေဟာ လူရဲ့ကိုယ်ကျင့်တရားကို ပျက်ပြားစေတယ်၊ စီးပွားဥစ္စာကိုလည်း ပျက်စီးစေတယ်၊ မလုပ်ဘဲနေတာ အကောင်းဆုံးပဲ၊ ဦးချစ်မောင်ဟာ မင်းရဲ့အလုပ်ရှင်ပဲ၊ မင်းကို အလုပ်ပေးပြီး ထမင်းကျွေးထားတဲ့ ကျေးဇူးရှင်ဖြစ်တယ်၊ ရိုးသားစွာ အကူအညီတောင်းခံရင် ကူညီမှာပဲ၊ အခုတော့ မင်းက ကျေးဇူးရှင်ကို ပြစ်မှားတော့ ဒုက္ခရောက်ပြီလေ"

မောင်ကျော်လည်း သူ့အမှားကို သူပြန်စဉ်းစားပြီး ဝမ်းနည်းကြေကွဲစွာ ငိုယို၍ ပြောဆိုနေသည်။

"ဟုတ်တယ် ဆရာ၊ ကျွန်တော့်အဖြစ်က ကျေးဇူးရှင်ကို ကျေးဇူးကန်းတဲ့သူဖြစ်နေပြီ"

"အေးပေါ့ကွာ၊ ကျေးဇူးရှင်ကို ကျေးဇူးကန်းသူရဲ့ဘဝဟာ ဘယ်မှာလုပနိုင်မလဲ၊ ပြစ်မှုကြေးကို ခွေးနဲ့သာဆပ်ပေတော့"

ဒုစရိုက်သမားတို့ သွားရာလမ်းကား အဘယ်မှာဖြောင့်တန်းပါညီနည်း။

မောင်ထူးငြိမ်း (ပျော်ဘွယ်)

www.burmeseclassic.com

www.burmeseclassic.com





ဒုတိယရဲမှူးကြီး **ဝင်းဦး** (ငြိမ်း)

# လက်မဆော့ရ

www.burmeseclassic.com

www.burmeseclassic.com


"သေနတ်"စသော လက်နက်များကို စာရေးသူအနေဖြင့် မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် တက်ရောက်စဉ်ကတည်းက ရင်းနှီးခဲ့ဖူးပါသည်။ ၁၉၇၀/၇၁ ခုနှစ်မှ ၁၉၇၄/၇၅ ခုနှစ်ထိ မန္တလေးတက္ကသိုလ်တွင် တက်ရောက်စဉ်ကာလအတွင်း အမှတ် ၂ တက္ကသိုလ်လေ့ကျင့်ရေးတပ် (U.T.C-University Training Course) သို့ဝင်ရောက်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ တက္ကသိုလ်စတက်သည့်နှစ်မှ ပြီးဆုံးသည်အထိ ၄ နှစ်ဝင်ရောက်ခဲ့ပါသည်။ ထိုစဉ်က စာရေးသူ၏ UT.C နံပါတ်မှာ ၁၉၀၉ ဖြစ်ပါသည်။ အပတ်စဉ် တနင်္လာ၊ သောကြာ၊ စနေရက်များတွင် သင်တန်းတက်ရပါသည်။ သင်တန်းတက်ရသည့်နေ့များ၌ နံနက်ပိုင်းစာသင်ချိန်များတွင် တပ်မတော်ဝတ်စုံကိုဝတ်ပြီး စာသင်ကြားခွင့်ရရှိပါသည်။ တနင်္လာ၊ သောကြာရက်များတွင် ညနေပိုင်း၌လည်းကောင်း၊ စနေနေ့တွင် နေ့ ၁ နာရီမှစ၍လည်းကောင်း စစ်ပညာများကို သင်ကြားရပါသည်။

ပထမနှစ်နှင့် ဒုတိယနှစ်တက်ရောက်ပြီးပါက အခြေခံစစ်ပညာသင်တန်း အောင်မြင်သည်ဟုသတ်မှတ်ပါသည်။ ပထမနှစ်မှ စတုတ္ထနှစ်အထိ လက်နက်မဲ့စစ်ရေးပြအပြင် လက်နက်ဖြင့်စစ်ရေးပြကိုလည်း သင်ကြားရပါသည်။

စာရေးသူတို့အား လေ့ကျင့်ရန်ပေးထားသည့် သေနတ်များမှာ ရိုင်ဖယ် (Rifle) သေနတ်များဖြစ်ပါသည်။ အချို့သေနတ်များမှာ ကျည်ဖြင့်ပစ်၍ရပြီး အချို့သေနတ်များက ပစ်မရပါ။ တစ်နှစ်တာပတ်လုံး ထိုရိုင်ဖယ်သေနတ်များဖြင့်ပင် စစ်ရေးလေ့ကျင့်ခဲ့ရပါသည်။

တစ်နှစ်ရာသီ ကုန်ဆုံးသည်နှင့် တက္ကသိုလ်ကျောင်းပိတ်ရက်များတွင် စာရေးသူတို့ U.T.C တပ်ဖွဲ့ဝင်များက တစ်လတာ လက်တွေ့သင်ကြားကြရပါသည်။ စာရေးသူ မှတ်မိသည်မှာ ပထမနှစ်တွင် မေမြို့(ပြင်ဦးလွင်) အခြားအဆင့်တပ်သားသစ်သင်တန်းကျောင်းတွင်လည်းကောင်း၊ ဒုတိယနှစ်တွင် မေမြို့(ပြင်ဦးလွင်)မြို့နယ်၊ သက္ကန်ချိုင်ကျေးရွာ၌လည်းကောင်း၊ တတိယနှစ်တွင် ပုပ္ပားတောင်အနီး ဆည်ပေါက်ကျေးရွာ၌လည်းကောင်း Camp တဲများထိုးပြီး တစ်လတာ လက်တွေ့လေ့ကျင့်ကြရပါသည်။ စတုတ္ထနှစ်တွင် နိုင်ငံတော်၌ အရေးအခင်းဖြစ်ပွားခဲ့သဖြင့် ကျောင်းများအား ရက်အကန့်အသတ်မရှိ ပိတ်ထားခဲ့သောကြောင့် ထိုနှစ်၌ စခန်းမထွက်ဖြစ်ခဲ့ပါ။ ထိုသို့လက်တွေ့သင်ကြားချိန်များတွင် လက်နက်ငယ်များ

**လေ့ကျင့်ရေး သေနတ်များဖြင့် တစ်ဦးနှင့်တစ်ဦး နောက်ပြောင်၍ ချိန်ရွယ်ခြင်း၊ ပစ်ခတ်ခြင်းများ ပြုလုပ်သည့်အခါ လေ့ကျင့်ရေးဆရာများ တွေ့ရှိပါက ပြင်းထန်စွာ အပြစ်ပေးလေ့ရှိပါသည်။ တစ်နည်းဆိုသော် လေ့ကျင့်ရေးသေနတ်ပင် ဖြစ်လင့်ကစား ...**

www.burmeseclassic.com





ဖြုတ်ခြင်း၊ တပ်ခြင်းများ၊ တစ်လတာ ပြီးဆုံးခါနီးတွင် နှစ်အလိုက် ရိုင်ဖယ်၊ စတင်း၊ စက်ကလေး၊ ပစ္စတို စသည့် လက်နက်ငယ်များဖြင့် လက်တွေ့ပစ်ခတ်မှုများကို စက်ပစ်ကွင်းများ၌ လေ့ကျင့်ကြရပါသည်။ ထို့ပြင် ခရီးတိုချီတက်ခြင်း၊ ခရီးရှည် ချီတက်ခြင်းများ ချီတက်ရာတွင် လမ်းတစ်လျှောက်၌ တပ်စိတ်တိုက်ပွဲ၊ တပ်စုတိုက်ပွဲ၊ ချုံခိုတိုက်ပွဲများကို နည်းပြများက လေ့ကျင့်ပေးကြပါသည်။ စာရေးသူတင်ပြနေရခြင်းမှာ စာရေးသူအနေဖြင့် တက္ကသိုလ်ကျောင်းသားဘဝ၌ပင် လက်နက်ဖြင့် အကျွမ်းတဝင်ရှိခဲ့မှုကို အကျဉ်းချုံး၍ တင်ပြနေခြင်းဖြစ်ပါသည်။

စာရေးသူတို့အား ပေးထားသော လေ့ကျင့်ရေးသေနတ်များဖြင့် တစ်ဦးနှင့်တစ်ဦး နောက်ပြောင်၍ ချိန်ရွယ်ခြင်း၊ ပစ်ခတ်ခြင်းများပြုလုပ်သည့်အခါ လေ့ကျင့်ရေးဆရာများ တွေ့ရှိပါက ပြင်းထန်စွာ အပြစ်ပေးလေ့ရှိပါသည်။ တစ်နည်းဆိုသော် လေ့ကျင့်ရေးသေနတ်ပင်ဖြစ်လင့်ကစား သေနတ်ဖြင့် လက်မဆော့ရန် ရည်ရွယ်၍ ပြောဆိုခြင်းဖြစ်ပါသည်။

ထိုသို့ သင်တန်းတက်ရောက်ခဲ့စဉ်က သေနတ်ပစ်ခတ်မှုနှင့် ပတ်သက်ပြီးအမှတ်တရအဖြစ်အပျက်များလည်း ဖြစ်ခဲ့ဖူးပါသည်။ စာရေးသူတို့ ပထမနှစ်သင်တန်းသားဘဝတုန်းကဖြစ်ပါသည်။ ခရီးရှည်ချီတက်မှုတစ်ခုတွင် နှစ်ကြီးသမားများနှင့်အတူ စုဖွဲ့ပြီး တပ်စိတ်၊ တပ်စုဖြင့် ချီတက်ရပါသည်။ ညအိပ်ရပ်နားမည့်နေရာများတွင် တောင ကုန်းတစ်ခု၌ မိမိပစ်ကျင်းကို ကိုယ်တိုင်တူးပြီး ပတ်လည်ခံစစ်ဖြင့် နေရာယူကြရပါသည်။ နှစ်ကြီးသမားဖြစ်သည့် တပ်စိတ်မှူး၊ တပ်စုမှူးတို့၏ ညွှန်ကြားချက်အတိုင်း လိုက်နာရပါသည်။ ညရောက်သည်နှင့် မိမိအား ပေးထားသော လေ့ကျင့်ရေးရိုင်ဖယ်သေနတ်ကိုပိုက်ပြီး အလှည့်ကျကင်းစောင့်ကြရပါသည်။ တစ်နေ့[...] လမ်းလျှောက်လာကြရသဖြင့် [...] သမားမှလွဲ၍ အိပ်ကြပါသည်။ [...] သို့အိပ်ပျော်နေစဉ် စိန်ရောင်ခြည်[...] (လေ့ကျင့်ရေးပုံး)အား နည်းပြများက ပတ်လည်ခံစစ်ယူထားသော [...] ရေးသူတို့အဖွဲ့အနီးတွင် ပစ်ဖော[...] ကြပါသည်။ "ဝုန်း"ဟု အသံစ[...] ရပြီး ကောင်းကင်သို့ မီးကျည်အ[...] တစ်လုံး ပစ်ဖောက်လိုက်ပါသည်[...] ထိုအချိန်သည် တိုက်ပွဲစပြီဟု မှ[...] ယူရမည်ဖြစ်ပါသည်။

စာရေးသူတို့အား နည်းပြများက လေ့ကျင့်ရေးဗလာကျည် (Bla[...] Cartridge) ၂၀ တောင့်ကို ပေးထား[...]ပါသည်။ ထိပ်ဖူး (Bullet) မပါသော ကျည်များဖြစ်ပါသည်။ ရိုင်ဖယ်သေနတ်ဖြင့် ထည့်ပစ်ပါက ညအခါမှာ[...] တွင် ဖြောက်အိုးဖောက်သံကဲ့သို့ အသံမြည်ပါသည်။ အထက်တွင် စ[...] ရေးသူ တင်ပြသကဲ့သို့ လေ့ကျ[...] ရေးသေနတ်များမှာ အချို့ ကျည်ရိုက်မှီးကောင်းသဖြင့် ပစ်၍ရ[...] သည်။ အချို့မှာ ကျည်ရိုက်မှီးက[...] နေသဖြင့် ပစ်မရပါ။ ထိုပစ်မရသော သေနတ်များ လက်ဝယ်ရှိသူများ[...] ပါးစပ်မှ "ဒိုင်း..ဒိုင်း"ဟု အော်[...] အသံပြုရပါသည်။ ကျည်ထည့်၍[...] ရသော သေနတ်များက ထိပ်ဖူးမ[...] ကျည်ထည့်ပြီး ပြန်လည်ပစ်ခတ်[...] ပါသည်။ ဆယ့်ငါးမိနစ်ခန့်အကြ[...] တွင် မိုးပေါ်သို့ မီးကျည်အစိမ်း[...] တစ်လုံး ပစ်ဖောက်လိုက်သည့်အ[...] တွင် တိုက်ပွဲပြီးဆုံးကြောင်း သ[...] မှတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ဤသို့ တစ်ကြိမ်၊ နှစ်ကြိမ်ခန့် တိုက်ပွဲပြုလုပ်ပြီးနောက် စာရေးသူကင်းအလှည့်ပြီးဆုံး၍ အိပ်နေပါသည်။ ထိုသို့အိပ်ပျော်စဉ်ပင် ထပ်မံ၍ တိုက်ပွဲဖြစ်ပြီး အိပ်ရာမှထ၍ ပါးစပ်မှ "ဒိုင်း.....ဒိုင်း"ဟု ထပ်မံအော်ဟစ်ရပါသည်။ ဆရာများကလည်း ကျင်းများတူးပြီး စက်ကလေးသေနတ်များဖြင့်ပစ်၍ တိုက်ပွဲပုံစံဖန်တီးရပါသည်။ မကြာမီ မီးကျည်အစိမ်း ပစ်ဖောက်ပြီး တိုက်ပွဲပြီးဆုံးသွားသည်နှင့်တစ်ပြိုင်နက် နည်းပြဆရာတစ်ဦးက

"ကဲ.....တပ်ဖွဲ့ဝင်များ မိမိနေရာတွင်မိမိ စောင့်နေကြပါ၊ ဆရာများ လိုက်စစ်ပါလိမ့်မယ်"

ဟု အော်ပြောသံကြားရပါသည်။

စာရေးသူတို့အနီး တစ်ဖက်တွင် ပတ်လည်ခံစစ်ယူထားသော အခြားတပ်စိတ်အနီးသို့ ရောက်သည့်အခါ.....

"ဒီမှာတွေ့ပြီ ဆရာရေ့၊ ရိုင်ဖယ်ကျည်အစစ်တွေ၊ ဒါကြောင့် ဒီကောင်တွေ ရန်သူမလုပ်ရဲတာဖြစ်မယ်"

နောက်ပိုင်းသိရသည်မှာ နှစ်ကြီးသမား ကျောင်းသားအချို့သည် စက်ပစ်ကွင်းဝင်ရောက်စဉ်က ရိုင်ဖယ် .၃၀၃ ကျည်အစစ်များ ခိုးယူထားကြပြီး ၎င်းကျည်အစစ်များနှင့် ပြန်ပစ်သဖြင့် ရန်သူအဖြစ် သရုပ်ဆောင်သော လေ့ကျင့်ရေးကျောင်းမှ သင်္ဘေတပ်ဖွဲ့ဝင်များက ရန်သူမလုပ်ရဲတော့ကြောင်း သတင်းပို့သဖြင့် ရှာဖွေစစ်ဆေးရာမှ .၃၀၃ ကျည်အစစ်များကို နှစ်ကြီးကျောင်းသားတပ်ဖွဲ့ဝင်တစ်ဦးထံမှ တွေ့ရှိသွားကြခြင်းဖြစ်ပါသည်။

ထိုစဉ်အခါက ကျောင်းသားအရွယ်ဖြစ်နေသဖြင့် အန္တရာယ်ကြီးမားကြောင်းကို မတွေးတောမိခဲ့ပါ။ အကယ်၍သာ ကျည်ဆန်အစစ်များနှင့်ပစ်ခတ်၍ ရန်သူအဖြစ် သရုပ်ဆောင်ရသော သင်္ဘေတပ်ဖွဲ့ဝင်တစ်ဦးဦး ထိမှန်ဒဏ်ရာရ သေဆုံးခဲ့ပါက တက္ကသိုလ်လေ့ကျင့်ရေးတပ် (U.T.C) သမိုင်းတွင် အုပ်ချုပ်မှုဖြစ်စဉ် လျော့နည်းသော အရုပ်ဆိုးအကျည်းတန်မှုက သမိုင်းတွင်ကျန်ရစ်ခဲ့မည်ဖြစ်ပါသည်။ ထိုအချိန်က ကျည်ဆန်အစစ်ဖြင့် ပစ်ခတ်ခဲ့သော နှစ်ကြီးသမား ကျောင်းသားအား သင်တန်းဆက်တက်ခွင့်မပြုဘဲ နောက်နေ့တွင် အိမ်သို့ (Return to Home) ပြန်လည်စေလွှတ်လိုက်သည်ဟု သိရပါသည်။ ထိုအချိန်အခါက လက်နက်နှင့်ပတ်သက်၍ အလေးမထားဘဲ ပေါ့ပေါ့တန်တန်ပင် တွေးတောမိခဲ့ပါသည်။

ယခု စာရေးသူကိုယ်တိုင် ၁၉၇၈ ခုနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဝင်ရောက်တာဝန်ထမ်းဆောင်သည့်အခါ လက်နက်များကိုင်ဆောင်ရာတွင် အထူးအလေးထားဂရုပြုရမည်ဖြစ်ကြောင်း သဘောပေါက်လာပါသည်။ စာရေးသူမှာ အလုပ်သင်ကာလတွင် ခြောက်လုံးပြူးသေနတ်အား အလွန်ကိုင်ချင်ပါသည်။ Cow Boy ရုပ်ရှင်ကားများကဲ့သို့ အတုခိုးပြီး သေနတ်ပတ်၍ မြောက်ကြွကြွ သွားလာချင်နေပါသည်။ သို့သော် အလုပ်သင်ကာလဖြစ်သဖြင့် သက်ဆိုင်ရာ စခန်းမှူးများက ခြောက်လုံးပြူးပေးကိုင်ခွင့်

မိမိသေနတ်အား မပျောက်မပျက် ခိုးယူခြင်း၊ ပျောက်ဆုံးခြင်းမခံရလေအောင်
အထူးဂရုပြု အိပ်စက်ရသည်ကိုလည်း အမှတ်ရစေခဲ့ပါသည်။
ထို့ပြင် လက်နက်ခဲယမ်းအား အထူးအဆန်းအနေဖြင့် ကိုင်တွယ်ပစ်ခတ်ချင်သည့်သူများအနီးတွင်
မိမိလက်နက်အား မချထားမိစေရန်ကိုလည်း
ဖြစ်စဉ်တစ်ခုက အမှတ်ရစေခဲ့ပါသည် ...

www.burmeseclassic.com

www.burmeseclassic.com



မပြုပါ။ စာရေးသူကတော့ သေနတ်ခါးပတ်ပြီး ခပ်ကြွားကြွားဖြင့် မြို့ထဲသို့ လမ်းလျှောက်ချင်သည့်ဆန္ဒကသာ ပြင်းပြနေပါသည်။ အထူးသဖြင့် မိမိဇာတိမြို့ရွာများသို့ ပြန်သည့်အခါ ခြောက်လုံးပြူးခါးချိတ်ပြီး သူငယ်ချင်းများရှေ့တွင် ကြွားဝါချင်သည့်ဆန္ဒကလည်း ပြင်းပြနေ၍ဖြစ်ပါသည်။

ထိုသို့ စာရေးသူ သေနတ်ကိုင်ချင်စိတ် ပြင်းပြနေချိန်တွင် ပဲခူးမြို့ အမှတ်(၁)ရဲစခန်းအပိုင်၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်က စာရေးသူအား သေနတ်နှင့်ပတ်သက်၍ ပိုမိုဂရုပြုရမည့်အချက်ကို နိုင်မာစေခဲ့ပါသည်။ ထိုအချိန်က စာရေးသူတို့နှင့် တစ်မြို့တည်းသား ဒုရဲအုပ်တစ်ဦးက အမှတ်(၁) ရဲစခန်းတွင် နယ်ထိန်းတာဝန်ဖြင့် တာဝန်ထမ်းဆောင်နေချိန်ဖြစ်ပါသည်။

တစ်နေ့တွင် ထိုဒုရဲအုပ်က တောရွာမှ ပြန်ရောက်သည့်အခါ ၎င်းအား အထက်လူကြီးမှခေါ်နေကြောင်း သိရသဖြင့် အိမ်သို့မပြန်သေးဘဲ တပည့်ဖြစ်သူအား ၎င်းကိုင်သည့် ခြောက်လုံးပြူးသေနတ်ကို ၎င်းအိမ်သို့ ပြန်ပို့ခိုင်းပါသည်။ တပည့်ဖြစ်သူက အိမ်သို့ပြန်မပို့ဘဲ သူငယ်ချင်းများနှင့်အတူ မကောင်းသောအမျိုးသမီးအိမ်သို့ သွားပါသည်။ ၎င်းအိမ်တွင် အရက်သောက်စားကြပြီး ခြောက်လုံးပြူးသေနတ်အားထုတ်၍ အထဲတွင်ရှိသော ကျည်ဆန်များအားထုတ်ပြီး ထိုမိန်းကလေးငယ်အား နောက်ပြောင်ချိန်ရွယ် ပစ်ခတ်ခဲ့ရာ ခြောက်ချက်အရောက်တွင် သေနတ်မှ ကျည်ဆန်ထွက်လျက် မိန်းကလေးအား ထိမှန်သေဆုံးခဲ့ပါသည်။ ထိုတပ်ဖွဲ့ဝင်မှာ အရက်သောက်စားထားပြီး ကျည်ဆန် ၆ တောင့်အား ထုတ်ယူရာတွင် ဆုံလည်ထဲ၌ ကျည်ဆန်တစ်တောင့် ကျန်ရစ်ခဲ့သဖြင့် ခလုတ် ၆ ချက်ဆွဲရာမှ ထိုကျန်ရှိသော ကျည်ဆန်က မိန်းကလေးအား ထိမှန်ပြီး သေဆုံးခဲ့ရခြင်းဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ လက်နက်ကို ပေါ့လျော့စွာ ထိန်းသိမ်းမှုအား နည်းခဲ့သဖြင့် ဒုရဲအုပ်အား တပ်ကြပ်ကြီးအဆင့်သို့ ရာထူးလျှော့ချခံခဲ့ရကြောင်း သိရှိခဲ့ရပါသည်။ အရက်သောက်စားမူးယစ်ပြီး လက်နက်ခဲယမ်းအား လက်ဆော့ပြုမှုခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

တစ်ဖန် ညောင်လေးပင်ရဲစခန်းတွင် စာရေးသူအနေဖြင့် အလုပ်သင်တာဝန်ပြီးဆုံးသည့်အခါ အမှုစစ်တာဝန်ဖြင့်ပင် ရဲစခန်း၌ တာဝန်ကျပါသည်။ ထိုအခါကျမှ ခြောက်လုံးပြူးသေနတ်အား ထုတ်ယူကိုင်ဆောင်ခွင့်ရပါသည်။ သေနတ် လက်ဝယ်ရောက်ရှိသည့်နေ့မှစ၍ ညအိပ်သည့်အခါတွင်လည်းကောင်း၊ တောရွာများသို့သွား၍ အမှုစစ်ဆေး ညအိပ်သည့်အခါတွင်လည်းကောင်း မိမိသေနတ်အား မပျောက်မပျက် ခိုးယူခြင်း၊ ပျောက်ဆုံးခြင်းမခံရလေအောင် အထူးဂရုပြု အိပ်စက်ရသည်ကိုလည်း အမှတ်ရစေခဲ့ပါသည်။ ထို့ပြင် လက်နက်ခဲယမ်းအား အထူးအဆန်းအနေဖြ[…] ကိုင်တွယ်ပစ်ခတ်ချင်သည့်သူမျ[…] အနီးတွင် မိမိလက်နက်အား မ[…] ထားမိစေရန်ကိုလည်း ဖြစ်စဉ်တစ်[…] က အမှတ်ရစေခဲ့ပါသည်။

***

စာရေးသူ အိမ်ထောင်မကျ[…] သေးသောအချိန်ဖြစ်ပါသည်။ သ[…] ခြားလုံးချင်းအိမ်မရရှိဘဲ လေးခ[…] တွဲ တန်းလျားတစ်ခုတွင် အခြ[…] အဆင့်များနှင့်အတူ အခန်းယူ၍[…] ထိုင်ရပါသည်။ စာရေးသူနှင့်အ[…] တွဲနေထိုင်ခဲ့သူမှာ တပ်ကြပ်ကြ[…] မောင်သောင်း(ကွယ်လွန်)နှင့် ၎င[…] ဇနီး ဒေါ်တင်နု (ကျားတက်ကျေ[…] ရွာ)တို့မိသားစုဖြစ်ပါသည်။ လိုင[…] ခန်းတစ်ခုတည်းတွင် ပေါင်းစည[…] နေထိုင်ကြခြင်းကြောင့် မိဘမျ[…] သဖွယ် ရင်းနှီးခင်မင်ခဲ့ရပါသည်။

တစ်နေ့တွင် စာရေးသူ[…] လက်ဝှေ့ပွဲလုံခြုံရေးဆောင်ရွက်[…] အတွက် ခြောက်လုံးပြူးတွင်ကျည[…] အပြည့်ထည့်ပြီး ခါးတွင်ပတ်ထာ[…] လျက် အိမ်လိုင်းခန်းအောက်ဘ[…] ကွပ်ပျစ်တွင် ထိုင်နေပါသည်။ စ[…] ရေးသူပတ်ထားသော ခါးပတ်မှ[…] မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထုတ်ပေးထာ[…] သော ပတ္တူခါးပတ်ဖြစ်ပါသည်။ ထ[…] အချိန် ဆရာတစ်ဦးဖြစ်သော [...] အုပ် (စခန်းမှူး) ဦးအောင်[…](ကွယ်[…] လွန်)လည်း လက်ဝှေ့ပွဲလုံခြုံရေ[…] အတူသွားရန် ရောက်ရှိလာသည[…] ဆရာဦးအောင်ဘ ပတ်ထားသေ[…]


www.burmeseclassic.com

www.burmeseclassic.com



လူကြီးကို
မချိန်ကောင်းဘူးဟု
ပြောကြားချက်ကြောင့်သာ
ချိန်ရွယ်ထားချက်အား
ပြောင်းလဲ၍
ချိန်ရွယ်
ပစ်ခတ်ခဲ့ခြင်းကြောင့်
မထိခြင်းဖြစ်ပါသည်။
အကယ်၍သာ
ထိုသို့
မပြောဆိုမိပါက
မြန်မာနိုင်ငံရဲတပ်ဖွဲ့သမိုင်းတွင်
အရုပ်ဆိုး
အကျည်းတန်မည့်
မြို့နယ်ရဲတပ်ဖွဲ့မှူးတစ်ဦး
သေနတ်ထိမှန်
သေဆုံးခြင်းဟူသော
...

ခါးပတ်မှာ အနက်ရောင်သားရေခါးပတ်ဖြစ်ပါသည်။ ရှေးယခင်က ရဲများပတ်ခဲ့သော ခါးပတ်ဟု သိရပါသည်။ စာရေးသူက လူငယ်ဖြစ်၍ ခါးပတ်ကိုကြိုက်သဖြင့် လဲပတ်ရန် ပြောသည့်အခါ ဆရာဦးအောင်ဘကလည်း သဘောတူသဖြင့် ခါးပတ်ကိုချွတ်ပါသည်။ စာရေးသူလည်း ခါးပတ်တွင်ပတ်ထားသော ခြောက်လုံးပြူးအိတ်ထဲမှ ခြောက်လုံးပြူးကို ထုတ်ပြီး ကွပ်ပျစ်ဘေးတွင်ချထားလျက် ဦးအောင်ဘ၏ခါးပတ်ကိုယူကာ ခါးပတ်ရန်အတွက် ပြင်ဆင်နေပါသည်။ ထိုအချိန် တပ်ကြပ်ကြီးမောင်သောင်း၏ဇနီး ဒေါ်တင်နုက စာရေးသူ၏ခြောက်လုံးပြူးအား ရုတ်တရက်ကောက်ကိုင်၍ ကြည့်နေ



ပါသည်။ စာရေးသူအနေနှင့်လည်း ဘာမှမဖြစ်တန်ကောင်းဟုထင်၍ မကိုင်ရန်မတားမြစ်မိခဲ့ပါ။ ထိုအချိန် ဒေါ်တင်နုက အလည်ရောက်နေသော မောင်တော်သူ ဦးစံခိုင်ဆိုသူအား ခြောက်လုံးပြူးနှင့်ချိန်ပြီးပြောလိုက်ပါသည်။

"မောင်စံခိုင် နင့်ကိုငါ ပစ်ထည့်လိုက်မယ်နော်"

နောက်ပြောင်၍ပြောခြင်းဖြစ်ပါသည်။

"မလုပ်ပါနဲ့ ..အစ်မရယ်၊ မတော် ကျည်ထွက်သွားမှ သေနေပါဦးမယ်"

ပြောသံကြားပြီး ဒေါ်တင်နုက ၎င်း၏မောင်ဖြစ်သူ ဦးစံခိုင်အား မချိန်တော့ဘဲ ပန်းကန်စင်ဘက်သို့ ပြောင်းရွှေ့ချိန်ရွယ်လိုက်ပါသည်။ ထိုအချိန်.....

"ဒိုင်း....."

ထိုသို့ သေနတ်သံထွက်လာတော့မှ စာရေးသူလည်း ကြောက်လန့်တကြားဖြင့် ကြည့်မိလိုက်ပါသည်။ ထိုအခါကျမှ ဒေါ်တင်နုက...

"မောင်ဝင်းဦး၊ မင်းသေနတ်ထဲ ကျည်ဆန်ထည့်ထားတာလား"

ဟုမေးလိုက်ရာ စာရေးသူက...

"သေနတ်ပဲ ဒေါ်လေးရာ၊ မထည့်ဘဲနေပါ့မလား"

ကံသီ၍သာ ခြောက်လုံးပြူးကျည်က ဦးစံခိုင်အားမထိဘဲ ပန်းကန်စင်အားထိသွားခြင်းဖြစ်ပါသည်။ အကယ်၍သာ ၎င်း၏မောင်ဖြစ်သူ

www.burmeseclassic.com


ဦးစံခိုင်အား ချိန်ရွယ်ပြီး နောက်ပြောင်ပစ်ခတ်ခဲ့ပါက ဦးစံခိုင်လည်း သေဆုံးပြီး ဒေါ်လေးဒေါ်တင်နုလည်း အရေးယူခံရမည့်အပြင် သေနတ်ထုတ်ထားသူ စာရေးသူကိုယ်တိုင်လည်း ပေါ့လျော့မှုဖြင့် ဌာနဆိုင်ရာ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။ ထိုအချိန်မှစ၍ ဖြစ်စဉ်အပေါ်မူတည်ပြီး လက်နက်ခဲယမ်းများကို ကိုင်တွယ်ချင်စိတ်ရှိသူများ၏အနီးအနားတွင် ပေါ့လျော့စွာမထားမိစေရန် သင်ခန်းစာကောင်းကောင်းရရှိခဲ့ပါသည်။ တစ်နည်းအားဖြင့် ဒေါ်လေးဒေါ်တင်နုသည် သေနတ်ကို လက်ဆော့ခဲ့ခြင်းပင်ဖြစ်ပါသည်။

※※※

တစ်ဖန် တပ်ဖွဲ့ဝင် ရဲမေတစ်ဦး၏ လက်ဆော့မှုကြောင့် စာရေးသူမှာ သေကံမရောက် သက်မပျောက်ဖြစ်ခဲ့ရသည့် ဖြစ်စဉ်တစ်ခုလည်း ရှိခဲ့ဖူးပါသည်။

၁၉၉၈ ခုနှစ်ခန့်ကဖြစ်သည်။ ထိုအချိန်က စာရေးသူမှာ ရှမ်းပြည်နယ် (တောင်ပိုင်း)မိုင်းရှူးမြို့နယ်ရဲတပ်ဖွဲ့မှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလဖြစ်ပါသည်။

စာရေးသူရောက်ရှိမှ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအား ကိုယ့်အားကိုယ်ကိုးဖြင့် ကျောက်မျက်ကုမ္ပဏီအလှူရှင်များအကူအညီဖြင့် အမှတ်တရဆောက်လုပ်ခဲ့ပါသည်။ တစ်နေ့သောအချိန် နံနက် ၉ နာရီအချိန်ခန့်ဟု ထင်ပါသည်။

ထိုအချိန်က စာရေးသူမှာ မိမိရုံး၏အဝင်ပေါက်တွင် မတ်တတ်ရပ်ပြီး တပ်ဖွဲ့ဝင်မိသားစုများ ရိုင်ဖယ်သေနတ်ဖြင့် စစ်ရေးပြလေ့ကျင့်နေသည်ကို စိတ်ဝင်တစား ကြည့်ရှုနေပါသည်။ ထိုအချိန်က ရဲစခန်းမှူးမှာ ရဲအုပ် အောင်တင့် (ရဲမှူး၊ ငြိမ်း) ဖြစ်ပါသည်။ ထိုသို့လေ့ကျင့်သင်ကြားနေသည့်နေရာမှာ စာရေးသူ၏ရုံးရှေ့ကွက်လပ်တွင်ဖြစ်ပါသည်။ စာရေးသူနှင့် ၂၅ ကိုက်ခန့်သာ ဝေးမည်ထင်ပါသည်။ ထိုသို့လေ့ကျင့်ပြီးနောက် ခေတ္တနားရန် တန်းဖြုတ်ပါသည်။

ထိုအချိန် လေ့ကျင့်သူ အမျိုးသမီးတစ်ဦးက ရိုင်ဖယ်သေနတ်ဖြင့် စာရေးသူအား ချိန်ရွယ်နေသည်ကို တွေ့မြင်ရပါသည်။ စာရေးသူကလည်း အတန်ငယ်ဝေးနေသဖြင့် မိမိကို မချိန်ရွယ်နှင့်ဟုလည်း အော်မပြောမိပါ။

စာရေးသူစိတ်ထဲ၌လည်း လေ့ကျင့်နေကြခြင်းဖြစ်သဖြင့် စခန်းရှိသေနတ်များအား ကျည်ဆန်ရှိ/မရှိ စစ်ဆေးပြီးပြီဟု ယုံကြည်နေမိပါသည်။ ထိုအမျိုးသမီးက စာရေးသူအားချိန်ရွယ်ပြီး မောင်းတင်လိုက်သည်ကို တွေ့မြင်ရပါသည်။ ထိုအချိန် ကျန်သည့်အမျိုးသမီးတစ်ဦးက.....

"ဟဲ့.....လူကြီးကို သေနတ်နဲ့မချိန်ကောင်းဘူးလေ၊ မချိန်နဲ့"

ဟု လှမ်းအော်ပြောလိုက်၍ သေနတ်ချိန်ရွယ်ထားသော အမျိုးသမီးက စာရေးသူအား မချိန်ရွယ်တော့ဘဲ သေနတ်ပြောင်းအား ဘေးသို့အနည်းငယ်လွှဲ၍ ချိန်လိုက်သည်။ ထိုအချိန်.....

"ဒိုင်း..''ဟု ရိုင်ဖယ်သေနတ်၏ ကျယ်လောင်သောအသံကို ကြားလိုက်ရပြီး ကျည်ဆန်ထိပ်ဖူးမှာ ရုံးရှေ့တွင်စိုက်ထားသော သံပိုက်လုံးအလံတိုင်အလယ်မှ ဖောက်ထွက်လာကာ စာရေးသူ၏ ခေါင်းပေါ်မှကျော်၍ ရုံးခန်းအတွင်းသို့ထိမှန်ကာ စာရေးသူရုံးထိုင်ရာ အခန်းပေါက်အပေါ်တွင်တပ်ထားသော တိုင်ကပ်နာရီအား ထိမှန်ပြီးမှ ရပ်တန့်သွားပါတော့သည်။

ထိုအခါမှ စာရေးသူလည်း တုန်လှုပ်ချောက်ချားမိပါတော့သည်။ အကယ်၍သာ ထိုအမျိုးသမီး ချိန်ရွယ်ထားသည့် သေနတ်ပြောင်းအား ဘေးသို့မဖယ်မိဘဲ စာရေးသူကို ချိန်ရွယ်သည့်အတိုင်း ခလုတ်ဆွဲပစ်လိုက်ပါက စာရေးသူအနေဖြင့် ယနေ့အချိန်ထိ စာရေးသားနိုင်ခြင်း ရှိတော့မည်မဟုတ်ပါ။ သေနတ်ထိမှန်သေဆုံးပြီး ဘုံတစ်ခုခုသို့ရောက်ရှိနေတော့မည်ဖြစ်ပါသည်။ ကျည်ဆန်ထွက်ရသည့် အကြောင်းရင်းအား စိစစ်ရာတွင် ယခုတပ်ဖွဲ့ဝင်မိသားစုများ လေ့ကျင့်နေသော ရိုင်ဖယ်သေနတ်များမှာ မိုင်းရှူးရဲစခန်းမှ သေနတ်များဖြစ်ပါသည်။ လွန်ခဲ့သောညက တပ်ဖွဲ့ဝင်များမြို့ပေါ်လှည့်ကင်းထွက်စဉ်က အသုံးပြုခဲ့သော သေနတ်ဖြစ်ပါသည်။

ကင်းလှည့်ပြီး သေနတ်များ

www.burmeseclassic.com

www.burmeseclassic.com

မြန်အပ်ချိန်တွင် သေချာစွာစိစစ်လက်ခံခြင်းမရှိဘဲ အပ်သည့်အတိုင်းသာ လက်ခံထားခြင်းဖြစ်ပါသည်။ လေ့ကျင့်သည့်နေ့၌လည်း သေနတ်ထုတ်ပေးသူ တပ်ကြပ်ကြီးစာရေးကလည်း သေနတ်များတွင် ကျည်ရှိ/မရှိ စစ်ဆေးခြင်းမရှိဘဲ ပေါ့လျော့စွာ ထုတ်ပေးခဲ့ခြင်းဖြစ်ပါသည်။

မည်သည့်အချိန်က ကျည်ဆန်တစ်တောင့်သည် ပြောင်းရင်းထဲရောက်နေသည်ကိုလည်း မစစ်ဆေးထားကြ၍ မသိရှိကြပါ။

ထိုနည်းတူ သင်တန်းနည်းပြဖြစ်သူ ဆရာကလည်း လေ့ကျင့်မည့်သေနတ်များအား စစ်ဆေးခြင်း



မြန်မာနိုင်ငံ
ရဲတပ်ဖွဲ့ဌာနချုပ်မှ
ထုတ်ပြန်သော လစဉ်
အုပ်ချုပ်လျော့နည်းမှု
ဖြစ်စဉ်များ၌လည်း
လက်နက်ခဲယမ်းများကို
စနစ်တကျ
ကိုင်တွယ်မှု
မရှိခြင်းများကြောင့်
မလိုလားအပ်သော
ဖြစ်စဉ်များ
...

လုံးဝမပြုလုပ်ခဲ့ပါ။ သေနတ်ပစ်ခတ်သူ တပ်ဖွဲ့ဝင်ဖနီး အမျိုးသမီးတွင် အပြစ်မရှိပါ။

ယခုမှ သေနတ်ကိုင်တွယ်ခြင်းကို သင်ကြားရခြင်းဖြစ်သဖြင့် မည်သို့မည်ပုံ ကျည်ရှင်းလင်းရမည်ကိုလည်း မသိရှိနိုင်ပါ။ သေနတ်ကိုကိုင်တွယ်မိသည့်အခါမှ ချိန်ရွယ်ပြီးပစ်ခတ်ချင်စိတ်ပေါ်ပေါက်လာ၍ ကျည်မရှိဟုထင်ပြီး ချိန်ရွယ်ပစ်ခတ်လိုက်ခြင်းဖြစ်ပါသည်။

ဘေးမှအမျိုးသမီးတစ်ဦးက လူကြီးကိုမချိန်ကောင်းဘူးဟု ပြောကြားချက်ကြောင့်သာ ချိန်ရွယ်ထားချက်အား ပြောင်းလဲ၍ ချိန်ရွယ်ပစ်ခတ်ခဲ့ခြင်းကြောင့် မထိခြင်းဖြစ်ပါသည်။ အကယ်၍သာ ထိုသို့မပြောဆိုမိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့သမိုင်းတွင် အရုပ်ဆိုးအကျည်းတန်မည့် မြို့နယ်ရဲတပ်ဖွဲ့မှူးတစ်ဦး သေနတ်ထိမှန်သေဆုံးခြင်းဟူသော ဝမ်းနည်းဖွယ်ဖြစ်စဉ်ကြီးတစ်ခုအဖြစ်မှတ်တမ်းဝင်သွားမည်ဖြစ်ပါသည်။

စာရေးသူ၏ အတိတ်ကုသိုလ်များ ကောင်းခဲ့ခြင်းကြောင့်သာ သေကံမရောက်၊ အသက်မပျောက်ခဲ့ရခြင်းဖြစ်ပါသည်။ ထိုအချိန်မှစတင်၍ စာရေးသူ၏ လုပ်သက်ဘဝတစ်လျှောက် လက်နက်ခဲယမ်း ကိုင်တွယ်မှုများအား သတိပြုကြပ်မတ်ဆောင်ရွက်ခဲ့ရပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ထုတ်ပြန်သော လစဉ် အုပ်ချုပ်လျော့နည်းမှုဖြစ်စဉ်များ၌လည်း လက်နက်ခဲယမ်းများကို စနစ်တကျကိုင်တွယ်မှုမရှိခြင်းများကြောင့် မလိုလားအပ်သော ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် လက်နက်ခဲယမ်းကိုင်တွယ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ထုတ်ပေးခြင်း၊ စိစစ်ကြပ်မတ်ခြင်းများအား တာဝန်ရှိသူအဆင့်ဆင့်တို့မှ သေချာစွာ ဂရုပြုဆောင်ရွက်သင့်ကြပါကြောင်း ဖြစ်ရပ်မှန်များအား အခြေပြု၍ အကြံပြုလိုက်ရပါသည်။

ဒုတိယရဲမှူးကြီးဝင်းဦး(ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"(ညမှာထိန်လင်းလပြည့်ဝန်း
သို့)[၂] ရေးမယ်ဆိုကြ ဝ ခေါ်သဗျ
အဒေါ်ရ.....အရေးအဖတ်အတွက်
ပညာ အမြဲပဲတို့လေ့လာ.....

(ညမှာထိန်လင်းလပြည့်ဝန်း
သို့)[၂] ရေးမယ်ဆိုကြ ဝ ခေါ်သဗျ
ဦးကြီးရ.....အရေးအဖတ်အတွက်
ပညာ အမြဲပဲတို့လေ့လာ.....

ဝကိုနှစ်လုံးပူးလျက်သုံးတော့
အခေါ်သဗျ အဒေါ်ရ.....အရေး
အဖတ်အတွက်ပညာ အမြဲပဲတို့လေ့
လာ.....

ထကိုအောက်ဖျက်အသံထွက်
တော့ ကခေါ်သတဲ့ ဦးကြီးရဲ့.....
အရေးအဖတ်အတွက်ပညာ အမြဲပဲ
တို့လေ့လာ.....

ထစာလုံးကို ဘယ်မှာအောက်
ဖျက် ညာထက်ဖွင့်တော့ လခေါ်
သဗျ အဒေါ်ရ.....အရေးအဖတ်
အတွက်ပညာ အမြဲပဲတို့လေ့လာ...

ထစာလုံးရေး ဘယ်မှာဘေး
ဖွင့် ညာထက်ဖျက်ကို သခေါ်သတဲ့
ဦးကြီးရဲ့.....အရေးအဖတ် အတွက်
ပညာ အမြဲပဲတို့လေ့လာ.....

ဦးဦးဒေါ်ဒေါ် အခေါ်အဝေါ်
မလွဲချော်အောင်သာ
(အော်ဟစ်ကာသာဆိုကြပါဗျ)[၂]
(ဝထကလသ)[၃]"

ကျောက်မဲမြို့ အထက(၁)ရဲ့ (--)ခန်းမ၌ ကျင်းပနေသော အခြေခံစာတတ်မြောက်ရေး သင်တန်းဖွင့်ပွဲတွင် "စာသင်ချိန်" ဟူသော သီချင်းလေး၏အဆုံး ဝထကလသ ဆိုသည့် သံပြိုင်ဟစ်သံက ဟိန်း၍ ထွက်လာသည်။ လက်ခုပ်သံ တဖြောင်းဖြောင်းကြားသောအခါ ဘေး၌အတူထိုင်နေသည့် တစ်ရွာတည်းအတူ လုပ်အားပေးတာဝန်ကျနေသည့် ညီမလေးက.....

"အားရကျေနပ်စရာကောင်း လိုက်တာ မကြာဖြူရယ်၊ ကြက်သီးတွေတောင် ထလာသလားမှတ်ရအောင် ကြည်နူးမိတာလေ"

တော်ပါသေးရဲ့။ ရှမ်းမလေး ပေမို့ ဒီလောက်လေးပဲပြောတတ်တာ။ ဗမာရည်လည်သူတစ်ယောက် ဆိုလျှင် နောက်ထပ် ဘယ်လိုထပ်ဖွဲ့ပြဦးမလဲမသိချေ။

"ဒီကို နောက်တစ်ခေါက်ရောက်ဖြစ်ကြသေးတယ်နော်၊ ယုန္ဒယ်က လေးဆယ့်ငါးရက်ပြည့်ခါမှ ရွာကခွာခွင့်ရမယ်ထင်တာ သိလား"

ယုန္ဒယ်ခေါ်ဆိုသည့် မိန်းကလေးက ကျွန်မတို့သုံးယောက် အုပ်စုတွင် အငယ်ဆုံးမဟုတ်ပေမယ့် အိမ်မှာအလိုလိုက်ခံထားရသူပီပီ ကလေးဆန်သည်။ မသိနားမလည်မှုက များသည်။ သူတင်မဟုတ်။ နန်းစံဖုန်းမည်သော ရှမ်းမလေးက အငယ်ဆုံးနှင့် ကလေးဆန်သူ။ ဒီထဲတွင် မဟာဝိဇ္ဇာတန်းတက်နေသော ကျွန်မကသာ သုံးယောက်

အားလုံးသည် အိမ်နှင့်မတူ ကွဲပြားသော
တစ်ရပ်တစ်ကျေး၌ အပြောင်းအလဲအသစ်တစ်ခုတွင်
ပျော်မွေ့ကြသည်။ ပျော်ကြပါစေ၊
သူတို့တွေ လွတ်လပ်စွာ ပျော်ကြပါစေတော့။ ကျွန်မကတော့
စာသင်ဝိုင်းမရခင်ကာလက သူတို့ မသိအောင်
ဖုံးကွယ်ထားသော ကျွန်မရဲ့သောကများကိုမှ ဘယ်တော့မှ
လှစ်ဟပြလိမ့်မည်မဟုတ်...

www.burmeseclassic.com

www.burmeseclassic.com



ကြား ဦးဆောင်သူအလိုလိုဖြစ်လာခဲ့သည်။

စစပိုင်းနေ့ရက်များတွင် ထိုမသိနားမလည်မှုများကြောင့် စိတ်ရှုပ်ခဲ့ရဖူးပေမယ့် သုံးယောက်ကြားဘာအဖုအထစ်မှ မရှိခဲ့ဘဲ တကယ့်ညီအစ်မရင်းတွေပမာ ရင်းနှီးခင်မင်လာခဲ့သည်ကတော့ အမှန်ပင်။ သုံးယောက်အဖွဲ့ဆိုရာတွင် ကျွန်မတို့သည် လားရှိုးကတည်းက ရင်းနှီးလာသူများတော့မဟုတ်။ ကျောက်မဲမြို့ရောက်တော့ ကြီးကြပ်ဆရာ၊ ဆရာမငါးဦးက ကျောင်းသူကျောင်းသား အယောက်(၅၀)ကို (၁၀)ယောက် တစ်အုပ်စုခွဲ၊ ထို(၁၀)ယောက်အုပ်စုတွေကနေ နှစ်ယောက်တစ်ဖွဲ့တစ်ရွာ၊ သုံးယောက်တစ်ဖွဲ့တစ်ရွာ တာဝန်ချပေးသည်။

ကျွန်မတို့ လုပ်အားပေးတာဝန်ကျသည့်ရွာလေးက 'နားအိုက်ခန့်' ဆိုသည့် ရှမ်းရွာလေး။ ရွာလေးသည် ကျောက်မဲမြို့နှင့် ဆယ့်နှစ်မိုင်ခန့်ဝေးသော ကျောက်မဲ–မန္တလေး ကားလမ်းမနံဘေး၌ တည်ရှိသည့် ရွာလေးဖြစ်သည်။ အိမ်ခြေတစ်ရာကျော်၊ လူဦးရေ သုံးထောင်နီးပါးရှိသည်။

အချို့အုပ်စုများသည် ကျောက်မဲမြို့နယ်၏ အစွန်အဖျားဖြစ်သော မိုင်းတင်း၊ မိုင်းလုံ၊ မိုင်းငေါ့ထိ တာဝန်ကျသောသူများလည်းရှိသည်။

ကားလမ်းနံဘေးတွင်ရှိသော ရွာလေးပေမယ့် ခေတ်မီသောရွာလေးတော့မဟုတ်သေးချေ။ စိုက်ပျိုးရေးထွန်းကားသည်။



စိုက်သလောက် အကျိုးအမြတ် များပြားစွာ ရရှိနေသော်လည်း အစားအသောက်ဘက်၌မူ ချွေတာသည်။ ကျွန်မတို့သုံးယောက်အတွက် သီးသန့်အိမ် စီစဉ်ပေးသောအခါ ချက်ရေးပြုတ်ရေးအတွက် ကျွန်မတို့ တတ်သလောက်၊ မှတ်သလောက်နှင့် လက်စွမ်းပြရတော့မည်။ နွေရာသီခေါင်ခိုက်ခိုက်မို့ ဟင်းသီးဟင်းရွက်ဆိုတာ ရှားမှရှား။ သူတို့ကိုယ်တိုင်တောင် ကျောက်မဲကလာရောင်းသော ဈေးသည်ထံတွင် ဝယ်စားနေကြခြင်းမို့ ကျွန်မတို့ကလည်း ဝယ်စားရသည်။ ရွာ၌ နေ့အခါ ကလေးငယ်လေးတွေကို စာသင်ပေး၊ ညအခါတွင် သက်ကြီးရွယ်အို အဘိုးအဘွားတွေကို စာသင်ပေး၊ စားရေးသောက်ရေးကို ဖြစ်သလိုဖြေရှင်းနေချိန် ကျောက်မဲကနေ ဖုန်းဝင်လာသည်။

မနက်ဖြန် အခြေခံစာတတ်မြောက်ရေးဖွင့်ပွဲ အခမ်းအနား အထက(၁)၊ (––)ခန်းမတွင်ရှိသည် ဆိုသောအခါ ကျွန်မတို့အားလုံး ပျော်ရွှင်သွားရပြီး မြို့ရောက်လျှင် အသီးအရွက်တွေဝယ်မည်၊ ပေါင်မုန့်၊ ကော်ဖီတွေဝယ်မည် စသဖြင့် အစီအစဉ်ဆွဲကြလေသည်။

ဘာပဲဖြစ်ဖြစ် အားလုံးသည် အိမ်နှင့်မတူ ကွဲပြားသော တစ်ရပ်တစ်ကျေး၌ အပြောင်းအလဲအသစ် တစ်ခုတွင် ပျော်မွေ့ကြသည်။ ပျော်ကြပါစေ၊ သူတို့တွေ လွတ်လပ်စွာ ပျော်ကြပါစေတော့။ ကျွန်မကတော့ စာသင်ဝိုင်းမရခင်ကာလက သူတို့မသိအောင် ဖုံးကွယ်ထားသော ကျွန်မရဲ့သောကများကိုမူ ဘယ်တော့မှ လှစ်ဟပြလိမ့်မည်မဟုတ်။

"ကမ္ဘာလောကကြီးရဲ့အပူက ဆရာမရင်ထဲက အပူတွေလောက် မပူပါဘူးကွယ်"

ဆိုင်ကယ်နောက်တွင် ထိုင်လိုက်လာတဲ့ ကျွန်မ ဆရာမကြီး ဒေါ်မြင့်မြင့်မေရဲ့ အစပျိုးစကားကြောင့် အသာလေးငြိမ်နေလိုက်သည်။ ညီမလေးနှစ်ယောက်ကတော့ မနက်စောစောက သန်းခေါင် စာရင်းကောက်မည့် ဆရာမများ

နောက်သို့ အကြုံလိုက်သွားသည်။ ကျောက်မဲမှာ ရွာသို့ကားများ ခက်ခဲလှသည်။ ကြုံသည့်ဆိုင်ကယ်၊ ကားရဖို့ဆိုတာ ရှားလှသည်။ (ကျောက်မဲဈေးအပြင်ဘက်၌ ရွာဘက်သို့ သွားသော ထော်လာဂျီ ဂိတ်ရှိကြောင်း အတော်ကြာမှသိရသည်။)

ဆရာမကြီးရဲ့ နောက်ဆက်တွဲစကားကို စောင့်မျှော်ရင်း ကျွန်မ ပတ်ဝန်းကျင်ရှုခင်းများကို မပြတ်လေ့လာနေမိသည်။ ဧပြီလမို့ နွေရဲ့ အပူက အထွတ်အထိပ်။ စိုက်ပျိုးတောင်သူများက မြေကြီးများကို မြက်ရှင်းထွန်ယက်ပြီး စိုက်ပျိုးရန်အသင့်၊ သကြံန်မိုးကျလျှင် တောက်လျှောက်စိုက်၍ရသည့်အနေအထား။

အနီရောင်သန်းသော မြေကြီးများ၊ တောင်ကုန်းတောင်တန်းများပေါ် ထွန်ယက်ထားသော မြေကြီးများဆီက အပူငွေ့များ တငြီးငြီးထွက်ပေါ်နေသည်။ သစ်ပင်တောတောင်များက လမ်းဘေးဝဲယာ၌မရှိသလောက် နည်းပါးသည်။ နွေရာသီအစတွင်တောင် အသားတွေမီးထတောက်မတတ် ပူနေလျှင် နွေရာသီတစ်တွင်းလုံး သူတို့တွေ မည်ကဲ့သို့ ဖြတ်သန်းကြမည်နည်း။

“အုပ်ချုပ်ရေးမှူးက စာတတ်မြောက်ရေးအဖွဲ့ကို လက်မခံနိုင်ဘူး၊ စာသင်မယ့်ရွာသားတွေ စုမပေးနိုင်ဘူး။ အထူးသဖြင့် မိန်းကလေးတွေဖြစ်နေလို့ လုံခြုံရေးအတွက်လည်း တာဝန်မယူနိုင်ဘူးတဲ့လေ”

ဆရာမကြီးရဲ့ စကားကြောင့် ကျွန်မရင်ထဲ အောင့်ခနဲဖြစ်သွားသည်။ သူတို့ရွာသူရွာသားတွေ စာတတ်ဖို့ စေတနာနှင့် လုပ်အားပေးလာခဲ့ခြင်းကို ဝမ်းပန်းတသာနှင့် မကြိုဘဲ အစစအရာရာ ဘူးတစ်လုံးဆောင်နေသော မမြင်ရသေးသည့် အုပ်ချုပ်ရေးမှူးဆိုသူကို စိတ်တိုသွားရသည်။ လက်ခံသူမရှိ ကြိုဆိုသူကင်းမဲ့သော အခြေအနေတစ်ခုကို မြင်ယောင်မိတော့ ဝမ်းနည်းကြေကွဲသွားသည်။ အခြေခံစာတတ်မြောက်ရေးရဲ့ ခရီးစဉ်အစက ဤကဲ့သို့သော အခက်အခဲနှင့် စတင်ရမည်လား။

“အဲဒီအတွက်လည်း စိတ်ဓာတ်ကျတာ၊ စိတ်အားငယ်တာတွေ မဖြစ်ပါနဲ့၊ ရွာလူကြီးကတော့ သဘောကောင်းပါတယ်၊ ဆရာမကတော့ လက်မခံဘူးဆိုတာနဲ့ လက်လျှော့မသွားစေချင်ဘူး၊ သမီးတို့ကို သင်တန်းပေးတော့ ဒီ့ထက်မကတဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်လို့တောင် ပြောခဲ့တယ်မဟုတ်လား၊ အဲဒီအခက်အခဲတွေနဲ့စာရင် ဒါက အသေးအမွှားပါ၊ ဆရာမကလည်း အဝေးတစ်နေရာကနေ စေတနာအရင်းခံရောက်လာကြတဲ့ သမီးတို့တွေကို အကျိုးမဲ့အချည်းနှီး ပြန်မသွားစေချင်ဘူး”

ဆရာမကြီးရဲ့ အားပေးစကားများ၊ စေတနာစကားများအတွက် အမှန်တကယ် ကျေးဇူးတင်ရသည်။ ကျဆင်းလုလုစိတ်ဓာတ်များ မြင့်တက်လာပြန်သည်။ ကျွန်မက အကြီးဖြစ်လို့ ငါစိတ်ဓာတ်ကျလို့ မဖြစ်ဘူးဆိုတဲ့ အတွေးရှိပေမယ့် ငယ်သူတွေကျတော့ အကြောင်းစုံသိ စိတ်ဓာတ်ကျပြီး ပြန်ပြေးချင်စိတ် ပေါက်သွားခဲ့ရင် စာသင်ဖို့ ရွာသူရွာသားတွေကို မစည်းရုံးရသေးတာကတစ်မျိုး၊ သူတို့ကိုထိန်းရတာတစ်မျိုးနှင့် အားလုံး စိတ်ညစ်စရာတွေအတိ။ ထို့ကြောင့် ရွာကို ပြန်ရောက်တော့ ကျွန်မ သူတို့ကို ဘာမှပြန်မပြောဖြစ်။ သူတို့ကတော့ ကျွန်မတို့ရဲ့ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပြီး.....

“မကြာဖြူ ဆရာမကြီးက ဘာပြောလဲဟင်”

“ဘာမှမပြောပါဘူးဟယ်၊ နာရီဝက်လောက် ဆိုင်ကယ်စီးခဲ့ရတာ အရမ်းပင်ပန်းတယ်ဟာ၊ နေကြာစေ့က ကျွေးတာလား၊ စားပြီးနော်”

ဆရာမကြီးကတော့ ကျွန်မတို့ကို နေရမည့်အိမ်လေးတွင်ထားခဲ့ပြီး ရွာထဲသို့သွားလေသည်။ အိမ်လေးက ထရံကာသွပ်မိုး ဖြူနီးကြမ်းခင်းထားတာမို့ သပ်သပ်ရပ်ရပ်နှင့် နေချင်စဖွယ်။ ကျောင်းဖွင့်လျှင် ဆရာမတွေနေသည့် အိမ်လေးမို့ အိုးခွက်ပန်းကန်များက အဆင်သင့်၊ တစ်လလောက် လူမနေတာမို့ နှစ်ရှည်လများ ပစ်ထားသည့်မဟာ ဖုန်တွေက တလိမ့်လိမ့်၊ သုံးယောက်သား အိမ်ထဲအထုပ်အပိုးတွေမထည့်ခင် တစ်အိမ်လုံး သန့်ရှင်းရေးလုပ်ရသေးသည်။

“မကြာဖြူ နောက်ဖေးသွားချင်လား”

ကွပ်ပျစ်အောက်က အမှိုက်

www.burmeseclassic.com

www.burmeseclassic.com



များဆွဲထုတ်ပြီး တံမြက်စည်းနှင့် လှည်းထုတ်နေစဉ် စံဖုန်းရဲ့အမေး စကားကြောင့် ခေါင်းယမ်းပြီး.....

"မသွားချင်ဘူး။ စံဖုန်းသွား ချင်သွားလေ"

"သွားချင်တာက ရောက် ကတည်းက ဒါပေမဲ့ ဒီမှာသွားလို့ မရဘူး။ အိမ်သာကပြည့်နေတယ်၊ ဆရာမက အပေါ့အပါးသွားချင်ရင် ကျောင်းအိမ်သာမှာ သွားလို့ရတယ် တဲ့၊ ဒီမှာ သော့ပေးခဲ့တယ်၊ အဲဒါ မကြာဖြူ အဖော်လိုက်ခဲ့ပေး၊ မယု နွယ်ကော လိုက်မလား"

စံဖုန်းရဲ့စကားကြောင့် ဟိုက် ခနဲဖြစ်သွားသည်။ ကျောင်းနှင့်အိမ် က ဆယ်မိနစ်ခန့် လမ်းလျှောက်မှ ရောက်သည်။

အရေးပေါ် ကြာရှည်လွှယ် ထား၍မဖြစ်သော ဤအန္တရာယ်ကို နေ့စဉ် ဤကဲ့သို့ပဲ ဖြေရှင်းရမည် လား။

"အင်းပေါ့လေ၊ ဘယ်တတ် နိုင်မလဲ၊ ဒါဆို တံခါးပိတ်လေ၊ သွား စို့"

တံခါးပိတ်ပြီး ကျောင်းဆီသို့ လျှောက်လာချိန် လမ်းခုလတ်၌ စိမ့် ရေချောင်းတွင် လူများရေချိုးနေကြ သည်။ ယုနွယ်ဆွေက.....

"အိမ်သန့်ရှင်းရေးလုပ်ပြီးရင် ယုနွယ်တို့ ရေခပ်ရအောင်၊ ထမင်း ချက်စရာ ရေမရှိဘူး"

"ဒီရွာမှာက ထုံးစံတစ်ခုရှိ တယ်၊ ဆရာမတွေအတွက် ဟင်း တစ်ခွက်၊ ထမင်းတစ်ခွက်ကို ဆရာမတွေစားဖို့ဆိုပြီး အလိုက် တသိနဲ့ လာမပေးတတ်ဘူး၊ သူတို့ အိမ်သွားပြီး ဘာလေးလိုလို့ သွား တောင်း၊ မငြင်းဘူး ပေးတယ်"

လို့ ရွာခံဆရာမက ရှင်းပြ တော့ တောင်းစားမှ စားရမယ့်ဘဝ ဖြစ်သွားပလားဟု ကျွန်မတို့တွေ စိတ်လက်ညစ်စွာ ညည်းညူမိခဲ့ကြ သေးသည်။ သို့သော် ဒါသည် ယေဘုယျဆန်စွာ ကောက်ချက်ချ ခြင်းသက်သက်သာဖြစ်သည်။

"ဆရာမ ခရမ်းချဉ်သီး ဝယ် မစားနဲ့နော်၊ အိမ်က,ကလေးနဲ့ ပို့ ခိုင်းလိုက်မယ်"

"ကြက်သွန်နီ၊ ကြက်သွန်ဖြူ တွေ အိမ်မှာလာယူလှည့် ဆရာမ"

ဟူ၍ ပြောတတ်သူများလည်း ရှိသေးရာ သူတို့ရဲ့ ထုံးစံမလေ့ဆို တာကို ကျွန်မတို့ လက်မခံပေ။

အချို့သည် ဆရာမတည်းဟူ သော အမည်နာမကို အင်မတန် ရိုသေလေးစားကြသည်။ ရွာထဲသို့ သွားသည့်အခါ လမ်းမှာတွေ့သည့် လူများက သိသိ၊ မသိသိ မနေ့တစ် နေ့ကမှ ရောက်လာသော ကျွန်မတို့ ကျောင်းသားအဖွဲ့ကို 'ဆရာမ'ဟု တလေးတစား ခေါ်တတ်ကြသည်။ အိမ်ဘေးမှ ဖြတ်သွားသောကလေး များကလည်း ဆရာမ မင်္ဂလာပါဆို သည့်စကားကို အသွားကောအပြန် ပါ မမေ့နိုင်စွာ နှုတ်ဆက်တတ်ကြ ပါသည်။

ဒီဆရာမ ရွှေ ငွေ ဝတ်မထား ပါလားဆိုသည့် အမြင်မျိုးမရှိ၊ ဂုဏ် ပကာသနကင်းသော ရွာလေးကို အမှန်တကယ်ခင်တွယ်မိသည်။ လားရှိုးကထွက်လာချိန် အသိမိတ် ဆွေများက

"ကျောက်မဲဘက်မှာ အခြေ အနေ သိပ်မကောင်းဘူးတဲ့၊ အန္တရာယ်များတယ်၊ လိုက်မသွား နဲ့"

စေတနာစကားမို့ ကျေးဇူးတင် သော်လည်း 'ဘယ်သူပြိုင်လို့ လှပါ တော့နိုင်'စာတတ်မြောက်ရေးဇာတ် ကားကိုကြည့်ပြီး အမှန်တကယ် စာ မတတ်မြောက်သူတွေကို သင်ကြား ရတဲ့ပီတိမျိုး လိုချင်ခဲ့သဖြင့် သူတို့ ရဲ့တားဆီးသံတွေက ကျွန်မတို့ရဲ့ စိတ်ထဲ တိုးမပေါက်ခဲ့ချေ။

ကျွန်မတို့နေသည့်အိမ်လေးက ကားလမ်းနံဘေး အောက်ချိုင့်ထဲမှာ မို့ တစ်ခါတလေ စစ်ကားတွေ တစ် စီးပြီးတစ်စီး ဖြတ်သွားတာမြင်ရပြီး စစ်သားတွေပါတဲ့အခေါက်ရှိသကဲ့သို့ ကားအလွတ်ချည်းသက်သက်မောင်း သွားသည့်အခါမျိုးလည်းရှိသည်။

"အစ်မရေ.....စစ်ကားတွေ တော့ ဖြတ်သွားပြန်ပြီ၊ အဲဒါဘယ် ဘက်သွားတာပါလိမ့်"

"စစ်ကားတွေမြင်တိုင်း ထိတ် လန့်ရမယ်ဆိုရင် နေစရာကိုမရှိ တော့ဘူး ကြာဖြူ"

တောရွာပေမယ့်လည်း စားပင် သီးပင် စိုက်တယ်ဆိုတာက အရှား သား။ ပြောင်း၊ မြေပဲ၊ ချုကိုသာ တွင်တွင်ကျယ်ကျယ်စိုက်ပြီး အိမ် စားဖို့ ဟင်းသီးဟင်းရွက် စိုက်တယ်

www.burmeseclassic.com





များ လိုင် လိုင်ကြီးခူးတော့သည်။

ကျောင်းဝန်းထဲတွင် အလေ့ကျ အုံလိုက်ပေါက်နေသော မြူရွက်များကလည်း ကျွန်မတို့ခူးလွန်းသဖြင့် ကြာလျှင် ငိုတော့မည်။

အဘိုးအဘွားတွေကို စာသင်သည့်အခါ သူတို့အားမည့်အချိန်ရွေးသင်ပေးရသည်။

ဆိုတာက အနည်းငယ်။ အခုလို ခွ ရာသီအခါတွင် သူတို့တောင် ယ် စားနေရတယ်ဆိုတော့ ကျွန်မတို့က တော့ ပြောစရာမရှိ။ ညနေ နေနည်း နည်းကျပြီး အပူသက်သာပြီဆိုလျှင် ချောင်းရိုးတစ်လျှောက် စား၍ရသည့် ဟင်းသီးဟင်းရွက် လိုက်ရှာရတာ ကလည်း ပျော်စရာကောင်းလှသည်။ စံဖုန်းကတော့ ချောင်းရိုးဘက် ရောက်လျှင် ရေကန်စွန်းရွက်ညွှန့်

ည ၇ နာရီခွဲကနေ ၉ နာရီခွဲထိ။ တစ်ခါတလေ ၁၀ နာရီအထိ ဖြစ်သွားတတ်သည်။ ဒါတောင် အချို့က.....

"ဆရာမ သင်ဦးလေ၊ နည်းနည်းပဲသင်ရသေးတယ်"

"အလို....ကိုးနာရီတောင်ခွဲပြီလား၊ ဆရာမ ဆက်သင်ပေးဦးနော်"

ထိုကဲ့သို့ စာကို စိတ်ဝင်တစားသင်တာမြင်ရလျှင် စိတ်ချမ်းသာရသည်။

စစချင်း စည်းရုံးရေးဆင်းရသည့်နေ့တွေကဆိုလျှင် အတော်ကြီးကို ပြောပြ၊ ရှင်းပြခဲ့ရသည်။ စဉ်း

ပါခမ်းလူ<br>
ဆိုသည့် အဘွားက<br>
အသက်ခြောက်ဆယ်ကျော်ပြီ။<br>
မျက်စိအနည်းငယ်မှုန်ပြီး<br>
ဇွဲကတော့<br>
ဘာကောင်းသလဲမမေးနှင့်။<br>
ပါရွှေဥ ပြီးရင်<br>
သူစာတတ်အမြန်ဆုံး။<br>
မျက်စိမှုန်တော့<br>
ဖန်ချောင်းမီးနှင့်သင်မရ။<br>
စာအုပ်ပေါ်<br>
ဓာတ်မီးနှင့်ထိုးပြမှမြင်သည်။<br>
အမြဲတမ်း<br>
အဲဒီအဘွား<br>
ညည်းညူတတ်တာက<br>
. . .

www.burmeseclassic.com

စားဦးမည်ဆို၍ စဉ်းစားခိုင်းရသေးသည်။ သူတို့ရဲ့ အဓိကအကြောင်းပြချက်က ကိုယ့်ထက် အသက်အရွယ်များစွာငယ်ရွယ်သူနှင့် သင်ရမှာကို ရှက်သည်တဲ့လေ။

တချို့ကျတော့လည်း သားရေးသမီးရေးနှင့် အကြောင်းပြကြသည်။ ရွာလူကြီး ဦးစံလုကတော့ တုတ်ထိုးအိုးပေါက် ပြောတတ်သူပီပီ.....

''ခင်ဗျားတို့ အချိန်ဆွဲလိုက်၊ အကြောင်းပြလိုက်နဲ့ ကိုယ့်ရွာကို စေတနာနဲ့ရောက်လာတဲ့ ဆရာမတွေကို အားမနာဘူးလား''

နောက် ကျောင်းအုပ်ဆရာမကြီးက ရှမ်းဝမ်းဆက်အကောင်းစား ဆုချမည်၊ စခန်းသာက သားဖွားဆရာမ ဒေါ်ကြေးမုံက အားဆေးတွေတိုက်မည် အစရှိသဖြင့် သူတို့ကို အမျိုးမျိုးစည်းရုံးသောအခါ စိတ်ဝင်စားလာကြသည်။ တကယ်တမ်း စာသင်ကြ၊ ရင်းနှီးသွားကြချိန် ရှမ်းဝမ်းဆက်ဆိုတာ၊ အားဆေးဆိုတာ သူတို့အတွေးထဲမှာ မရှိတော့ဘဲ စာသင်ရက်တစ်ရက်နောက်ကျသွားမှာကိုတောင် အင်မတန်စိုးရိမ်သည်။

သကြံန်တွင်း အဒေါ်တို့ စာသင်ဝိုင်းပိတ်မလားဆိုတော့ အားလုံးက တညီတညွတ်တည်း မပိတ်ဘူးဆိုလေတော့ နှစ်ဆန်းတစ်ရက်ကလွဲရင် ပိတ်ရက်မရှိ သင်ကြားခဲ့ရသည်။

''အေးထွန်း ငါ့ကိုကျော်သွားပြီ၊ နောက်ရက်တွေ ဘယ်တော့မှ မပျက်တော့ဘူး''ဆိုသည့် 'ပါခင်ငွေ'ရဲ့ စာလိုချင်သော လောဘစိတ်လေးက ချစ်စရာ၊ နောက် သူ့ရဲ့လိုက်နိုင်မှုနှင့်အတူ သင်ခန်းစာရှေ့တက်ပေးခြင်းမို့ နောက်ကျကျန်ခဲ့သူများက ရှေ့ရောက်သူများရဲ့စာကို ကြည့်ပြီး.....

''အဲဒီအခန်းရောက်အောင် ငါတို့လည်း မြန်မြန်ရေးမယ်''

'ပါရွှေ'ဆိုသည့် ဆယ်အိမ်မှူးကတော်ကလည်း အတော့်ကိုဉာဏ်ကောင်းသည်။ မနေ့ကသင်ပြီးသည့် စာများကို သူ့ဘာသာ ဘယ်သူ့မှ မမေးဘဲ တစ်ယောက်တည်းဖတ်ကြည့်နေတတ်သည်။ ကျွန်မတို့က တခြားအဒေါ်တွေကို သင်ပေးပြီး သူ့ဘက်ကိုကြည့်ကာ.....

''ပါပါ အနိုက်ပင် အီရန်ခ''

(အဒေါ် ဒါဘာလဲရှင့်)

'ကွယ်'ဆိုသည့်စာလုံးကို ထောက်ပြပြီး မေးလိုက်သောအခါ သူက 'ကိုယ်'ဟုအသံထွက်ပြသဖြင့် ကျွန်မ ခေါင်းယမ်းလိုက်ပြီး.....

''မကြိုက်ခ''(မဟုတ်ဘူးရှင့်)

သူက စဉ်းစား၍ လက်ဝါးကာပြပြီး...

''ကပ်မလိုင်''

သဘောကတော့ မပြောပြနှင့်၊ သူစဉ်းစားဦးမည်ဆိုသည့်ဟန်။ အတော်ကြာမှ

''ကဝဆွဲယက်သတ်ကွယ် ကြိုက်ခ ဆရာမ''

''အိုး...ကြိုက်ခ ကြိုက်ခပါ''

သူ့ကို လက်မထောင်ပြလိုက်တော့ အတော်ကိုသဘောကျသွားသည်။ ဝိုင်းထဲမှာရှိသမျှ အဒေါ်တွေက တစ်ဦးတစ်ယောက်ကို ချီးကျူးပြလိုက်ရင် သူတို့ပါ လိုက်ကြိုး
ကြတော့သည်။ တစ်ခါတလေ '
ပေါက်'ကို မဖတ်တတ်သဖြင့် '
ကပေါက်'ဟုဖတ်သောကြောင့်
ရသေးသည်။

'ပါခမ်းလူ'ဆိုသည့်အဘွား
အသက်ခြောက်ဆယ်ကျော်ပြီ။ မျက်
စိအနည်းငယ်မှုန်ပြီး ဖွဲ့ကတော့
ကောင်းသလဲမမေးနှင့်။ 'ပါရွှေ'ပြီ
ရင် သူစာတတ်အမြန်ဆုံး။ မျက်
မှုန်တော့ ဖန်ချောင်းမီးနှင့်သင်မ
စာအုပ်ပေါ် ဓာတ်မီးနှင့်ထိုးပြမှ
သည်။ အမြဲတမ်း အဲဒီအဘွားသည်
ညှုတတ်တာက.....

''ဆရာမ မမော်ရိုး''တဲ့။ ခ
တယ်လို့သာဆိုသည်။ ပြီးရင် ဘယ်
စာလုံးထောက်ပြပြ သူမဖတ်တ



www.burmeseclassic.com



ဘာမရှိ။ အဲဒီအဘွားက အပျင်းပြေအောင် ရယ်စရာလေးတွေလည်း ထည့်ပြောတတ်သေးသည်။

"ငါက ရှမ်းဝတ်စုံလှလှလေး ဝတ်ချင်လို့ လာသင်တာ၊ မဟုတ်ရင် လာမသင်ဘူး"

လို့ဆိုရင် အကြောင်းသိသူတွေက ဝါးခနဲရယ်ကြသည်။

"စာမတတ်ရင် တောင်ယာပဲ လုပ်ရတယ်နော့ ဆရာမ၊ တောင်ယာလုပ်ရတာ အရမ်းပင်ပန်းတယ်၊ ဒီလိုမှန်းသိရင် မိဘတွေ စာသင်ခိုင်းတုန်းက ပုန်းမနေပါဘူး၊ အခုကျတော့ အသက်ကြီးပြီ၊ စာသင်လည်း ဘာမှမထူးတော့ပါဘူး"

သူတို့အတွေးထဲ၌ အသက်ကြီးမှ စာတတ်လည်း ဘာမှမထူးတော့ဘူးဟု တရားသေ မှတ်ယူထားကြသည်။

"အဲဒီလိုတော့ မဟုတ်ဘူး ပါ့ပါ့ စာရေးတတ်၊ ဖတ်တတ်၊ ဂဏန်းတွက်တတ်တော့ ပါ့ပါ့တို့ကို ဘယ်သူမှ လိမ်လို့မရဘူးလေ၊ ဥပမာ ပေါ်း ကို ပွဲရုံမှာသွားရောင်းမယ်ဆိုရင် စာ မဖတ်တတ်ရင် သူတို့ဘာရေးလို့ ရေးထားမှန်းမသိ၊ အခုခေတ်က အလိမ်အညာတွေလည်းပေါတယ်"

အဲဒီလိုပြောတော့ ဘာမှပြန်မပြောဘဲ နားထောင်နေကြရှာ၏။

"မြန်မာစာဆိုတာ မြန်မာနိုင်ငံရဲ့ ရုံးသုံးစကားလေ ပါ့ရဲ့၊ ဥပမာ ဒီသတိပြုပါ၊ ရှေ့မှာကျောင်းရှိသည်၊ ဖြည်းဖြည်းမောင်း စတဲ့ လမ်းညွှန် သတိပေးဆိုင်းဘုတ်တွေက မြန်မာလိုပဲရေးထားတာ၊ မြန်မာစာမဖတ်တတ်တော့ မြို့ထဲရောက်ရင် ဆိုင်းဘုတ်တွေတော့ တွေ့ပါရဲ့၊ ဘာရေးထားလို့ ရေးထားမှန်းမသိ၊ ဘာကို ညွှန်ပြထားသလဲမသိဖြစ်မှာ"

ယုန္ဒယ်ဆွေနှင့် စံဖုန်းက သူတို့ နားလည်လွယ်အောင် ရှမ်းလိုပြန်ရှင်းပြတော့ အဘွားတွေက ခေါင်းတညိတ်ညိတ်နှင့် ရှိလေသည်။ တစ်ခါတလေ ကျွန်မတို့အဖွဲ့အတွက် ကြီးကြပ်တာဝန်ကျသည့် ဆရာမ ဒေါ်ယဉ်ယဉ်စိုးက ကျွန်မတို့စာသင်ဝိုင်းဘက်လာကြည့်ပြီး ရှမ်းလိုပြောသင်တဲ့ စံဖုန်းကို.....

"တတ်နိုင်သမျှ ရှမ်းစကား မသုံးဘဲ သင်၊ ဒါမှ သူတို့ ဗမာစကား လည်းတတ်မှာ"

"ဆရာမ သမီးဝိုင်းမှာရှိတဲ့ ပါ့ပါ့တွေက မကြာဖြူတို့ဝိုင်းက ပါ့ပါ့တွေလောက် ဗမာစကားမပြောတတ်ကြဘူး၊ ရှမ်းလိုမပြောဘဲ ဗမာစကားနဲ့သင်တော့ သူတို့ နားမလည်ဘူး၊ နောက်လာမသင်တော့ဘူးတဲ့"

ယုန္ဒယ်ဆွေသင်ရသည့် 'ပါအေးညွှန့်'ဆိုသည့် အစ်မတစ်ယောက်ကလည်း ဗမာစကား သိပ်နားမလည်။ တစ်ခါတွင် ယုန္ဒယ်က ပိညွှန့်ကိုသင်ပုံက ဒီလို.....

"အနိုက်ပင် အီရန်ခ ပီ"

"အ.....ခ"

"အနိုက်ပင် အီရန်ခ ပီ"

"အရေးချ အာ"

"အနိုက်ပင် အီရန်ခ ပီ"

'အား'ကိုညွှန်ပြသောအခါ ပိညွှန့်တစ်ယောက် အသံမထွက်တော့ချေ။ နောက်ဆုံးကျတော့.....

"အား.....အနိုက်မမော်ရှိုး ဆရာမ"

"အိုး.....ကြိုက်ခ ပီ အနိုက် 'အား'ခ"

ယုန္ဒယ်ဆွေ လည်လိုက်ပုံများ ဟိုက အားအသံမထွက်တတ်သဖြင့် အာမေဍိတ်သံနှင့်အတူ အား ခက်လိုက်တာဟု ဆိုခြင်းကိုနင်းပြီး "အား"ဟုတ်တယ်ဟု ဆိုလိုက်လေသည်။

ဘာပဲဖြစ်ဖြစ် စာသင်နေရသခိုက် အရာအားလုံးကို မေ့လျော့ကာ အိမ်ကိုသတိရတယ်ဆိုတာလည်းမရှိ၊ စိတ်ညစ်ရတယ်ဆိုတာလည်းမရှိ။ သူတို့ကိုသင်လိုက်၊ ရယ်လိုက်နှင့် အတော်ပျော်စရာကောင်းသည်။ စံဖုန်းကဆိုလျှင်.....

"အိမ်မှာနေရချိန်ထက် စာသင် နေချိန်ပဲ ပိုပျော်တယ်၊ တတ်နိုင်ရင် တစ်နေကုန်တောင် သင်ပစ်ချင် တာ"

အိမ်ဆိုတာ နားအိုက်ခန့်ရွာက အိမ်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ကျွန်မတို့နှင့်အတူနေပေးသည့် နယ်ခံဆရာမဇော်ဇာတိက မုံရွာ။ ကျွန်မတို့ရဲ့ အခြေခံစာတတ်မြောက်ရေးအတွက် ရောက်လာသောအခါ သူအိမ်မပြန်ရတော့ချေ။ ကျွန်မတို့နှင့်အတူ အဆောင့်အရှောက်သဘောဖြင့်နေသည်။

အဲဒီဆရာမက ကျွန်မတို့အပေါ် အစစ ပြောစရာမရှိအောင်

www.burmeseclassic.com


ကောင်းပါသည်။ တစ်ခုပဲ။ တစ်ခါတလေ သူ့အိမ်ကို သတိရ၍ဟုဆိုကာ ကျွန်မတို့သုံးယောက်ကို နှစ်ရက်သုံးရက် စကားမပြောဘဲနေသည်။ ထမင်းစားခေါ်လျှင်လည်း စားချင်မှစားသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွေတွင် ကျွန်မတို့ အတော်နေရထိုင်ရကျပ်သည်။

ထို့ကြောင့် မနက်စာသင်ချိန် ပြီး၍ ထမင်းစားပြီးလျှင် ထီး၊ ရေဘူး၊ စာအုပ်တွေယူပြီး ကျောင်းထဲ သွားနေတတ်သည်။ ကျောင်းနောက်ဘက်၌ မဲဇလီပင်တန်းရှည်ကြီးရှိသည်။ ပူပြင်းလှသော ရာသီဥတုတွင် ထိုသစ်ပင်အောက်၌နေလိုက်ရလျှင် လေတဖြူးဖြူး၊ လယ်ကွင်းပြင်များ၊ ညောင်ပင်အိုများနှင့် သာသာယာယာရှိသည်။

ကျောင်းနောက်ဘက်၌ ရထားလမ်းရှိသည်။ ရထားလမ်းအနီးသို့ ရောက်၍ ရထားဖြတ်သွားသည်နှင့် ကြုံလျှင် ရထားပေါ်က ခရီးသည်များက ကျွန်မတို့တစ်တွေကို လက်ပြနှုတ်ဆက်သွားသဖြင့် ကျွန်မတို့လည်း ယောင်တောင်ပေါင်တောင်ဖြင့် လက်ပြမိခဲ့သေးသည်။

မဲဇလီပင်တန်းအောက်မှာထိုင်ပြီး မျက်နှာချင်းဆိုင်ရာ အဝေးကို လှမ်းကြည့်လိုက်သောအခါ တောင်စောင်းအစပ်တွင် တည်ရှိသော 'ပန်ဟိုက်'ရွာဆီကိုသွားသော မြေနီလမ်းလေးက ကွေ့ကွေ့ကောက်ကောက်။ ဂျုံခင်း၊ စပါးခင်းတွေနံဘေးကဖြတ်သွားရင် လမ်းအဆုံး၌ရှိသည့် ရွာလေးက ပန်ဟိုက်။

**ကျွန်မတို့ စာတတ်မြောက်ရေးအဖွဲ့၏ အောင်မြင်မှုသည် ရိုးရိုး အောင်မြင်မှုတော့မဟုတ်။ သားရွှေအိုးထမ်းလာသည့်ကိန်းပင် ဖြစ်သည်။ ပညာပါရမီကိုလည်း ဖြည့်ပေးနိုင်သည်။ အဖွဲ့အစည်းတစ်ခုနှင့် လိုက်လျောညီထွေရှိအောင်လည်း နေတတ်ခဲ့သည်. . .**

ကျွန်မတို့ကို မနက်ပိုင်းအချိန် ပိုနေမည့်အတူတူဟုဆိုကာ ဆရာမကြီးက ရွာမှာရှိတဲ့ကလေးတွေကို အင်္ဂလိပ်စာသင်ပေးဖို့ အကူအညီတောင်းသည်။ မနက်စောစောဆိုလျှင် အင်္ဂလိပ်စာသင်ဖို့ မြေနီလမ်းထက်မှာ လူစုစုနှင့်ရောက်လာတတ်တဲ့ကလေးတွေ။ အလှမ်းဝေးသည့် နေရာဆီက လမ်းလျှောက်လာကြတာက နေ့စဉ်နေ့တိုင်း။ သူတို့မှာ ဝတ်ကောင်းစားလှတွေမရှိ၊ ရွှေငွေဆိုတာ နတ္ထိ။

သူတို့ပုံမှန်စားကြရတဲ့ ဟင်းတစ်ခွက်က တရုတ်စံကားပွင့်သုပ်။ ရွာဆီသို့ဝင်လိုက်လျှင် အပေါ်များဆုံးအပင်က တရုတ်စံကားပင်။ လမ်းတစ်လျှောက်လုံး တရုတ်စံကားပင်တန်းတွေ။ မြေပြင်ထက်၌ ကြွေကျနေသည့် တရုတ်စံကားပွင့်များက ဖွေးဖွေးလှုပ်နေသည်။ တစ်နေ့ ထိုရွာဘက်ဆီသို့ သုံးယောက်သား လမ်းလျှောက်ထွက်သွားတော့ ကလေးတွေက တရုတ်စံကားပွင့်များ လိုက်ကောက်နေတာကိုတွေ့ရသဖြင့်.....

"အဲဒီပန်းတွေ ဘာလုပ်မ...
လဲ သမီး"

"ဒီပန်းတွေကို နေပူလှန်း...
ခြောက်ရင်ပြုတ်ပြီး မြေပဲဆံနဲ့သု...
စားတာ၊ သမီးတို့ ညနေတိုင်း လာ...
ကောက်တယ် ဆရာမ"

လေးဆယ့်ငါးရက်တာကာလ...
အတွင်း ကျွန်မတို့ ရွာသူ၊ ရွာသား...
များ၊ ကလေးများနှင့် တစ်သား...
တည်းဖြစ်အောင်နေခဲ့သည်။ ရွာမှာ...
အလှူမို့ ကူစရာရှိလျှင် ကူသည်...
ပွဲလမ်းသဘင်ရှိလို့ ဆရာမ လိုက်...
မယ်နော်ဆိုလျှင် လိုက်သွားသည်...
သံယောဇဉ်တွေလည်း အတော်ရှိ...
လာခဲ့သည်။

အဘွားတွေက.....

"လားရှိုးရောက်ရင် လာလည်...
မယ်နော် ဆရာမ"

"လာလည်ပါ ပို့"

"အိမ်ပေါ်တက်လာ... မမြင်ဖူး...
ဘူး၊ ဘယ်ကလဲလို့ မမေးနဲ့နော်"

"မမေးဘူး စိတ်ချ၊ လားရှိုး...

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရင် ရောက်အောင်သာလာခဲ့''

ပါခင်ငွေကတော့.....

''နောက်နှစ်လည်း လာသင်ပေးဦးလေ ဆရာမ''

''ဆရာမတို့ မရှိရင်တော့ စာတွေမဖတ်တတ်တော့ဘဲ မေ့သွားတော့မှာပဲ''

ပါရွှေညရဲ့စကားကြောင့် ငိုချင်သလိုလိုတောင် ဖြစ်သွားရသည်။ လေးဆယ့်ငါးရက်အတွင်း ငြိတွယ်ခဲ့သည့် သံယောဇဉ်က ခိုင်မြဲနေသည်။



''သမီးတို့မရှိတော့ပေမယ့် အခုပို့တို့က စာမြင်ရင် စာလုံးပေါင်းစရာမလိုတဲ့တောင် ဖတ်တတ်ပြီပဲ၊ မဖတ်ဘဲပစ်ထားရင် မေ့သွားမှာပေါ့၊ မင်္ဂလာဆောင်ဖိတ်စာတွေ၊ အလှူဖိတ်စာတွေ၊ ဘုရားစာတွေ အခုဖတ်တတ်နေပြီပဲဥစ္စာ၊ မမေ့အောင်ဖတ်လေ''

''ဟုတ်တယ်နော်၊ မနေ့က မင်္ဂလာဆောင်ဖိတ်စာတစ်စောင် ကျွန်မ ဖတ်သေးတယ် ဆရာမရဲ့''

စာကို ကျွမ်းကျွမ်းကျင်ကျင် ဖတ်တတ်သူများ ထွက်ပေါ်လာသဖြင့် ဝမ်းသာပီတိကိုခံစားရသည်။ ထိုပီတိမျိုးသည် နောက်ထပ် ဘယ်တော့မှထပ်မရနိုင်တော့မည့် ပီတိမျိုးဖြစ်သည်။ နောက်နှစ် စာတတ်မြောက်ရေးလှုပ်ရှားမှုများရှိခဲ့ဦးမည်ဆိုလျှင် ဒုတိယအကြိမ် ပါဝင်ခွင့်ရချင်ပါသေးသည်။

ဘဝတွင် တသသပီတိဖြစ်ကာ ပြန်ပြော၍မရိုးနိုင်လောက်အောင် အရသာရှိသော လုပ်ဆောင်မှုလေး တစ်ခု။ ထိုကာလအတွင်း အဘိုးအဘွားတွေ စာတတ်ရမယ်ဆိုတဲ့ ပရဟိတစိတ်နှင့်အတူ လောဘ၊ ဒေါသ၊ မောဟများ ငြိမ်းအေးခဲ့ရသည်။ အတူတူတာဝန်ကျသည့် ညီမလေးများနှင့် သဘောထားကွဲလွဲမှုများလည်းရှိခဲ့သည်။ ပြန်လည်ညှိယူရသည်လည်းရှိသည်။ လက်ချောင်းတောင် အတုအရှည်မညီတာ၊ စိတ်ဓာတ်ချင်းမညီတာကတော့ အဆန်းမဟုတ်ချေ။

ကျွန်မတို့ စာတတ်မြောက်ရေးအဖွဲ့၏ အောင်မြင်မှုသည် ရိုးရိုးအောင်မြင်မှုတော့မဟုတ်။ ''သားရွှေအိုးထမ်းလာသည့်ကိန်း'' ပင်ဖြစ်သည်။ ပညာပါရမီကိုလည်း ဖြည့်ပေးနိုင်သည်။ အဖွဲ့အစည်းတစ်ခုနှင့် လိုက်လျောညီထွေရှိအောင်လည်း နေတတ်ခဲ့သည်။ မည်သို့စည်းလုံးညီညွတ်စွာ နေရမလဲဆိုသည့် သင်ခန်းစာကိုလည်းရခဲ့၏။ မိဘတွေအိမ်မှာနေရသည်နှင့်မတူ၊ ရှိခြင်း၊ မရှိခြင်း၊ ဒါမှမဟုတ် ပြဿနာတစ်ခုကို ကိုယ်တိုင်ပါဝင်ဖြေရှင်းခဲ့ရခြင်းမှ 'ရင့်ကျက်မှု'တွေလည်း ရခဲ့သည်။

*သံယောဇဉ်...ရစ်ပတ်တတ်တဲ့
နှောင်ကြိုးတစ်ခု။
တွေးလေတိုင်း၊ တွေးလေတိုင်းမှာ
ရင်ထဲထိရှ...။
*၅၂၈ အသာထား၊ ၁၅၀၀ ဆိုတာ
ခပ်ဝါးဝါး။
အမှုအခင်း ဒီနှစ်သွယ်ကြားက
ခပ်နွေးနွေး မေတ္တာတရား
သတိရစိတ်၊ တမ်းတစိတ်ကြား
ဝမ်းနည်းမှုပိုတယ် တအား။
*သူနာမေ ကိုယ်သာမေ
ဆိုးယုတ်စိတ်ကို ရှောင်ရှား
အေးချမ်းမှု ကောင်းမှုဆိုတာ
အရှုံးမဲ့ ဖြူစင်စိတ်ထား ။

(၂၀၁၄ ခုနှစ် ကျောက်မဲခရိုင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု၌ ပါဝင်ခဲ့သော ဆရာ ဆရာမများ သူငယ်ချင်းများအားလုံးကို အငွေ့သတိရလျက်။)

ရှင်လွှန်းမယ်

www.burmeseclassic.com

www.burmeseclassic.com

# လှမိုး ပညာရေး

# ကိုလိုနီခေတ် မြန်မာနိုင်ငံကိုကိုင်လှုပ်ခဲ့သော လူသတ်မှုကြီး



၁၉၈၀ ပြည့်၊ နွေဦးရာသီ.....

သည်းထိတ်ရင်ဖို ဖြစ်ရပ်မှန်မှုခင်းဝတ္ထုရေးစာရေး ဆရာ အိုင်ရင်းမောရှက်သည် မျက်စိညောင်းစပြုလာသဖြင့် ရေးလက်စ စာမူစာအုပ်ကို ခေတ္တပိတ်လိုက်ပြီး အဝေးသို့ လှမ်းကြည့်လိုက်မိသည်။ အဝေးတွင် မှိုင်းပျ မှုန်ရီဝေနေသော ရှမ်းရိုးမတောင်တန်းပြာကြီးများကို မြင်နေရပေသည်။ သူခေတ္တတည်းခိုနေသော ယာတောအိမ်ကလေးအောက် တောင်ခြေပတ် လည်၌ ပြင်ဦးလွင်–မန္တလေး မော်တော်ကားလမ်းသည် ကောက်ကွေ့သော၊ ဝါညိုနေသော တောအုပ်အကြား၌ အစပျောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒစ် ဂျာမနီနိုင်ငံ၊ ဖက်ဆစ်အီတလီနိုင်ငံတို့နှင့် မဟာမိတ်ဖွဲ့ထားသည့် ဖက်ဆစ်ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်ခြင်းမရှိဘဲ တစ်ကိုယ်တော်ဝါဒကျင့်သုံးနေသော အမေရိကန်ပြည်ထောင်စု၏ ရေတပ်စခန်းဖြစ်သော ပုလဲဆိပ်ကမ်းအား ဂျပန်တို့ဘက်မှ စစ်ကြေညာခြင်းမရှိဘဲ အလစ်တွင် လက်ဦးအောင် စတင်တိုက်ခိုက်ခဲ့သည်။ ထိုစဉ်က သတင်းများအရ • • •

သူရောက်နေသောနေရာမှာ သူဖွားမြင်ခဲ့သည့် မေမြို့(ပြင်ဦးလွင်)မန္တလေး မော်တော်ကားလမ်းဘေးရှိ ရွာကလေးတစ်ရွာအနီးရှိ ခြံတစ်ခြံဖြစ်၏။ စာရေးဆရာ မောရှက်၏ဖခင်မှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ၁၉၃၀ ပြည့်နှစ်က မေမြို့(ပြင်ဦးလွင်)တွင် တပ်စွဲထားသော ဘားမားရိုင်ဖယ်တပ်မှ ဒုဗိုလ်မှူးကြီး ဟင်နရီမောရှက်ဖြစ်သည်။ ထိုစဉ်ကာလက ဒုတိယဗိုလ်မှူးကြီး မောရှက်မှာ ဗြိတိသျှဘုရင့်တပ်မတော်ကြီးတွင် ပညာတတ် လူတော်တစ်ဦးအဖြစ် လူသိများသူဖြစ်၏။ ၁၉၂၉ ခုနှစ်တွင် ဗြိတိသျှတို့၏ နေမဝင်အင်ပါယာကြီး၏ မြေတိုင်းဌာန၊ မြန်မာနိုင်ငံ၊ ညွှန်ကြားရေးမှူးအဖြစ်လည်း အမှုထမ်းခဲ့သူဖြစ်သဖြင့် မေမြို့(ပြင်ဦးလွင်)တွင် ထင်ပေါ်ကျော်ကြားသူသိများသူဖြစ်၏။ အပေါင်းအသင်းဆံ့သူတစ်ဦးအဖြစ်လည်း အများက ယူဆခဲ့ကြသည်။

ယခု စာရေးဆရာ အိုင်ရင်းမောရှက် တည်းခိုနေသောခြံမှာ သူ့ဖခင်၏ တပည့်ဟောင်းတစ်ဦးဖြစ်သော ဂေါ်ရခါးလူမျိုး အငြိမ်းစားစစ်မှုထမ်းတစ်ဦး၏ခြံဖြစ်သည်။ အိုင်ရင်းမောရှက်တို့ မောင်နှမများအား ငယ်စဉ်က ထိန်းသိမ်းစောင့်ရှောက်ခဲ့သူတစ်ဦးဖြစ်လေသည်။

နွေဦးရာသီသို့ ရောက်လာပြီဖြစ်သော်လည်း နှင်းကြွင်းနှင်းကျန်တို့က ဖျန်းပက်ဆဲဖြစ်သည်။ အေးစက်သောလေသည် ဝက်သစ်ချပင်များ၊ ထင်းရှူးပင်များ၊ ယူကလစ်ပင်များကြားမှ တိုးဝှေ့လျက်ရှိလေသည်။ ခပ်သွမ်းလှမ်း တောအုပ်မှ အော်မြည်လိုက်သော ဥဩငှက်ကလေး၏ လွမ်းတေးအော်မြည်သံသည် မြိုင်ရိပ်တစ်ခွင်လုံး ပဲ့တင်ထပ်လျက်ရှိလေသည်။

အိုင်ရင်းမောရှက်သည် ခြံဝင်းတံခါးကို တွန်းဖွင့်ခဲ့ပြီး လူသွားလမ်းလေးတစ်လျှောက်ကို လျှောက်လာခဲ့သည်။ သူ ကလေးဘဝက နေထိုင်ခဲ့ရသော မေမြို့(ပြင်ဦးလွင်)မြို့မှ ကစားဖော်များ၊ သူတို့မိသားစု နေထိုင်ခဲ့သော တပ်တွင်းအရာရှိကြီး၏နေအိမ်၊ ပြင်ဦးလွင်ဆင်ခြေဖုံးရှိ သူတို့မိသားစု သွားရောက်လည်ပတ်ခဲ့သည့် ကျေးရွာများ၊ ယာတောများ၊ ခြံများ၊ ရေတံခွန်များ၊ မန္တလေးမြို့မှ တန်ခိုးကြီးဘုရားများ၊ မြန်မာဘုရင်တို့၏ ရွှေနန်းတော်ကြီးနှင့် မင်းကွန်းခေါင်းလောင်းကြီး၊ စစ်ကိုင်းတောင်ရိုးစသော ပုံရိပ်များ ပေါ်လာခဲ့သည်။

သူ့ဖခင် ဒုတိယဗိုလ်မှူးကြီး ဟင်နရီမောရှက်နှင့်အတူ တောပစ်ထွက်ခဲ့သည့် မန္တလေးမြို့အနီးရှိ ကြွက်နဖားတောင်၊ ရွှေဥတောင် စသည်တို့၏ပုံရိပ်များ၊ သူ့ဖခင်နှင့်အတူ မြင်းစီးလေ့ကျင့်ခဲ့ပုံများကို တရေးရေး မြင်ယောင်လာသည်။ သူတို့မောင်နှမများနှင့် မိခင်တို့ ရန်ကုန်မှ ပင်လယ်ကူးသင်္ဘောကြီးကိုစီး၍ အင်္ဂလန်နိုင်ငံသို့ ခေတ္တအလည်ပြန်ခဲ့ပုံများသည် ခေတ်ဟောင်းကာရုပ်ရှင်ကားကို ပြန်ကြည့်နေရသကဲ့သို့ ဖြစ်နေသည်။

သူခေတ္တတည်းခိုနေသော ခြံဘေးရှိ ကုန်းမြင့်ပေါ်တွင် ထုံးဖွေးဖွေးဖြူနေသော စေတီငယ်တစ်ဆူမှ ဆည်းလည်းသံကလေးများသည် သူ့ကိုတိုင်တွန်းသလိုဖြစ်သွားသည်။ အင်္ဂလန်နိုင်ငံ၊ အက်ဆက်ပြည်နယ်ရှိ သူတို့အဘွားတိုက်တွင် ခေတ္တတည်းခိုနေစဉ် စာပို့သမားဆွဲလိုက်သည့် ခေါင်းလောင်းသံကို သွားသတိရလာသည်။ စာပို့သမားသည် ကြေးနန်းတစ်စောင် လာပို့ခဲ့၏။

မေမြို့(ပြင်ဦးလွင်)ရှိ ဘားမားရိုင်ဖယ်တပ်မှ သူတို့

www.burmeseclassic.com

www.burmeseclassic.com



မိသားစုအား အလျှင်အမြန်ပြန်လာရန် ပို့လိုက်သော ကြေးနန်းစာဖြစ်နေသည်။ ထိုကြေးနန်းစာတွင် သူ့ဖခင် ဒုတိယဗိုလ်မှူးကြီး ဟင်နရီမောရှက် အသတ်ခံရကြောင်း သူတို့မိသားစုအား အကြောင်းကြားသည့် ကြေးနန်းစာ ဖြစ်နေသည်။ သူတို့မိသားစု မေမြို့(ပြင်ဦးလွင်)သို့ ပြန်ရောက်လာသည့်အခါ သူ့ဖခင်၏ဈာပနမှာ ပြီးဆုံးပြီဖြစ်နေသည်။ သူ့ဖခင်အား သတ်ခဲ့သူ တရားခံကို ဗြိတိသျှ မြန်မာနိုင်ငံ မြို့ပြပုလိပ်(ရဲ)အဖွဲ့နှင့် စုံထောက်အဖွဲ့တို့က ခြေရာခံမရတော့၊ မဖြေရှင်းနိုင်သော မှုခင်းကြီးတစ်မှုအဖြစ် တာဝန်ရှိသူများက သတ်မှတ်ထားခဲ့သည်။

ဤမှုခင်းကြီး၏အကြောင်းကို ထိုစဉ်က မြန်မာနိုင်ငံမှထုတ်ဝေသော သတင်းစာကြီးများတွင် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ကြသည်။ ဒုတိယဗိုလ်မှူးကြီး ဟင်နရီမောရှက် ရုတ်တရက် အသတ်ခံရခြင်းသည် နိုင်ငံရေးလုပ်ကြံမှုလော။ ထိုစဉ်ကာလက ဗြိတိသျှဆန့်ကျင်ရေးဂယက်မှာ မြန်မာနိုင်ငံတွင် ပြန့်ပွားလျက်ရှိနေလေသည်။ သို့သော် ဒုတိယဗိုလ်မှူးကြီး ဟင်နရီမောရှက်မှာ အုပ်ချုပ်ရေးအရာရှိမဟုတ်။ မြေတိုင်းမင်းကြီး တာဝန်သာ ယူထားသူဖြစ်ရကား သူ့အား ဗြိတိသျှဆန့်ကျင်ရေးသမားများက လုပ်ကြံသတ်ဖြတ်ခြင်းပြုမည်မဟုတ်ပေ။ ဟင်နရီမောရှက်မှာ လူမှုရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လေ့ရှိသူဖြစ်သည်သာမက မြန်မာအမျိုးသားများ၊ ဒေသခံ ဂေါ်ရခါးလူမျိုးများနှင့် လက်ပွန်းတတီး နေထိုင်သူဖြစ်ရာ မေမြို့(ပြင်ဦးလွင်)တွင်နေထိုင်သော ဗြိတိသျှလူမျိုးအများစုက သူ့အား မြန်မာအလိုတော်ရိတစ်ယောက်ဟု မှတ်ယူထားကြသည်။

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များ ယှက်သန်းလာခဲ့သည်။ ရက်၊ လ၊ နှစ် ကူးလာပြီဖြစ်သော်လည်း ဒုတိယဗိုလ်မှူးကြီး ဟင်နရီမောရှက် အသတ်ခံရမှုကို ဗြိတိသျှမြန်မာနိုင်ငံ မြို့ပြပုလိပ်(ရဲ)အဖွဲ့နှင့် စုံထောက်အဖွဲ့တို့က ရှင်းလင်းနိုင်ခြင်းမရှိခဲ့။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင်မူ ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့ရာ သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် စစ်ကြီး၏သတင်းများက နေရာယူခဲ့ပြီး မေမြို့(ပြင်ဦးလွင်)မှ ဒုတိယဗိုလ်မှူးကြီး ဟင်နရီမောရှက် အသတ်ခံရမှုအား လူထုက မေ့လျော့သွာ ခဲ့သည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် နာ ဂျာမနီနိုင်ငံ၊ ဖက်ဆစ်အီတလီနိုင်ငံတို့နှင့် မဟာမိတ်ဖွဲ့ ထားသည့် ဖက်ဆစ်ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ် ကြီးအတွင်း ပါဝင်ခြင်းမရှိဘဲ တစ်ကိုယ်တော်ဝါဒကျင့် သုံးနေသော အမေရိကန်ပြည်ထောင်စု၏ ရေတပ်စခန်း ဖြစ်သော ပုလဲဆိပ်ကမ်းအား ဂျပန်တို့ဘက်မှ စစ်ကြေ ညာခြင်းမရှိဘဲ အလစ်တွင် လက်ဦးအောင် စတင်တိုက် ခိုက်ခဲ့သည်။ ထိုစဉ်က သတင်းများအရ ယင်းအလစ် ဖုံးကြံတိုက်ခိုက်မှုကြောင့် အမေရိကန်ပြည်ထောင်စုဘက် မှ တပ်သား (၂၃၃၀)ဦးကျဆုံးပြီး (၁၃၄၇)ဦး ဒဏ်ရာ ခဲ့သည်။ တိုက်သင်္ဘောကြီးရှစ်စင်း နစ်မြုပ်ခဲ့ရပြီး ဖျက် သင်္ဘောဆယ်စင်း ဖျက်ဆီးခံရ၍ လေယာဉ်အစင်းပေါ် ၁၈၈ စင်း ဖျက်ဆီးခံရသည်။ ဤဖြစ်ရပ်ကြောင့် အမေ ရိကန်ပြည်ထောင်စုသည် မဟာမိတ်တို့ဘက်မှဝင်ရောက် ၍ ဝင်ရိုးတန်းမဟာမိတ်အဖွဲ့အား စစ်ကြေညာခဲ့ရသည်

ဤတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ အခြေအနေအရပ်ရပ်သည် ရက်ပိုင်းအတွင်း အကြ အကျယ် ပြောင်းလဲလာခဲ့သည်။ မြန်မာနိုင်ငံမှ အင်္ဂလိ ဘာသာ၊ မြန်မာဘာသာနှင့်ထုတ်ဝေသော သတင်း များတွင် ဗြိတိသျှအာဏာပိုင်များက မြန်မာနိုင်ငံကာ ကွယ်ရေးကို အပြင်းအထန် ဆောင်ရွက်နေသည့်သတ များ၊ အရှေ့တောင်အာရှတွင် စတင်ဖြစ်ပွားလာသ ဂျပန်နှင့် မဟာမိတ်တပ်ဖွဲ့များ၏ တိုက်ပွဲသတင်းများ နေရာယူထားခဲ့သည်။ ဒုတိယဗိုလ်မှူးကြီး ဟင်နရီမေ ရှက် အသတ်ခံရမှုဖြစ်စဉ်မှာ သူ့မိသားစုများလော သာ သတိရခဲ့ကြတော့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့၍ မြန်မာနိုင်ငံ လွ လပ်ရေးရသည်အထိ အထက်ဖော်ပြပါ လူသတ် ၏တရားခံကို သက်ဆိုင်ရာ တာဝန်ရှိသူများက ထု ဖော်နိုင်ခြင်းမရှိဘဲ ထိုအမှုကြီးအား ဖြေရှင်းနိုင်ခြင်း သောအမှု "Uusolved Crime"ဟု သတ်မှတ်ထားခဲ့

ဤဆောင်းပါးအစတွင် ရေးသားဖော်ပြခဲ့သ

www.burmeseclassic.com


အတိုင်း ၁၉၈၀ ပြည့်နှစ်တွင်မှ အသတ်ခံရသူ မြေတိုင်းမင်းကြီးနှင့် ဒုတိယဗိုလ်မှူးကြီး ဟင်နရီမောရှက်၏သားဖြစ်သူ သည်းထိတ်ရင်ဖို ဖြစ်ရပ်မှန်မှုခင်းစာရေးဆရာ အိုင်ရင်းမောရှက်ကိုယ်တိုင် ပြင်ဦးလွင်မြို့သို့လာရောက်ခဲ့ပြီး စုံစမ်းလေ့လာမှုများပြုခဲ့သည်။ သူလာရောက်သည့်အချိန်တွင် သူ့ဖခင် အသတ်ခံရသည်မှာ နှစ်ပေါင်း ၅၀ ကျော်၊ ၆၀ နီးပါးရှိနေပြီဖြစ်သဖြင့် အမှု၏သဲလွန်စများပျောက်ဆုံး၍ ကွင်းဆက်များပြတ်ခဲ့ပြီဖြစ်၏။

ကိုလိုနီခေတ် ဗြိတိသျှမြန်မာနိုင်ငံ မြို့ပြပုလိပ်(ရဲ) အဖွဲ့နှင့် စုံထောက်အဖွဲ့ကြီး၏ အားနည်းချက်ကို ထုတ်ဖော်လိုသူ အိုင်ရင်းမောရှက်သည် မှုခင်းဖြစ်ပွားခဲ့သည့်နေရာ၊ သူ့ဖခင်၏တပည့်များ၏ ယူဆချက်၊ ထိုစဉ်က မေမြို့(ပြင်ဦးလွင်)တွင်နေထိုင်ခဲ့ကြပြီး သက်ရှိထင်ရှားရှိနေကြသေးသည့် သူ့ဖခင်၏ ခင်မင်သောမိတ်ဆွေများ၊ ထိုကာလက ထိုအမှုကြီးကို စုံစမ်းထောက်လှမ်းခဲ့ကြရသော အငြိမ်းစားပုလိပ်(ရဲ)အရာရှိများ၊ စာရေးဆရာ အိုင်ရင်းမောရှက်၏ ငယ်သူငယ်ချင်းများ၏ ထင်မြင်ယူဆချက်များနှင့် ပတ်ဝန်းကျင်လေ့လာမှုကို စနစ်တကျလေ့လာသည့် သူ့ဖခင်၏ အမှုတွဲဟောင်းများကိုလည်း စူးစမ်းလေ့လာပြီး သူ့ဖခင်အား သတ်သူတရားခံမှာ မည်သူဖြစ်နိုင်သည်ဟု ဖော်ထုတ်ရေးသားထားသော "Life and Murder Of Henry Morshead" [ဟင်နရီမောရှက်၏ဘဝနှင့် အသတ်ခံရမှု] ဖြစ်ရပ်မှန်အတ္ထုပ္ပတ္တိကို ရေးသားထုတ်ဝေခဲ့သည်။ စာရေးဆရာ အိုင်ရင်းမောရှက်မှာ စာရေးကောင်းသူတစ်ဦးဖြစ်ရာ ယင်းစာအုပ်ကို ကင်းဘရစ်(ချ်)တက္ကသိုလ်၊ စာပေထုတ်ဝေရေးဌာနမှ တာဝန်ယူ ထုတ်ဝေခဲ့ရာ စာပေအကဲဖြတ်သူများ မှုခင်းသုတေသီအများက ချီးကျူးခဲ့သော ဖြစ်ရပ်မှန်မှုခင်းစာအုပ်တစ်အုပ်ဖြစ်ခဲ့သည်။

ဒုတိယဗိုလ်မှူးကြီး ဟင်နရီမောရှက်မှာ နုယ်နုယ်ရရ ပုဂ္ဂိုလ်တစ်ဦးမဟုတ်ပါ။ ဗြိတိသျှဘုရင့်တပ်မတော်တွင် နေလိုလလို ထင်ရှားခဲ့သူတစ်ဦးဖြစ်သည်၊ စစ်မှုထမ်းတစ်ဦးဖြစ်သော်လည်း စာပေလိုက်စားသူ၊ မှတ်တမ်းမှတ်ရာများ စုဆောင်းသူ၊ ခရီးသွားရန် ဝါသနာပါသူတစ်ဦးဖြစ်သည်။ အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်တန်း

ဒုတိယဗိုလ်မှူးကြီး
ဟင်နရီမောရှက်မှာ
နယ်နယ်ရရ ပုဂ္ဂိုလ်တစ်ဦးမဟုတ်ပါ။
ဗြိတိသျှဘုရင့်တပ်မတော်တွင်
နေလိုလလို ထင်ရှားခဲ့သူတစ်ဦးဖြစ်သည်။
စစ်မှုထမ်းတစ်ဦးဖြစ်သော်လည်း
စာပေလိုက်စားသူ၊ မှတ်တမ်းမှတ်ရာများ
စုဆောင်းသူ၊ ခရီးသွားရန်
ဝါသနာပါသူတစ်ဦးဖြစ်သည်
...



www.burmeseclassic.com



ဒေသနှင့် မြန်မာနိုင်ငံတောင်တန်းဒေသများရှိ လူအများ သွားရောက်ရန်ခက်ခဲသောနေရာများသို့ ကြိုးစား၍သွား ရောက်ခဲ့သူတစ်ဦးဖြစ်သည်။ အထူးသဖြင့် ဂင်္ဂါမြစ်ဖျား ဒေသနှင့် ဧရာဝတီမြစ်ဖျားဒေသများသို့ သွားရောက်၍ စူးစမ်းမှုများ ပြုလုပ်ခဲ့သည်။ ထိုဒေသများရှိ သစ်ပင် ပန်းပင်များ၊ ဒေသခံလူမျိုးနွယ်များအကြောင်းကို အသေးစိတ်လေ့လာပြီး မှတ်တမ်းတင်နိုင်ခဲ့သူဖြစ်၏။ လူ သူသွားလာရန် ခက်ခဲသော ယင်းဒေသများအကြောင်း သူရေးသားခဲ့သည့် စာတမ်းမှာ ဗြိတိသျှဘုရင့်အစိုးရ၊ အိန္ဒိယရုံးတော် Indian Office အဖို့ အထူးအဖိုးတန်သော စာတမ်းတစ်စောင်ဖြစ်ခဲ့သည်။ သူ၏ထက်မြက်သော အရည်အချင်းကို ဗြိတိသျှဘုရင့်အစိုးရမှ တာဝန်ရှိသူ များက အကဲခတ်မိကြ၏။ ထို့ကြောင့်ပင် ဟင်နရီမော ရှက်ကို ဗြိတိသျှဘုရင့်အစိုးရသည် ဘားမားရိုင်ဖယ် တပ်မတော်ကြီးတွင် ဒုတိယဗိုလ်မှူးကြီးအဖြစ် ခန့်ထား ခဲ့ပြီး အိန္ဒိယနိုင်ငံ၏ မြန်မာပြည်နယ် (ထိုစဉ်က မြန်မာ နိုင်ငံကို အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် သတ် မှတ်ထားခဲ့၏)အထူးမြေတိုင်းမင်းကြီးတာဝန်ကိုပါ ပူးတွဲ တာဝန်ယူစေသည်။

ဟင်နရီမောရှက်သည် ပြင်ဦးလွင်တွင် တပ်စခန်း ချထားသော ဘားမားရိုင်ဖယ်တပ်နယ်မြေတွင် နေထိုင် ခဲ့ပြီး အပေါင်းအသင်းများသူ၊ သဘောကောင်းသူ၊ လူ ချစ်လူခင်များသူ၊ ဒေသခံလူအများနှင့် လက်ပွန်းတတီ နေသူဟု ထင်ရှား၍ လူသိများခဲ့၏။ ထိုစဉ်ကာလက မေမြို့(ပြင်ဦးလွင်)သည် ဗြိတိသျှအင်ပါယာကြီးတွင် ထင် ရှားသောမြို့ဖြစ်သည်။ အိန္ဒိယနိုင်ငံ၊ ဆင်းမလားမြို့ကဲ့ သို့ နွေရာသီတွင် ဗြိတိသျှဘုရင်ခံတို့၏ ခေတ္တရုံးစိုက်ရာ မြို့ဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ဆင်းမလားမြို့ ဟု တင်စားခေါ်ဝေါ်ကြလေ့ရှိ၏။

ဥရောပတိုက်သားများ၊ အိန္ဒိယအမျိုးသားများ နေ ထိုင်ကြပြီး ဥရောပယဉ်ကျေးမှု အလွှမ်းမိုးဆုံးသော မြို့ တစ်မြို့ဖြစ်လေသည်။ ဥရောပတိုက်သားအများစုမှာ သစ်တောဌာနမှ အရာရှိများ၊ ဗြိတိသျှလူမျိုးပိုင် သစ် တောကုမ္ပဏီများမှ အရာရှိများ၊ မြေစာရင်းဌာနမှအရာ ရှိကြီးများ၊ ဘားမားရိုင်ဖယ်တပ်မတော်မှ အရာရှိများ အခြားဗြိတိသျှအမျိုးသားပိုင် စီးပွားရေးလုပ်ငန်းများမှ အရာရှိများနှင့် အိန္ဒိယအမျိုးသား သူဌေးကုန်ကြွယ်၊ စီး ပွားရေးလုပ်ငန်းရှင်များ နေထိုင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ကာလက ဥရောပတိုက်သားများနှင့် အိန္ဒိယတိုင်းရင်းသားများပါဝင်သော ဖရီးမေဆင် ( Free Ma-son) အသင်း၊ အရပ်အခေါ် ပသျှူးခေါင်းဖြတ်အသင်းမှာ နာမည်ကျော်ကြား လူသိများခဲ့သည်။ ထိုအသင်းဝင်များမှာ ဥရောပတိုက်သားများနှင့် အိန္ဒိယတိုင်းရင်းသား လူကုံထံများသာဖြစ်ကြ၍ အမှုဆောင်လူကြီးများမှာ ဥရောပတိုက်သားများနှင့် အိန္ဒိယတိုင်းရင်းသားများသာဖြစ်ကြသည်။

---

**ဆိုက်အလီသည်**
**အမျိုးသမီးများနှင့်**
**ရှုပ်ရှုပ်ထွေးထွေး နေသူဖြစ်သည်။**
**ဟင်နရီမောရှက်၏**
**ဆွေမျိုးသားချင်းတော်စပ်သူ**
**အမျိုးသမီးတစ်ဦးနှင့် ချစ်မှုချစ်ရေး**
**ရှုပ်ထွေးခဲ့သည်ဟုဆိုသည်။ သို့ဖြစ်၍**
**ဟင်နရီမောရှက်နှင့် ဆိုက်အလီတို့သည်**
**ယင်းကိစ္စနှင့်ပတ်သက်၍**
**ကိုယ်ထိလက်ရောက် အချေအတင်**
**ဖြစ်ခဲ့ကြဖူးသည်ဟုဆိုသည်။**
**သို့ဖြစ်၍ ဆိုက်အလီသည်**
**ကြေးစားလူသတ်သမားတစ်ဦးအား**
**ငှားရမ်း၍ . . .**

ဒုတိယဗိုလ်မှူးကြီး ဟင်နရီမောရှက်မှာ ထိုအသင်းသို့လည်း အသင်းသားအဖြစ် ဝင်ရောက်ခြင်းမရှိဘဲ ထိုအသင်းဝင်များနှင့် ခပ်ကင်းကင်းနေထိုင်ခဲ့၏။ ဟင်နရီမောရှက်မှာ တောလိုက်ဝါသနာပါသူ၊ မြင်းစီးဝါသနာပါသူတစ်ဦးဖြစ်သည်။ အလုပ်အားလပ်ချိန်များတွင် မေမြို့ (ပြင်ဦးလွင်)ဆင်ခြေဖုံးသို့လည်းကောင်း၊ မန္တလေးအနီးရှိ တောတောင်များသို့လည်းကောင်း သွားရောက်၍ တောလိုက်ခြင်းဖြင့် အချိန်ကုန်ခဲ့သည်။ သို့ဖြစ်၍ ပြင်ဦးလွင်မြို့ရှိ ဥရောပတိုက်သားများနှင့်လည်းကောင်း၊ လူမှုရေးအသင်းများနှင့်လည်းကောင်း ခပ်ကင်းကင်းခပ်ကွာကွာ ဖြစ်လာခဲ့၏။

၁၉၃၁ ခု၊ မေလတွင် ဟင်နရီမောရှက်၏ ဇနီးနှင့်သားသမီးများသည် အင်္ဂလန်နိုင်ငံရှိ မိဘဆွေမျိုးများထံ ခေတ္တသွားရောက်ခဲ့ကြသဖြင့် မေမြို့(ပြင်ဦးလွင်)တွင် ဟင်နရီမောရှက်နှင့် အိမ်စေများ၊ သူ့အိမ်တော်ပါ အိန္ဒိယအမျိုးသား ဘာဘူလား(လ်)တို့သာ ကျန်ရစ်ခဲ့သည်။

၁၉၃၁ ခု၊ မေလ ၁၇ ရက်နေ့သည် ထူးထူးခြားခြား ရာသီဥတုသာယာသော နေ့တစ်နေ့ဖြစ်သည်။ သို့ဖြစ်၍ ဟင်နရီမောရှက်သည် နံနက်စောစောကပင် ကြိုတင်အစီအစဉ်မရှိဘဲ တောပစ်ထွက်ရန် ပြင်ဆင်ခဲ့၏။ ခါတိုင်းဆိုလျှင် ကြိုတင်စီစဉ်ထားလေ့ရှိသည်။ တောခြောက်မည့် ဒေသခံအရပ်သားလူငယ် နှစ်ဦးသုံးဦးခေါ်လေ့ရှိသည်။ သို့သော် ထိုနေ့တွင်မူ ဟင်နရီမောရှက်သည် မည်သူ့ကိုမျှ ခေါ်ဝေါ်ခြင်းမရှိ။ သူ့အချစ်တော်ခွေးကလေးကိုပင် ခါတိုင်းကဲ့သို့ ခေါ်ယူခြင်းမပြု။ သူ့မြင်းကို ပြင်ဆင်ခိုင်းပြီး တစ်ဦးတည်း တောပစ်ထွက်ရန် စီစဉ်သဖြင့် သူ့အိမ်စေများ၊ တပည့်များမှာ တအံ့တသြ ဖြစ်ခဲ့ကြရ၏။

သူ၏ရင်းနှီးသော တောလိုက်တပည့် ဘာဘူလား(လ်)၏ ပြောပြချက်အရဆိုလျှင် ဟင်နရီမောရှက်၏မျက်နှာမှာ ခါတိုင်းနှင့်မတူ တစ်မှုထူးခြားနေပြီး တစ်စုံတစ်ရာအတွက် စိတ်လှုပ်ရှားနေသကဲ့သို့ ဖြစ်နေသည်ဟု နောင်အခါ ပုလိပ်(ရဲ)နှင့် စုံထောက်များအား ထုတ်ဖော်ပြောပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤကဲ့သို့ အဖော်မပါ တစ်ကိုယ်တည်း မြင်းနှင့် ထွက်သွားခဲ့ပြီး နာရီအနည်းငယ်အကြာတွင် ဟင်နရီ မောရှက်၏ အချစ်တော်မြင်းကြီးသည် သူ့သခင် မပါ တော့ဘဲ အိမ်သို့ပြန်ရောက်လာခဲ့၏။ မြင်းကုန်းနှီးတွင် လည်း သွေးအလိမ်းလိမ်း ပေကျံလျက်ရှိပြီး မြင်းကြီး ၏ ဟန်အမူအရာမှာလည်း တစ်စုံတစ်ရာကို ထိတ်လန့် တုန်လှုပ်နေဟန်ရှိသည်ဟု ဟင်နရီမောရှက်၏ အိမ်စေ များက ပုလိပ်(ရဲ)တို့အား ပြောပြခဲ့ကြ၏။

ချက်ချင်းဆိုသလို ဘားမားရိုင်ဖယ်တပ်မှ တပ်သား များ၊ တာဝန်ရှိသူများ၊ ဟင်နရီမောရှက်၏ မိတ်ဆွေ များ၊ တပည့်များသည် မေမြို့(ပြင်ဦးလွင်)ဆင်ခြေဖုံးနှင့် ဟင်နရီမောရှက် တောပစ်ထွက်လေ့ရှိသော တောအုပ် များ၊ လျှိုမြောင်များအား တောနင်း၍ ခြေရာချင်းထပ် မျှ ရှာဖွေခဲ့ကြသည်။ မေလ ၁၇ ရက်နေ့တွင် ဟင်နရီ မောရှက်အား ရှာဖွေတွေ့ရှိခြင်းမရှိသော်လည်း မေလ ၁၈ ရက်နေ့ နံနက်တွင်မှ အင်းယားလေးရွာအနီး တော အုပ်အတွင်းမှ ဟင်နရီမောရှက်၏အလောင်းအား ရှာ ဖွေတွေ့ရှိခဲ့ရလေသည်။ အလောင်းတွင် သေနတ်ဒဏ် ရာ နှစ်နေရာ တွေ့ရ၏။

ဗြိတိသျှပုလိပ်(ရဲ)အဖွဲ့ မှုခင်းဆေးပါရဂူများ၏ ယူဆချက်အရဆိုလျှင် ဟင်နရီမောရှက်၏ ရှေ့ရင်ဘတ် မှဒဏ်ရာသည် အနီးကပ်ပစ်ခတ်သည့် သေနတ်ဒဏ် ရာဖြစ်သဖြင့် သေနတ်သမားသည် ဟင်နရီမောရှက် အား သေစေလိုသောသဘောဖြင့် အနီးကပ်ပစ်ခတ်ခြင်း ဖြစ်သည်။ အခြားသေနတ်ဒဏ်ရာမှာမူ ခပ်လှမ်းလှမ်း မှ ပစ်ခတ်ခြင်းဖြစ်သည်ဟု သိရ၏။

လူချစ်လူခင်ပေါများ၍ အထင်ကရပုဂ္ဂိုလ်တစ်ဦး ဖြစ်သဖြင့် ထိုစဉ်က မြန်မာနိုင်ငံမှထုတ်ဝေသောသတင်း စာကြီးများသည် ဟင်နရီမောရှက် အသတ်ခံရမှုနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ကြ ၏။ မြန်မာနိုင်ငံမြို့ပြပုလိပ်အဖွဲ့မှ တာဝန်ရှိသူများနှင့် စုံထောက်အဖွဲ့ဝင်များသည် စနစ်တကျ စုံစမ်းစစ်ဆေး မှုများ ပြုလုပ်ခဲ့ကြ၏။ ထိုစဉ်က ကောလာဟလသတင်း အမျိုးမျိုး၊ ပါးစပ်ဂေဇက်သတင်းအမျိုးမျိုး ပျံ့နှံ့လာခဲ့ သည်။ တာဝန်ရှိသူအချို့ကမူ မေမြို့(ပြင်ဦးလွင်)ဥရော ပတိုက်သားအသိုင်းအဝိုင်းအတွင်း ချစ်မှုချစ်ရေးအရှုပ် အထွေးမှုကြောင့် လုပ်ကြံသတ်ဖြတ်ခြင်းဖြစ်သည်ဟု ယူဆခဲ့သည်။ ပုလိပ်(ရဲ)တို့ကမူ တောပစ်သမားတစ်ဦး



www.burmeseclassic.com


ဆိုက်အလီမှာ မေမြို့(ပြင်ဦးလွင်)ဖရီးမေဆင်အသင်းကြီး၏ အမှုဆောင်တစ်ဦးလည်းဖြစ်၊ ငွေကြေးချမ်းသာကြွယ်ဝသူလည်းဖြစ်ရာ ဤလူသတ်မှုကြီးနှင့်ပတ်သက်သော သဲလွန်စများကို ဩဇာသုံး၍ ဖျောက်ဖျက်ခဲ့သည်။ စုံထောက်နှင့် ပုလိပ်(ရဲ)တို့အားလည်း တံစိုးလက်ဆောင်ပေးခဲ့သည်ဟုဆိုသည်။ ထူးခြားနေသည်မှာ ထိုအမှုအခင်းကြီး ဖြစ်ပွားနေသည့်အချိန်တွင် ဆိုက်အလီသည် မေမြို့(ပြင်ဦးလွင်)မှ ခြေရာဖျောက်၍ ...

ဓါးသေနတ်မှ မတော်တဆထိမှန်ခြင်းဖြစ်နိုင်သည်ဟု ယူဆပြီး အချင်းဖြစ်ပွားသည့်နေ့က ယင်းအင်းယား ရွာမအနီး တောပစ်လာသူ ဂေါ်ရခါးအမျိုးသားတစ်ဦး အား ခေါ်ယူစစ်ဆေးခဲ့ကြသော်လည်း သတင်းမရခဲ့။

ဟင်နရီမောရှက်မိသားစုနှင့်ခင်မင်သူအများကမူ ဟင်နရီမောရှက်အား ချောင်းမြောင်းလုပ်ကြံသတ်ဖြတ် ခြင်းဖြစ်သည်ဟု ယူဆခဲ့ကြ၏။ သို့ဖြစ်၍ ဟင်နရီမော ရှက်မိသားစုကမူ ဗြိတိသျှအာဏာပိုင်များအပေါ် ကျေ နပ်မှုမရှိခဲ့။ ဗြိတိသျှအင်ပါယာကြီးအား သက်စွန့်ကြိုး ပမ်း တာဝန်ဝတ္တရားများကို ဆောင်ရွက်ခဲ့သူတစ်ဦးအား ပေါ့ပေါ့တန်တန် သဘောထားခဲ့သည်ဟု ယူဆခဲ့ကြ၏။ ဟင်နရီမောရှက်မှာ လုပ်ကြံသတ်ဖြတ်ခြင်းခံရသည်ဟု တထစ်ချ မှတ်ယူခဲ့ကြသည်။

ဤသို့ဖြင့် နှစ်ပေါင်း ရာစုနှစ်ဝက်ကျော်မှ ဒုတိယ ဗိုလ်မှူးကြီး ဟင်နရီမောရှက်၏သားဖြစ်သူ အိုင်ရင်းမော ရှက်သည် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ပြင်ဦးလွင်သို့လာရောက်၍ အသေးစိတ်စုံစမ်းလေ့လာမှု များ ပြုလုပ်ခဲ့သည်။ သက်ရှိထင်ရှားရှိနေသေးသော ဟင် နရီမောရှက်၏ အစေအပါးများ၊ တပည့်များ၊ ထိုစဉ်က ဗြိတိသျှတို့၏ မြို့ပြပုလိပ်(ရဲ)အဖွဲ့တွင် တာဝန်ထမ်း ဆောင်ခဲ့သူများအား တွေ့ဆုံ၍ လက်တစ်ဆုံးနှိုက် စုံ စမ်းစစ်ဆေးမှုများ၊ ပတ်ဝန်းကျင်လေ့လာမှုများကို ပြု လုပ်ခဲ့သည်။

စာရေးဆရာ အိုင်ရင်းမောရှက်၏ စုံစမ်းလေ့လာ ချက်များအရဆိုလျှင် ထိုစဉ်က မေမြို့(ပြင်ဦးလွင်)တွင် နာမည်ကျော် အိန္ဒိယတိုင်းရင်းသား သူဌေး ဆိုက်အလီ ဆိုသူက လူသတ်သမားငှားရမ်း၍ သတ်နိုင်းခြင်းဖြစ် သည်ဟု သိရ၏။ ဆိုက်အလီသည် အမျိုးသမီးများနှင့် ရှုပ်ရှုပ်ထွေးထွေး နေသူဖြစ်သည်။ ဟင်နရီမောရှက်၏ ဆွေမျိုးသားချင်းတော်စပ်သူ အမျိုးသမီးတစ်ဦးနှင့် ချစ် မှုချစ်ရေး ရှုပ်ထွေးခဲ့သည်ဟုဆိုသည်။ သို့ဖြစ်၍ ဟင် နရီမောရှက်နှင့် ဆိုက်အလီတို့သည် ယင်းကိစ္စနှင့်ပတ် သက်၍ ကိုယ်ထိလက်ရောက် အချေအတင်ဖြစ်ခဲ့ကြဖူး သည်ဟုဆိုသည်။ သို့ဖြစ်၍ ဆိုက်အလီသည် ကြေးစား လူသတ်သမားတစ်ဦးအား ငှားရမ်း၍ ဒုတိယဗိုလ်မှူး ကြီး ဟင်နရီမောရှက်အား လုပ်ကြံသတ်ဖြတ်နိုင်းခြင်း ဖြစ်သည်။

ထိုစဉ်က ဆိုက်အလီမှာ မေမြို့(ပြင်ဦးလွင်)ဖရီးမေ ဆင်အသင်းကြီး၏ အမှုဆောင်တစ်ဦးလည်းဖြစ်၊ ငွေ ကြေးချမ်းသာကြွယ်ဝသူလည်းဖြစ်ရာ ဤလူသတ်မှုကြီး နှင့်ပတ်သက်သော သဲလွန်စများကို ဩဇာသုံး၍ ဖျောက် ဖျက်ခဲ့သည်။ စုံထောက်နှင့် ပုလိပ်(ရဲ)တို့အားလည်း တံ စိုးလက်ဆောင်ပေးခဲ့သည်ဟုဆိုသည်။ ထူးခြားနေသည် မှာ ထိုအမှုအခင်းကြီးဖြစ်ပွားနေသည့်အချိန်တွင် ဆိုက် အလီသည် မေမြို့(ပြင်ဦးလွင်)မှ ခြေရာဖျောက်၍ ထွက် ခွာသွားခဲ့သည်ဟု သိရှိရပါကြောင်း။ ။

လှမိုး (ပညာရေး)

ကျမ်းကိုး- The Life and Murder of Henry Morshead

By- Irin Morshead

www.burmeseclassic.com

www.burmeseclassic.com



# မောင်သာမန်
(ဇီးကုန်း)

## သူနှင့်သူမ

www.burmeseclassic.com

www.burmeseclassic.com



သူမ၏မျက်နှာလေးပေါ်၌ ထင်ဟပ်မည့်အနေအထား မရောက်စေရန် စွမ်းသမျှ ထိန်းလိုက်ပြီးနောက် ဝန်ထမ်းလူငယ်အား

"ခြေဘ်.....သူ့ကို မမဆီ လွှတ်လိုက်ပါကွယ်"

အတိတ်ကာလ၏ ထာဝရ အမှတ်တရများစွာဖြင့် သူမ၏နှလုံးသား၌ ထင်ကျန်နေခဲ့သော သူ။ သူသို့မဟုတ် ဝဏ္ဏအောင်သည် သူမ၏သူငယ်ချင်း ယမင်းခင်နှင့် လက်ထပ်သွားသည်ဟူသောသတင်း ကြားခဲ့ပြီး နောက်ပိုင်းကာလများတွင် သူ၏သတင်း သိုးသိုးသန့်သန့်ပင် မကြားရတော့။ သူတို့အိမ်ထောင်ရေး အဆင်ပြေကြရဲ့လား၊ သူရော နေကောင်းရဲ့လားဟူသော စိုးရိမ်မှုများစွာဖြင့် သူ့ကို လွမ်းတသသဖြင့် သတိတရ တမ်းတခဲ့ရ၏။

ယခုတော့ သူမထံ သူသည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီဖြစ်၏။ ဒေါ်စုနန္ဒာအတွက် တစ်သက်တာ မေ့မရနိုင်သော သူသည် မည်သည့်အတွက်ကြောင့် သူမထံ ရောက်လာခဲ့ပါသနည်း။ လုပ်ငန်းကိစ္စများလား၊ သို့မဟုတ် ငွေကြေးအကူအညီ လိုအပ်လို့လား။ သူမအတွက် စဉ်းစားစရာဖြစ်ရပါလေ၏။ မည်သို့ပင်ဆိုစေ သူသည် အခက်အခဲတစ်ခုကြောင့် သူမထံသာ ရောက်ခြင်းဟု သူမ ယူဆ၏။ သူတွင် မည်သည့်အခက်အခဲရှိ[illegible] ထိုအခက်အခဲအတွက် ကူညီ[illegible] သူမ စဉ်းစားထားပါ[illegible]

ကုမ္ပဏီရုံးခန်းရှိ သီးသန့်ရုံးခန်းတစ်ခုတွင် ကုမ္ပဏီသူဌေး ဒေါ်စုနန္ဒာသည် လုပ်ငန်းဆိုင်ရာ ငွေစာရင်းများကို ကွန်ပျူတာတစ်လုံးဖြင့် စစ်ဆေးကြည့်ရှုနေ၏။ သူမ၏လက်အောက် ကုမ္ပဏီဝန်ထမ်းများမှာ ဆိုင်ရာဆိုင်ရာလုပ်ငန်းများဖြင့် အလုပ်ရှုပ်နေကြ၏။ ကုမ္ပဏီသူဌေးလည်းဖြစ်၊ ဥက္ကဋ္ဌလည်းဖြစ်သော သူမသည် လုပ်ငန်းမှန်သမျှ စွန့်ဦးတီထွင်မှုတို့ဖြင့် ကျော်ကြားသော လုပ်ငန်းရှင်ဖြစ်ပါ၏။ သူမသည် စာရင်းဇယားဖိုင်များအား ကွန်ပျူတာတစ်လုံးဖြင့် တိုက်ဆိုင်စစ်ဆေးနေစဉ် သူမ၏အခန်းထဲသို့ ဝန်ထမ်းလူငယ်တစ်ဦးဝင်ရောက်လာပြီး ရိုသေစွာဖြင့် သတင်းပို့လာ၏။

"မမ.....အပြင်မှာ လူတစ်ယောက် ရောက်နေပါတယ်၊ မမကို တွေ့ချင်လို့တဲ့၊ သူ့ရဲ့နာမည်က ဝဏ္ဏအောင်လို့ပြောပါတယ်"

ဝဏ္ဏအောင်ဟူသော နာမည်ကြောင့် ဒေါ်စုနန္ဒာ မှင်တက်တွေဝေသွားရ၏။ ဝဏ္ဏအောင်ဟူသော အမည်နာမကို မသိ၍မဟုတ်ပါ။ သိခဲ့သည်မှာ တက္ကသိုလ်ကျောင်းသူဘဝကပင် သိခဲ့ခြင်းဖြစ်၏။ ရင်နှင့်အမျှ သိခဲ့ခြင်းဟု ဆိုနိုင်ပါ၏။ သို့သော် ထိုအမည်သည် သူမ၏နှလုံးသားပတ်ဝန်းကျင်၌ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးအခြေအနေမှ ပြန်လည်ရှင်သန်လာသည်မို့ တွေဝေသွားရခြင်းပင်ဖြစ်ပေ၏။ နှလုံးသားမှ နာကျင်သောဝေဒနာတို့သည်

www.burmeseclassic.com

www.burmeseclassic.com


"စုနန္ဒာ"

မကြားရ၊ မမြင်ရတာ ကြာပြီ ဖြစ်သော နှလုံးသားတစ်နေရာတွင် ရှိနေသောသူတစ်ဦး သူမရှေ့တွင် ရောက်နေပါ၏။ ချစ်ရသောသူ၏ ကြည်လင်ပြတ်သားသောအသံ ကြောင့် သူမ၏ရင်တစ်ခုလုံး ဖြောင်း ဆန်သွားခဲ့ရ၏။ အမှတ်မထင် သူ့ ကိုကြည့်မိပြန်တော့ ထူထဲသော မျက်ခုံးများအောက်မှ ရီဝေဝေမျက် လုံးတစ်စုံ။ သူသည် ယခင်အတိုင်း ပင် မည်သို့မျှမပြောင်းလဲ။ သို့သော် သူ၏အသားသည် ညိုလျက်ရှိ၏။ အရပ်အမောင်းမြင့်မား၍ ခံ့ညားလာ ၏။ သူသည် သူမနှင့်မတွေ့ရသည့် နှစ်ကာလများစွာတွင် မည်သို့သော လောကဓံနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရပါ သနည်း။ သူသည် စပို့ရှပ်ဖျော့တော့ တော့အညိုရောင်၊ ဂျင်းဘောင်းဘီ ခပ်နွမ်းနွမ်းကို ဝတ်ဆင်ထား၏။ ချစ် ရသောသူသည် ယခင်ကကဲ့သို့ မဟုတ်။ ပုံစံခြားနားလျက်ရှိ၏။ သည်အတွက် သူမ စိတ်မကောင်း ဖြစ်ရ၏။

"စုနန္ဒာ ကိုယ့်ကိုမမှတ်မိတော့ ဘူးလားကွာ၊ ကိုယ်ကိုအောင်ပါ"

သူ၏ကြည်လင်သောအသံ ကြောင့် သူမ၏ရင်တစ်ခုလုံး ချစ် ခြင်းဝေဒနာ၏ ပြင်းထန်သော စွမ်း အားများသည် အပြင်သို့တိုင် ပေါက် ထွက်လေသလားဟု ထင်မှတ် လောက်အောင် ခံစားလိုက်ရ၏။ ထို့ ကြောင့်ပင် သူမ၏ မျက်ဝန်းညို၌ လက်ခနဲ ရွှန်းစိုသွားရ၏။ သို့သော် သူမသည် ဣန္ဒြေပျက်လောက် အောင်တော့ မဟုတ်ခဲ့ပါပေ။

"စုနန္ဒာရဲ့ နှလုံးသားထဲမှာရှိ နေတဲ့သူမှန်သမျှကို မမှတ်မိဘူးဆို ရင် စုနန္ဒာရဲ့သမိုင်း ကောင်းနိုင်ပါ တော့မလား ကိုအောင်ရယ်"

သူသည် သူမ၏ပြောစကား ကြောင့် ဖြူဖွေးသောသွားများပေါ် အောင် ပြုံးသွားရ၏။ သူပြုံးတော့ သူမမှာ မြီးကောင်ပေါက် ဆယ် ကျော်သက်ကလေးသဖွယ် ရှက်ရွံ့ သွားရ၏။ သူသည် သူ၏ကိုယ်ရေး ကိုယ်တာအကြောင်းတစ်ခုခုကြောင့် သူမထံ ရောက်လာခြင်းဖြစ်သည်ဟု သူမ ယူဆလိုက်၏။ သူက သူမကို ရွှန်းရွှန်းစားစားကြည့်လျက်.....

"စုနန္ဒာ မင်းလေ ကျောင်း တုန်းကအတိုင်းပဲ၊ ဘာမှမပြောင်း လဲဘူး၊ နောက်ပြီး ကျက်သရေရှိပြီး ပိုပြီးချောလာတယ်"

သူ၏အကြည့်၊ သူ၏အပြော၊ သူ၏အပြုံးတို့သည် နက်ရှိုင်းလှ သည်ဟု သူမထင်၏။ ထို့ကြောင့် သူမသည် မိန်းမသားဖြစ်ခြင်းကြောင့် သူပစ်လိုက်သော မြားချက်အား ရှောင်လွှဲလျက်.....

"ကိုအောင့်ကို နန္ဒာမတွေ့တာ နှစ်တော်တော်ကြာခဲ့ပြီနော်၊ နန္ဒာတို့ ဘွဲ့ယူပြီးတော့ နန္ဒာ စီးပွားရေးနယ် မြေထဲ ခြေချခဲ့တယ်၊ ကိုအောင်နဲ့ ယမင်းခင်တို့ သတင်းကြားပြီး ကို အောင့်ကို ဘယ်မှမတွေ့ရတော့ ဘူး"

ဒေါ်စုနန္ဒာ၏ အမျှင်မပြတ် သော စကားသုံးသပ်ချက်များ ကြောင့် သူသည် မည်သို့ဖြေဆိုရ

**အထီးကျန် ဆန်နေသောသူ့အား ချစ်ခြင်းမေတ္တာအဟုန်ဖြင့် ဖေးမလို၏။ သူနှင့် သက်ဆုံးတိုင် လက်တွဲလို၏။ အချစ်မှားသောသူ့အား အပြစ်ရှိသည်ဟု သူမ မပြောရက်။ ထိုသို့ ဖြစ်ရခြင်းမှာ သူမသည် သူ့အား စတင်ချစ်မိသောကြောင့်ပင် ဖြစ်ပေ၏**

...

www.burmeseclassic.com

www.burmeseclassic.com



ည်ကို စဉ်းစားရ၏။ သူ၏မျက်နှာ
ည် ညှိုးငယ်သယောင်ဖြစ်သွားရ
 ယင်းနောက် သူ၏လေးတွဲ့
သော စကားတို့သည် သူမ၏နှလုံး
သားတစ်ခုလုံး လှုပ်ခါစေတော့၏။
အတွက် ရင်နာရပါ၏။ သို့သော်
အတွက်မူ မေတ္တာပန်းများ ပြန်
ည်လန်းဆန်းစေမည့် အကြောင်း
ရာများ ဖြစ်လာခဲ့ရ၏။ သူက...

"ကိုယ်တို့တွေ ဘွဲ့ယူပြီးတဲ့နေ့
နောက်တစ်နေ့မှာပဲ ကိုယ်နဲ့ယမင်း
ခင် ဆုံစည်းခဲ့ကြတယ်၊ ယမင်းခင်
က သူ့ကိုမိဘတွေက ဆရာဝန်တစ်ယောက်နဲ့ လက်ထပ်ပေးမယ့်အခြေအနေရောက်နေတာကြောင့် ကိုယ့်နောက်ကိုအပြီးလိုက်မယ်လို့ပြောတယ်၊ မင်းတို့သိတဲ့အတိုင်း ကိုယ်ကတောနယ်ဘက်ကလေ၊ တောမှာ ကိုယ်တို့စားသလို သူစားနိုင်လို့လား၊ နောက်ပြီး ကိုယ့်မှာက မိဘ တွေ မရှိကြတော့ဘူး၊ အစ်မကြီးက ကျောင်းထားပေးတာ၊ ဘွဲ့ရတာပဲ ရှိတာ၊ သူရောကိုယ်ရော ဘာအလုပ်မှ မရှိဘူး၊ သူ့ကိုဖျောင်းဖျနေတာ မရပါဘူး၊ ကိုယ်အလုပ်ရတဲ့အထိ သူ့ရဲ့မိဘတွေကိုလိမ္မာပါးနပ်စွာ အချိန်ဆွဲထားဖို့ပြောတာလည်း မရဘူး၊ ကဲ...ဖြစ်ချင်ရာဖြစ်ဆိုပြီး သူ့ကိုခေါ်သွားခဲ့တယ်၊ ဒါပေမဲ့ ကံကြမ္မာက ကိုယ်နဲ့သူ့ကို ပေါင်းသင်းဖို့အတွက် ခွင့်မပေးခဲ့ပါဘူး၊ အောင်မင်္ဂလာအဝေးပြေးဂိတ်မှာ ကားပေါ်ကို မရောက်လိုက်ရပါဘူး၊ သူ့မိဘတွေက သူ့ကိုဖွတ်ခေါ်သွားကြတယ်၊ နောက်ပြီး ကိုယ့်ကိုလည်း သူတို့သမီးနဲ့ အဆက်အသွယ်မလုပ်ဖို့ ခပ်တင်းတင်းပဲ ပြောသွားကြတယ်၊ ဒါနဲ့ပဲ ကိုယ်ရွာကို ကိုယ်တစ်ယောက်တည်း ပြန်သွားခဲ့တယ်ဆိုပါတော့၊ အခုတော့လည်း ယမင်းခင်က လူမှန်၊ နေရာမှန် ရောက်နေပါပြီ၊ အဲဒီဆရာဝန်နဲ့ပဲ အိမ်ထောင်ကျပြီး သားသမီးတွေရနေပြီလေ၊ ဒါကြောင့် ကိုယ့်ကိုယမင်းခင်နဲ့တွဲပြီး မပြောပါနဲ့တော့၊ ကိုယ်နဲ့ယမင်းခင်က မဆုံနိုင်ဘူးဆိုတာ ကိုယ်သိနေလို့ ကိုယ့်ကိုယ်ကိုယ်တိုင်ငြင်းခဲ့တာပဲလေ"



သူ၏ညှာတာထောက်ထားမှု၊ သူ၏ရိုးဖြောင့်မှု၊ သူ၏တည်ကြည်မှုများကို အထင်ကြီးသွားရ၏။ သို့သာမက သူ့ကိုချစ်သောစိတ်၊ သူ့ကိုအထင်ကြီးသောစိတ်တို့သည် သူမ၏ နှလုံးသားလွှင်ပြင်ဝယ် ပျံ့နှံ့လျက်ရှိပေတော့၏။ သူမက သူ့အား ကြင်နာစွာဖြင့် ..

"အခုရော ကိုအောင် ဘာတွေလုပ်နေသလဲဟင်"

"နယ်ဘက်မှာက အလုပ်ရှားတယ်၊ သူငယ်ချင်းတစ်ယောက်ရဲ့ ပွဲရုံမှာ စာရင်းကိုင်ဝင်လုပ်နေတာ၊ ဒီမှာရှိနေကြတဲ့ သူငယ်ချင်းတွေရဲ့ အခြေအနေ စုံစမ်းကြည့်တော့ မင်းရဲ့ စီးပွားရေးအခြေအနေကောင်းတဲ့အကြောင်း၊ ကိုယ်ပိုင်အထည်ချုပ် စက်ရုံတွေ၊ ပြည်ပက ကုန်ပစ္စည်းတွေ သိုလှောင်ရောင်းဝယ်ပြီး အလုပ်ဖြစ်နေတာတွေကြားရတော့ ကိုယ်အလုပ်ရဖို့ ကူညီနိုင်လိမ့်မယ်ထင်ပြီး နန္ဒာဆီကို ရောက်အောင်လာခဲ့တာပဲ"

သူ့ဘဝအခြေအနေကို သိလိုက်ရတော့ သူမမနေနိုင်။ သူမ၏လုပ်ငန်းတစ်ခုတွင် အလုပ်ပေးနိုင်ရန်ချက်ချင်းစဉ်းစားဆုံးဖြတ်ရ၏။ မေတ္တာစစ် မေတ္တာ

www.burmeseclassic.com

မှန်ဟူသည် ချစ်တတ်သူများအတွက်သာဖြစ်သည်ဟု သူမ ဆင်ခြင်မိ၏။ ချစ်တတ်သူများအတွက် မည်သည့်အခက်အခဲရှိပါစေ၊ တစ်ချိန်ချိန်တွင် မေတ္တာစစ်၏ အနှစ်အရသာကို တွေ့ရကြုံရမည်မှာ မလွဲကေန်ပင်ဖြစ်သည်ဟု သူမ သုံးသပ်မိပြန်၏။ သူ၏ဘဝကို ကယ်တင်ရန်အတွက် သူမ တစ်ခဏချင်းဆုံးဖြတ်လိုက်၏။

* * *

အမှန်အားဖြင့် သူဆိုသော ဝဏ္ဏအောင်အား သူမသည် တက္ကသိုလ်နှစ်စကပင် တိတ်တခိုးချစ်မိနေခဲ့၏။ အလှပန်းလေးများ ဖူးပွင့်ဝေဆာနေသည့် စီးပွားရေးတက္ကသိုလ်တွင် သူသည် သူမကို မမြင်တွေ့ခဲ့။ သူတွေ့သည်ကား သူမ၏နံဘေးထိုင်ခုံမှ ယမင်းခင်ကို တွေ့ခဲ့၏။ သူမသည် ကြေကွဲသောနှလုံးသားအား ရင်မှာပိုက်လျက် လွမ်း ခြင်းများစွာဖြင့် နောက်ဆုတ်၍နေခဲ့ ရ၏။ ယခုတော့ သူမသည် ကြွယ်ဝသောဥစ္စာဓနများ ပိုင်ဆိုင်သည့်နည်းတူ မိမိချစ်ရသူသည်လည်း မိမိအနားတွင် ရှိနေချေပြီဟု သူမတွေးလျက် ပီတိဖြစ်လျက်ရှိချေ၏။

သူ့အကြောင်းကြားရခြင်းကြောင့် သူ့အတွက် သူမ ရင်နာရ၏။ ကြေကွဲခံစားရ၏။ အထီးကျန်ဆန်နေသောသူ့အား ချစ်ခြင်းမေတ္တာအဟုန်ဖြင့် ဖေးမလို၏။ သူနှင့် သက်ဆုံးတိုင် လက်တွဲလို၏။ အချစ်မှားသောသူ့အား အပြစ်ရှိသည်ဟု သူမ မပြောရက်။ ထိုသို့ဖြစ်ရခြင်းမှာ သူမသည် သူ့အား စတင်ချစ်မိသောကြောင့်ပင်ဖြစ်ပေ၏။

ယခုတော့ သူသည် သူမနှင့်အတူ မျက်နှာချင်းဆိုင်၍ အလုပ်လုပ်ရပြီဖြစ်၏။ သူမပိုင်ဆိုင်သော တိုက်ခန်းတစ်ခုတွင် လွတ်လပ်စွာနေထိုင်စေ၏။ သူ၏နက်ရှိုင်းသောအကြည့်များကြောင့် သူမ ပီတိဖြစ်ရ၏။ ထိုအကြည့်များသည် သူမအတွက် အချစ်၌ ယစ်မူးရမည့် ခံစားချက်အကြည့်များဖြစ်သည်ဟု သူမ ထင်မြင်ရပေ၏။

သို့ဖြင့် သူနှင့်သူမတို့ ဆုံစည်းရာ အမိတက္ကသိုလ်ကိုလည်း အတိတ်ခြေရာများနှင့်အတူ အောက်မေ့သတိတရရှိလှ၏။ ထိုစဉ်အခါက စီးပွားရေးတက္ကသိုလ် ပထမနှစ်မောင်မယ်သစ်လွင်ကြိုဆိုပွဲနေ့၌ သူ့ကို တွေ့ဆုံခဲ့ခြင်းဖြစ်၏။ ထိုနေ့၌ပင် သူ၏နာမည် ဝဏ္ဏအောင်ဖြစ်ကြောင်း သိခဲ့ရပြီး စာရင်းကိုင်မေဂျာ၊ တက္ကသိုလ်ပထမနှစ်၏ ကင်းအဖြစ် ရွေးချယ်သတ်မှတ်ခံရသည်ကြောင့် သူမအဖို့ သူ့ကို သဘောကျ နှစ်ခြိုက်ခဲ့၏။ သူသည် ချောမောခံ့ညားသူဖြစ်၏။ အရပ်ထောင်မောင်း၍ ဝင့်ထည်သော ကိုယ်ကာယကြောင့် သူမအပါအဝင် ကျောင်းသူများ စိတ်ကူးယဉ်၍ ရင်ဖိုခဲ့ရ၏။ သူမ၏နှလုံးသားထဲဝယ် သူဆိုသည့်ဝဏ္ဏအောင်ကို ကမ္ဘာဦး စာတင်ခဲ့ပြီးဖြစ်ပါ၏။ ပထမနှစ်တစ်နှစ်လုံး တစ်ခန်းတည်း ကျောင်း အတူနေခဲ့ရ၏။ သူ၏ရှင်ကြည်သော အကြည့်များကြောင့် သူမ ရင်ခုန် သည်မှာ တစ်ကြိမ်တစ်ခါမက။ သူ နှင့်သူမတို့နှစ်ဦး မေးထူးခေါ်ပြော လေးများဖြင့် ကြည်နူးခဲ့ရ၏။ စာ သင်နှစ်တစ်နှစ်လုံး သူ၏မျက်လုံး များသည် သူမထံရောက်နေပြီး သူ ၏သူငယ်ချင်းများကပင.....

"ဟေ့.....နန္ဒာ၊ တို့ကျောင်း ကြီးရဲ့ကင်းက မင်းကို ဣန္ဒြေမ ကြည့်လှချည်လားကွ၊ မင်းတော့ ကောင်းပြီနဲ့တူတယ်"

သူငယ်ချင်းတွေပြောမှပင် သူ ကို လှည့်ကြည့်မိ၏။ သူက ပြုံး ၏။ သူမ၏ရင်ထဲသို့ ရေခဲမြစ်လေ တစ်စင်း ဖြတ်သန်းစီးဆင်းသွား၏

"သူ.....သိပ်ဆိုးပါလား" ဟု ပီတိဖြစ်စွာ ညည်းတွားမိ၏။ ဒုတိယ နှစ်တွင်လည်း သူ၏အကြည့်စူးရှ လေးများသည် သူမ၏ရင်ကို ငြိမ်း ချမ်းစေ၏။ သူ၏အကြည့်ကို နား မလည်သော်လည်း သူမ ကျေနပ် မိ၏။

သူမတစ်ယောက် ပို၍ကျေနပ် ပီတိဖြစ်ရသည်က သူမတို့နေထိုင် ရာ အဆောင်သို့ ကျောင်းပိတ်ရက် များတွင် သူနှင့် သူ၏အပေါင်း အသင်းများလာရောက်၍ အဆောင် ရှေ့မြက်ခင်းပေါ်၌ ဂီတာတီး၍ သီ ချင်းဖျော်ဖြေပွဲလုပ်ခြင်းကြောင့်ပင် ဖြစ်၏။ သူမသည် သူ၏သီချင်းသံ သံကြောင့် ဝရန်တာသို့ထွက်၍ နား ထောင်ဖြစ်၏။ သူသည် ဂီတာတီး ၍ သီချင်းဆို၏။ သူသည် သီချင်း

www.burmeseclassic.com

www.burmeseclassic.com




များကို ကောင်းမွန်စွာ သီဆိုနိုင်သူဖြစ်၏။ သူဆိုသောသီချင်းများမှာ အလွမ်းဓာတ်ခံလေးများပါလေ့ရှိ၏။ ထို့ကြောင့် သူမသည် သူ့အတွက် နှလုံးထိခိုက်ရ၏၊ ဝမ်းနည်းရ၏။ နှင်းမှုန်ဖွေးဖွေး ဆောင်းရာသီ၏ သည်ဦးယံကာလများတွင် သူ၏သီချင်းသံသည် သူမအား ဖမ်းစားသည့်ပမာ ရင်ခုန်လှိုက်မောခဲ့ရ၏။ ထိုနှစ်မကုန်မီ သူသည် သူမထံ ရောက်လာ၏။ သူက မရွံ့မရဲလေသံလေးဖြင့်.....

''နန္ဒာ.....ကိုယ့်ကိုကူညီပါ၊ နန္ဒာကူညီမယ်လို့လည်း ကိုယ်ယုံကြည်ပါတယ်''

''ကိုအောင့်ကို နန္ဒာ ဘယ်လိုကူညီရမလဲ''

သူမသည် ကိုအောင်ပြောလာသည့်စကားကို ရင်ခုန်လှိုက်မောစွာ နားထောင်နေမိ၏။ မြားနတ်မောင်ကလေး၏ အချစ်မြားသည် သူမ၏ နှလုံးသားတည့်တည့်ကို ပစ်ခတ်တော့မည်ဟု ထင်မြင်နေခိုက် သူ၏ မမျှော်လင့်သောစကားကြောင့် သူမ၏အသည်းပန်းလေး နွမ်းကြေခဲ့ရ၏။

''နန္ဒာ့ရဲ့သူငယ်ချင်း ယမင်းခင်ကို စာလေးတစ်စောင်ပေးချင်လို့၊ ကူညီပါ နန္ဒာရယ်''

သူ၏စကားများသည် သူမ၏ နှလုံးသားအား တစ်စစီ ချေဖျက်နေသည့်နှယ်ပင်။ သူမအသည်း တဆတ်ဆတ်တုန်သွားရ၏။ ''ရက်စက်လှချည်လားရှင်''ဟုသာ စိတ်ထဲ၌ ညည်းတွားရင်း ရင်ထဲ၌ ပင့်သက်ရှိုက်ခဲ့ရ၏။ သို့ဖြင့် သူနှင့် ယမင်းခင်တို့ ချစ်သူများဖြစ်သွားကြသော်လည်း သူမဘဝကား အထီးကျန်ဆန်ခဲ့ရ၏။ သို့ဖြင့် ချစ်ခြင်းကို နားမလည်သောသူနှင့် ချစ်တတ်လေသော သူမတို့ ဘွဲ့ယူပြီးနောက် တွေ့ဆုံခြင်းမရှိခဲ့တော့ပေ။ သူမသာလျှင် ချစ်တတ်၍ သူမသာလျှင် အသည်းကွဲရခြင်းပင်ဖြစ်ပေ၏။

နောက်ပိုင်းကာလများတွင် သူမသည် မိဘများ၏ ပံ့ပိုးထောက်ပံ့မှုတို့ဖြင့် စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့၏။ ချစ်ရလေသော သူ့အား နှလုံးသားတစ်နေရာတွင် သိမ်းဆည်းလျက် စီးပွားရေးအား စူးစိုက်စွာလုပ်ကိုင်ခြင်းကြောင့် အောင်မြင်မှုများစွာရရှိခဲ့၏။ သို့ဖြင့် ဘဝ၏တိုးတက်မှုလမ်းပေါ်တွင် သူမလျှောက်လှမ်းနေခိုက် ရင်ထဲမှအချစ်တစ်ခုသည် ပြန်လည်ပေါ်ပေါက်လာရ၏။

သူမသည် ကိုယ်ပိုင်အထည်ချုပ်စက်ရုံ ထူထောင်ထားသည်သာမက အများပိုင်ကုမ္ပဏီများတွင်လည်း ရှယ်ယာများဝင်ထားပါ၏။ သူမ၏ ဝန်းကျင်တစ်ပိုက်တွင်လည်း လယ်ယာခြံမြေများ ဝယ်ယူပိုင်ဆိုင်ထားသည့်အပြင် အဝေးပြေးကုန်တင်ကားသုံးစီးကိုလည်း ထူထောင်ထား၏။ နယ်စပ်ကုန်ပစ္စည်းများအား သယ်ဆောင်၍ သိုလှောင်ခြင်း၊ ရောင်းချခြင်းများလည်း ဆောင်ရွက်

www.burmeseclassic.com



လျက်ရှိ၏။ ကုန်ကားကြီးများနှင့် ပတ်သက်၍ ဦးလေးဝမ်းကွဲတော်သူ ဦးဘကောင်းအား ဦးစီးစေ၏။

သူမသည် နေ့စဉ်နှင့်အမျှ အငြိမ်မနေရပေ။ လုပ်ငန်းများပြားသည့်အလျောက် ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်ရသည်လည်းရှိ၏။ သယ်ယူပို့ဆောင်ရေးကုန်ပစ္စည်းများနှင့် ပတ်သက်၍ တစ်နေ့တွင် သူမအား တင်ပြရန် ဦးဘကောင်း သူမ၏ရုံးခန်းထဲသို့ဝင်လာ၏။ ရုံးခန်းထဲတွင် တကုပ်ကုပ်ဖြင့် အလုပ်လုပ်နေသော သူ့အားတွေ့ရှိပြီး တစ်နေရာတွင် မြင်ဘူးသလိုရှိသည်ဟု စဉ်းစားမိပြီး သူ့အားငေးကြည့်နေမိ၏။ သို့သော် မမှတ်မိချေ။ ဦးဘကောင်းမှ သူ့အားစူးစိုက်ကြည့်နေသည့် အဖြစ်ကို သူမက.....

"ဦးလေး သူ့ကိုမသိလောက်ပါဘူး၊ သူ့နာမည်က ဝဏ္ဏအောင်လို့ခေါ်တယ်၊ နန္ဒာ့ရဲ့ကျောင်းနေဖက်၊ သူနေတဲ့ဇာတိမှာ စီးပွားရေးအဆင်မပြေလို့ နန္ဒာ့ဆီရောက်လာတာ၊ သူ့ကို နန္ဒာက လောလောဆယ် စာရင်းကိုင်အဖြစ်ခန့်ထားတာ၊ နောက်ဆိုရင်တော့ နန္ဒာ့ရဲ့ ပီ အေပေါ့"

ဦးဘကောင်းသည် သူမရှေ့သို့ သူ့အား လက်ဆွဲနှုတ်ဆက်သည့်တိုင် သံသယမျက်လုံးများဖြင့်ကြည့်လျက် တစ်စုံတစ်ရာ စဉ်းစားနေခဲ့၏။ သို့သော် အဖြေမထွက်။ သူသည်လည်း ဦးဘကောင်း၏ မျက်လုံးအကြည့်ကို မကြိုက်၍ သတိထားဆက်ဆံခဲ့၏။ ယင်းနောက် သူသည် ဆက်လက်၍ စာရင်းဇယားများအား တွက်ချက်၍နေလိုက်၏။

ဦးဘကောင်းက လုပ်ငန်းများနှင့်ပတ်သက်၍ သူမအား အသေးစိတ် တင်ပြနေခဲ့၏။ သူမကမူ.....

"နန္ဒာညွှန်ကြားတဲ့အတိုင်း ဦးလေး ဆက်လုပ်ပါ၊ အလုပ်လုပ်တဲ့နေရာမှာ အဖုအထစ်ရှိရင် နန္ဒာ့ကို ဘယ်နေရာရောက်ရောက်အကြောင်းကြားပါ၊ နန္ဒာလိုက်ဖြေရှင်းပါ့မယ်"

"နန္ဒာပြောတာတော့ ဟုတ်ပါတယ်၊ ဦးလေးတို့လည်း ဆက်လုပ်မှာပါ၊ ခက်တာက လမ်းကြောင်းတွေက အရင်ကနဲ့မတူဘူး၊ အထူးသဖြင့် ဦးလေးတို့ကားတွေကို တခြားကားတွေထက်ပိုပြီး အသေးစိတ်ရှာကြတယ်၊ ဒါကြောင့် ခွင့်ပြုတဲ့ပစ္စည်းပဲ တင်လာခဲ့ရတာများနေတယ်၊ ဒီတစ်ခါတော့ သူတို့အပိုင်မှာ ဦးလေးတို့ လျှပ်တစ်ပြက်လုပ်ရှားရမှာပဲ"

ဦးဘကောင်းသည် သူမနှင့် အတန်ကြာစကားပြောနေပြီးနောက် နှုတ်ဆက်၍ ပြန်လည်ထွက်ခွာသွားတော့၏။ ဦးဘကောင်းမရှိသည့်အခါတွင် ဝဏ္ဏအောင်က သူမအနားကပ်၍.....

"နန္ဒာ မင်းရဲ့လုပ်ငန်းတွေကတော့ အံ့သြဘနန်း တိုးတက်တာမြန်တာပဲ၊ ရှေးရှေးကပြုခဲ့တဲ့ကံတွေ အခုအကျိုးပေးပြီနဲ့တူတယ်၊ လုပ်ငန်းတွေအတွက် ရင်းနှီးခဲ့ရတဲ့ငွေတွေကလည်း နည်းတာမှမဟုတ်ဘဲ၊ မိဘတွေဆီက ရရှိတဲ့ အမွေအနှစ်တွေနဲ့ ရင်းခဲ့တာလား"

သူမသည် အသံလွင်လွင်လေးဖြင့် ရယ်လိုက်ပြီးနောက်.....

"ကိုအောင် ဘယ်လိုထင်လို့လဲရှင့်၊ ကိုအောင်ထင်တဲ့အတိုင်း မိဘတွေဆီကရတဲ့ အမွေအနှစ်လည်း ပါတာပေါ့၊ လုပ်ငန်းတွေကရတဲ့အမြတ်ရယ်၊ ပုဂ္ဂလိကဘဏ်တွေဆီက အတိုးနည်းနဲ့ရတဲ့ငွေကြေးရယ် စုပေါင်းပြီး ထပ်ထည့်ရင်း ထပ်ထည့်ရင်း အမြတ်တွေထွက်လာတာပဲ၊ နိုင်ငံတော်ကိုလည်း လုပ်ငန်းအလိုက် အမြတ်ခွန်တွေကိုလည်း သွင်းခဲ့တယ်လေ အခုလေ နန္ဒာ့ရဲ့လုပ်ငန်းတွေမှာ ကိုအောင်တစ်ယောက် ထပ်တိုးလာတော့ ကျွမ်းကျင်ပညာရှင်တစ်ယောက် ရတာပဲလို့လည်း နန္ဒာသဘောပိုက်မိတယ်။ ကိုအောင် သွားရေးလာရေး အဆင်ပြေဖို့ ကားတစ်စီးစီစဉ်ထားတယ်၊ အဲဒီကားက ကိုအောင့်ကို နန္ဒာလက်ဆောင်ပေးတာပေါ့"

"ဟာ....မဟုတ်တာဘဲ နန္ဒာရယ်၊ ကိုအောင့်အတွက် မလိုပါဘူး ဘယ်မှသွားဖို့လည်း မရှိဘူး လေ မပေးပါနဲ့"

"မရပါဘူး၊ နန္ဒာက ပေးမယ်လို့ ဆုံးဖြတ်ထားတာကို ပေးရမ ကျေနပ်တယ် ကိုအောင်"

သူမကပင် ဆက်လက်၍.....

"နန္ဒာ စီးပွားရေး အလျင်အမြန် တက်လာတာက အရေးကို သမားရိုးကျ မသွားခဲ့လို့ဆိုရင်လည်း မှန်တယ်လို့ ဆိုမှာ၊ တချို့ ခွင့်ပြုတဲ့ ကုန်ပစ္စည်းနဲ့ပတ်သက်ပြီ

www.burmeseclassic.com

www.burmeseclassic.com



အခွန်ဆောင်ပြီး နယ်စပ်ကတင်သွင်းခွင့်ရပေမယ့် တချို့က ခွင့်မပြုတရားမဝင်တဲ့ ကုန်ပစ္စည်းတွေရှိတယ်၊ အဲဒီပစ္စည်းတွေကို ခွင့်ပြုတဲ့ကုန်ပစ္စည်းတွေနဲ့ရောပြီး တင်သွင်းရတယ်၊ ဒါကြောင့် နန္ဒာ စီးပွားတက်မြန်ခဲ့တာပေါ့၊ နိုင်ငံတော်ကိုမောမခန့်လုပ်တာမဟုတ်ပါဘူး၊ ဒါပေမဲ့ စားသုံးတဲ့လူတွေကလည်း ဒါတွေပဲတောင်းဆိုတော့ ကြားညှပ်ရတာပေါ့ ကိုအောင်၊ ဒီလိုစီးပွားတိုးတက်လိုတာကလည်း တစ်ချိန်ချိန်မှာ နန္ဒာချစ်ရတဲ့သူ နန္ဒာ့ဆီ ပြန်ရောက်လာခဲ့ရင် နန္ဒာတို့ဘဝအဆင်သင့်ဖြစ်အောင်လို့ပါ၊ နောက်ပြီး နန္ဒာလေ တစ်ယောက်တည်းအထီးကျန်မဆန်ချင်တော့လို့ပါ ကိုအောင်ရယ်''

''နန္ဒာပြောတာ ကိုယ်နားမလည်ဘူး၊ နန္ဒာ ဘာပြောချင်တာလဲ''

သူမသည် မဝံ့မရဲ ခပ်ရှက်ရှက်ဖြင့် ရိုးသားပွင့်လင်းရတော့၏။

''ကိုအောင်ရယ် မြင်းကမလှုပ် ခုံကလှုပ်၊ ယုန်ကမတိုး ပိုက်ကတိုးဆိုတဲ့ စကားအလင်္ကာတွေကို မသိလို့လားရှင်ရယ်''

သူမ၏အပြောကြောင့် သူသည် ပြုံးတုံ့တုံ့ဖြစ်သွားရ၏။ သူနှင့်သူမအကြား၌ တစ်ကမ္ဘာခန့်ကြာသည်ဟု ထင်ရ၏။ ယင်းနောက် သူ၏နှုတ်ဖျားမှ ထွက်ပေါ်လာသောစကားကြောင့် သူမ ရှက်ပြုံး ပြုံးသွားရ၏။

''ကိုယ်သိပါတယ် နန္ဒာ၊ အချိန်ဆိုတဲ့ အရာတစ်ခုက ကိုယ်နဲ့မင်းကို ပြည့်စုံတဲ့အဖြေတစ်ခုပေးနိုင်လိမ့်မယ်လို့ ကိုယ်ထင်ပါတယ်''

* * *

သည်ကနေ့ သူမတစ်ယောက်တည်း ရုံးခန်းထဲတွင် အလုပ်ရှုပ်နေ၏။ သူမ၏ကုမ္ပဏီရုံးရှိရာသို့ ကားများဖြင့် ရဲအရာရှိများ၊ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအရာရှိများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ရောက်ရှိလာ၏။ ဝရမ်းအရဥပဒေမဲ့ ကုန်ပစ္စည်းများအား ဝင်ရောက်ရှာဖွေ သိမ်းဆည်းခဲ့ကြ၏။ သူမမှာ တုန်လှုပ်ချောက်ချား၍ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သော်လည်း ဣန္ဒြေမပျက်ခဲ့ပါပေ။ ထိုစဉ်အတွင်း ဦးဘကောင်းနှင့်အဖွဲ့ နေထိုင်သည့် သူမပိုင်တိုက်ခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းခန့်တွေ့ရှိခြင်းဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ သူမပိုင်တိုက်ခန်း၌ တွေ့ရှိရခြင်းကြောင့် သူမအနေဖြင့် မသိရှိရသော်လည်း အထူးတုန်လှုပ်သွားရ၏။ သူမ၏ဦးလေးဖြစ်သူ ဦးဘကောင်းနှင့် အပေါင်းပါတို့၏လုပ်ရပ်သည် သူမအား နောက်ကျောမှ ဓားဖြင့်ထိုးခြင်းသာဖြစ်သည်ဟု ဦးလေးဖြစ်သူအား မကျေမနပ်ဖြစ်ရ၏။

လူသားမျိုးနွယ်တစ်ခုလုံး မျိုးတုံးစေမည့် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သူမကဲ့သို့သော လုပ်ငန်းရှင်ကြီးတစ်ယောက်အနေဖြင့် လုံးဝ

**သူမ အံ့ဩရ၏။ အထိတ်တလန့်ဖြစ်ရ၏။ မည်သို့မျှ မျှော်လင့်မထား၊ အိပ်မက်များလားထင်မှတ်ရ၏။ သူသည် ရဲယူနီဖောင်းဖြင့် ကြည့်၍ ကောင်းလှပါ၏။ သူကား . . .**

www.burmeseclassic.com

www.burmeseclassic.com





ရှောင်ရှားခဲ့ပါ၏။ ဥပဒေနှင့်မလွတ်ကင်းသော ထိုစိတ်ကြွဆေးများ သယ်ယူရောင်းချခြင်းများအား လုံးဝမလုပ်ခဲ့။ ယခုကဲ့သို့ မိမိ၏လုပ်ငန်းနယ်ပယ်၌ စိတ်ကြွဆေးများ တွေ့ရှိခြင်းသည် မြွေပွေးခါးပိုက်ပိုက်ခဲ့ခြင်းကြောင့်သာဖြစ်ပါ၏။ တစ်ခုသာ ပြောစရာရှိ၏။ အစားအစာနှင့် ဆေးဝါးကွပ်ကဲမှု၏ပြင်ပမှ တရားဝင်ခွင့်ပြုချက်မရှိသော စားကုန်သောက်ကုန်နှင့် ယမကာတချို့အား သယ်ဆောင်ဖြန့်ဖြူးသည်မှာ အမှန်ပင်ဖြစ်သည်။ မူးယစ်ဆေးဝါးမဟုတ်သော တခြားကုန်ပစ္စည်းများနှင့် ပတ်သက်၍ သူမ ဖြေရှင်းရပါလိမ့်မည်။ စိတ်ကြွဆေးများနှင့်ပတ်သက်၍ ဦးဘကောင်းနှင့် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးထားပြီးဖြစ်၏။ ဦးဘကောင်းမှလည်း စိတ်ကြွဆေးရောင်းဝယ်ဖောက်ကားမှုအား သူမလုံးဝမသိပါကြောင်းနှင့် ပါဝင်ပတ်သက်မှုမရှိကြောင်း ဖြောင့်ချက်ပေးပြီးဖြစ်၏။ ရဲအရာရှိကြီးများက သူမစိတ်ချမ်းသာစေရန် ပြောကြားခြင်းကြောင့် သူမ စိတ်အေးရသည်မှန်သော်လည်း သူမဘေးတွင် အရေးကြုံလျှင် ရှိရမည့်သူတစ်ယောက်ရှိမနေခြင်းကြောင့် သူမ ဘဝင်မကျဖြစ်ရ၏။ ရဲအရာရှိကြီးတစ်ဦးက သူမအား.....

"ဒေါ်စုနန္ဒာ၊ ဟောဟိုမှာလာနေတဲ့ ရဲအရာရှိကို ကြည့်ပါဦး၊ ဘယ်သူများလဲဆိုတာ"

သူမသည် ရဲအရာရှိကြီး လက်ညှိုးညွှန်ရာသို့ လှမ်းကြည့်လိုက်၏။ သူမ အံ့ဩရ၏၊ အထိတ်တလန့်ဖြစ်ရ၏။ မည်သို့မျှ မျှော်လင့်မထားအိပ်မက်များလား ထင်မှတ်ရ၏။ သူသည် ရဲယူနီဖောင်းဖြင့် ကြည့်၍ကောင်းလှပါ၏။ သူကား ရဲအရာရှိဒုရဲမှူး ဝဏ္ဏအောင်။

"ရှင်....ကို....ကိုအောင်"

သူမအနားသို့ သူရောက်လာ၏။ သူ၏မျက်နှာသည် တည်ကြည်နေ၏။

"ကိုယ့်ကို ရဲအရာရှိမှန်းသိလို့ စိတ်စနောင့်စနင်းဖြစ်သွားပြီလား နန္ဒာ၊ နန္ဒာ့ကို လုပ်ငန်းသဘောအရမုသာဝါဒ သုံးလိုက်ရတာကိုလည်း ခွင့်လွှတ်ပါ၊ နန္ဒာ့ဆီကို ကိုယ်အသွင်ပြောင်းပြီး ရောက်လာတာဟာ နန္ဒာ့ရဲ့စီးပွားရေးကို ဖျက်လိုဖျက်ဆီးလုပ်ဖို့ မဟုတ်ပါဘူး၊ နန္ဒာရဲ့ စီးပွားရေးလုပ်ကွက်ထဲမှာ မူးယစ်ဆေးဝါး စိတ်ကြွဆေး ရောင်းဝယ်ဖောက်ကားမှု ပါဝင်နေတယ်လို့ ကောလာဟလ ထွက်နေတာကိုအမှန်တရားပေါ်ပေါက်နိုင်ဖို့ ကြိုးစားလိုက်ရတာပါ၊ စိတ်ကြွဆေးနဲ့ ပတ်သက်ပြီး နန္ဒာ့ကို ကိုယ်တော် သံသယဖြစ်မိပါသေးတယ်၊ အခု တော့ အကုန်ရှင်းသွားပါပြီ၊ မူးယစ်ဆေး၊ စိတ်ကြွဆေး ရောင်းဝယ်သူကိုလည်း လက်ရဖမ်းဆီးမိနေပါပြီ"

သူမသည် တုန်လှုပ်စွာဖြင့်...

"စိတ်ကြွဆေး ရောင်းဝယ်ဖောက်ကားသူဟာ နန္ဒာ့ရဲ့ဦးလေးဆိုတာ ဟောဒီအရာရှိကြီးတွေပြောလို့ သိရပြီးပါပြီ"

"ဦးလေး ဦးဘကောင်းဆိုတာ

www.burmeseclassic.com


တစ်ချိန်တုန်းက ဘိန်းမှုနဲ့ ရှောင်ပြေးနေတဲ့ တရားခံတစ်ဦးပါ၊ ပြစ်ချက်ဟောင်းရှိပါတယ်၊ နန္ဒာ့ရဲ့နယ်စပ်ကုန်ပစ္စည်းတွေ သယ်ဆောင်ပေးခြင်း နန္ဒာ့ရဲ့ ကုမ္ပဏီလုပ်ငန်းတွေကို အကာအကွယ်ယူပြီး နယ်စပ်ကနေ မူးယစ်ဆေးဝါးနဲ့ စိတ်ကြွဆေးတွေကို တရားမဝင်သယ်ဆောင်ပြီး ဖြန့်ဖြူးနေတာ၊ ဒီပြဿနာနဲ့ပတ်သက်ပြီး စုံစမ်းထောက်လှမ်းနိုင်ဖို့ နန္ဒာ့ဆီကို ဝင်လာခဲ့ရတာ၊ ဒီအတွက် ကိုယ့်ကိုခွင့်လွှတ်ပေးပါ၊ ကိုယ်က မူးယစ်အထူးတာဝန်နဲ့ နန္ဒာ့ဆီရောက်လာတာ အထူးတောင်းပန်ပါတယ်၊ စိတ်ကြွဆေးနဲ့ပတ်သက်ပြီး နန္ဒာဘာမှမသိရှိကြောင်း ဦးဘကောင်းက ဝန်ခံထွက်ဆိုပြီးပါပြီ၊ ဒါပေမဲ့ နယ်စပ်ကနေတစ်ဆင့် ပြည်ပက အခွန်မဲ့သယ်ဆောင်လာတဲ့ ကုန်ပစ္စည်းနဲ့ပတ်သက်ပြီး အနည်းအကျဉ်း နန္ဒာဖြေရှင်းရလိမ့်မယ်''

သူ၏ပြောစကားကြောင့် သူမ ဝမ်းနည်းဝမ်းသာဖြစ်ရ၏။ ဝမ်းနည်းရခြင်းမှာ မိမိမလုပ်ခဲ့သော မူးယစ်ဆေးဝါးရောင်းဝယ်မှု ကောလာဟလကြောင့် ဂုဏ်သိက္ခာကျဆင်းခဲ့ရသည့်အတွက်ဖြစ်ပြီး ဝမ်းသာရခြင်းမှာ မိမိချစ်မြတ်နိုးသောသူသည် ဥပဒေဘက်တော်သား ရဲအရာရှိဖြစ်နေခြင်းကြောင့်ပင်။ မည်သို့ဖြစ်စေ သူမသည် သူ့အတွက် ဝမ်းသာရခြင်းမှာ အဓိကဖြစ်ပါ၏။ သူ၏စကားကြောင့် စွမ်းအားသစ်များနှင့်အတူ ပို၍ပို၍ ကြည်နူးဝမ်းသာရခြင်းကား အမှန်ပင်ဖြစ်ချေတော့၏။

"နန္ဒာရယ် အခုထိ ကိုယ်တစ်ယောက်တည်းပါကွာ၊ နန္ဒာ့ရဲ့ကိစ္စအဝဝ ဖြေရှင်းပြီးတာနဲ့ ကိုယ်လေ နန္ဒာ့ဆီကို ဆက်ဆက်လာခဲ့ပါ့မယ်၊ အဲဒီအခါကျ နန္ဒာ ကိုယ့်ကို လက်ခံလိမ့်မယ်လို့ ကိုယ် မျှော်လင့်နေပါတယ်''

မောင်သာမန်(ဇီးကုန်း)

---


## ✷ သားသမီးကိစ္စမှန်သမျှ စိတ်ချမ်းသာစေရမည် ✷

- သားသမီးတို့ မိဘ/အုပ်ထိန်းသူ/ဆရာသမားတို့ရဲ့ ပြောစကားနားထောင်ပြီး လိမ္မာကျိုးနွံ ယဉ်ကျေးသူ အမြန်ဆုံးဖြစ်လာစေလိုသလား။
- အပေါင်းအသင်းမှား/အပျော်အပါးမက်၊ အသောက်အစား စွဲလမ်းနေတဲ့ သားသမီးတို့ အဲဒါတွေနဲ့ အမြန်ဆုံး ကင်းဝေးပြီး ထောက်သွားစေလိုပါသလား။
- မိဘသဘောမတူနိုင်သူတို့နှင့် တမ်းတမ်းစွဲဖြစ်နေတဲ့ သားသမီးတို့ စွဲလမ်းခြင်းတွေ ပြတ်/အဆက်အသွယ်ပြတ်သွားအောင် လုပ်ချင်သလား။

ဆရာဦးခိုင်အောင် (ဗိဗ္ဗာဘွဲ့) (ဟ)ကျွမ်းကျင်ဆောင်ပေးဟောခန်း)
တိုက်(၄၀)B-1 (မြေညီထပ်)၊ မဟာမြိုင်အိမ်ရာထပ်၊ (၄၁)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ မြောက်ဥက္ကလာပ မြို့နယ်
-၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၈၉၁။


www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်လွင် (ညောင်လေးပင်)

# မေတ္တာနှောင်ကြိုးတစ်မျှင်



www.burmeseclassic.com

www.burmeseclassic.com


"ကျောက်နဂါး"စခန်းသို့ ကျွန်တော်ရောက်ခိုက် တောပစ်ရင်းရခဲ့သည့် ငှက်ဖျားရောဂါအခံက အဖျားတက်၍ ကလိုရိုကွီးဆေးသောက်ပြီး နားနေရသည်။ ကျွန်တော်နှင့်အတူပါလာသော ကိုတင်လှိုင်၊ ရဲဘော်ဇော်ထွန်းနှင့် စန်းဝေတို့မှာ မုဆိုးဝါသနာပါသော်လည်း စခန်းသို့၊ ကြက်ငှက်ပစ်ရုံ အပျော်တမ်းမုဆိုးများဖြစ်သဖြင့် စခန်းတဲမှ ဒေသခံလမ်းပြ မုဆိုးကျော်သန်းအားခေါ်လည်ရန် ကျွန်တော်၏ ဒသမ၁၅ မဂ္ဂနမ်ရိုင်ဖယ်ကိုပေးလိုက်၏။

နံနက်ပိုင်း ၉ နာရီအချိန်.....

"ကျော်သန်းပြန်လာပြီ"

"သားကောင်ရလာတယ်ကွ"

"ဟုတ်တယ်ဟေ့၊ မောင်ကြီးသွားကြိုလိုက်ဦးကွာ"

စခန်းရှိလူတချို့ ဆူဆူညံညံပြောသံများကြောင့် ကျွန်တော်အိပ်ရာမှနိုးကာ ထထိုင်လိုက်သည်။ ငှက်ဖျားရောဂါသက်သာသွားသော်လည်း လူမှာ အားနည်းပြီး ခေါင်းမှာမရှင်းမလင်းဖြစ်နေ၏။

"ကိုမောင် နိုးပြီလား"

"ဟုတ်ကဲ့ ကိုလှိုင်"

ကိုတင်လှိုင်က ဘကြီးဦးဝင်း၊ ဦးတင်တို့နှင့် ရေနွေးကြမ်းသောက်ရာမှမေးသဖြင့် ကျွန်တော်က ဖြေလိုက်သည်။

"မောင်ရင့်အခြေအနေ ဘယ်လိုနေသေးလဲ"

"အဖျားမရှိပေမယ့် ခေါင်းမူးနေသေးတယ် ကိုလှိုင်"

"အေး.....အေး၊ ငှက်ဖျားက ဒီလိုပါပဲကွာ၊ အဖျားပြတ်လို့ အအိပ်အစားမှန်ရင် ကောင်းသွားမှာပါ၊ ဇော်ထွန်းပစ်လာတဲ့ ရစ်သားနဲ့ ဆန်ပြုတ်ပြုတ်ပေးထားတယ်၊ ငရုတ်ကောင်းမှုန့်ခတ်ထားတဲ့အတွက် သောက်ရင် ခံတွင်းတွေ့ပါလိမ့်မယ်၊ ဇော်ထွန်းရေ.....မင်းဆရာကြီးကို ဆန်ပြုတ်လေး ထည့်ပေးလိုက်ပါဦး"

"ဟုတ်ကဲ့ ကိုလှိုင်"

ကျွန်တော် မျက်နှာသစ်ပြီး ရဲဘော်ဇော်ထွန်းထည့်ပေးသော ရစ်သားဆန်ပြုတ်ပူပူလေးကို သောက်နေစဉ် သဲဖြူချောင်းတစ်ဖက် တောတန်းဆီမှ သားကောင်ထမ်းလျက်ပြန်လာသည့် မုဆိုးကျော်သန်းအား မောင်ကြီးက သွားကြိုသည်။

မကြာမီ မုဆိုးကျော်သန်းနှင့် မောင်ကြီးတို့ တဲသို့ပြန်ရောက်လာ၏။ ကိုကျော်သန်းက ကျည်ရှင်းထားသော သေနတ်အား ကျွန်တော့်ကိုလှမ်းပေးသဖြင့်ယူလိုက်၏။ မုဆိုးကျော်သန်း တဲထဲဝင်ထိုင်စဉ် မောင်ကြီးက ပခုံးပေါ်မှ ဝက်ဝံပေါက်လေးကို တဲရှေ့မြေပေါ်သို့ချသည်။ ဝံပေါက်လေးမှာ အမွေးကနက်နက်၊ လည်ပင်းအောက်နားတွင် အဖြူရောင်လခြမ်းလေးပါ၏။ သေနတ်ဒဏ်ရာကြောင့် မျက်စိပွင့်၊ သွားဖြဲကာ မချိမဆံ့သေနေသည်။

"ကျော်သန်း"

"ဘာလဲကွ ကရင်ကြီး"

ကရင်ကြီး ဖထီးစောသိန်းမြင့် ခေါ်၍ ကိုကျော်သန်းက ရေနွေးကြမ်းခွက်ကိုချကာ ပြန်မေးသည်။

"ဝက်ဝံရအောင်ပစ်လာတာ မင်းလက်ဘယ်ဆိုးလို့တုန်းကွ ကျော်သန်းရ၊ ဒါနဲ့ ဘယ်နေရာက ပစ်လာတယ်ဆိုတာ ငါတို့သိအောင် ပြောစမ်းပါဦး ယောက်ဖရာ"

"ဒီလိုကွ ကရင်ကြီး၊ ငါ့ကို ဆရာကြီးက သေနတ်ပေးတာနဲ့ ငါလည်း စောစောထပြီး မိုးမလင်းခင်ဘက်ကို တန်းလျှောက်ထွက်ခဲ့တာ၊ တောပစ်ချင်တဲ့စိတ် စောနေလို့လားမသိပါဘူးကွာ၊ အင်ကြင်းကုန်းရောက်မှ မိုးလင်းတော့တယ်၊ အဲဒီအချိန် တောရိပ်တောင်ရိပ်တွေနဲ့ မြူတွေဆိုင်းပြီး မှိုင်းနေတယ်လေ၊ မြင်ကွင်း သိပ်မရှင်းသေးဘူး၊ တောင်ကြောပေါ်ကအဆင်း လျှိုတစ်ဖက်တောင်စောင်းမှာရှိတဲ့ တောငှက်ပျောအုပ်ထဲက အသံတွေကြားလို့ရော

www.burmeseclassic.com


လား၊ ဝက်ဝံသားပေါက်မြင်တာနဲ့ အမေကြီးကို လှည့်ပတ်ချောင်းနေတုန်း လျှိုထဲ ဝက်ဝံမကြီး ခုန်ဆင်းသွားတာ ရိပ်ခနဲမြင်လိုက်ရတယ်၊ ဒီတော့မှ သားပေါက်ကို အလွတ်မခံဘဲ ငါပစ်ခဲ့တာ သူငယ်ချင်း''

မုဆိုးကျော်သန်းက ဝက်ဝံပေါက်လေး ပစ်လာသည့်အကြောင်းကို ဖထီးစောသိန်းမြင့်အား ပြန်ပြောသည်တွင် စခန်းရှိတဲများမှလူများပါဝိုင်း၍နားထောင်နေကြသည်။

ကိုကျော်သန်းစကားကိုအခြားသူများက စိတ်ဝင်စားလျက်ရှိသော်လည်း ကျွန်တော်က ဝင်မပြောဘဲ မသိသလိုနေသည်။ မုဆိုးစည်းအရ ကျွန်တော်ဆိုလျှင် ဘေးတိုက်သားပေါက်အရွယ် ဝံပေါက်ငယ်ကို ပစ်မည်မဟုတ်။ ကိုကျော်သန်းပစ်ပြီးမှ ကျွန်တော်ပြောလည်း အကြောင်းမထူး၍ မပြောခြင်းဖြစ်သည်။

စခန်းမှလူများ အသားငတ်သည်မှာကြာပြီ။ ဝံသေကောင်ကို အရေဆုပ်သူဆုပ်လျက် ခုတ်ထစ်ချက်ပြုတ်၏။ အသားဟင်းကျက်လျှင် အရက်နှင့်အမြည်းလုပ်ကာ အားရပါးရ စားသောက်ကြတော့သည်။

[section divider]

ရိုးမတောမှာ ညမှောင်လာသည်နှင့် အေးစိမ့်လျက် တိတ်ဆိတ်နေသည်။ လရောင်မရှိ၊ မှုန်ပျပျကြယ်ရောင်ဖြင့် သဲဖြူချောင်း၏ သဲသောင်လွှလွှကို မအိပ်မီ တဲပေါ်က ကျွန်တော် ခပ်ရေးရေး လှမ်းမြင်ရ၏။

နွေညမို့ လေသင့်တိုင်း တဲခေါင်းရင်း ညောင်ပင်ကြီးဆီမှ ရွက်ဟောင်းညှာကြွေကျသံ တဖျောဖျောကို အိပ်တစ်ဝက် နိုးတစ်ဝက်ဖြင့် ကျွန်တော်ကြားရသည်။ စခန်းတဲမှ လူများမှာ အလုပ်ပန်း၍ အိပ်မောကျဆဲ၊ အိပ်ကောင်းဆဲပင်။

ညဉ့်နက်လျှင်

''ဝု.....အု.....အု''

''ဝု.....ဝု.....ဝု''

''အူ.....ဝူး''

သဲဖြူချောင်းတစ်ဖက် တောနက်ဆီမှ အမဲလိုက်ရင်း အော်လိုက်သော တောခွေးများ၏အသံများ ပေါ်လာသည်။ လိုက်ခွေး၊ ပန်းခွေးများဖြင့် အုပ်ဖွဲ့ကာ တောလည်တတ်သဖြင့် တောခွေးများက သားကောင်ကြီးများကိုပင် အလွတ်မပေး။ ကိုက်ဖြတ်စားသောက်တတ်၍ ကျားနှင့် ကျားသစ်ကဲ့သို့ ကြောက်စရာ သတ္တဝါမျိုးဖြစ်သည်။

စခန်းတစ်ဝိုက်၌ လင်ကောင်ပိုး ခေါ် ငှက်တစ်ကောင်က အသံဆိုးဆိုးနှင့် လှည့်ပတ်ထိုးလျက်ရှိသည်။ ဤငှက်ထိုးသော် မကောင်းသောအတိတ်ကောက်ကာ တောကလူများ ကြောက်လန့်ကြသည်။ (အထက်အညာဒေသ၌ ဤငှက်ကို တချို့က ငှက်သူတော်ဟုခေါ်ကြသည်။)

ထိုအချိန်

''ဂရား.....''

''ဂူး.....ဂူး.....ဂူး''

ရိုင်ဖယ်သေနတ်မှာ
အမှောင်ထဲတွင်
မှန်းဆပစ်ဖို့မလွယ်။
ထိဖို့ခက်ခဲ၏။
နှစ်လုံးပြူးခိုလျှင်
ခဲလုံးများများဖြင့်
ပစ်ရသောသေနတ်မို့
အကွာအဝေးလိုက်ကာ
စကောဝိုင်းနှယ် သွားသော
ကျည်ဆန်များထဲမှ
တစ်လုံးမစွဲ
တစ်လုံးစွဲနိုင်၏။
သားကောင်အား
လျှပ်တစ်ပြက်
တန်းထိုးပစ်၍ရသည်
...

www.burmeseclassic.com

www.burmeseclassic.com




"ဂရား....."

သားကောင်ကြီးတစ်ကောင်၏ ဝမ်းခေါင်းသံဖြင့် အော်လိုက်သည့် အသံကြီးမှာ ညဥ့်ယံကိုဖောက်လျက် ပေါ်လာသည်။ ဆိုးဆိုးဝါးဝါးအသံကြီးကြောင့် ကျွန်တော်လန့်နိုးသွားသည်။ မုဆိုးအလေ့အကျင့်အတိုင်း အိပ်ရာဘေးက မဂ္ဂနမ်ရိုင်ဖယ်ကို ရုတ်တရက်ဆွဲယူပြီး အသာငြိမ်၍ နားထောင်သည်။

"ဆရာကြီး"

"ဗျာ.....ကိုကျော်သန်း၊ ကျွန်တော် နိုးနေတယ်"

"အသံနက်ကြီး ကြားလား ဆရာကြီး"

"ကြားတယ် ကိုကျော်သန်း၊ ဒါ သားကောင်ကြီးတစ်ကောင်ရဲ့ ရန်လိုတဲ့အော်သံဗျ၊ အကြောင်းတော့ရှိမယ်"

ကိုကျော်သန်းမေးသည်ကို ကျွန်တော်က တိုးတိုးပြန်ဖြေသည်။

"ကျွန်တော့်စိတ်ထင် ချောင်းဟိုဘက် တောတန်းလောက်ကဖြစ်နိုင်တယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"ကိုကျော်သန်း စခန်းကလူတွေကို လိုက်နှိုးဗျာ၊ အရေးကြီးတယ်၊ သားကောင်ထိုးတဲ့ ဂိုက်တွေ၊ စူးတွေလည်း ပါပစေ"

"ဟုတ်ကဲ့ ဆရာကြီး"

ကျွန်တော်က အခြေအနေကို သုံးသပ်ပြီးနောက် စခန်းမှလူများကို နှိုးရန် ကိုကျော်သန်းအားပြောကာ သေနတ်ကိုဆွဲ၍ အပြင်သို့ထွက်ခဲ့၏။ လူမှာ အားနည်းနေသဖြင့် ခေါင်းက မူးဝေနေသော်လည်း အန္တရာယ်ရှိသဖြင့် ချောင်းအထက် မြင်ကွင်း အကောင်းဆုံး ကုန်းကမူနေရာတွင် နေရာယူထိုင်သည်။ သေနတ်မောင်းတင်လိုက်၏။ ကောင်းကင်၌ မိုးသားကင်းနေသည်။ ကြယ်ရောင်စုံမြင်ရရိုက် လေအေးများ တိုက်ခတ်လျက်ရှိသည်။

ကျွန်တော်တို့ ရန်ကုန်မုဆိုးအဖွဲ့ တောပစ်သွားတိုင်း သားကောင်မျိုးစုံရရန် လူစေ့တက်စေ့ သေနတ်စုံပါတတ်သည်။ တောထဲရောက်သော် တချို့က စည်းမထားဘဲ တွေ့ကရာပစ်ကြသည်။ ကိုကျော်သန်းက တောပစ်ရန် လာခေါ်ခြင်းကြောင့် အားချင်းစီစဉ်၍ လိုက်ခဲ့ရသည်။ မီးကမပါ၊ လူကမစုံ။ လက်နက်မှာ ကျွန်တော်ကိုင်သည့် မဂ္ဂနမ်ရိုင်ဖယ်နှင့် ကြက်ငှက်ပစ်ရန် လိုလိုမည်မည် ပွိုင့်တူးတူး ရိုင်ဖယ် တစ်လက်ကို ယူခဲ့သည်။

ညအချိန် ဆိုဒ်ဖြင့်ချိန်တွယ်ပစ်ရသည့် ရိုင်ဖယ်သေနတ်မှာ အမှောင်ထဲတွင် မှန်းဆပစ်ဖို့မလွယ်။ ထိဖို့ခက်ခဲ၏။ နှစ်လုံးပြူးဆိုလျှင် ခဲလုံးများများဖြင့် ပစ်ရသောသေနတ်မို့ အကွာအဝေးလိုက်ကာ စကောဝိုင်းနှယ်သွားသော ကျည်ဆန်များထဲမှ တစ်လုံးမဟုတ် တစ်လုံးထိနိုင်၏။ သားကောင်အား လျှပ်တစ်ပြက်တန်းထိုးပစ်၍ရသည်။ ပစ်ခတ်ရာတွင် အားသာချက်ရှိသော လက်နက်က ပါမလာ။

ကျွန်တော်မျက်နှာမူရာ ချောင်းတစ်ဖက်တမ်း သဲသောင်စပ်သို့

အမှောင်တွင်းမှ သတိထားပြီးကြည့်စဉ် မုဆိုးကျော်သန်းနှင့် စခန်းရှိတဲကလူများ သားကောင်ထိုးသည့် ဂိုက်၊ တစ်လုံးထိုးစူးများကိုင်ပြီး ကျွန်တော့်နားကို ရောက်လာသည်။ ကိုကျော်သန်းအား လူဖြန့်ကာ နေရာယူဖို့ တီးတိုးပြောလိုက်၏။

ကျွန်တော်တို့အားလုံး အသင့်စောင့်စားနေခိုက်.....

“ဂါး.....ဂရား”

“ဂူး.....ဂူး.....ဂူး”

“အူး.....ဝူး.....ဂရား”

သားကောင်ကြီး၏ အသံနက်ကြီးဖြင့်အော်သံက နောက်တစ်ကြိမ်ပေါ်လာသည်။ အသံက ချောင်းအလယ် သောင်ထဲမှဖြစ်သည်။

“အသံနီးလာပြီ သတိထားကြဟေ့”

ကိုကျော်သန်းက သူ့လူများကို လှမ်းပြောသည်။

“တောထဲမှာနေလာတာကြာပြီ၊ တစ်ခါမှ ဒီလိုအသံမျိုး မကြားမိဘူး၊ ကြောက်စရာအသံကြီးပဲဗျ”

ကျွန်တော့်ဘယ်ဘက်ဘေးမှ ကိုမာက ကြောက်စိတ်ကြောင့် တုန်တုန်ယင်ယင်နှင့်ပြောသည်။

“ကိုမာ မကြောက်နဲ့၊ သားကောင်မတွေ့ရင်တောင် တွေ့အောင်ရှာပစ်တဲ့ မုဆိုးတွေပဲဗျာ၊ လာပါစေ၊ ကျွန်တော်တို့မှာ လက်နက်တွေရှိတယ်၊ လာတာနဲ့ ကျွန်တော်ပစ်မယ်၊ ခင်ဗျားတို့ဂိုက်တွေသာ အသင့်ရှိပါစေ”

ကျွန်တော်က ကိုယ့်စိတ်ကိုယ်တင်းပြီး အားပေးစကားပြောသော်လည်း ကိုယ်တိုင်မှာ ကျန်းမာရေးမကောင်းသဖြင့် မချိသွားဖြဲနှင့် အားအင်ချည့်နဲ့နေသည်။ သားကောင်က ကျဉ်းထဲကျပ်ထဲ သူတင်ကိုယ်တင် တွေ့လျှင်မလွယ်။ အန္တရာယ်ကြီး၏။ အထိုင်မှစောင့်ပစ်ရမည်မို့ တော်သေးသည်။ သို့သော် မပိုင်။

ညပစ်မုဆိုးဖြစ်သဖြင့် အမှောင်ထဲ၌ ကျင့်သားရသည်နှင့် မြင်ကွင်းအား ဝိုးတဝါးတွေ့ရသည်။ ချောင်းတစ်ဖက် သဲသောင်ပေါ်မှ ကျွန်တော်တို့ဆီသို့ မည်းမည်းသတ္တဝါကြီးတစ်ကောင် လာနေသည်ကို ကြယ်ရောင်တွင် မသဲမကွဲမြင်ရ၏။

“ဆရာကြီး”

“ပြောလေ ဇော်ထွန်း”

ကျွန်တော့်ဘေးမှ ပွိုင့်တူးတူး ရိုင်ဖယ်ကိုင်ထားသော ရဲဘော်ဇော်ထွန်းကခေါ်၍ ပြန်မေးလိုက်သည်။

“ဟိုမှာလာနေတာ သားကောင်ကြီးပဲ၊ မြင်လား ဆရာကြီး”

“မြင်တယ် ဇော်ထွန်း၊ အားလုံးသတိထားကြ၊ လာနေပြီ”

ကျွန်တော်ကစပြီး တစ်ဦးကိုတစ်ဦး လက်တို့ကာ သတိပေးပြီးနောက် သေနတ်မောင်း၏ လုံခြုံမှုခလုတ်အား တွန်းဖွင့်လိုက်၏။

သတ္တဝါကြီးမှာ တဖြည်းဖြည်းနီးလာသည်။

“ကိုက် ၁၀၀ မှ ကိုက် ၅၀ အကွာ”

“၂၅ ကိုက်သို့အဝင်”

သတ်ကွင်းအတွင်းစည်းထဲသို့ သားကောင်ကြီးရောက်သည်နှင့် သေနတ်ကို ချိန်မနေတော့ဘဲ အမှောင်တွင်း၌ လျှပ်တစ်ပြက် ထိုးပစ် ပစ်လိုက်တော့သည်။

“ဒိုင်း.....”

“ဒိုး.....”

“ဂရား.....”

မဂ္ဂနမ်ရိုင်ဖယ်ကျည်ပေါက်ကွဲသံ၊ ကျည်ထောက်မြည်သံနှင့်အတူ သားကောင်ကြီးမှာ ရုတ်တရက်ကြားလိုက်ရသည့် သေနတ်သံကြောင့် ထရပ်လျက် ဆိုးဝါးသော အသံကြီးဖြင့်အော်သည်။

“ဖြောင်း.....ဖြောင်း”

“အူး.....ဂူး.....ဂရား”

“ဘုတ်.....ဘုတ်.....ဘုတ်”

ကျွန်တော်က လိုအပ်လျှင် ထပ်ဆင့်ပစ်နိုင်ရန်အတွက် ကျည်ထုတ်ကျည်ထိုးကို အမြန်လုပ်ခိုက်တွင် သတ္တဝါကြီးမှာ သေနတ်သံကြောင့် ချောက်ချက်ချားချားအော်၍ နောက်ကြောင်းကို ပြန်လှည့်ပြေးသည်။

ထိုအခါမှ ကျွန်တော်တို့အားလုံး စိုးရိမ်ထားသမျှ သက်ပြင်းချနိုင်တော့၏။ မုဆိုးကျော်သန်းတို့ပြန်ခဲ့သည်။

“ကဲ.....အိပ်လို့ရတော့မှာ မဟုတ်ဘူး၊ ဇော်ထွန်း ရေနွေးကြမ်းတည်ကွာ၊ မောင်ကြီးနဲ့မောင်ငယ်က ဆတ်သားခြောက်ကို အမြည်းလုပ်ဖို့ ကင်ပါဦး”

ကိုတင်လှိုင်က ရဲဘော်ဇော်ထွန်း၊ မောင်ကြီးနှင့်မောင်ငယ်တို့ကို ခိုင်းလိုက်၏။ ရေနွေးကြမ်းတည်သူတည်၊ ဝါးညှပ်နှင့် ဆတ်သားခြောက်ကို ကင်သူကင်လုပ်နေသည့်အချိန်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က အမြည်းနှင့် ရေနွေး ကြမ်းအကျကိုစောင့်ရင်း စကားဝိုင်း ဖွဲ့ပြောကြသည်။

"ကိုမောင်"

"ဗျာ.....ကိုလှိုင်"

"မင်း အချိန်ရရဲ့သားနဲ့ ဘာ ဖြစ်လို့ ထပ်ပစ်တာလဲ"

ကိုတင်လှိုင်က ကျွန်တော့်ကို မေးသည်။

"ဒီလိုပါ ကိုလှိုင်၊ မှောင် ထဲမှာ ဆိုဒ်နဲ့ပစ်ရတဲ့ ရိုင်ဖယ်လို သေနတ်က ထိဖို့မလွယ်ဘူး၊ ကျည်မဖြုန်းချင်တာရယ်၊ တစ်ချက်တည်း နဲ့ သုံးလောက်မယ်ထင် တာရယ်ကြောင့် ကျွန် တော် မပစ်တာပါ၊ သတ္တဝါကြီးလည်း ဘာရဲမယ်မထင်တော့ ပါဘူး"



အမဲကြီးပစ် မဂ္ဂ နမ်ရိုင်ဖယ်ကျည်မှာ များ၏။ ရှာဖို့မလွယ် ကူ၍ တစ်ကြောင်း၊ မည်သည့်တောရိုင်း တိရစ္ဆာန်မဆို သေနတ် သံကို ကြောက်ကြသည်က တစ်ကြောင်းမို့ ထပ်ဆင့်ပစ်ရန်မလို၍ ပစ်ခဲ့သည်ကို ကျွန်တော်က ရှင်းပြ လိုက်သည်။

"ကျုပ်အထင်ပြောရရင် ဟုတ်မှလွဲရော ကျော်သန်းပစ်လာ တဲ့ ဝံပေါက်လေးရဲ့ အမေကြီးဖြစ် မယ်"

ဦးတင်ကပြောသည်။

"ဟ.....တော်ရာ မင်းစကား က ထင်တာကော မဟုတ်မှလွဲရော ဖြစ်မယ်လည်းပါသေးရဲ့၊ ငါတို့က ဘယ်စကားကို ယုံရမလဲ၊ ပြောစမ်း ပါဦးကွာ"

ဘကြီးဦးဝင်းက အရွှန်းဖောက် ကာပြောသဖြင့် အားလုံးရယ်ကြ သည်။ သားကောင်ကြီးကြောင့် ကြောက်လန့်အားငယ်နေကြသော စခန်းကလူများမှာ ယခုမှရယ်မောနိုင်ကြ၏။

"ဦးတင်ပြောတာ ဖြစ်နိုင်ပါ တယ်၊ သားကောင်တွေက အနံ့ခံ ကောင်းတော့ ကေန္တ ဝက်ဝံကြီး အနံ့ရပြီး လိုက်လာတာလို့ထင်ပါ တယ်"

ကျွန်တော်က မုဆိုးအတွေ့ အကြုံအရ ပြောပြသည်။ မကြာမီ ရဲဘော်ဖော်ထွန်းနှင့် မောင်ကြီးတို့ လာချပေးသည့် ဆတ်သားကင်နှင့် ရေနွေးကြမ်းကိုသောက်ရင်း ရောက် တတ်ရာရာစကားကို ပြောကြရာမှ မနက်ခင်း ရောင်နီပေါ်လျှင် လူစုခွဲ ကာ တဲအသီးသီးသို့ ပြန်တော့၏။

တစ်နေ့၌...

ဝက်လူးအိုင်အနီး တွင် ကိုဖိုးမျှင်ဆိုသူ အား ကနစိုးသီးခူးခိုက် ဝက်ဝံမကြီးတစ်ကောင် ရောက်လာပြီး ရန်ပြု တိုက်ခိုက်၍ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားကြောင်းနှင့် ဝက်လူးအိုင်နှင့် မနီး မဝေး 'မယ်လှ'စခန်း မှ မိန်းမတစ်သိုက် တောထဲသို့ ဟင်းရွက် ရှာအသွား ဝက်ဝံ လိုက်ရာ လွတ်သွားသူရှိ သော်လည်း တစ်ဦးမှာ ဝံကိုက်သဖြင့် ရုပ်ပျက်ဆင်း ပျက် သေသွားသည့်သတင်းကို ကျွန်တော်တို့စခန်းမှ ကြားရသည်။

www.burmeseclassic.com



ဤဖြစ်စဉ်များမှာ ကျွန်တော်တို့စခန်းနှင့် မနီးမဝေးနေရာများမှ ဖြစ်ခြင်းကြောင့် သားပေါက်မိခင်ဝက်ဝံမကြီးဖြစ်နိုင်သည်ဟု ယူဆမိသည်။ ဆိုးဆိုးဝါးဝါး သတင်းကိုထောက်ပြီး တောနေလူများအတွက် အန္တရာယ်များ ဆင့်ကာဆင့်ကာဖြစ်နိုင်သည်ကို တွေးမိ၏။ ကျွန်တော်က ဝက်ဝံမကြီးနောက်သို့ သတင်းအရ အပူတပြင်းလိုက်သော်လည်း တောကြီးထဲတွင် သတင်းမှာ ငုပ်ချည်ပေါ်ချည်ဖြင့် လိုက်မမီဖြစ်နေ၏။

တစ်မနက်ခင်း တောလည်ရာမှအပြန် ကိုကျော်သန်းတဲကို လူသုံးဦးရောက်နေသည်။ ထိုအထဲမှ လူတစ်ယောက်က မျက်နှာပျက်ပျက်နှင့် ထိုင်နေသည်ကိုကြည့်ပြီး အကြောင်းထူးရှိဟန်တူသည်။ ကျွန်တော် စခန်းတဲထဲ ဝင်ထိုင်လိုက်သည်တွင်.....

"မောင်မောင်ရေ မင်းနဲ့ကျော်သန်းကိုစောင့်နေကြတာ၊ အရေးကြီးလို့ကွာ"

"ဘာကိစ္စများရှိလို့လဲ ဘကြီးဝင်း"

ကျွန်တော်က လူသုံးယောက်၏မျက်နှာကိုကြည့်ကာ ဘကြီးဦးဝင်းအား ပြန်မေးလိုက်၏။ အနီးအနားတဲများက လူများပါရောက်လာ၍ တဲထဲဝင်သူဝင်၊ အချို့ တဲအပြင် မြေပေါ်တွင်ထိုင်ရင်း နားထောင်လျက်ရှိသည်။

"ဒါ မျှောက်ပိုစခန်းက ကိုတိုးနဲ့ သူ့လူတွေပဲ မောင်မောင်၊ မနေ့ညက ကိုတိုးကလေးပျောက်သွားတာ၊ မုဆိုးတွေရောက်တယ်ကြား လို့ အကူအညီတောင်းကြတာတဲ့ လေ၊ ကဲ.....ကိုတိုး၊ မင်း အကျိုးအကြောင်း ရှင်းပြဦးကွာ"

ဘကြီးဦးဝင်းက စကားဖြတ်ကာ ရေနွေးကြမ်းတစ်ခွက် ယူသောက်သည်။ ကျွန်တော်က ကိုတိုး၏မျက်နှာကို အကဲခတ်ဟန်ဖြင့် ကြည့်သည်။

"ဒီလိုပါ ဆရာကြီးရာ၊ မနေ့ညက ကျွန်တော်နဲ့မဝေတို့အိပ်နေတုန်း ရင်ခွင်ထဲက ကလေးပျောက်သွားတာပါ၊ ကျွန်တော်တို့လည်း တတ်နိုင်သမျှ ကြိုးစားရှာခဲ့ပေမယ့် အစအနတောင် မတွေ့ရတော့ စဉ်းစားလို့လည်းမရ၊ အမေဖြစ်တဲ့မဝေမှာလည်း အရူးတစ်ပိုင်းဖြစ်နေပြီ၊ ကူညီပါဦးဗျာ"

ကိုတိုးက မျက်နှာကြီးနီလျက် ဝမ်းနည်းသံဖြင့်ရှင်းပြသည်။

"ကလေးက ဘယ်အရွယ်လောက်ရှိပြီလဲ ကိုတိုး"

ကိုတိုးပြောသည့်စကားကြောင့် ကျွန်တော်က စိုးရိမ်ပြီး ရုတ်တရက် မေးလိုက်သည်။

"လေးဘက်သွားတဲ့အရွယ်ပဲ ရှိပါသေးတယ်၊ ဖြစ်သွားတဲ့ညက ကျွန်တော်က ကြိမ်မှန်ခုတ်၊ မဝေက စလူဆွဲရတော့ ပင်ပန်းပြီး အိပ်ပျော်သွားလို့ ကလေးဘယ်အချိန်ပျောက်သွားတယ်ဆိုတာတောင် မသိလိုက်ဘူး၊ သန်းခေါင်အချိန်လောက် မဝေနိုးမှ ကလေးမရှိမှန်း သိရတာပါ ဆရာကြီး"

ကိုတိုးက မျက်နှာငယ်ငယ်ဖြင့် ရှင်းပြသည်။

"အေးဗျာ၊ ရင်ခွင်ပိုက်အရွယ် ပျောက်သွားတာ စဉ်းစားရခက်ခက်ပဲ၊ စခန်းကလူတွေထဲမှာ ကိုတိုးတို့နဲ့ အဆင်မပြေတဲ့သူ၊ ခိုက်ရန်ဒေါသဖြစ်ဘူးတဲ့လူတွေများ ရှိသလားဗျာ"

ကျွန်တော်က အကျိုးအကြောင်းသိလို၍ အရေးအကြီးဆုံးမေးခွန်းကိုမေးပြီး အကျရည်တစ်ခွက်ငှဲ့ကာသောက်ရင်း ကိုတိုးပြောမည့်စကားအား နားစွင့်နေခိုက်....

"ဟာ.....မရှိပါဘူးဗျာ၊ ကျွန်တော်တို့စခန်းကလူတွေက တစ်ရွာတည်းသား သွေးသားမကင်းကြဘူး၊ ဒါအတွက် စိတ်ချပါ ဆရာကြီး"

ကိုတိုးနှင့်လိုက်ပါလာသည့် ကိုမြင့်ဝင်းဆိုသူကဖြေသည်။ ဤရိုးမတော၌ ကျား၊ ကျားသစ်၊ ဝက်ဝံတစ်ကောင်ကောင်က အစာအမှတ်ဖြင့် ဆွဲသွားနိုင်သည်ကို ကျွန်တော့်အတွေး၌ ဝင်လာသော်လည်း ပြောမထွက်။

"ကဲ.....ကိုလှိုင်"

"ပြောလေ ကိုမောင်၊ ဘာလုပ်ကြမလဲ"

"ကျွန်တော်တို့အဖွဲ့ စခန်းပြောင်းမယ်၊ ကြိုးစားပြီးရှာကြတာပေါ့၊ ကိုကျော်သန်းတို့လည်း လူငါးယောက်လောက် လိုက်ခဲ့ဦးဗျာ၊ သားကောင်ထိုးတဲ့ ဂိုက်တွေလည်းပါပစေ၊ ဒါနဲ့ ကိုတိုးတို့တဲမှာ ခွေးတွေရှိလား"

ကျွန်တော်က မေးသည့်အခါတွင်.....

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်တဲမှာမရှိပေမယ့် တခြားတဲတွေမှာ ရှိပါတယ်"

"အေး...ကောင်းတယ်ဗျာ၊ ခွေးပါမှ အလုပ်ဖြစ်မှာ၊ ကဲ....ကို ကျော်သန်းရေ ထမင်းစားပြီးတာနဲ့ ကျွန်တော်တို့ စခန်းကထွက်မယ်၊ ဒေါ်ထွန်း ထမင်းပြင်ကွာ၊ စန်းဝေ က ဆတ်သားခြောက်နဲ့ ရိက္ခာပါ လိုတာတွေသယ်ဖို့လုပ်ပေ့"

ကျွန်တော်က တစ်ဆက်တည်း ပြောရင်း မနက်စာကို ကိုတိုးတို့နှင့် အတူ တက်သုတ်ရိုက်စားလိုက်ကြ သည်။ စခန်းစောင့်လူမှအပ စော သိန်းမြင့်၊ ကိုမှာ၊ ကိုတင်လှ၊ မောင် ကြီး၊ မောင်ငယ်တို့ လိုက်ပါမည်ဖြစ် ၍ လူအင်အားတောင့်သည်။ အိပ် ရာနှင့် ရိက္ခာကို ခွဲဝေယူကြပြီး နေ့ သယ်ခင်း နေပူကျဲကျဲ၌ 'မျောက်ဒိုင်' စခန်းသို့ ကျွန်တော်တို့အဖွဲ့ ခရီး ပြင်းနှင်ခဲ့ကြသည်။

လျှိုကိုဖြတ်၊ တောကိုတိုး၊ တောင်ကိုကျော်လျက် သွားရသည်။ သစ်ကြီးဝါးကြီးများအောက်သွား ၍က် အအေးဓာတ်ရှိသော်လည်း တောင်ကတုံးပေါ်ဖြတ်သည့်အခါ နေ ပူကျဲကျဲတွင် ချွေးရွှဲရွှဲနှင့်။

ကျွန်တော်တို့စခန်းချသည့် ကျောက်နဂါးစခန်းနှင့် မျောက်ဒိုင် စခန်းအကြား အေလာ၊ ကြို့ပင်၊ ဆော်သမီးရေကျ၊ ဆိတ်ဖလူးတောင် တို့ကို ကျော်ရသည်။ ခရီးသွားစဉ် ပင်ပန်းမှုကိုဖျောက်လျက် လမ်း လျှောက်ရင်း အတွေးဝင်သွားသည်။

ကျွန်တော် သုံးနှစ်သားအရွယ် တွင် စစ်တောင်းမြစ်ရေအတက်၌ ကျွန်တော့်အထက် မမ အိမ်နောက် ဖေးတံခါးက ရေထဲကျသေသွား သည်။ တစ်ဦးတည်းသော သမီး ငယ်အတွက် မေမေ့သောကမီး တောက်မီးလျှံများ နှစ်အတန်ကြာ သည်အထိ လောင်ကျွမ်းခဲ့၏။

ဘုရားပွဲ၊ အလှူပွဲ ရောက်ရာ အရပ်မှာ ကသည့်ဇာတ် စိတ်ဖြေ ဖျောက်ရန် အဖေက လှည်းဖြင့် ကျွန်တော်တို့သားအမိကို လိုက်ပို့ ၏။ ဇာတ်ပွဲကို ကျွန်တော်က ကြည့် ပြီးပျော်သည်။ အမေက လှည်းပေါ် ငုတ်တုတ်ထိုင်ကာ အပျိုတော်ယိမ်း ထွက်လည်း အမေမသိ၊ ယိမ်းသမ များ ယိမ်းကသည်ကိုလည်းမကြည့်၊ ပြန်ချင်လျှင် သန်းခေါင်သန်းလွဲထ ပြန်သည်။ ကျွန်တော်တို့ဒုက္ခရောက် ကြရ၏။

ကျွန်တော်နေသည့်ရွာနှင့် မြို့ မှာ တစ်မိုင်သာသာ။ ဆိုက်ကားခ လူတစ်ယောက်ကို နှစ်ဆယ့်ငါးပြား ပေးရသောခေတ်။ အမေက ကျွန် တော့်ကိုခေါ်ပြီး နေ့တိုင်း မြို့ထဲသို့ ဆိုက်ကားဖြင့်သွားကာ 'ဘိုင်စကုပ်' ကြည့်သည်။ ရွှေဘ၊ တင်ညွန့်၊ ဖေယျ၊ ကျော်ဆွေ၊ ဖိုးပါကြီး၊ ဦး ကျောက်လုံး၊ ဦးသိန်းမောင်မကျန်။ ကြည်ကြည်ဌေး၊ မြင့်မြင့်ဌေး၊ မေ သစ်၊ မြင့်မြင့်ခင်စသည့် မင်းသား၊ မင်းသမီး၊ လူကြမ်းမှန်သမျှ ကျွန် တော်ငယ်ငယ်ကတည်းက အမေ့ ကြောင့် သိခဲ့ရ၏။

အမေက ရုပ်ရှင်ရုံထဲ ဝင်ထိုင် သော်လည်း သမီးစိတ်ကြောင့် ငူငူ ငိုင်ငိုင်နှင့် ရုပ်ရှင်မကြည့်။ ဇာတ် လမ်း တစ်ဝက်တစ်ပျက်အရောက် ရွှေဘနှင့်တင်ညွန့် ဇိမ်းမောင်းသံပေး လျက် ဘတစ်ပြန်၊ ကျားတစ်ပြန် ချကောင်းချိန်၊ ဇာတ်ရှိန်တက်ကာမှ အမေက ကျွန်တော့်လက်ကိုဆွဲ၍ ရုပ်ရှင်ရုံထဲကထွက်သည်။ ကျွန် တော်က ကြည့်ကောင်းကောင်းနှင့် ကြည့်နေသူမို့ ခြေကန်ရုန်းကြည့် သည်။ မရ။ အမေ့ဒုက္ခ ကြီးလှ သည်။ သားပျောက်မိခင် မဝေတစ် ယောက် အမေ့နည်းတူ သောကမီး တောက်နေမှာ သေချာသည်။

"ဆရာကြီး ဟိုမှာတွေ့ရတာ ကျွန်တော်တို့စခန်းပဲ၊ ရောက်တော့ မှာပါ"

"ဪ.....ဟုတ်ကဲ့"

တောင်ကြောပေါ်မှ လှမ်းမြင် ရသည့် ခပ်လှမ်းလှမ်းတောအုပ်ဆီ သို့ ကျွန်တော့်ရှေ့မှ ကိုမြင့်ဝင်းပြ၍ မျောက်ဒိုင်စခန်းမှန်း သိရသည်။ တောင်ပေါ်ကကြည့်လျှင် ခရီးမှာ မဝေးလှ။ တောင်အောက်ဆင်း လျှောက်မှ ခရီးမနီးသည်ကို တော လမ်းခရီးသွားနေကျ ကျွန်တော့်အဖို့ ခန့်မှန်းပြီးသိနေသဖြင့် အနည်းဆုံး တစ်မိုင်လျှောက်ရဦးမည်။

"မျောက်ဒိုင်"စခန်းသို့ရောက် သည်တွင် တောတောင်ရိပ်ထိုး၍ နေ လုံးပျောက်နေပြီ။ ကျွန်တော်တို့အဖွဲ့ ကိုတိုးတဲနှင့် မနီးမဝေးရှိ ကြီးမား သော ညောင်ကြပ်ပင်ကြီးအောက်၌ စခန်းချကြသည်။ ညောင်ကြပ်ပင် ကြီးမှာ အကိုင်းအခက်များ ဝေဝေ ဆာဆာဖြင့် နွေအချိန်၌ပင် အရွက် များ စိမ်းစိမ်းစိုစိုကြောင့် အရိပ်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းသည်။ ထမင်းချက်သူချက်၊ နေရာပြင်သူပြင် ဝိုင်းလုပ်ကြခိုက် ကျွန်တော်၊ ကိုတင်လှိုင်၊ ကိုကျော်သန်း၊ စောသိန်းမြင့်တို့က ကိုတိုးတဲနှင့် အနီးတစ်ဝိုက် အခြေအနေ သိရန် လှည့်ပတ်ကြည့်သည်။

ကလေးပျောက်သည်ကိုသိသည်နှင့် နီးရာတဲများမှ လူများခေါ်ကာ မီးတုတ်လုပ်၍ အနီးအပါးတစ်ဝိုက် ရှာထားခြင်းကြောင့် လူခြေရာထပ်နေသဖြင့် သားကောင်ခြေရာကို ကောက်ရန်မလွယ်တော့ပေ။

ကိုတိုး၏မယား မဝေမှာ တဲခေါင်းရင်း မြရာပင်အောက်၌ တရှုပ်ရှုပ်ငိုနေသည်။ သားပျောက်မိခင် တစ်ယောက်၏ ရင်ထဲကမီးကို ကျွန်တော်မြင်ပါသည်။ သို့သော်.....

ကျွန်တော်တို့စခန်းအနီး စမ်းချောင်းမှာ ရေချိုးပြီး ညစာထမင်းဟင်းကို ဝိုင်းစားကြ၏။ ညရောက်လျှင် ကိုတိုးတို့စခန်းအနီးအပါးတဲများမှလူများ ရောက်လာသည်။ အင်အား ရှစ်ယောက်မို့ ကျွန်တော်တို့ အင်အားနှင့်ပေါင်းသော် မနည်းလှ။ ညောင်ပင်ကြီးအောက် ရေနွေးကြမ်းသောက်ရင်း ကလေးပျောက်ရှာရန် အသေးစိတ် ဆွေးနွေးသည်။ အဖွဲ့ခွဲကြ၏။ အဖွဲ့ခေါင်းဆောင်ကို အတွေ့အကြုံရှိသည့် ကိုတင်လှိုင်၊ ကိုကျော်သန်း၊ စောသိန်းမြင့်တို့အား ခေါင်းဆောင်တင်ပြီး လမ်းပြကို ဒေသခံ ကိုတိုးတို့အဖွဲ့ကို တာဝန်ပေးသည်။ မနက်ပိုင်းမှာ အဆာခံစား၍ ပထမရက်မှာ အရှေ့နှင့် အနောက် နှစ်ဖွဲ့ခွဲကာ လျှိုမြောင်များကို အဓိကထားရှာမည်။ ခွေးပါဖို့လိုသည်။ သားကောင်ထိုးမည့် 'ဂိုက်'နှင့် 'စူး'များယူရန် မှာလိုက်၏။ ကိုယ်ထင်ရာမြင်ရာ တစ်ယောက်တစ်ပေါက် ပြောနေစဉ် ကျွန်တော်က အမဲကြီးပစ် မဂ္ဂနမ် ရိုင်ဖယ်ကို ပြောင်းတိုက်ကြိုး၊ သေနတ်ဆီ၊ ဖလန်နယ်စထုတ်၍ စိတ်ကြိုက် သေနတ်တိုက်သည်။ မနက်ပိုင်းယူမည့် ပြောက်ကျား ဂျာကင်အင်္ကျီ၊ တောဆောင်းဦးထုပ်၊ အမဲလိုက်ဓား၊ ၁၅ တောင်ရှိကြိုး၊ ရေဘူးနှင့် ရိက္ခာခြောက်ဖြစ်သည့် ဘီစကွတ်ကို ခရီးဆောင် ပြောက်ကျားလွယ်အိတ်တွင် အသင့်ထည့်သည်။ ည ၁၁ နာရီ လူစုခွဲလိုက်ကြ၏။

နွေညမှာ အေးချမ်းသော်လည်း ပျောက်သွားသော ကလေးအကြောင်း တွေးမိသဖြင့် ညဉ့်နက်သန်းခေါင်ရောက်သည့်တိုင် အိပ်မရ၊ ကိုတိုးတဲက မီးရောင်ကိုလှမ်းမြင်ရသည်။ ကျွန်တော့်နည်းတူ ကလေး၏မိခင် မဝေမှာလည်း အိပ်မရသဖြင့် တဲပေါ်တွင် တဂျောက်ဂျောက်တဂျက်ဂျက်နှင့် ဘာတွေများလုပ်နေပါလိမ့်။

မနက်မိုးလင်းပိုင်းအချိန်ကျမှ အိပ်ပျော်သွား၍ ရဲဘော်ဇော်ထွန်းနှိုးမှနိုးသွား၏။ ငှက်ဖျားကြောင့် လူနွမ်းနေသည့်ကြားက လမ်းလျှောက်ခဲ့သော ခရီးဒဏ်ကြောင့် ပင်ပန်းပြီး ကျွန်တော် အိပ်မောကျသွားခြင်းဖြစ်သည်။

ကိုမာနှင့် ကိုတင်လှချက်သည့် အဆာခံထမင်းကို ဆတ်သားခြောက်နှင့် ဖြစ်သလိုစားလိုက်၏။ ထမင်းကြီးအတွက် တောင်စွန်ဖက်ကိုခုတ်ကာ ထမင်းထုပ်သည်။ ထိုစဉ် ကိုတိုးကလေးရှာမည့် စခန်းတဲမှလူများ ဆူဆူညံညံ စကားပြောလျက် ရောက်လာကြသည်။ လူစုံလျှင်.....

"ကဲ.....ကျွန်တော် ညကပြောထားတဲ့အတိုင်း ပျဉ်းမတောရဲ့အရှေ့ အနောက် လူစုခွဲရှာမယ်၊ ခွေးပါတဲ့သူတွေက တစ်ဖွဲ့မှာ တစ်ယောက်ပါပစေပေါ့ဗျာ၊ ရှာတဲ့အခါမှာ လျှိုမြောင်တွေ၊ ဝါး၊ နွယ်တော၊ စိမ့်စမ်းတွေကို ပိုက်စိတ်တိုက်ရှာဖို့လိုတယ်၊ ညနေပိုင်း ၄ နာရီရောက်ရင်တော့ စုရပ်မလုပ်တော့ဘဲ ကိုတိုးတဲကိုသာ ပြန်ခဲ့ဗျာ"

"ဟုတ်ကဲ့ ဆရာကြီး"

ကျွန်တော်ရှင်းပြသည်ကို တဲစုမှလူများ ဝိုင်း၍နားထောင်သည်။ ခွေးနှစ်အုပ်က ခုနစ်ကောင်၊ တောလိုက်နေကျဖြစ်သည်။ လူတွေကြား ရင်းရင်းနှီးနှီးထိုင်ကာ ပါးစပ်တဖြဲဖြဲနှင့် လျှာကိုအထုတ်အသွင်းလုပ်ပြီး အမောဖြေကြ၏။

"ကိုမောင်"

"ဗျာ.....ကိုလှိုင်၊ ပြောလေ"

"မင်းက တို့အဖွဲ့နဲ့ မလိုက်ဘူးလား"

ကျွန်တော် အင်္ကျီစိမ်းပေါ်မှ ပြောက်ကျားဂျာကင်ဝတ်လိုက် တောဆောင်းဦးထုပ် (Jungle Hat) ဆောင်းနေခိုက် ကိုတင်လှိုင်ကမေးသည်။ ကျည်ဖြည့်ထားသည့် ကျည်

www.burmeseclassic.com



သေနတ်တွင် အံကျအောင် ...ပြီးမှ.....

"မလိုက်ဘူး ကိုလှိုင်၊ ကျွန် ... မြောက်ဘက်မှာရှိတဲ့ ဂမုံး ...တစ်ဝိုက်ကို ဦးတည်ပြီးရှာ ... ရိက္ခာခြောက်ထည့်ထားတဲ့ ... တကယ်လို့ ပြန်မရောက် ... စိတ်မပူပါနဲ့၊ ကဲ...အားလုံး ...သင့်ဖြစ်ရင် ထွက်ကြတော့ ... နေပူရင် ပင်ပန်းနေမယ်"

ကျွန်တော် မြောက်ဘက်ဂမုံး ...ဆီသို့ သေနတ်ထမ်းအထွက် ...လှိုင်တို့အဖွဲ့မှာ အရှေ့ ...ဘက်ခွဲလျက် ထွက်သွားကြ ...၏။ တဲ၌ မဝေနှင့် အနီးအပါး ... မစိမ်းနှင့် မအေးအေး နှစ်ဦး ...ခဲ့သည်။

တောလမ်းအတိုင်း ကျွန်တော် ...က်ခဲ့၏။ ဤနေရာတစ်ဝိုက် ... အနိမ့်အမြင့်မညီသည့် သစ် ...ကြီးများဖြင့် တောမှာ နွေ ...ရောက်သော်လည်း စိုသည့် ...စို၊ စိမ်းသည့်နေရာစိမ်း၊ ညို ...နေရာညို၊ ဝါရောင်သန်းသည့် ...ကဝါနှင့် ဆေးမှင်ရောင်စုံဖြန်း ...နယ် ရှုခင်းမှာ ကြည့်၍မဝ ...သည်။

တောင်ပေါ်ရောက်လျှင် ...င်အောက်ရှိတောကား အုပ် ...ဆိုင်းဆိုင်းဖြင့် ထီးရှည်ကြီးမိုး ...သကဲ့သို့ မြင်ရသည်။ တောင် ...က်ရောက်၍ တောင်ပေါ်သို့ ...ကြည့်က အပေါ်မှာ အရွက်မိုး ... အောက်ပိုင်းက ထီးကိုင်းများ ... တစ်ပင်ကို တစ်ပင်ယှက်နေသော ပင်စည်များမှာ သဘာဝအတိုင်း ရှုမဝ။ လှပသောမြင်ကွင်းမို့ ကြည့်နူးဖွယ်။

စခန်းနှင့် တစ်ခေါ်သာသာနေရာ 'ဂမုံးချောင်း'နေရာသို့အရောက် အရိပ်ကောင်းလှသော တည်ပင်ကြီးအောက်၌ ကျွန်တော် ခြေပစ်လက်ပစ် ထိုင်လိုက်၏။ ခေါင်းပေါ်တွင် အမြီးရှည်ရှည်နှင့် ဖြူဖြူဖွေးသည့် ငှက်မင်းသားလေးက လွမ်းလွမ်းဆွေးဆွေး တေးသီနေသည်ကို ကျွန်တော်ကြည့်မိသော်လည်း တေးသီငှက်၏ သီချင်းသံကို ကျွန်တော်မခံစားနိုင်။ ကျွန်တော့်အတွေးဝယ် ကလေးပျောက်ရှာရန် ဘယ်ကစရမှန်းမသိဖြစ်နေသည်။

ကျွန်တော်တို့မုဆိုးမှာ ရေမြေတောတောင်သဘာဝ လေ့လာပြီးသည်နှင့် အချိန်အခါ၊ ဥတုရာသီ၊ သားကောင်စရိုက်ကို သိထား၍ ခြေရာကောက်လိုက်လျှင် တစ်ရက်နှစ်ရက်အတွင်း သားကောင်ကိုပစ်ရတော့၏။ သားကောင်ကိုပစ်ပြီးနောက် တစ်နေရာတည်း မလဲခဲ့သော် သားကောင်၏ မှုမမှန်တော့သည့်ခြေရာ၊ သွေးစက်(အမှတ်)များ သငန်ရည်လမ်းကြောင်းရှာကာ မတွေ့တွေ့အောင် ရှာခဲ့သည်။ မုဆိုးပညာဖြစ်၏။

ယခုကလေးမှာ ရင်ခွင်ပိုက်အရွယ်။ လူမဖိုးခြင်းကြောင့် သားရဲတစ်ကောင်ကောင် အစာအမှတ်ဖြင့် ချီသွားသည်မှာ သေချာသလောက်ရှိသည်။ လူမမည်ကလေးကိုစားလည်း၊ တစ်ပိုင်းတစ်စ ကျန်ဖို့မလွယ်။ စခန်းရှိလူများ၏ ခြေရာထပ်နေ၍ ကိုတိုးတဲတစ်ဝိုက် ရှာရန်မှာ မဖြစ်နိုင်။ နွေအချိန်ဖြစ်သဖြင့် မြေကမာသည်။ သားကောင်၏ခြေရာကား စပါးကျီထဲ အပ်ကျသွားသကဲ့သို့ တွေ့ဖို့ခက်ခဲ၏။

ကျွန်တော် ဂမုံးချောင်းထဲသို့ ဆင်းခဲ့သည်။ ချောင်းက တောင်ကျချောင်းမို့ ကျဉ်းသည့်နေရာကကျဉ်း၊ ကျယ်သောနေရာက ကျယ်၏။ တချို့နေရာ၌ ရေညှိတက် ကျောက်တုံးကြီးများရှိသည်။ ကျောက်တုံး ကျောက်ခဲမျိုးစုံတွေ့ရသည်။ ချောင်းတစ်လျှောက် သဲသောင်ခုံများမြင်ရ၏။ ချောင်းရိုးအတိုင်း အထက်ဆီသို့ မုဆိုးခြေလှမ်းဖြင့် တစ်လှမ်းချင်း သတိထားကာ တက်သွားသည်။ ကျည်ထိုးထားသော သေနတ်အား ညာလက်က ကိုင်၍ထားသည်။

ချောင်းအထက်ကို ခရီးတစ်ခေါ်ခန့် လျှောက်မိသည့်တွင် အထက်ချောင်းစောင်းမှ ဆင်းလာသည့် သားကောင်ကြီးတစ်ကောင်၏ခြေရာကို အမှတ်မထင်တွေ့သည်။ လူခြေရာနှင့် သွင်ပြင်တူသော်လည်း ဖနောင့်တိုတို၊ ခြေခွင်ခွက်လျက် ပြန့်ကားသော ခြေဖဝါးကြောင့် ဝက်ဝံကြီးတစ်ကောင်၏ ခြေရာမှန်း 'ကောက်'၍ရသည်။ ကျွန်တော် သေနတ်ကို မြေမှာ ထောက်လျက် မုဆိုးဒူးထောက် အနေအထားဖြင့် အဆင်းအတက် ခြေရာကို တစ်ခုချင်း သေသေချာချာကြည့်သည်။

ဝက်ဝံကြီး၏ခြေရာမှာ ...

www.burmeseclassic.com



ဘက်တောင်ကြောတန်းရှိ ဂဝံတောင်ကြီးဘက်ကို ဦးတည်ကာ ချောင်းပေါ်သို့ တက်သွားသော ခြေရာဖြစ်သည်။ ထူးခြားချက်က ဝက်ဝံသတ္တဝါက ခြေနှင့်လက်ကို လေးဘက်ချသွားတတ်ပြီး အခြားသားကောင်အား ရန်ပြုရန်လိုက်လျှင်လည်း လေးဘက်ပြေးလိုက်တတ်၏။ ကိုက်သည့်အခါနှင့် ကုတ်ရာ၌ မတ်တတ်ရပ်ကုတ်တတ်သော သဘာဝကို ဝက်ဝံပစ်ဖူးသည့် ကျွန်တော့်အတွေ့အကြုံအရ သိထားသည်။

ကျွန်တော်မြင်တွေ့ရသည်မှာ ခြေရာနှစ်ဖက်နှင့် လက်တစ်နေရာ၊ အခြားလက်တစ်ဖက်ပျောက်နေခြင်းကား ကျွန်တော့်အဖို့ စဉ်းစားစရာ။ တောတောင်ထဲ မုဆိုးကြောင့် လက်ကိုကိုင်းမိ၍ ပြတ်သွားသော လက်ပြတ်ခြေပြတ်သားကောင်များ ကျွန်တော်ရခဲ့ဖူးသည်။ ထိုသားကောင်များ၏ ခြေရာ၌ ပြတ်ပြီးကျန်ခဲ့သော ခြေလက်နေရာတွင် အမှတ်အသားများ ကျန်တတ်သည်။ ဝက်ဝံကဲ့သို့ ခြေလက်အသုံးပြုတတ်သည့် သားကောင်ကို ကိုင်းဖြင့်ထောင်ဖို့လည်း မလွယ်။

''ကျုပ်အထင်ပြောရရင် မဟုတ်မှလွဲရော ကျော်သန်းပစ်လာတဲ့ ဝံပေါက်ကလေးရဲ့ အမေကြီးဖြစ်မယ်''

ဦးတင်စကားက ကျွန်တော့်အတွေးထဲ ဝင်လာသည်။ တစ်ခါတစ်ရံ အမှတ်တမဲ့ပြောလိုက်သည့် စကားက တွေးစရာအမှန်ဖြစ်လာတတ်၏။ ကောင်း...ဟုတ်ပြီ.....။

ကျွန်တော့်ခြေလှမ်းများကို မြောက်ဘက်ဂဝံတောင်ကြီးဆီသို့ ဦးတည်လိုက်သည်။ ကျွန်တော့်အတွေးမှန်ခဲ့သော် ကျွန်တော်သိလိုသောအဖြေ ရကောင်းရနိုင်သည်။ ကျွန်တော့်စိတ် ပေါ့ပါးလန်းဆန်းလျက် ခြေကသွက်နေသည်။ ကျွန်တော်သွားရသည့်နေရာက သားကောင်က လမ်းသိသော်လည်း ကျွန်တော့်အဖို့ ချုံကိုတိုး၊ ပိန်းရိုင်းနှင့် တောင်စွန်ဖက်တောကိုဖြတ်၊ ကြိမ်မှန်လက်မဲဆူးကို နင်းသွားရသည်။ သားကောင်ကို အနီးကပ်ပစ်နိုင်ရန် ဖိနပ်မပါသော ကျွန်တော့်ခြေမှာ သွေးခြင်းခြင်းရဲလျက်ရှိသည်။ မုဆိုးဝါသနာပါသူမို့ 'မုဆိုးဆူးတောတိုး' ရသည်မှာ သဘာဝ။

ညနေ နေဝင်ရိုးရီအချိန်တွင် ဂဝံကျောက်တောင်ကြီးအနီးသို့ ကျွန်တော်ရောက်သည်။ မိုးချုပ်လျှင် ကျွန်တော့်မှာ မီးမပါသဖြင့် သွားလာရေးခက်ခဲ၏။ ဤရိုးမတစ်ခွင်သည် သစ်၊ ဆင်၊ ကျား၊ ဝက်ဝံပေါခြင်းကြောင့် ကိုင်းရှင်းသည့် ကျွန်းပင်ကြီးတစ်ပင်ပေါ်သို့ ဖက်တွယ်ကာ တက်ခဲ့သည်။ သေနတ်ကို ကြိုးဖြင့်ဆွဲမယူတော့ဘဲ ကျောမှာသိုင်းလွယ်ထားသည်။ (၁၄) တောင်ခန့်အမြင့်သို့ ရောက်သောအခါ ကိုင်းသုံးခွဆုံသည့်နေရာ၌ လိမ့်မကျစေရန် အိတ်ထဲမှကြိုးကို ထုတ်ပြီး ကျောမီကိုင်းနှင့် ကျွန်တော့်ရင်ခေါင်းပိုင်းကို မလျော့မတင်းတုပ်သည်။ မုဆိုးအဖို့ တစ်နေကုန်တစ်နေခန်း လျှောက်ခဲ့သော ခရီးပန်းကြောင့် သစ်ပင်ပေါ်မှာအိပ်လျှင် ကြိုးမတုပ်ပါက ပြုတ်ကျသေသချာ၏။ ကိုယ်ကို နေသားအောင်ပြင်ပြီးမှ အဆာပြေ စကွတ်စား၍ ရေအနည်းငယ် သောက်သည်။

ညို့ညို့မှိုင်းမှိုင်းနှင့် အုပ်ဆိုင်းဆိုင်းရှိသည့် ရိုးမတောကြီး နေ့ခင်းအချိန် ငိုက်မျဉ်းဟန်ရှိသော်လည်း နေဝင်မိုးချုပ်သည်နှင့် ဂျိုး ဟောက်သံ၊ ဆတ်တစ်သံ၊ ဟိန်းသံတို့ဖြင့် အိပ်ရာမှနိုး နှယ် တစ်တော ဆူညံလျက်ရှိသည်။

ကျွန်တော်နှင့် မနီးမဝေး က ရေကြက်မတစ်ကောင်၏ သံက ကလေးငယ်ငိုသကဲ့သို့ ရ၏။ လေတိုက်တိုင်း သစ်ကိုင်း သစ်ခက်တို့၏ ပွတ်တိုက်သံ မြည်နေသည်။ လူသူကင်း တောကြီးထဲတွင် တစ်ယော တည်းနေသူအဖို့ အတွေ့အကြုံ လျှင် တော်ရုံသတ္တိဖြင့် နေ၍ သစ်ပင်အောက်မှ ကြွက်ဖလေ နှင့် တောက်တဲ့လမ်းလျှောက် ပင် ကျယ်ကျယ်လောင်လောင် ရ၍ တောခြောက်သည့်အလား ရ၏။

ကျွန်တော့်အဖို့ ရောက် ဒေသ တောကြီးများတွင် ညအ စားပင်နှင့် ဆားငံတွင်း(ကျင်း ကောင် ဖြတ်သွားဖြတ်လာနေ လင့်ထိုးပြီး သားကောင်မျိုးစုံ ခတ်ခဲ့သဖြင့် တောတော

www.burmeseclassic.com

www.burmeseclassic.com


…ဘာဝကို သိနေခြင်းကြောင့် …ကြောက်စိတ်မရှိသော်လည်း …လေးပျောက်အကြောင်းတွေးရင်း …၍မရဖြစ်နေသည်။ ကျွန်တော် … မလှမ်းမကမ်း အရှေ့ဘက် ဂဝံ …တောင်ကြီးကို ကြယ်ရောင်ဖြင့် ထီး …မားမားမြင်ရ၏။

ညဉ့်နက်သည့်တိုင် ရောက် …တ်ရာရာတွေးရာမှ ငှက်ဖျားဖြစ် …ော လူမှာအားနည်းလျက်ရှိသည်။ …ပန်းသည့်ဒဏ်ကြောင့် မှေးခနဲ …ပျော်သွားတော့၏။

"အူ.....ဝဲ"

"အူ.....ဝဲ"

ကျွန်တော့်နားထဲ ကလေးငိုသံ …ားလိုက်၍ နှစ်နှစ်ခြိုက်ခြိုက် အိပ် …ကျရာက ရုတ်တရက်နိုးသွား …သည်။ ကလေးငိုသံမှ ဟုတ်ရဲ့လား။ …နှ်တော် အသေအချာနားထောင် …သည်။

"အူ.....ဝဲ"

"အူ.....ဝဲ"

တောကြီးမျက်မည်းထဲ ဘယ် …ကလေး ရောက်နေပါလိမ့်။ အနီး …နားမှာ တဲများရှိနေသလား။ မဖြစ် …း ကျွန်တော့်မိတ်ဆွေ အင်ဂျင် …ယာ ကိုဇော်ဝင်းသိန်း(ဆည် …မြောင်း)ပြောပြသည့် သူကြုံတွေ့ခဲ့ …သော မြန်မာပြည်နှင့် တရုတ်နယ် …က မှင်စာနှင့် ကျတ်တစ္ဆေများ …အကြောင်း စဉ်းစားမိကာ ကြောက် …စိတ်မရှိသော်လည်း အားငယ်စိတ် …ဝင်လာသဖြင့် အသိစိတ်ဖြင့်ထိန်း …ိက်.....

"အူ.....ဝဲ"

"အူ.....ဝဲ"

"ဟာ...ဟုတ်တယ်၊ သေချာပြီ"

ကျွန်တော့်မှာ သားကောင်ပစ်ရန် လင့်စောင့်နေခြင်းမဟုတ်။ ကလေးပျောက်ရှာခြင်းဖြစ်သည်ကို ကိုယ့်ကိုယ်ကိုယ် သတိထားမိသွားသည်။ ကျွန်တော်ရှာသည့်ကလေးဖြစ်လေမလားအတွေးဖြင့် အိပ်မရ၍ အိတ်ထဲမှ ဘီစကွတ်ယူကာဝါးသည်။

တောကြီးထဲ၌ တစ်ယောက်တည်းထိုင်ပြီး အချိန်ကိုစောင့်ရသည်မှာ ကုန်ခဲ၏။ ကိုယ်လက်နာကျင်ကိုက်ခဲလျက်ရှိသည်။ ငှက်ဖျားရောဂါ မပေါ်လာသဖြင့် တော်သေးသည်။

အရှေ့ဘက်တွင် ရောင်နီပေါ်ခဲ့ပြီ။ ငှက်ပေါင်းစုံ၏ တေးဆိုသံကို ကြားရ၏။ မနီးမဝေး သစ်ပင်တစ်ပင်ပေါ်မှ ဒေါင်းဖိုတစ်ကောင်က တွန်သံပေးနေသည်။ ကျွန်တော့်ကိုယ်မှကြိုးကိုဖြုတ်သည်။ သေနတ်ပြောင်းကိုချည်ကာ သစ်ပင်ပေါ်မှ မြေပြင်ပေါ်သို့ချ၏။ သစ်ပင်ပေါ်က ကျွန်တော်ဆင်းသည်။ အသင့်ဖြစ်လျှင် ကျွန်တော်ကိုင်နေကျ အမဲကြီးပစ်ရိုင်ဖယ်ကိုမောင်းတင်လျက် ဂဝံတောင်ကြီးဆီသို့ ထွက်ခဲ့၏။

မြေနီရောင်ကျောက်တောင်ကြီးမှာ ပေ(၅၀၀)ခန့်မြင့်သည်။ ကျွန်တော် မျက်နှာမူရာဘက်၌ ရေစီးတိုက်စားမှုကြောင့် မျက်နှာပြင်ကို လှီးဖြတ်ထားသလို မြင်ရ၏။ အရောင်ရင့်ခြင်းကြောင့် သက်ရင့်ဂဝံကျောက်တောင်မှန်း သိသာသည်။ ကျောက်တောင်ပေါ်တွင် ချုံနွယ်တောများရှိသည်။ ဂဝံတောင်ကြီးအနီးသို့ရောက်မှ အောက်ပိုင်းမှာ ထမင်းပင်နှင့် ချုံနွယ်တောကို တွေ့ရသည်။

ကျွန်တော် လှည့်ပတ်ရှာရာမှ တစ်နေရာတွင် ဂူပေါက်သွားနက်ကို ကိုင်းပင်ဖရိုဖရဲကြားက လှမ်းမြင်၏။ သတ္တဝါတစ်ကောင်ကောင် တိုးသွားသကဲ့သို့ လမ်းဖြစ်နေ၍ သေနတ်ကို ပခုံးထမ်းထားရာမှ ဆွဲယူလျက် လုံခြုံမှုခလုတ်အား ဖွင့်လိုက်သည်။ ဘယ်ညာလက်က သေနတ်ကို အသင့်ကိုင်ကာ ဂူဝသို့ မုဆိုးနည်းဖြင့် တဖြည်းဖြည်း တစ်လှမ်းချင်း သတိထားပြီး ကိုင်းလက်များဖယ်၍ တိုးဝင်သွား၏။

"ရှဲ.....ရှဲ"

"ရှဲ.....ရှဲ"

ဂူထဲသို့အရောက်.....

"ဂရား....."

ချောက်ချားဖွယ် ဟိန်းသံကြီးနှင့်အတူ ကျွန်တော့်ဆီသို့ ဂူထဲမှ မည်းမည်းသတ္တဝါကြီးတစ်ကောင် တိုက်ခိုက်ရန် တစ်ဟုန်ထိုး ပြေးဝင်လာသည်။ ကျွန်တော်က ချိန်တွယ်မနေတော့ဘဲ ပြောင်းတန်းထိုးပစ် ပစ်လိုက်တော့သည်။

"ဒိုင်း....."

"ဖြောင်း.....ဗျောင်း"

"ဘုံး.....အုံး"

သားကောင်ကြီးအား လိုအပ်လျှင် အမြန်ဆုံးပွဲသိမ်းပစ်ခတ်နိုင်ရန် အတွက် သေနတ်ပစ်ပြီးသည်နှင့် ကျည်ထုတ်ကျည်ထိုးကို အမြန်သပ်

www.burmeseclassic.com

www.burmeseclassic.com

၍ ချိန်ထားသော်လည်း ကျွန်တော့် ရှေ့မှ သတ္တဝါကြီးမှာ အမဲကြီးပစ် ရိုင်ဖယ်၏ခဲကို သံမဏိပါးပါးဖြင့် Coated လုပ်ထားသောကျည်က ဘယ်ဘက်ရင်အုံအား ထိုးဖောက် မှန်သည်တွင် ကျည်အဟုန်ကြောင့် အဝေးသို့ လွင့်စဉ်ကျသွားသည်။

ကျွန်တော်က သေနတ်ကို အသင့်ကိုင်လျက် သတ္တဝါကြီးအနီးသို့ ချဉ်းကပ်ခဲ့၏။ ပါးစပ်ဟလျက် မျက်စိပွင့်သေနေသည့် သားကောင်ကြီးမှာ ဝက်ဝံမကြီးတစ်ကောင်ဖြစ်သည်။

"အူ.....ဝဲ"

"အူ.....ဝဲ"

ကျွန်တော်ရှာနေသော ကိုတိုး၊ မဝေတို့၏ကလေးက မလှမ်းမကမ်း ကျောက်ဖျာပေါ်၌ ပက်လက်အနေအထားဖြင့် ခြေနှင့်လက်ကို ယက်ကန်ယက်ကန်ပြုလုပ်ကာ ဝက်ဝံကြီးဟိန်းသံနှင့် သေနတ်သံကြောင့် ကြောက်လန့်၍ငိုနေသည်။

"ဟဲ့.....ဟဲ့"

"ကျွတ်.....ကျွတ်...ကျွတ်"

"အေ့.....အေး....."

ကျွန်တော်က သေနတ်မောင်းလျှော့ကာ လွယ်လိုက်ပြီးမှ ကလေးကို ပွေ့ယူချော့သည်။ လူမမည်ကလေးမှာ ကျွန်တော့်ရင်ခွင်ထဲ ရောက်သည့်အခါ အငိုတိတ်သွားသည်။ ညာဘက်လက်ညှိုးလေးအား ပါးစပ်နှင့်စုပ်နေ၏။ ချစ်စရာအရွယ် 'မောင်ကံကောင်း'လေးဖြစ်သည်။

ကလေးအငိုတိတ်မှ ကလေးထားသည့်နေရာကို ကြည့်မိသည်။ နူးညံ့သည့်မြက်များကို ကလေးမနာမကျင်စေရန် အိပ်ရာမှာခင်းထား၏။ ကလေးကိုချီကာ ဝက်ဝံမကြီးအနားသို့သွားသည်။

ဝက်ဝံမကြီး၏ ရင်ဘတ်နှစ်ဖက်ရှိ နို့အုံတွင် နို့ရည်များ စီးကျလျက်ရှိသည်။ ကျွန်တော့်ကိုတွေ့တွေ့ချင်း ကလေးအရှိန်ကြောင့် ဒေါသစိတ်ဝင်၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်ရန် ပြေးလာစဉ် ဝက်ဝံမကြီး၏မျက်လုံးမှာ မီးဝင်းဝင်း တောက်နေသည်။ ယခုသေချိန် ဝက်ဝံမကြီး၏ ပွင့်သောမျက်စိမှာ သံယောဇဉ်ဖြင့် နှောင်ဖွဲ့နေသည့် အကြင်နာမျက်စိနှင့် ကျွန်တော့်အား ကြည့်နေသည်ဟု ထင်ရသည်။ သံယောဇဉ်ကြိုးတစ်မျှင်၏ ရစ်ပတ်နှောင်ဖွဲ့မှုကြောင့် အသက်ပေးသွားသော ဝက်ဝံမကြီးကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရသည်။

ကျွန်တော် ကလေးကိုချီ၍ တစ်လှမ်းချင်းလှမ်းလျက် ဂူပြင်ကို ထွက်ခဲ့သည်။ အလာတုန်းက ခြေလှမ်းသွက်ခဲ့သလောက် အပြန်လမ်းမှာ ကျွန်တော့်ခြေများ လေးလံနှေးကွေးလျက်ရှိသည်။ ဝက်ဝံမကြီးမှာ ကလေးပျောက်ခဲ့၏။ သားပျောက်ရှာရင်း တိုက်ဆိုင်စွာ ကိုတိုးနှင့်မဝေတို့၏ကလေးကို တွေ့ပြီးခိုးရာမှ ရင်ခွင်အပ်ထားခိုက် ကလေးနို့ဆွဲသဖြင့် သံယောဇဉ်တွယ်သွားခြင်းဖြစ်နိုင်သည်။

ဂူထဲ၌ ကလေးကိုထားပုံမှာလည်း လူသားမိခင်နှင့်မခြား။ ဝက်ဝံမကြီး၏ သားအပေါ်ထားသော မေတ္တာတရား၏ အတိမ်အနက် နှိုင်းဆ၍ရသည်။ "မိဘကျေး မြင်းမိုရ်ဦး အထူးသီလျက် အ ခက်"ဟူသည့်ကား အမှန်စကား

ကိုတိုးနှင့် မဝေတို့နှစ်ယော သားပျောက်ရှာကာ ပြန်လာ ကျွန်တော့်အား အပြန်လမ်းကို လင့်ကြီးစွာဖြင့် စောင့်နေမှာ ချာသည်။ ကျွန်တော်ပြန်လာ၍ ခွင်ထဲမှကလေးကိုမြင်လျှင်.....

"သားတို့ရုပ်ရည် သီတာ သား၊ ရေကြည်ချမ်းမြ တစ်ပေါ ကျက၊ မိဘတို့ဝမ်း ငြိမ်းစတမ်း" စကားအရ မည်မျှဝမ်းသာကြမည် ကို ကျွန်တော် မခန့်မှန်းနိုင်။

သို့သော်.....

"မေတ္တာနှောင်ကြိုးတစ်မျှင် ၏ ရစ်ပတ်နှောင်ဖွဲ့မှုကြောင့် ကိုတိ နှင့်မဝေ၊ ဝက်ဝံမကြီးတို့၏ သောက မီးတောက်ကို တောကြီးအတွင် လမ်းလျှောက်ရင်း ကျွန်တော် အတွေးဝယ် မြင်မိချေတော့သည်

မောင်မောင်လွင် (ညောင်လေး

www.burmeseclassic.com

www.burmeseclassic.com




# မနှောင်းသောအသိ

အိမ့်(ရှုပဗေဒ)

နံနက်ခင်း၏ လေနုအေးလေးဖြင့် ဦးသစ္စာက လမ်းလျှောက်ထွက်တတ်သူဖြစ်၏။ ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်ချိန်တွင် ဇနီးသည် ဒေါ်အကြင်နာက အိပ်ကောင်းတုန်းဖြစ်သည်။

"မိန်းမ....ကိုယ်နဲ့လိုက်ပြီး လမ်းလျှောက်စမ်းကွာ၊ ဒါမှ မင်းရဲ့ဆင်နှာကိုယ်ကြီးက ငါးရံ့ကိုယ်လုံးလေး ဖြစ်လာမှာ"

"ကျွန်မက အိပ်ရေးပျက်မခံနိုင်ဘူးရှင့်၊ ဝလည်း မတတ်နိုင်ဘူး၊ လင်ရပြီးပြီပဲရှင်၊ လှဖို့မလိုတော့ပါဘူး"

"ရုပ်လေးကလှပြီး အောက်ပိုင်းက ဝက်ကိုယ်လုံးကြီးဖြစ်လာပြီနော်"

"ဖြစ်ဖြစ်ရှင်၊ ဆက်အိပ်ဦးမယ်"

ဦးသစ္စာက ပြောမရသည့် ဇနီးသည်အား လက်လျှော့လိုက်ရတော့၏။ ဒေါ်အကြင်နာဘက်က ကြည့်လျှင်လည်း ချက်လိုက်ပြုတ်လိုက်၊ ကလေးကျောင်းကြိုပို့လိုက်၊ ကားမောင်းလိုက်နှင့် သည်ခန္ဓာကိုယ်ကြီးက မဝဘဲ ခံနိုင်ရိုးလား။ နေ့လယ်နေ့ခင်း အားလပ်ချိန်လေးတွင် တခေါခေါနှင့် တုံးခနဲ အိပ်ပျော်သွားတတ်သေး၏။

"ဟင်း....မင်းနဲ့တော့ ခက်တော့တာပဲနော်"

ဦးသစ္စာမှာ ထိုသို့သာ ညည်းတွားလိုက်မိတော့သည်။

* * *

တစ်နေ့ အိမ်သို့ ခင်မင်ရင်းနှီးသူတစ်ဦး ရောက်လာ၏။ ဒေါ်အကြင်နာနှင့် ကျောင်းနေဖက်ဖြစ်သည်။ ဒေါ်စိန်မမက သူမ၏ ဝဖြိုးသောခန္ဓာကိုယ်ကြီးကိုကြည့်ပြီး.....

"အကြင်နာရေ.....ကြည့်လည်း ကြည့်ဦးနော်၊ တော်ကြာ ယောကျ်ားက စိတ်ကုန်ပြီး အငယ်ထားနေဦးမယ်၊ အခုခေတ်မိန်းကလေးတွေက ရဲတင်းပွင့်လင်းလိုက်တာမှ လွန်ရော"

"ကိုယ့်ယောကျ်ားကို စိတ်ချပြီးသားပါ စိန်မမရာ၊ သူက ဒါမျိုးတွေ ဝါသနာမပါဘူး"

"အမယ်လေးလေး....ယောကျ်ားကိုယုံကြည်လွန်းလိုက်တာနော်၊ မင်းယောကျ်ားက သစ္စာဆိုတဲ့နာမည်သာ ပညတ်ထားတာပါအေ၊ လူက သစ္စာရှိမတဲ့လား၊ ကဲ..ကျုပ်ကိုကြည့်၊ စိန်မမတဲ့၊ နာမည်က မိုးပေါ်မှာ၊ လူကတော့ အောက်ကျခံနေရတာ ရှင်မှမသိဘဲ"

ဒေါ်အကြင်နာက အံ့ဩသွား၏။ အကြောင်းရင်းကို မေးကြည့်တော့.....

"ဂေါက်ရိုက်ကောင်းလို့ ဂေါက်ကွင်းမှာ ကောင်မလေးနဲ့ ငြိသွားတာပေါ့၊ အိမ်ကိုတောင် ပြန်မလာချင်လို့ အောက်ကျို့ခံပြီး လိုက်ခေါ်နေရတာပါ၊ အဘိုးကြီးက အသက်ကြီးမှ စွံနေတာ မပြောချင်ပါဘူး၊ လမ်းလျှောက်ထွက်လည်း ကောင်မလေးတွေက ဘေးမှာ ကပ်နေတာအေ့၊ သူက ကစားတော့ ကျန်းမာရေးကောင်းတာပေါ့ အကြင်နာရယ်"

ဒေါ်အကြင်နာလည်း ဦးသစ္စာအတွက် စိတ်ပူသွားမိတော့သည်။

"အေး.....တို့က မိသားစုတာဝန်တွေနဲ့ ကိုယ့်အလှအပကို ထိန်းသိမ်းဖို့ အချိန်မရတာဟာ ယောကျ်ားကို လွှတ်လပ်ခွင့်ပေးလိုက်တာနဲ့ အတူတူပဲ၊ အခုဆို လှလှပပ ဝတ်စားပြင်ဆင်နေရပြီး ယောကျ်ားနောက်ကို အရိပ်လိုလိုက်ပါနေရတာလေ၊ တက်လိုက်ရတဲ့ အဆီချသင်တန်း၊ သွားလိုက်ရတဲ့ အလှပြင်ဆိုင်၊ ဝယ်လိုက်ရတဲ့ အလှပြင်ပစ္စည်းတွေ၊ အို...ဒီလိုမှမပြုပြင်ရင် ယောကျ်ားက စွဲမက်စရာလေးတွေဆီ ရောက်သွားမှာပေါ့ကွယ်၊ ဒါတောင် အိမ်ကအဘိုးကြီးက ဦးသစ္စာလောက် မတောင့်တင်း၊ မနုပျိုသေးပါဘူးနော်"

ထိုစကားက ဒေါ်အကြင်နာအတွက် အသိတရားကို ဖြစ်စေရ၏။ သည်တော့မှ ဦးသစ္စာအား လွှတ်ထားခဲ့သည်မှာ နောက်ကျနေပြီလားဟု စိုးရိမ်စိတ်များသွားရတော့သည်။

"ဒါဆို အကြင်နာလည်း မင်းလို ပြင်ဆင်မှ ဖြစ်တော့မယ်ကွာ"

"အေး.....မင်းအသိ မနှောင်းသေးဘူး၊ တို့ဘက်က လုပ်သင့်တာတော့ လုပ်ထားရမယ်ကွ"

* * *

"မိန်းမရေ....ကိုယ်သွားပြီဟေ့"

အပြင်မှ ဦးသစ္စာ၏အသံကို ကြားရသည်နှင့် ဒေါ်အကြင်နာက အိပ်ခန်းထဲမှ ပြေးထွက်လာတော့၏။

"ယောကျ်ား..ကျွန်မလည်း ရှင်နဲ့အတူတူ လမ်းလျှောက်မယ်"

"အလိုဗျာ . . ဘယ်ကအသိတရားရသွားပါလိမ့်နော်၊ ဟောဗျာ.. အားကစားဝတ်စုံနဲ့ပါလား"

"ဟုတ်တယ် . . ယောကျ်ားရဲ့ ကျန်းမာရေးက အရေးအကြီးဆုံး မဟုတ်လား၊ ကျန်းမာမှ အရာအားလုံး စိတ်ချမ်းသာမှာလေ၊ ဟင်း.....ဟင်း"

"ဒါပေါ့ဗျာ၊ ကဲ.....လာ၊ ကန်တော်ကြီးလေနုအေးအေးလေးကို တဝကြီး ရှူရှိုက်ရအောင် သွားစို့"

ဒေါ်အကြင်နာလည်း ဦးသစ္စာနောက်သို့ အပြေးလေးလိုက်ပါသွားတော့၏။

အိမ့်(ရှုပဗေဒ)

www.burmeseclassic.com












ဒီလတော့ ပရိသတ်ကြီးနဲ့လည်းဆွေးနွေးရင်း သက်ဆိုင်သူများထံသို့လည်း မသိမသာ တို့တို့တိတိလေးတင်ပြရင်း ပြောချင်တဲ့ အကြောင်းအရာတစ်ခု ရှိပါတယ်။ အဲဒါက အကယ်ဒမီဆုရွေးချယ်တဲ့ နေရာမှာ အဓိကကျတဲ့ စံအဖြစ်ထားတာက ရုပ်ရှင်ကားကြီးဖြစ်ရမယ်ဆိုတဲ့မှုပါပဲ။ ဖြစ်လည်းဖြစ်သင့်ပါတယ်။ ရုပ်ရှင်ကားကြီးလို့ ဆိုလိုက်တာနဲ့ ရုပ်ရှင်ကားကြီးဖြစ်ထိုက်တဲ့ ရိုက်ကူးမှု၊ တင်ဆက်မှု၊ ဖန်တီးမှု၊ အသိပညာပေးမှု စတာတွေဟာ အတိုင်းအတာတစ်ခုအထိ အရည်အသွေးပြည့်မီနေဖို့လိုပါတယ်။ အဲဒီအထဲကမှ အရည်အသွေး အပြည့်မီဆုံးဆန်ခါတင် ရွေးချယ်ကြရတာမဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com





# ဟိုဒင်းဟိုဟာ

ဦးဝင်းမြင့် (သရုပ်ဆောင်)

www.burmeseclassic.com

www.burmeseclassic.com



ခက်နေတာက Video ဆိုတဲ့ ဝေါဟာရတစ်ခု ပေါ် ပေါက်လာတာပါပဲ။ ရုပ်ရှင်ရဲ့အစကလည်း မှတ်တမ်း ရိုက်ကူးခြင်းက စတာပါပဲ။ Video ရဲ့အစကလည်း မှတ်တမ်းရိုက်ကူးခြင်းက စတာပါပဲ။ Film နဲ့ Tape ကွဲပြားတာကလွဲရင် အားလုံးဟာ Movies တွေပါပဲ။ ဒီလိုပြောလိုက်တော့ Video ဇာတ်ကားတွေကိုလည်း အကယ်ဒမီဆုအတွက် ရွေးချယ်သင့်တယ်လို့တင်ပြရာ ရောက်သွားမှာလည်းစိုးတယ်။ နည်းပညာတိုးတက်လာ တာနဲ့အမျှ Tape နေရာမှာ HD Card က အစားထိုးဝင် ရောက်လာပြီဖြစ်ပါတယ်။ အစဦးပိုင်းက ရုပ်ရှင်ဆိုရင် Film နဲ့ရိုက်ရမယ်၊ Film နဲ့ကူးရမယ်လို့ သတ်မှတ်ထား တယ်။ ခုနောက်ပိုင်းမှာ ဘာနဲ့ရိုက်ရိုက် Film ပေါ်ကို တော့ တက်ပေးရမယ်၊ Film နဲ့ပြမှ ရုပ်ရှင်ကားကြီးလို့ သတ်မှတ်ပြန်တယ်။ ခက်တာက Tape to Film,Card to Film ဟာ နိုင်ငံခြားမှာ သွားလုပ်ရတယ်။ သူ့ရဲ့ကုန်ကျ စရိတ်ကလည်း သိန်း ၅၀၀ နဲ့ ၁၀၀၀ ကြားမှာရှိတယ်။

တင်ပြချင်တာက ဝတ္ထုဇာတ်လမ်း ဘယ်လောက် ကောင်းနေကောင်းနေ ရုပ်ရှင်အနေနဲ့ ရိုက်ပြီးတော့မှ မကောင်းတော့တဲ့ သာဓကတွေ၊ ဇာတ်လမ်းဇာတ်ညွှန်း ကို On Scene ရေးရိုက် ရိုက်သွားပြီး ဝက်ဝက်ကွဲပေါက် သွားတဲ့ သာဓကတွေအများကြီးရှိပါတယ်။ အဲဒီတော့ ဇာတ်ကားတစ်ကားရိုက်ပြီဆိုရင် Film,Video မခွဲခြား တော့ဘဲနဲ့ ပြီးပြည့်စုံတဲ့ Editing လုပ်ပြီးသွားတဲ့အခါ ရုပ်ရှင်ကားကြီး အရည်အသွေးမီတယ်ဆိုရင် ဖြန့်ချိရေး မလုပ်ခင်မှာ ရုပ်ရှင်ကားကြီးအဖြစ် ပြသလိုကြောင်း သက်ဆိုင်ရာကို တင်ပြလျှောက်ထား၊ သက်ဆိုင်ရာ စိစစ်ရေးအဖွဲ့က စိစစ်ပြီး ရုပ်ရှင်ကားကြီးအဖြစ် သတ် မှတ်တယ်ဆိုတာနဲ့ အနုပညာရှင်တွေနဲ့ အနုပညာကြေး ညှိနှိုင်း၊ သက်ဆိုင်ရာ ပေးဆောင်သင့်တာတွေ ပေး ဆောင်ပြီးကြောင်း တင်ပြနိုင်ပြီဆိုတာနဲ့ ရုပ်ရှင်ကား ကြီးအဖြစ် ပြသခွင့်ပြု၊ ကဲ...ဒါဆိုရင် (Tape or Card To Film အတွက် ကုန်ကျမယ့် ကုန်ကျစရိတ်ဟာ နောက် ထပ်ရုပ်ရှင်တစ်ကား ထပ်ရိုက်ချင်ရိုက်၊ ဒါမှမဟုတ် ရိုက်ထားတဲ့ကားကို အရည်အသွေးမြှင့်တဲ့နေရာ၊ ဖန်တီး မှုပြုလုပ်တဲ့နေရာတွေမှာ သုံးလာနိုင်တဲ့အပြင် နိုင်ငံခြား ထွက်ငွေကို ရာခိုင်နှုန်းတော်တော်များများထိန်းသွား နိုင်မှာမဟုတ်ပါလား။

အခု ကျွန်တော်တင်ပြတဲ့စနစ်ဟာ တိုးတက်တဲ့ နိုင်ငံကြီးတွေမှာ ကျင့်သုံးနေကြတဲ့ DCP လို့ခေါ်တဲ့ Digital Cinema Package System ပါပဲ။ အမေရိကားမှာ Video ခွေငှားဆိုင်တွေ မရှိတော့တာ ကြာပါပြီ။ ကျွန် တော်တို့မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးေ



www.burmeseclassic.com


www.burmeseclassic.com



ဖော် ဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေရဲ့ ဖွံ့ဖြိုးတဲ့ နည်းပညာ ကုန်ပစ္စည်းတွေ ဝယ်ယူသုံးစွဲတဲ့ အတွက် ခေတ်နောက်ကျန်တယ်လို့ ပြောလို့မရအောင် ခေတ်မီနေပါတယ်။ အခုတော့ မကြာမီကာလအတွင်းမှာပဲ Video ဆိုတဲ့လုပ်ငန်းဟာ မှေးမှိန်ပြီး DCP စနစ်က နေရာယူလာတော့မယ် ဆို့ မရဲတရဲ သုံးသပ်မိပါတယ်။ ကုန်ကျ စရိတ်တွေသက်သာပြီး ဖန်တီးတီထွင် ဆုတ်လုပ်လာနိုင်တဲ့အတွက် အကျိုး အမြတ်တွေရလာကြလို့ ခေတ်မီ Cinema Hall တွေ၊ Theatre တွေ မှိုလို ပေါက်လာကြတော့မှာပါ။ ဒါပေမဲ့ နိုင်ငံ တော်အနေနဲ့လည်း ပံ့ပိုးမှုတွေ အများ ကြီးပေးဖို့ လိုပါသေးတယ်။

''ဟိုဒင်းဟိုဟာ''ဆိုတာက ပရိ သတ်ကြီးကို ဒီလမိတ်ဆက်ပေးမယ့် Video ဇာတ်လမ်းလေးပါ။ ပရိသတ် ကြီး ကြားဘူးကြမှာပါ။ ဟိုအရင် ရုပ်ရှင် ခေတ်တုန်းက နာမည်ကြီး ဟာသ ဒါရိုက်တာ ''ဘိတ်ကလာတဲ့ ငပြာ ရည်''ဆိုတာ။ အဲ....အခု ''ဟိုဒင်း ဟိုဟာ'' ဇာတ်ကားလေးရဲ့ ဒါရိုက်တာ က ဘိတ်ကလာတဲ့ငပြာရည်ရဲ့ မျိုး ဆက်သစ် ''ပြည့်သိန်းသီဟ''တဲ့။ ကာတွန်း ''ဝိဇ္ဇာ'' ရဲ့ ''ရာဇဝင်တစ်ခုရဲ့ ပါဖောမင့်'' ဆိုတဲ့ ဇာတ်လမ်းလေးပါ။ ပြည့်သိန်းသီဟက ဒါရိုက် တာလည်းလုပ်၊ ဇာတ်ညွှန်းလည်း သူကိုယ်တိုင်ရေးပြီး ရိုက်ထားတာ။ သရုပ်ဆောင်တွေက နာမည်ကြီးတွေ။ အောင်ရဲလင်းတို့၊ ချစ်သုဝေတို့၊ ဝါဝါအောင်တို့၊ ဦး ဝင်းမြိုင်တို့ဘာတို့ပေါ့။ ဟဲ.. ဟဲ။

ဇာတ်လမ်းက စပါပြီဆိုကတည်းက ယဉ်သကိုဆို သလို ဖြစ်နေတယ်။ Opening Scene မင်္ဂလာဆောင်မှာ ပြဿနာက စတော့တာ။ မင်္ဂလာဆောင်လက်ဖွဲ့ပစ္စည်း တွေ တော်တော်လာတယ်ပေါ့။ မင်္ဂလာဆောင်အခမ်း



အနားပြီးလို့ လက်ဖွဲ့ပစ္စည်းတွေနဲ့ အိမ်ပြန်ရောက်ကြပြီ။ မကြာခင်မှာပဲ လက်ဖွဲ့ပစ္စည်းပုံထဲက ကလေးငိုသံကြား ရတော့တာပဲ။ ဟဲ့.....ဟဲ့ လုပ်ကြပါဦး။ ကလေးငိုသံ ကြားတယ်၊ ရှာကြပါဦးဆိုတဲ့အသံတွေနဲ့ ရှာကြတော့ လက်ဖွဲ့ပစ္စည်းပုံးကြီးတစ်လုံးထဲက ကလေးငိုသံထွက်နေ တာ ကြားရတယ်။ ဖွင့်ကြည့်လိုက်တော့ ဟုတ်ပဲ့။ အနှီး နဲ့ထုပ်ထားတဲ့ ကလေးလေး။ ပြီးတော့ စာတစ်စောင်။ စာထဲမှာ ကလေးရဲ့ဖခင်ဟာ သတ္တိသား ''ပွကြီး''ဖြစ် တဲ့အကြောင်း ပေးပို့သူ P2 K လို့ ရေးထားတယ်။

ပြဿနာက သေးသေးလေးမဟုတ်ဘူး။ အကြီး

www.burmeseclassic.com



ကြီး။ ကြီးတာမှ တော်တော်ကိုကြီးတာ။ တော်သေးတာပေါ့။ မင်္ဂလာခန်းမမှာ ကလေးက ထမငိုလို့။ မင်္ဂလာခန်းမမှာသာ ကလေးထငိုလို့ကတော့ သတို့သားဘက်ရော၊ သတို့သမီးဘက်ပါ အရှက်ဟက်တက်ကွဲပြီ။ ကလေးက အလိုက်သိတယ်။ သတို့သားအိမ်ရောက်မှ ထငိုလို့။ ဖုံးဖုံးဖိဖိ ရှင်းလို့ရနိုင်တာပေါ့။ သတို့သမီးမိဘတွေဖြစ်တဲ့ ဦးလူသာနဲ့ ဒေါ်ခင်ခင်ကြည်တို့ကတော့ ယမ်းပုံမီးကျ ဖြစ်ကြတာပေါ့။ ဦးလူသာက အမှန်တကယ် ပွကြီးကလေးဆိုလို့ကတော့ တွေ့ရာသချိုင်းခားမဆိုင်းဘူးတဲ့။ ပွကြီးရဲ့မိဘ ဦးဘသော်၊ ဒေါ်လှလှတို့ကတော့ သားကို ဆူလည်းဆူ၊ ဒီပြဿနာကို ဘယ်လိုရှင်းကြမလဲ စဉ်းစားလည်းစဉ်းစား၊ နောက်ဆုံး



တော့ ပွကြီးကလေးသာ တကယ်မှန်ရင် ကိုယ့်သွေးကိုယ့်သားပဲဆိုတော့ သားရဲ့အိမ်ထောင်ရေးကိုလည်း မထိခိုက်စေချင်တာမို့ သူတို့ပဲ ခေါ်မွေးထားမယ်ပေါ့။

ဒီကြားထဲမှာ သတို့သမီး လူလူခင်ကတစ်မျောင့်။ ကလေးကို သူချစ်တယ်တဲ့၊ ကလေးကို ပွကြီးမိဘတွေနဲ့ မထားနိုင်ဘူးတဲ့၊ ကလေးပြဿနာ မရှင်းခင်အချိန်အထိ ကလေးကို သူပဲမွေးထားမယ်တဲ့။ ကဲ...ဘယ်လိုလုပ်ကြမလဲ။


ပွကြီးသူငယ်ချင်းတွေက ဝိုင်းစဉ်းစားကြတယ်။ မင်္ဂလာပွဲကို သက်သက်ဖျက်ချင်လို့လား၊ တကယ်ပဲလား။ ပွကြီးက ရည်းစားများတော့ ဖြစ်လည်းဖြစ်နိုင်တယ်။ အဲဒီတော့ လွန်ခဲ့တဲ့ တစ်နှစ်ဝန်းကျင်က ပွကြီးတွဲခဲ့တဲ့ မိန်းကလေးတွေထဲက P2K နဲ့ စပ်ဆိုင်တဲ့ အမည်ကိုရွေးပြီး ဖော်ထုတ်လိုက်ရင် ရနိုင်တယ်ပေါ့။ သူတို့ စစ်ဆင်ရေးစပါပြီ။ ပထမဆုံး ဖြူဖြူခိုင်၊ ခက်တာက ဖြူဖြူခိုင်နေတဲ့ မြို့နယ်နဲ့ ရပ်ကွက်ပဲသိတယ်။ အိမ်နံပါတ်မသိ၊ ဖုန်းနံပါတ်မသိ။ စုံစမ်းပြီး ရမ်းသမ်းဝင်သွားလိုက်တာ ဒေါ်ဖြူခိုင်အိမ်ဖြစ်နေတယ်။ နောက် ဖြူဖြူခိုင်တစ်ယောက်ကျတော့ အိမ်ထောင်သည်၊ ကလေးအမေ ဖြစ်နေပြန်ရော။ ဒါနဲ့ ဖြူဖြူခိုင်ဆိုတဲ့ နာမည်ကို လက်လျှော့လိုက်ပြီး ပန်းခက်ဆိုတဲ့ မိန်းကလေးနောက်ကို လိုက်ကြပြန်ရော။ ပြဿနာ အမျိုးမျိုးနဲ့သာကြုံတယ်၊ ကလေးရဲ့မိခင် မဖြစ်နိုင်ပြန်ဘူး။

နောက်ဆုံး ဆန်ခါတင်အနေနဲ့ P2K စာရင်းဝင်တဲ့ ပိုပိုကိုနဲ့ ပိုင်ဖြိုးကေတို့နှစ်ယောက်ပဲ ရှိတော့တာ။ ဒါ ပိုပိုကိုဆီ သွားတွေ့ပြီးမေးတော့ ရုပ်ရှင်တောင်တွဲ မကြည့်ခဲ့ဖူးပါဘူးတဲ့။ ပိုင်ဖြိုးကေဆီ သွားတွေ့တော့ ကိုယ်ဝန်ကြီးနဲ့၊ ဘယ်သူနဲ့ရတာလဲမေးတော့ လူမြင် မှတ်မိတယ်တဲ့၊ ကောင်းရော။ သွားမေးတဲ့သူတွေကို

www.burmeseclassic.com

www.burmeseclassic.com







ပြိုတီတီနဲ့ အထာတွေပေးနေလို့ မနည်းထွက်ပြေးခဲ့ကြရတယ်။

P2K နဲ့တော်တော်စိတ်ညစ်သွားကြပြီ။ ဒီတော့ P2K နဲ့ မပတ်သက်တဲ့ ဒေစီနဲ့ သွားတွေ့ကြတယ်။ လူလူခင်က စားပွဲအောက်မှာ ပုန်းပြီးနားထောင်တယ်။ ဒေစီနဲ့ကလည်း သူငယ်ချင်းအဆင့်လောက်ပဲရှိတာ၊ မဖြစ်နိုင်ပြန်ဘူး။ လူလူခင်ရဲ့သူငယ်ချင်းတွေက ကလေးကိစ္စမေးတော့ ဘာမှမထူးသေးဘူးပေါ့။ တကယ်လို့ ကလေးအမေတွေ့ရင် ဘာလုပ်မလဲဆိုတော့ လူလူခင်က ဒါ သူဆုံးဖြတ်ရမယ့်ကိစ္စ မဟုတ်ဘူးတဲ့၊ ပွကြီးဆုံးဖြတ်ရမှာတဲ့။

ဦးလူသာတို့ကတော့ ဒေါကန်ပြီး ဘယ်လိုဆုံးဖြတ်ကြမလဲမေးတော့ ဦးဘသော်ကလည်း စိတ်ထိန်းကြဖို့၊ အမှားအမှန်က ဘာမှန်းမသိ၊ ကလေးအမေ ဘယ်သူဆိုတာလည်း အတိအကျမသိ၊ တစ်ဖက်သတ် မစွပ်စွဲဖို့ ပြောတာပေါ့။ ဦးလူသာက မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ လောလောဆယ်မှာ သမီးရှင်တွေ အနေနဲ့ အရှုံးကြီးရှုံးနေရတယ်ပေါ့။ ဦးဘသော်တို့နဲ့ ခင်မင်မှုကို ထောက်ထားနေလို့သာ ဘာမှမပြောဘဲ ငြိမ်နေရတာ ဖြစ်တဲ့အကြောင်း မကျေမနပ် ပြောတော့တာပေါ့။ နောက်ဆုံးအနေနဲ့ ပွကြီးနဲ့ ကလေးကို DNA စစ်ဖို့ ဦးလူသာ တောင်းဆိုတယ်။ DNA တူတယ်ဆိုရင်တော့ သူ့အဆိုးမဆိုဖို့၊ လူသာဘာကောင်လဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com





သိရမှာပေါ့တဲ့။ နောက်အပတ်မှာ DNA နမူနာတွေယူပြီး Singapore ကိုပို့ပြီးစစ်မယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။

ပွကြီးကတော့ DNA စစ်မယ်ဆိုလို့ စိတ်ညစ်နေတာပေါ့။ လူလူခင်က ပွကြီးကို နှစ်သိမ့်တယ်။ ပွကြီးကို မိဘတွေပေးစားလို့ ယူခဲ့ရတယ်ဆိုပေမယ့် တကယ်ချစ်ခဲ့မိကြောင်း၊ အရင်က ပွကြီးဘာဖြစ်ခဲ့ဖြစ်ခဲ့ ခုချိန်မှာ အေးအေးဆေးဆေးနေတယ်ဆိုရင် ကျေနပ်ကြောင်း၊ သူ့မိဘတွေက DNA လိုချင်တယ်ဆိုရင်လည်း ပြဿနာမရှိကြောင်း၊ ကိုယ့်ကိုယ်ကိုယ် စိတ်မချရင် DNA အစားထိုးပေးလိုက်ဖို့ပြောတယ်။ ပွကြီးက သူ့အပေါ် နားလည်မှုအပြည့်ပေးနိုင်တဲ့ လူလူခင်ကို အရမ်းသနားပြီး အရမ်းချစ်သွားပါတယ်တဲ့။ ဒါနဲ့ တစ်မျိုးစဉ်းစားပြီး မိန်းကလေးတစ်ယောက်ကို အကူအညီတောင်းပြီး ကလေးဟာ ပွကြီးနဲ့ဘာမျှမဆိုင်ကြောင်း၊ သူမရဲ့ကလေးဖြစ်တဲ့ အကြောင်း၊ ကလေးကိုပြန် ပေးဖို့အကြောင်း လူလူခင်ဆီကိုသွားပြောဖို့လွှတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com





ဘယ်ရမလဲ။ လူလူခင်ကို ဒီလိုလာလုပ်လို့။ အဲဒီ မိန်းကလေးကို လူလူခင်က ချက်ကျလက်ကျ စစ်မေးလိုက်တော့ အဖြေတွေက ဆီလျော်မှုမရှိတော့ဘူး။ မိန်းကလေးကို ဘယ်သူခိုင်းလို့လုပ်တာလဲလို့မေးတော့ မဖြေဘူး။ ဒါပေမဲ့ လူလူခင်သိလိုက်တယ်။ ပွကြီးခိုင်းလိုက်တယ်ဆိုတာ။

အဲဒီအချိန်မှာ ပွကြီးရဲ့သူငယ်ချင်းတစ်ယောက် အမောတကောနဲ့ ရောက်လာပြီး ပွကြီးတို့ မင်္ဂလာဆောင်တဲ့ဟိုတယ်က တာဝန်ရှိတဲ့သူကို အကူအညီတောင်းထားတာ၊ ဟိုတယ်ရဲ့ CCTV မှာ အဲဒီနေ့က ကလေးပါတဲ့ လက်ဖွဲ့ပစ္စည်း လာထားတဲ့သူကိုတွေ့ရပြီဖြစ်တဲ့အကြောင်းပြောတယ်။

ကဲ..ပရိသတ်ကြီးရေ Singapore ပို့ထားတဲ့ ပွကြီးနဲ့ ကလေးတို့ရဲ့ DNA အဖြေက ရှေ့အပတ်ထဲမှာ ရောက်မယ်။ အခု ဟိုတယ် CCTV မှာ ကလေးပါတဲ့ လက်ဖွဲ့သေတ္တာလာထားတဲ့သူဟာ ဘယ်သူလဲ၊ ဘယ်သူနဲ့ပတ်သက်တာလဲဆိုတာ လည်းသိမယ်။ ဟား....စိတ်ဝင်စားစရာပဲ။ ဒီကလေးလေးဟာ ဘယ်သူ့ကလေးလေးလဲ၊ ဘယ်သူတွေနဲ့ ဘယ်လိုပတ်သက်နေလဲ။ စိတ်လှုပ်ရှားစရာကောင်းမနေဘူးလား။ တကယ်တော့ အဖြေက ရှင်းပါတယ်။ ဒီကလေးလေးရဲ့အဖေက ဘယ်သူလဲဆိုတော့ အင်း...။ ဒီကလေးရဲ့အမေက ဘယ်သူလဲဆို တော့ အင်း.....။

ပရိသတ်ကြီးကို စဉ်းစားစရာ Hint တစ်ခုတော့ ပေးလိုက်ပါ့မယ်။ အဲဒီကလေးလေးကို လူလူခင် နို့တိုက်နေတာကို တွေ့တဲ့လူက တွေ့တယ်တဲ့။ ကဲ...ဘယ်လို တွေးကြမှာလဲ။

အောင်သီရိဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက ဒါရိုက်တာ၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း ပြည်သိမ်းသီဟ၊ အောင် ရဲလင်း၊ ချစ်သုဝေ၊ ဝါဝါအောင် ဦးဝင်းနိုင် (အနုပညာ)၊ ဂွမ်းပုံကြီး [illegible] စိန်သီး၊ ဖိုးသီး၊ Kညီ၊ ကျော်ရိုး [illegible] အေဇာ်၊ အိတုန်နဲ့ [illegible] အားဖြည့်ပါဝင်သရုပ်ဆောင်[illegible] ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


''ဩော်....ငါ့သမီးလေး နေမှ ကောင်းပါရဲ့လား၊ အမေပင်ပန်းမှာကို မကြည့်ရက်တဲ့သမီး၊ နေရေး စားရေးရော အဆင်ပြေပါ့မလား''

ဒေါ်ခင်ဖြူသည် အဝေးရောက် သမီးဖြစ်သူ ဖွန့်ပွင့်ဖြူအား သတိတရရှိနေ၏။ သမီးလေးကို တမ်းတစိတ်က မျက်ရည်လည်လာသည် အထိပင်။ ကံတရားသည် သားအမိနှစ်ဦးအား ရက်ရက်စက်စက် ခွဲပစ်ရက်သည်။ အစက မထည့်မိလျှင် ကောင်းသားဟု သူ့ကိုယ်သူ နောင်တရမဆုံးတော့ပါ။ သမီးကို တမ်းတစိတ်ဖြင့် အိပ်မရခဲ့ပေ။

''အမေ့ရင်ခွင်ထဲက ငါ့သမီး ထွက်သွားတာ တစ်နှစ်ပြည့်တော့မယ်ကွယ်၊ အရင်လို စာမလာ၊ သတင်းမကြားနဲ့ ဘာများဖြစ်နေပြီလဲ မနက်ကျရင် ဖော်ရဲအိမ်ကို သွားမေးဦးမှပဲ''

ထိုအတွေးဖြင့် ဒေါ်ခင်ဖြူက အိပ်ပျော်အောင် အိပ်လိုက်၏။ မအိပ်ခင်အချိန်တွင် အတိတ်အကြောင်းအား ပြန်တွေးမိသည်။ ဖွန့်ပွင့်ဖြူ သုံးနှစ်သမီးအရွယ်တွင် ဒေါ်ခင်ဖြူ့ယောကျ်ား သေဆုံးသွားခဲ့၏။ သည်တော့ ယောက္ခမကြီးအား ပြုစုစောင့်ရှောက်ရင်း ဒေါ်ခင်ဖြူက ရပ်ကွက်ထဲတွင် အဝတ်လျှော်၊ ထမင်းဟင်းချက်ဘဝဖြင့် ရုန်းကန်ခဲ့ရသည်။ မိမိက ရိုးသားသူဖြစ်သည့်အတွက် ခိုင်းစေသူများ၏။ မခင်ဖြူမှာ စေတနာရောင်ပြန်ဟပ်သည့်သဘောပါ။

''ခင်ဖြူ ညည်းဘဝက မုဆိုးမဆိုပေမယ့် အသက်ကငယ်ပါသေးတယ်အေ၊ ခုချိန်မှာ သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းသူရှိရင် အိမ်ထောင်သစ်ထူလိုက်ပါလား''

''ခင်ဖြူ့သမီးလေး မျက်နှာငယ်နေပါမယ်ရှင်၊ ပြီးတော့ ပထွေးဆိုတာမျိုးက ကောင်းသူခပ်ရှားရှားရယ်''

''အဲဒါက ညည်းအခရာပဲ ခင်ဖြူ့ကိုယ်ကြိုးကိုင်နိုင်ရင် ယောကျ်ားက သမီးအရင်းလို သဘောထားနိုင်မှာပါ''

''ခင်ဖြူ့ဘဝမှာ သမီးလေး မဖွန့်ရှိနေမှ ဘယ်သူမှမလိုအပ်တော့ပါဘူးရှင်၊ အစ်မကို ကျေးဇူးတင်ပါတယ်''

စာနာစိတ်ရှိသူများက အိမ်ထောင်ပြုရန် တိုက်တွန်းကြသည်။ သို့ပေမယ့် မခင်ဖြူကိုယ်တိုင်က လက်မခံချင်ပေ။ ငြင်းဆန်ခဲ့၏။ တချို့ယောကျ်ားများက မခင်ဖြူကို သဘောကျပြီး နီးစပ်ဖို့ ကြိုးစားကြသည်။ ထိုအထဲတွင် ကျော်နိုင်က အဆိုးဆုံးဖြစ်သည်။

''နင့်ကို တကယ်ချစ်တာပါ ခင်ဖြူ နင်သိပါတယ်၊ ငါက နင့်ယောကျ်ားနဲ့ အပြိုင်ပိုးခဲ့တာနော်''

''ခင်ဖြူ အခု မုဆိုးမဖြစ်နေပါပြီ ကိုကျော်နိုင်''

''ငါလည်း အိမ်ထောင်ကွဲတစ်ခုလပ်တစ်ယောက်ပါပဲ ခင်ဖြူရာ၊ နှုတ်ခမ်းပဲ့ချင်းမီးမှုတ်တာဘာဆန်း လဲ''

ကျော်နိုင်သည် မခင်ဖြူကို ပိုင်ဆိုင်နိုင်ရေးအတွက် အိမ်သို့ရောက်လာတတ်ရာ ယောက္ခမကြီးက နားလည်ပေး၏။ သို့သော် မခင်ဖြူက ကျော်နိုင့်ကိုမချစ်ပေ။ လူရည်လည်ပြီး ပွဲစားယောင်ယောင်၊ ဘာယောင်ယောင်နှင့် ရပ်ကွက်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်မရသူတစ်ယောက်ဖြစ်နေ၏။ ကျော်နိုင်လို အောက့်ကြောလန်သူမျိုးကို ယူမိလျှင် မခင်ဖြူတို့သားအမိကိုပါ မုန်းသွားကြပါလိမ့်မည်။

"ခင်ဖြူ့ကို မမျှော်လင့်ပါနဲ့တော့ ကိုကျော်နိုင်၊ ခင်ဖြူက ကိုကျော်နိုင်မှမဟုတ်ဘူး။ ဘယ်သူ့ကိုမှ မယူတော့တာပါ၊ ဒီတစ်သက် အိမ်ထောင်ထပ်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားလို့ပါရှင်"

မခင်ဖြူ၏ အဆုံးစွန်ပြောလိုက်သောစကားကိုကြားရမှ ကျော်နိုင်လည်း လက်လျှော့သွားတော့၏။ သိပ်မကြာပေ။ ကျော်နိုင်တစ်ယောက် မိန်းမယူသွားသည်။ ဟန်းဖုန်းခါးချိတ်ပြီး လင်မယားနှစ်ယောက် ရွှေတွဲလွဲ ငွေတွဲလွဲဖြင့် မခင်ဖြူရှေ့တွင် ဟန်တပြပြ လုပ်နေကြ၏။ မခင်ဖြူက လူချမ်းသာဖို့ထက် စိတ်ချမ်းသာဖို့သာ အဓိကပါ။ သည်တော့ သားအမိနှစ်ဦးမှာ အကြော်ရောင်းရင်း ဘဝကို ရုန်းကန်နေကြသည်။

မခင်ဖြူအပေါ် နားလည်သော သမီးလေးက မနက်ပိုင်းတွင် အကြော်ဆိုင်လေး၌ ကူရောင်းပေးပြီးမှ ကျောင်းသို့သွား၏။ ဖွန်ပွင့်ဖြူ၏ထမင်းချိုင့်တွင် ဟင်းအစား အကြော်နှင့် ထမင်းသာပါတတ်သည်။ အပျိုအရွယ်လေးဖြစ်လာသော်လည်း မရှက်မကြောက်ဘဲ မိခင်နှင့် ဝိုင်းကူလုပ်ကိုင်ပေး၏။ ၁၀ နှစ်နီးပါး အကြော်သည်ဘဝဖြင့် ရုန်းကန်ရင်း ကြာလာသည့်အခါ မခင်ဖြူတွင် အစာအိမ်ရောဂါ စွဲကပ်လာတော့သည်။



ပြီးတော့လည်း မခင်ဖြူ၏ အကြော်တဲလေးမှာ သက်ဆိုင်ရာက ခွင့်မပြုသဖြင့် ဖျက်ခဲ့ရပြန်သည်။ ယောက္ခမကြီး ဆုံးသည့်နောက် မခင်ဖြူလည်း အိမ်တွင်မုန့်ဆိုင်လေးဖွင့်ခဲ့၏။ သားအမိနှစ်ယောက်က ထိုမုန့်ဆိုင်မှ ဝင်ငွေလေးနှင့် လောက်ငအောင် စားသုံးကြရ၏။ တစ်နေ့တွင် တစ်ရပ်ကွက်တည်းနေ ဖော်ရဲရောက်လာ၏။

"အကြော်မရောင်းရတော့ အိမ်ဆိုင်ဝင်ငွေလေးနဲ့ ဘယ်လောက်ပါ့မလဲဗျာ၊ ဝင်ငွေကောင်းတဲ့အလုပ်မျိုး လုပ်ပါလား ဒေါ်ဖြူ"

"ဘာအလုပ်လဲကွဲ့"

"ဒေါ်ဖြူ့သမီးကို ထမင်းဆိုင်ဖြစ်ဖြစ်၊ မိတ်ကပ်ဆံပင် အလှပြ... ဆိုင်မှာဖြစ်ဖြစ် အလုပ်လုပ်ခိုင်း... လား၊ ဒါဆို ဝင်ငွေကောင်းတယ်..."

"အသိမှမရှိဘဲကွယ်၊ မဖွန်... နဲ့တာနဲ့ မဖြစ်ပါဘူး"

"ကျွန်တော့်မှာ အသိရှိတယ်... ဒေါ်ဖြူ လုပ်မယ်ဆို ခေါ်သွားပေး... မယ်လေ"

ဒေါ်ခင်ဖြူက ဖွန်ပွင့်ဖြူ... မလုပ်စေလိုပေ။ မိဘမျက်စိအောက်... တွင်ထားပြီး အလုပ်လုပ်လျှင် ... ပြုနိုင်သေး၏။ ယခုတော့ မိခင်... ခွဲပြီး တစ်နေရာတွင်ထားရမှာ စိတ်... မချပေ။

"အမေ မဖွန်သွားလုပ်ချင်တယ်..."

"မဖြစ်ပါဘူးအေ... မသွား... ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဇွန်ပွင့်ဖြူက ဒေါ်ခင်ဖြူ သဘောမတူ၍ အိမ်အတွက် ငွေရှာချင်သော်လည်း အလုပ်လုပ်ခွင့်မရသေး၊ ဇော်ရဲမှာလည်း လမ်းတွေ့ဆိုင်း ဒေါ်ခင်ဖြူကိုတစ်မျိုး၊ ဇွန်ပွင့်ဖြူကိုတစ်သွယ် စည်းရုံး၏။ ဒေါ်ခင်ဖြူအနေဖြင့် သမီးလေးကို မလွှတ်ချက်သည်မှာ ဇွန်ပွင့်ဖြူသည် ငယ်သေး၏။ လောကအကြောင်းကို နားလည်သေးပေ။ မိဘကို ကူညီချင်စိတ်သာရှိသည်။ အသိကြွယ်သူ မဟုတ်ပါ။

"အမေ ကိုဇော်ရဲကြီးပို့ပေးလိုက်တဲ့ မစန္ဒာမင်း ပြန်လာတယ်တဲ့၊ အခု နယ်စပ်မှာ အလုပ်သွားလုပ်မလို့ သူ့မိဘတွေကို လာပြန်ကန်တော့တာတဲ့"

"ဟုတ်လား၊ စန္ဒာနဲ့တွေ့ချင်လိုက်တာကွယ်"

စန္ဒာမင်းက မပြန်ခင်အချိန်တွင် ဒေါ်ခင်ဖြူအိမ်သို့ ရောက်လာ၏။ သူနှင့်အတူ ဇော်ရဲလည်းပါလာသည်။

"ကဲ.....စန္ဒာရေ ဒေါ်ဖြူ့ကို စိတ်ချရတဲ့အကြောင်း ပြောပြပေးလိုက်ပါဦး၊ ငါပြောတာ မယုံမကြည်ဖြစ်နေတယ်လေ"

"ဇွန်ပွင့်ဖြူကို ထည့်သာထည့်လိုက် အန်တီဖြူရေ့၊ အလှပြင်ဆိုင်က အရမ်းသဘောကောင်းတယ်၊ စေတနာလည်းကောင်းတယ်၊ သူတို့နဲ့ ဝိုင်းလုပ်ဝိုင်းစားပေါ့၊ အလှပြင်ဆိုင်မှာ ကောင်မလေးတွေ အများကြီးရှိပါတယ်၊ လာသင်သူတွေနဲ့ ပျော်စရာကြီးရှင့်"

"ပင်ပန်းမှာစိုးလို့ပါ စန္ဒာရယ်၊ ညည်းညီမက အေးလွန်းတယ် မဟုတ်လား"

"ကိုယ်တစ်ယောက်တည်းလုပ်ရတာမဟုတ်ဘူး အန်တီဖြူ၊ သူတို့မှာ စားဖိုမှူးရှိပြီးသား၊ ဇွန်ပွင့်ဖြူလုပ်ပေးရမှာက အလှပြင်ဆိုင်ရဲ့ သန့်ရှင်းရေးတာဝန်ပဲ၊ အလှပြုပြင်တဲ့ ပစ္စည်းတွေကို လျှော်ဖွပ်ဆေးကြောဖို့နဲ့ သန့်ရှင်းရေးလုပ်ဖို့ပဲ၊ မပင်ပန်းပါဘူး၊ နောက် သူတို့လုပ်ကိုင်တာကိုကြည့်ပြီး ကိုယ်ပါတတ်သွားရင် ဆံပင်ညှပ်ခတောင် ပြန်ရဦးမယ်၊ ဒီတော့ လခနှစ်ခါရတာပေါ့ အန်တီဖြူရယ်"

မက်လောက်စရာကောင်းအောင် စန္ဒာမင်းက ပြောပြနေပြန်တော့ သမီးဖြစ်သူ၏ဆန္ဒအရ ဒေါ်ခင်ဖြူလည်း မျက်စိမှိတ်ထည့်လိုက်ရတော့၏။ ဇော်ရဲတွင် လက်ကိုင်ဖုန်းရှိသဖြင့် အလှပြင်ဆိုင်သို့ဆက်ပေးခဲ့၍ ဇွန်ပွင့်ဖြူနှင့် ဖုန်းပြောခွင့်ရခဲ့သည်။ တစ်ခါတလေ စာတိုက်မှ စာထည့်၏။ ဇော်ရဲကတစ်ဆင့် ငွေပို့ခဲ့သည်။ ရှစ်လထိ အဆက်အသွယ် မပြတ်ခဲ့ပေ။

"ဇော်ရဲရေ သမီးဆီ ဖုန်းခေါ်ပေးပါဦးကွယ်"

"ဒေါ်ဖြူခေါ်တာ အကြောင်းမဟုတ်ဘူး၊ သူ့အလုပ်ရှင်က ဖုန်းပြောတာကို ကြိုက်တာမဟုတ်ဘူးဗျ၊ ကျုပ်ကိုမှာထားလို့ပါ"

ပထမတော့ ဖုန်းအဆက်အသွယ် ပြတ်သွား၏။ ဖုန်းနံပါတ်မသိထားသဖြင့် တခြားမှဖုန်းဖြင့်လည်း ဆက်သွယ်ခွင့်မရပေ။ ဇော်ရဲက ဖုန်းနံပါတ်တင်မဟုတ်ပါ၊ အလှပြုပြင်ရေးဆိုင်လိပ်စာပင် ဒေါ်ခင်ဖြူအား မပေးခဲ့ချေ။ တောင်းခဲ့သော်လည်း အကြောင်းပြချက်ဖြင့် ငြင်းပယ်ခဲ့၏။ နောက်တော့ လခအား သုံးလမှ ပေါင်းပို့တော့မည်ဟု ဆိုလာသည်။

"အဲဒါဆို ဒီရက်ပိုင်းတွေမှာ ငါက ဘာနဲ့စားရမလဲ ဇော်ရဲ၊ သမီးရဲ့ အလုပ်ရှင်ကို ပြောပြပေးပါကွယ်၊ ငါ့မှာလည်း ဆေးဖိုးကရှိနေသေးတယ်"

"အဲဒါတော့ ဒေါ်ဖြူ့ဘာသာဖန်တီးတော့ဗျာ၊ ကျုပ်လည်းမတတ်နိုင်ဘူး၊ ခင်ဗျားကိုကူညီရတာ ကျုပ်စိတ်ညစ်တယ်၊ အဲဒါကြောင့် စေတနာဟာလူတိုင်းနဲ့မတန်ဘူးလို့ ပြောကြတာပေါ့"

ကြာတော့ ဇော်ရဲက ငြိုငြင်လာ၏။ ဇော်ရဲကို စိတ်ဆိုး၍မဖြစ်ပေ။ ကိုယ့်သမီးက သူတို့လက်ထဲမှာရှိနေသဖြင့် ငြိမ်နေလိုက်ရသည်။ သမီးနှင့်ဆုံလျှင်ဖြင့် ပြန်ခေါ်တော့မည်ဟု ကိုယ့်ဘာသာ ဆုံးဖြတ်ထားမိ၏။

"ဟုတ်တယ်၊ မနက်ကျရင် ဇော်ရဲအိမ်ဘက် လှည့်သွားရမယ်၊ ဈေးသွားမတွေ့ရင် ဈေးပြန်တွေ့မှာပဲ"

ထိုအတွေးဖြင့် ဒေါ်ခင်ဖြူက အိပ်စက်လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဇော်ရဲတို့အိမ်က တံခါးတွေ ပိတ်ထားပါလား။ ခရီးများသွားကြသလား။ ဟော.....သူတို့ဘေးအိမ်က အမျိုးသားတစ်ယောက် ထွက်လာပြီ၊ မေးကြည့်ဦးမှပဲ"

ဒေါ်ခင်ဖြူလည်း ထိုအမျိုးသားအား အမီလျှောက်သွားပြီး မေးလိုက်ရာ စိတ်ဆင်းရဲသွားတော့၏။

"ဇော်ရဲတို့ပြောင်းသွားတာ တစ်လတောင်ရှိနေပြီ၊ အိမ်ရောင်းသွားတာလေ၊ ဘယ်သွားနေကြသလဲတော့ မပြောဘူးခင်ဗျ"

သည်တော့ ဒေါ်ခင်ဖြူတစ်ယောက် သောကဖြစ်ရင်း ဖွန်ပွင့်ဖြူနှင့် အလိုလို ဝေးကွာသွားရတော့သည်။

"အခုလောက်ဆို ငါ့သမီးလေးလည်း ဒုက္ခတွေဖြစ်နေပြီလား၊ ဒါမှမဟုတ်ရင် သမီးရဲ့ ပုံမှန်ငွေပေးနေတာကို အမေ့လက်ထဲရောက်တယ်လို့ ထင်နေမလား၊ ဇော်ရဲက ငါ့ကိုမပေးဘဲ လိမ်ညာလုည့်ပတ်ထားနေသလား၊ တစ်ခုခုပဲ၊ ဟင်း.. ဒီလိုမှန်းသိရင် သွားမလုပ်ခိုင်းပါဘူး"

စန္ဒာမင်းတို့မိဘများအိမ်သို့ မေးမြန်းရန် လျှောက်လာမိတော့သည်။ အိမ်ထဲသို့ ဝင်လိုက်သည်နှင့် စန္ဒာမင်းအဘွား ထိုင်နေသည်ကို တွေ့ရ၏။

"ဘယ်သူလဲကွဲ့"

"ကျွန်မ ခင်ဖြူပါ အမေသိန်း"

"ဩော်...အေး...အေး၊ လာထိုင်ကွဲ့"

ဒေါ်ငွေသိန်းက မျက်စိမှုန်၊ နားလေးသူဖြစ်ရာ ဒေါ်ခင်ဖြူက အနားကပ်၍ မေးလိုက်သည်။

"အမေသိန်း စန္ဒာမင်းရော ဟိုမှာအဆင်ပြေနေရဲ့လား"

"သိပါဘူးကွယ်၊ သူ့အမေကိုတော့ ငွေပို့တယ်ပြောတာပဲ၊ အဘွားတော့ မကြိုက်ပါဘူးအေ၊ မိန်းကလေးတစ်ယောက်တည်း အဝေးမှာသွားနေရတယ်လို့ကွယ်၊ အန္တရာယ်များပါဘိနဲ့"

"ဒါပေမဲ့ စန္ဒာမင်းက လိမ္မာတယ်မဟုတ်လား၊ အမေသိန်းတို့အိမ်လေးတောင် ပြောင်းလဲသွားတယ်နော်"

"ဟင်း.....အများအမြင်တော့ အားကျစရာပေါ့အေ၊ သူ့သမီးက ဘယ်လောက်တောင် ဟင်း...ပြောချင်ပါဘူး"

ဒေါ်ငွေသိန်းပြောမည့်စကားအား ဒေါ်ခင်ဖြူ သိလိုက်ပြီး ဖွန်ပွင့်ဖြူအတွက်ပါ စိတ်ပူသွားမိ၏။ စန္ဒာမင်းက လည်သည်၊ သွက်သည်၊ ရည်းစားရှုပ်သည်။ ငွေမက်၏။ ဖွန်ပွင့်ဖြူနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ စန္ဒာမင်းလို လည်လည်ဝယ်ဝယ်မဟုတ်၍ စိတ်ပူရ၏။

"အမေသိန်း ပြန်ပြီနော်"

"ဟေ.....သွားတော့မလို့လား၊ အေး.....အေး"

ဒေါ်ခင်ဖြူ ပြန်ထွက်လာသည့်နောက် လမ်းထိပ်တွင် စန္ဒာမင်း၏ အမေ ဒေါ်အေးအားတွေ့ရ၍ ဝမ်းသာသွားမိ၏။

"အေးရေ အခုပဲ ရှင့်အိမ်က

ဒီကောင်က
ဖျှံ ဖျှံမှ
မနသာဖျှံတစ်ယောက်ပဲ
ဖြူရေ၊
စန္ဒာက
သူ့အကြောင်း
သိနေတော့
မကျောရဲဘူးပေါ့၊
အခုပြောင်းပြေးတာလည်း
တစ်ခုခုပဲ
...

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတာတော့''

''ဟုတ်လား၊ ကိစ္စရှိလို့လား ဖြူ''

''အေးကိုမေးချင်တာက ဖော်ရဲပို့ပေးတဲ့ အလုပ်ပြင်ဆိုင်လိပ်စာကို သမီးနဲ့စုံစမ်းလို့ ရမလားလို့ပါကွယ်''

''ဟိုကောင်က မပေးလို့လား''

''အိမ်ပြောင်းသွားပြီတဲ့လေ၊ ဘာမပြောညာမပြောနဲ့ဆိုတော့ တောင်းထားလိုက်မိဘူး၊ တောင်းသည်း ပေးမှာမဟုတ်ပါဘူးကွာ''

ဒေါ်အေးက မျက်နှာပျက်သွားပြီး တစ်ခုခုကို ပြောချင်ပုံမျိုးပါ။ ဒေါ်ခင်ဖြူက စန္ဒာမင်းမှတစ်ဆင့် လိပ်စာရရန် စုံစမ်းနေခြင်းဖြစ်သည်။

''ဖော်ရဲကို မယုံနဲ့နော်၊ ဒီကောင်က ဖွံ့ ဖွံ့မှ မနုဿဖွံ့တစ်ယောက်ပဲ ဖြူရေ့၊ စန္ဒာက သူ့အကြောင်းသိနေတော့ မကျောရဲဘူးပေါ့၊ အခုပြောင်းပြေးတာလည်း တစ်ခုခုပဲ၊ ဖြူ့သမီးလေးကိစ္စကို စုံစမ်းပေးမယ်နော်''

''မြန်မြန်စုံစမ်းပါနော်၊ ဖြူလေ ရင်တွေတအားတုန်နေပြီ၊ စိတ်လည်းပူနေတယ်''

''အိမ်ရောက်တာနဲ့ ဖုန်းဆက်ကြည့်မယ်နော်၊ အေးစုံစမ်းပေးမယ်၊ စိတ်ချ''

လမ်းခွဲလိုက်ကြပြီးနောက် အိမ်သို့အသီးသီးပြန်ခဲ့ကြသည်။ မိမိတို့သားအမိအား ဂြိုဟ်မွှေသွားသည့် ဖော်ရဲအား ဒေါသဖြစ်နေမိ၏။ သေသေချာချာ စဉ်းစားကြည့်ပြန်တော့ လိုက်သွားခိုင်းသည်က ဒေါ်ခင်ဖြူ၏အမှားပင်။ ဘယ်သူမပြု မိမိအမှု သာလျှင်ဖြစ်၏။

သုံးရက်ကြာသည့်နောက် အလုပ်ပြင်ဆိုင်၏လိပ်စာကို ဒေါ်အေးက သိခဲ့၏။ ဒေါ်ခင်ဖြူထံသို့ လာပေးရာတွင် သူမလည်း ကူညီမည်ဟု ပြောတော့သည်။

''ဖြူက မလည်မဝယ်နဲ့၊ အေးပါလိုက်ပေးမယ်နော်၊ သွားမယ့်အချိန်သာပြောတော့''

''ဒါဆိုရင် မနက်ဖြန်ပဲသွားကြတာပေါ့နော်၊ ဖြူလာခေါ်ပါ့မယ်၊ ကျေးဇူးတင်ပါတယ် အေးရယ်''

အဖော်မရှိ၍ အတော်ဖြစ်သွား၏။

* * *

''ဘယ်ကဖွန်ပွင့်ဖြူလဲ၊ မရှိပါဘူး''

''ဒီဆိုင်မှာ အလုပ်လာလုပ်သွားတဲ့ ဖွန်ပွင့်ဖြူကို ပြောတာပါရှင်၊ ကျွန်မက သူ့အမေပါ၊ သမီးနဲ့တွေ့ရအောင် လာတာပါ''

ဒေါ်ခင်ဖြူက ရှည်ရှည်လည်လည် ရှင်းပြလိုက်တော့မှ ဆိုင်ရှင်ထွက်လာပြီး.....

''သြော်.....မိုးနှင်းဖွန်ကိုပြောတာနဲ့တူတယ်၊ ပိန်ပိန်ပါးပါးနဲ့ ရယ်လိုက်ရင် ပါးချိုင့်ခွက်လေးနဲ့လေ''

''ဟုတ်ပါတယ်ရှင် ဟုတ်ပါတယ်၊ သူ့ကို မောင်ဖော်ရဲ ခေါ်သွားတာပါရှင်''

''ဟင်း.....ဖော်ရဲတော့ ဒုက္ခပေးခဲ့ပြန်ပြီ၊ အဲဒါဆို ဖော်ရဲကိုသာ မေးတော့ရှင်၊ သူလာပြန်ခေါ်သွားတာ ငါးလလောက်ရှိနေပြီ၊ ရှင်တို့က ပြန်ခေါ်ခိုင်းလို့ဆို''

''မဟုတ်ပါဘူးရှင်၊ သမီးလေးလည်း ကျွန်မဆီကို ပြန်ရောက်မလာပါဘူး၊ အေးရေ.....ဘယ်လိုလုပ်မလဲဟင်''

''သက်ဆိုင်ရာကို တိုင်ရတော့မှာပေါ့၊ ဒါကြောင့်မို့ ဖော်ရဲကိုမယုံရဘူးလို့ပြောတာပေါ့၊ လာ...ရဲစခန်းသွားကြမယ်''

ဒေါ်အေးက ဒေါ်ခင်ဖြူလက်ကိုဆွဲ၍ အလုပ်ပြင်ဆိုင်အတွင်းမှပြန်ထွက်သွားရာတွင် ဆိုင်ရှင်က___

''အစ်မကြီးတို့အမှုမှာ ကျွန်မတို့ဆိုင်နဲ့ မပတ်သက်ဘူးနော်၊ ကျွန်မက ပွဲစားခေါ်လို့ ပြန်ထည့်လိုက်ရတာပါရှင်''

''ဟုတ်ပါတယ် ဖော်ရဲလည်း ပျောက်နေတော့ ဘယ်မှာလိုက်ရှာရမှန်း မသိဘူးပေါ့၊ ရှင်ရော သိလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ဘယ်မှာနေမှန်းတောင် မသိပါဘူးရှင်"

"ရဲစခန်းကမေးရင်တော့ ရှင်တို့ ဖြေရမှာပေါ့ရှင်၊ ဘာကြောင့်လဲဆိုတော့ ကောင်မလေးကို ရှင့်လက်ထဲက ခေါ်သွားတာမဟုတ်လား"

"သွားရအောင် အေးရယ်"

ဒေါ်ခင်ဖြူမှာ အချိန်ကြာမည်စိုး၍ ခေါ်ထုတ်သွားမှ ဆိုင်ရှင်အမျိုးသမီးလည်း မျက်နှာငယ်ငယ်ဖြင့် ကျန်ရစ်ခဲ့၏။ ဒေါ်အေးက ရဲစခန်းတွင် တိုင်ချက်ဖွင့်လိုက်သည်။ တာဝန်ရှိသူများ၏ စစ်ဆေးမေးမြန်းချက်ကို ဖြေပြီးနောက် နှစ်ဦးသား ပြန်လာခဲ့ကြ၏။

"သမီးမဖွန့်တော့ ဒုက္ခတွေ့နေပြီလားမသိဘူးနော် အေး၊ ဖြူ့ကို ကူညီပါဦးကွယ်"

"စိတ်မပူပါနဲ့ ဖြူရယ်၊ အခုလည်း အမှုဖွင့်လိုက်ပြီပဲ၊ တာဝန်ရှိသူတွေက ဆောင်ရွက်ပေးပါလိမ့်မယ်၊ အခြေအနေထူးရင် ဖြူ့ဆီ အကြောင်းကြားပါလိမ့်မယ်နော်"

သို့ပေမယ့် ဒေါ်ခင်ဖြူတစ်ယောက် စိတ်မအေးနိုင်ပါ။ ဖွန့်ပွင့်ဖြူသတင်းသာ စုံစမ်းနေပြီး အိပ်မရခဲ့ပေ။ ကြာတော့ သောကဖိစီးမှုကြောင့် ဝေဒနာတိုးလာရတော့သည်။ ဒေါ်အေးလည်း ဒေါ်ခင်ဖြူအိမ်သို့ ရောက်လာပြီး ပြုစုခဲ့၏။

"အေးကိုယ်တိုင် ရဲစခန်းမှာ အခြေအနေ သွားမေးကြည့်ပါတယ်၊ စခန်းမှူးက လူကုန်ကူးအဖွဲ့ကိုခြေရာခံမိထားလို့ မကြာခင်မှာသတင်းကြားရပါလိမ့်မယ်တဲ့၊ ဖွန့်ပွင့်ဖြူနဲ့ ပတ်သက်ပြီး စုံစမ်းတော့မှ သိရတာပါတဲ့"

"ဟုတ်လား၊ ဒါဆို မဖွန့်ပြန်လာတော့မှာပေါ့နော်"

"ဒါပေါ့ ဖြူရဲ့၊ ဒါကြောင့်မို့ မင်းကို ရောဂါမတိုးအောင်နေလို့ ပြောတာပေါ့၊ မဖွန့်ပြန်လာရင် မင်းက ကျန်းမာနေမှဖြစ်မှာနော်"

သည်တော့လည်း ဒေါ်ခင်ဖြူမှာ အားတက်သွားပြန်တော့၏။ အိမ်အပြန်လမ်းတွင် ခြေလှမ်းများက သွက်လက်နေတော့သည်။

"သမီးလေး ဘေးမသီရန်မခနဲ့ ပြန်ရောက်လာပါစေတော်၊ ဇော်ရဲကိုဖမ်းမိပြီး ထောင်များများချပါစေ"

သားသမီးကြောင့် ဒေါ်ခင်ဖြူလည်း ဆုမတောင်းသင့်သည်ကို ဆုတောင်းလိုက်လေပြီ။ ညရောက်တော့ ဒေါ်အေးရောက်လာ၏။ ထိုမှ ဇော်ရဲအကြောင်းအား ပိုသိခဲ့ရတော့၏။

"သမီးကပြောတယ်၊ သူလည်း ရောက်စက ဇော်ရဲရဲ့ကလိမ်ကျမှုကို ခံရတာတဲ့၊ သမီးကစွာတော့ သူဆက်မလုပ်ရဲဘူးပေါ့၊ ကောင်မလေးတွေခေါ်လာပြီး တစ်ဖက်နိုင်ငံမှာရောင်းစားတယ်၊ ပြည့်တန်ဆာလုပ်ခိုင်းတယ်၊ ခြေတော်တင် ဖျက်ဆီးတယ်တဲ့"

"ဘုရား...ဘုရား၊ သမီးလေး မဖွန့်ကိုများ....."

ဒေါ်ခင်ဖြူမှာ စိုးရိမ်စိတ် ပိုသွားတော့၏။ ဒေါ်အေးက သူကြားခဲ့သမျှ ပြန်ပြောပြနေတော့သည်။

"ဇော်ရဲမိုက်ရိုင်းပုံက ကမ်းကုန်ပါတယ်ရှင်၊ တစ်ခါက တောကအိမ်ပြေးမိန်းကလေးတစ်ယောက်ကို လိမ်ညာခေါ်လာပြီး ဖျက်ဆီးလိုက်တယ်တဲ့၊ နောက်တော့ ပြည့်တန်ဆာအိမ်ကိုပို့ဖို့ ခေါ်အသွားမှာ မိန်းကလေးကထွက်ပြေးလို့ ကားတိုက်ခံရပြီး ဆုံးသွားရရှာတယ်တဲ့၊ အဲဒါကိုကြောက်ပြီး အိမ်ပြောင်းပြေးတာလေ"

"လုပ်တုန်းကလုပ်ပြီး မစာမနာနော်၊ ဒီလိုကောင်မျိုးကိုဖမ်းပြီး သေဒဏ်ချပစ်ဖို့ကောင်းတယ်"

"သူ့မိုက်ဇာတ် သူသိမ်းသွားမှာပါ ဖြူရယ်၊ မဖွန့်သာ ဘေးကင်းကင်းနဲ့ ပြန်လာနိုင်အောင် ဆုတောင်းတော့နော်၊ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်နေ၊ ဟုတ်ပြီလား"

ဒေါ်အေးပြန်သွားသည့်နောက် ဒေါ်ခင်ဖြူလည်း ဘုရားရှေ့တွင် သမီးလေးနှင့် အမြန်ပြန်တွေ့စေရန် ဆုတောင်းနေမိတော့သည်။

"ဇော်ရဲ.....မင်းက ဇော်ရဲမဟုတ်လား"

ဒေါ်ခင်ဖြူက ဈေးမှအပြန်တွင် ဇော်ရဲကိုတွေ့လိုက်၍ သူ့နောက်သို့ ပြေးလိုက်ခေါ်မိ၏။ ဇော်ရဲက နောက်ပြန်တစ်ချက်လှည့်ကြည့်ပြီး မျက်နှာပျက်သွား၏။

"ခင်ဗျား ဘာလာပြောတာလဲ"

www.burmeseclassic.com



"ဟဲ့.....နင် ငါ့သမီး ဖွန်ပွင့်ဖြူကို ဘယ်မှာထားခဲ့သလဲဟင်၊ ပြောစမ်း"

"ဘယ်ကဖွန်ပွင့်ဖြူလဲ၊ ကျုပ်မသိဘူး၊ ဘာတွေလာပြောနေတာလဲ"

အသံကအစ ပြောင်းလဲ၍မရနိုင်ပါ။ ဇော်ရဲက ဘူးကွယ်နေသည့်အတွက် ဒေါ်ခင်ဖြူက အသံကိုမြှင့်ပြောလိုက်၏။

"နင့်အကြံ မသိဘူးများမှတ်နေသလားဟင်၊ နင်ဘယ်မှမသွားနဲ့ ငါ့သမီးရှိတဲ့နေရာကို လိုက်ပြရမယ်"

"ခင်ဗျားကြီး ပြောဆိုလို့မရပါဘူး"

"နင့်လိုကောင်ရဲ့စကားကို နားယောင်ပြီးထည့်လိုက်လို့ ငါ့သမီးဒုက္ခဖြစ်ရပြီဟဲ့၊ ပြော.....ငါ့သမီးကိုပြန်ရှာပေး၊ အခုရှာပေးပေတော့"

ဒေါ်ခင်ဖြူက အင်္ကျီစရှိရာ သက်မောင်းကိုဆွဲကိုင်ကာ လမ်းသွယ်ကောင်တွင် အော်ဟစ်ဆူညံနေရာ ပတ်ဝန်းကျင်မှလူများ ဝိုင်းလာကြတော့သည်။

"ဒီကောင် လူလိမ်၊ လူညာ၊ ကျွန်မသမီးကို အလုပ်ရမယ်ဆိုပြီး ခေါ်သွားတာ၊ ခုချိန်ထိ ဘယ်ရောက်နေမှန်း မသိတော့ပါဘူး၊ ဟီး..ဟီး"

"မဟုတ်ဘူး၊ ကျုပ်ကို လူမှားပြောနေတာပါ"

"ဟ.....ဟိုက တကယ်ဟုတ်ရင် မင်းကိုဆွဲထားတာပေါ့"

"ဒီကောင် ဇော်ရဲပဲ၊ ဟော့ကောင် မင်း ဇော်ရဲမဟုတ်လား"

ဇော်ရဲမှာ မျက်စိမျက်နှာပျက်နေတော့၏။ သူ့ကိုသိနေသူများဖြစ်နေသဖြင့် ရှောင်လွှဲမရတော့ပေ။

"နင် ငါ့သမီးကို တော်တော်ရက်စက်ပါလားဟင်၊ နင့်ရုပ်ကို ခွေးချီသွားရင်တောင် မှတ်မိတယ်ဟဲ့"

"ဒေါ်ဖြူ ရဲစခန်းသာခေါ်သွားတော့၊ ဟိုရောက်မှရှင်း"

"ဘယ်ဖြစ်မလဲ၊ သက်သေတွေနဲ့ ခေါ်သွားမှဖြစ်မှာပေါ့"

တစ်ရပ်ကွက်တည်းနေသူများက စိုးရိမ်စိတ်ဖြင့် အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားလိုက်မှ သက်ဆိုင်ရာအစီအစဉ်ဖြင့် ရဲစခန်းသို့ ရောက်သွားတော့၏။

"ကျေးဇူးပဲ အစ်မကြီး၊ ဒီကောင်က တရားခံပြေးဗျ၊ သူ့နောက်ကို ခြေရာခံလိုက်နေတုန်း လစ်ထွက်သွားတာ၊ ကဲ...ဒီကောင့်ကို အချုပ်ထဲထည့်လိုက်ကွာ"

ဒေါ်ခင်ဖြူလည်း ဇော်ရဲကြောင့် သမီးဖြစ်သူမှာ အန္တရာယ်တွေ့ကြုံပြီး ပျောက်ဆုံးနေကြောင်း တိုင်ကြားခဲ့၏။

"တရားခံကို စစ်ဆေးပြီးရင် သိရမှာပါ အစ်မကြီး၊ သူနဲ့ဆက်သွယ်တဲ့ဂိုဏ်းကိုဖမ်းနိုင်ရင် အစ်မကြီးသမီး ဘယ်မှာရှိမယ်ဆိုတာ သိရမှာပါဗျာ"

"ဒါဆိုလည်း မြန်မြန်ဖမ်းမိပါစေရှင်"

"စိတ်ချပါဗျာ၊ သိတာနဲ့ အစ်မကြီးဆီကို အကြောင်းကြားပေးပါ့မယ်"

ဒေါ်ခင်ဖြူလည်း နှုတ်ဆက်ပြီးနောက် ရဲစခန်းမှ ပြန်လာခဲ့တော့သည်။ ဖွန်ပွင့်ဖြူနှင့်ပြန်တွေ့ရန် မဝေးတော့မှန်း စိတ်ကသိနေသလိုလိုရှိသော်လည်း ခုလောက်ဆိုလျှင် ဒုက္ခဆိုးနှင့် တွေ့ကြုံနေမည်မှာ မလွဲပေ။

"ခွင့်ပြုမိတာ အမေ့အမှားပါ သမီးရယ်၊ ငါ့သမီးလေး အမေ့ကြောင့် ဒုက္ခဖြစ်ရတာပါကွယ်"

အိမ်သို့ပြန်ရောက်လာသည့်နောက် မကြာမီတွင် မိန်းကလေးတစ်ယောက် ရောက်လာ၏။

"ဒီအိမ်က ဒေါ်ခင်ဖြူဆိုတာ အဒေါ်လားရှင်"

"ဟုတ်ပါတယ်၊ သမီးကဘယ်သူလဲ"

ခေတ်ဆန်ဆန် အဆင်အပြင်နှင့် အမျိုးသမီးငယ်တစ်ယောက်ကို တွေ့ရ၏။ ထိုအမျိုးသမီးငယ်က ပတ်ဝန်းကျင်ကို အကဲခတ်ပြီး.....

"ဒါဆိုရင် အဒေါ်က ခဏလောက်လိုက်ခဲ့ပါရှင်"

"ဘာလို့လိုက်ရမှာလဲအေ၊ မင်းကိုမှ အဒေါ်မသိတာပဲကွယ်"

"ဟိုရောက်တော့ သိရမှာပါရှင်၊ ခဏလေးလိုက်ခဲ့ပါ၊ ကားနဲ့ခေါ်သွားမှာပါ အဒေါ်ရယ်"

ဒေါ်ခင်ဖြူမှာ သူမသိသည့်အတွက် လိုက်ပါရန် ငြင်းဆန်လိုက်သည့်နောက် မိန်းကလေးက သူ့လက်ထဲမှဖုန်းဖြင့်.....

"မမ ဒေါ်ခင်ဖြူက မလိုက်ဘူးလို့ ငြင်းနေပါတယ်ရှင်၊ အဲဒါပြန်လာရမလားဟင်"

တစ်ဖက်မှစကားသံကို နား

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြီးနောက် မိန်းကလေးက ဒေါ်ခင်ဖြူထံသို့ ဖုန်းပေးပြန်၏။

"ရော့ပါ အဒေါ်၊ ဖုန်းပြော ကြည့်လိုက်ပါ"

ဒေါ်ခင်ဖြူလည်း စိတ်တိုတို ဖြင့် ဖုန်းကိုကောက်ယူကာ.....

"မင်းတို့က ဘယ်သူတွေလဲ၊ ငါ့ကိုဘာကြောင့်ခေါ်တာလဲ"

"အမေ...သမီး ဖွန့်ပွင့်ဖြူပါ ရှင်"

သမီးအသံမှ သမီးအသံစစ် စစ်။ ဒေါ်ခင်ဖြူ ဝမ်းသာသွား၏။

"ဟင်....သမီး၊ မဖွန်...သမီး ဘယ်မှာလဲကွယ်"

"သမီးကိုတွေ့ချင်ရင် အမေ လိုက်လာခဲ့ပါ၊ ဘယ်သူမှမသိပါစေ နဲ့နော်"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"တွေ့မှပြောပြမယ်နော်၊ လာ ခေါ်တဲ့မိန်းကလေးနဲ့ တိတ်တိတ် လေးသာ လိုက်ခဲ့ပါ အမေရယ်"

"အေး.....အေး၊ အမေလိုက် ခဲ့ပါတော့မယ်ကွယ်"

ဒေါ်ခင်ဖြူလည်း လာခေါ်သော မိန်းကလေးနောက်သို့ လိုက်ပါသွား တော့သည်။

⁂

"အမေ....."

"သမီးလေး မဖွန်.....အမေ့ ကို ဘာဖြစ် လို့ အဆက် အသွ ယ် မလုပ်တာလဲကွယ်"

"သမီးကို နားလည်ပေးပါ အမေရယ်၊ အမေနဲ့ မဆက်သွယ် နိုင်တာက သမီးအကြောင်းနဲ့သမီး ပါ"

"အဲဒီအကြောင်းကို အမေ မသိရဘူးလား သမီး"

ဖွန့်ပွင့်ဖြူ၏ မျက်နှာလေးမှာ အုံ့မှိုင်းသွားတော့သည်။ ဖွင့်ပြော၍ မရနိုင်သော အမှန်တရားတစ်ခုကို ဒေါ်ခင်ဖြူထံ ပြောရခက်နေ၏။ ဒေါ် ခင်ဖြူက ဖွန့်ပွင့်ဖြူ၏ အခြေအနေ ကိုကြည့်ပြီး ပင့်သက်ချမိတော့ သည်။ ကြည့်ပါဦး.....သနပ်ခါးမျက် နှာလေးက အခုတော့ဖြင့် ရောင်စုံ ဆေးဆိုးပန်းရိုက်မျက်နှာဖြစ်နေ၏။ အဝတ်အစားကအစ ယဉ်ယဉ်ကျေး ကျေးမရှိတော့ပါ။ ဇာပါးပါးအောက် မှ ဖြူဝင်းဝင်းအသားနှင့် ခန္ဓာကိုယ် က အဆီပိုများစုလာ၏။ ဂါဝန်လို လို စကတ်လိုလိုနှင့် ခြေသလုံးသား က ထွက်နေ၏။ ဆံပင်ကိုကြည့် လိုက်ပြန်တော့လည်း တင်ပါးဖုံး ဆံ ပင်ရှည်လေး မရှိတော့ပါ။ ရင်ညွန့် တွင် ဝဲနေသော ခွေလိပ်လိပ် ဆံ ပင်ကောက်လေးက အရောင်ဆိုး ထားပြန်၏။

"အမေက သမီးကိုကြည့်ပြီး အံ့သြနေတာလား"

"အေး.....အံ့သြတယ်၊ မိဘ အရိပ်အောက်မှာ မြန်မာဆန်ဆန် နေလာတဲ့ မိန်းကလေးက အခုလို ပုံမျိုးတွေ့ရတော့ သိပ်ကိုအံ့သြသွား တယ်၊ မစဉ်းစားတတ်တော့ဘူး ကွယ်၊ အမေကတော့ ငါ့သမီးလေး ကျွန်းကျွန်းမာမာရှိပါ့မလားလို့ စိုး ရိမ်သောကရောက်နေရတာပါ"

"အမေ သမီး အခုလိုပြောင်း လဲသွားအောင် လုပ်လိုက်တဲ့ တရား ခံက ဇော်ရဲပါပဲ အမေရယ်၊ ဟင့် ဟင့်"

ဇော်ရဲဖြစ်မှန်း ဒေါ်ခင်ဖြူက သိခဲ့ပြီးသားပါ။ သူ့ကြောင့် အမျိုး ကောင်းသမီးများ၏ဘဝများ ပျက်စီး ခဲ့ကြမည်ပင်။

"အလုပ်ပြင်ဆိုင်မှာ မိုးနှင်းဖွန် ဆိုတဲ့ နာမည်နဲ့ အလုပ်ဝင်လုပ်ခဲ့ပါ တယ်၊ ငါးလပြည့်တဲ့နေ့မှာ ဇော်ရဲ က လာပြန်ခေါ်တယ်၊ အမေ အသည်းအသန်ဖြစ်လို့တဲ့၊ ဒါနဲ့ သမီးလည်း ပြန်လိုက်လာခဲ့ရတယ်"

"သမီးကို ဇော်ရဲက ဖျက်ဆီး ခဲ့သေးလားဟင်"

"အမေ ဖျက်ဆီးဖို့အကြံ သူ မှာမရှိခဲ့ပါဘူး၊ ဘာကြောင့်လဲဆိုရင် သမီးကိုဖျက်ဆီးလိုက်ရင် သူရမယ့် ငွေမျိုး ရမှာမဟုတ်တော့ဘူးလေ"

ဒေါ်ခင်ဖြူရင်ထဲတွင် စိတ် အေးသွားတော့သည်။ သို့ပေမယ့် ဖွန့်ပွင့်ဖြူက မပွင့်တပွင့်ပြုံးကာ...

"ဟင်း.....ဟင်း၊ တချို့ တွေဟာ အတ္တကြီးကြတယ်အမေ ငွေကိုမက်မောကြတော့ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး၊ ကိုယ့်အမျိုးအချင်းချင်း ရက်စက်ယုတ်မာတတ်ကြတယ် ရှင်းရှင်းပြောရရင်တော့ ဇော်ရဲဟာ သမီးကို တရုတ်ပြည်မှာရောင်းစား ဖို့အကြံနဲ့ လာခေါ်သွားတာပဲ အမေ ဟိုမှာက အပျိုစင်စစ်စစ်ဆို ဈေး ကောင်းရတယ်လေ၊ ဒီ ကောင်းကောင်းကျွေး၊ ကောင်းကောင်းထားပြီး လူပွဲစားတွေ ပေါင်းပြီး တရုတ်ပြည်နယ်စပ်

www.burmeseclassic.com


…ကြတယ်၊ လမ်းမှာ အစ်ကို …ကွဲရဲ့ လိမ်ညာခေါ်ယူရောင်းစား …ခံရတဲ့ ကောင်မလေး ခိုင်ခိုင် … ဆုံစည်းခဲ့ရတယ်၊ သူလည်း …မီးလိုဘဝမျိုး ရောက်ခဲ့ရတာပါပဲ …မေရယ်''

ဒေါ်ခင်ဖြူတစ်ယောက် မျက် …ပြူးသွားရတော့သည်။ ဇော်ရဲ …က လွတ်ကင်းသွားပေမယ့် …ရုတ်ပြည်တွင်တော့ မလွဲမသွေ …ပျက်ရပေတော့မည်။

''သမီးလေ တရုတ်လူမျိုးတစ် …ယောက်နဲ့ ယူခဲ့ရတယ်၊ သူတို့လို …ချင်တဲ့ကလေးကို မွေးပေးခဲ့ရတယ် …မေ၊ သူတို့ခိုင်းစေတဲ့အတိုင်း …ျွန်တစ်ယောက်လို သမီးဘဝကို …ဆပ်ခဲ့ရတယ်၊ မျက်ရည်ကျရင်း …ကြိတ်ခံစားနေရပါတယ်''

ဖွန်ပွင့်ဖြူက သူ့ဘဝအား ယူ …ကျုံးမရစိတ်နှင့် ပြန်တွေးပြီး မျက် …ရည်ကျလာ၏။ ဒေါ်ခင်ဖြူမှာ အံ့ …ဩရင်း သမီး၏မျက်နှာကို တွေတွေ …ေး ကြည့်နေမိတော့သည်။

''နောက်ဆုံး မခံစားနိုင်တော့ …တဲ့အချိန်မှာ သမီးထွက်ပြေးလာခဲ့ …တယ်၊ ဖြစ်ချင်တော့ ခိုင်ခိုင်လည်း …သမီးလိုဘဝမျိုးနဲ့ ထွက်ပြေးဖို့ကြံ …နေတော့ သမီးတို့နှစ်ယောက် အကြံ …တူချင်းသွားတွေ့ပြီး ထွက်ပြေးလာ …ခဲ့ကြပါတယ်''

''ဟင်....ဒါဆို အမေ့ရဲ့မြေး …လေးရောဟင် သမီး၊ မြေးလေးရော …ကွယ်''

ဒေါ်ခင်ဖြူက သွေးကစကား …ပြောလာသလို မြေးအတွက် စိုးရိမ် စိတ်ဖြင့် အငမ်းမရ မေးလိုက်တော့၏။

''အမေ ကိုယ့်သားသမီးကို ရင်နာနာနဲ့ ထားခဲ့ရတာ သမီးလေ၊ အမေက မြေးလေးကို တွေ့ချင်သလို သမီးလည်း သမီးရဲ့ကလေးကို ချစ်တာပဲပေါ့၊ ဒါပေမဲ့ မျိုးချင်းမှမတူတာပဲ အမေရယ်၊ ကလေးကို မွေးပြီးတာနဲ့ သူတို့က နှိပ်စက်တော့တာပဲ၊ ကိုယ်မွေးတဲ့ကလေးက ကိုယ့်ကို အမေလို့တောင် ထင်မှာမဟုတ်ပါဘူး၊ ပြီးတော့ သူတို့သွေးကို သမီးရွံတယ် အမေ''

ဖွန်ပွင့်ဖြူ၏မျက်နှာမှာ ရုတ်ခြည်းပြောင်းလဲသွားပြီး တင်းခနဲဖြစ်သွားတော့၏။

''ခိုင်ခိုင်နဲ့သမီးကို မြန်မာနိုင်ငံက အလုပ်လာလုပ်နေတဲ့ အမျိုးသားတစ်ယောက်က ကူညီလို့ ကိုယ့်နိုင်ငံကို ပြန်ရောက်ခဲ့ရတာပါပဲ၊ အမေ့ဆီ တိုက်ရိုက်ပြန်မလာတာ ကို အမေခွင့်လွှတ်ပါနော်၊ ဘာကြောင့်လဲဆိုရင် သမီးကြောင့် ပတ်ဝန်းကျင်မှာ အမေအရှက်ရမယ်၊ ပြီးတော့ ဇော်ရဲကသိသွားပြီး အန္တရာယ်ပေးမှာကိုလည်း ကြောက်မိလို့ပါ အမေ''

''ဒီကောင် အခု ထောင်ထဲရောက်နေပြီ သမီး၊ ဒီတော့ အမေနဲ့ ပြန်လိုက်ခဲ့ပါတော့ကွယ်''

ဒေါ်ခင်ဖြူ၏ မျှော်လင့်ချက်သည် ဖွန်ပွင့်ဖြူက ခေါင်းလေးကို ခါယမ်းလိုက်ခြင်းကြောင့် ပျောက်ဆုံးသွားရတော့၏။

''မဖြစ်နိုင်တော့လို့ပါ အမေ



ရယ်၊ သမီးလေ ခိုင်ခိုင်တို့အိမ်မှာ လိုက်နေခဲ့ပြီး အလုပ်လုပ်ခဲ့တယ်၊ နောက်တော့ ကုမ္ပဏီပိုင်ရှင်တစ်ယောက်နဲ့တွေ့ပြီး အိမ်ထောင်ကျခဲ့ပြီ အမေ''

''ဟင်....ပြန်လိုက်တာ …မီး ရယ်''

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် အမေ၊ အဲဒါကြောင့်မို့ အမေ့ကိုခေါ်တွေ့ရတာ သမီးကို တစ်မျိုးမမြင်လိုက်ပါနဲ့ နော်၊ အမေ့သမက်ကို သမီးဟာ တစ်ကောင်ကြွက်၊ မိဘမဲ့ဘဝလို့ ပြောထားခဲ့မိလို့ပါ အမေရယ်"

"ဪ.....မိဖွန့်၊ ညည်းက သိပ်ကိုလိမ္မာတဲ့ သားသမီးတစ်ယောက်ပါလားအေ၊ အမေတစ်ယောက်လုံးရှိနေတာကို မပြောနိုင်တဲ့ အတ္တကြီးတဲ့မိန်းကလေး၊ ညည်းကို မွေးရကျိုးမနပ်လိုက်တာအေ"

"ပြောပါ အမေ ပြောပါ၊ သမီးဘဝမှာ အမေ့ကို ပြုစုစောင့်ရှောက်ခွင့်မရပေမယ့် ကျွေးမွေးခွင့်တော့ ရပါသေးတယ်"

ဒေါ်ခင်ဖြူတစ်ယောက် အံကိုကြိတ်ကာ မျက်ရည်တပေါက်ပေါက်ကျနေမိ၏။

"အမေ ဒီစာအိတ်ထဲမှာ ငွေသုံးသိန်းပါပါတယ်၊ အမေ့ကို သမီးကန်တော့ပါရစေနော်"

ဖွန့်ပွင့်ဖြူကို မျက်ရည်များဖြင့် ကြည့်ရင်း ဒေါ်ခင်ဖြူ ကြေကွဲသွား၏။ သံယောဇဉ်ကြီးမိသည့် မိမိအဖြစ်ကို နောင်တရစေသည့်အလား တုဏှိဘာဝေ ဖြစ်နေတော့၏။ ဒေါ်ခင်ဖြူအဖြစ်က ကိုယ့်သားသမီးကို ငွေသုံးသိန်းနှင့် ရောင်းစားခဲ့ရသည့်အဖြစ်မျိုးဖြစ်နေ၏။ မိဘရင်ခွင်ထဲမှ တစ်ပါးသူရင်ခွင်ထဲသို့ ဝင်ရောက်သွားသည့် သမီးဖြစ်သူကိုသာ မိဘဝဋ် မလည်ပါစေနှင့်ဟု တိုးတိတ်စွာ ဆုတောင်းရင်း ပြန်ရန်ပြင်မိ၏။

"အမေ ငွေသုံးသိန်းယူသွားဦးလေ"

"သားသမီးတစ်ယောက်လုံးကို နှလုံးသားနဲ့ရင်းပြီး ခွဲခဲ့ရပြီးမှ ဒီငွေဟာ အမေ့အတွက် မလိုအပ်တော့ပါဘူးကွယ်"

"အမေ.....သမီးကို စိတ်ဆိုးနေတာလားဟင်"

"အမေ စိတ်မဆိုးဘူး၊ ဒါပေမဲ့ စိတ်နာတယ်၊ ဒါပဲကွယ်၊ အမေ သွားတော့မယ်၊ အမေ့ကို ပြန်လိုက်မပို့ပေးပါနဲ့တော့"

အပြန်လမ်းတွင် ဒေါ်ခင်ဖြူ တစ်ယောက်တည်း ပြန်လာခဲ့၏။ သားသမီးကြောင့် ကျခဲ့ရသည့် မျက်ရည်မှာ ယခုတစ်ကြိမ်တွင် အထိအနာဆုံး၊ အခံစားရဆုံးဖြစ်မှန်း သိနေ၏။

"ဖြူရေ ဇော်ရဲ ထောင် ၁၀ နှစ်ကျသွားပြီတဲ့၊ ဖြူ့သမီးတော့ စိတ်မကောင်းစရာပဲနော်"

"သတ္တဝါတစ်ခု၊ ကံတစ်ခုပေါ့ကွယ်၊ ဘယ်တတ်နိုင်ပါ့မလဲ အေးရယ်"

ဇော်ရဲ၏ထွက်ဆိုချက်တွင် ဖွန့်ပွင့်ဖြူအား တရုတ်ပြည်တွင် ရောင်းစားခဲ့သည်ဟုဆို၏။ ဒေါ်အေးက ထိုသတင်းကြောင့် စိတ်မကောင်းခြင်းကြီးစွာ လာရောက်ပြောပြခြင်းဖြစ်ရာ ဒေါ်ခင်ဖြူဘက်က မတုန်လှုပ်တော့ပေ။ ဖွန့်ပွင့်ဖြူက မိုးနှင်းဖွန့် အမည်ပြောင်းလဲခဲ့သည့်အတွက် သတင်းမှာ အစအနရှာမရဖြစ်ခဲ့၏။

"တရုတ်ပြည်မှာ သားသမီး မွေးနိုင်းဖို့ မြန်မာမိန်းကလေးတွေ လူကုန်ကူးခံရတာပဲ ဖြူ၊ မဖွန့်လေး ကံကောင်းပါစေ"

"သမီးလား၊ ကံကောင်းမှာပါ အေးရယ်၊ ကံကောင်းမှာပါ၊ သူက မိဘအပေါ် သိတတ်တဲ့ သမီးတစ်ယောက်ပါကွယ်၊ အစ်..အစ်..အီး"

ပြောရင်းနှင့် ဒေါ်ခင်ဖြူတစ်ယောက် ဝမ်းနည်းလာ၏။

"ငိုချလိုက် ဖြူ၊ ငိုချလိုက်တော့၊ ခံစားချက်ကို ဖွင့်ချလိုက် သိလား"

ဒေါ်အေးက အားပေးစကား ပြောမှ ဒေါ်ခင်ဖြူလည်း သတိဝင်လာ၏။

"မငိုဘူး အေး၊ ဘယ်တော့မှ မငိုဘူး၊ အမေငိုနေရင် သမီးလေး တစ်သက်လုံး ခံစားသွား မှာပါ၊ မိဘမေတ္တာဆိုတာ အဲဒါ အေး၊ ဒါကြောင့်မို့ ကျွန်မ ဘယ်တော့မှ မငိုပါရစေနဲ့"

တကယ်လည်း ဒေါ်ခင်ဖြူ မျက်ရည်မကျတော့ပါ။ ဖွန့်ပွင့်ဖြူ နှင့်ပတ်သက်ပြီး ဘယ်တော့မှမငို သူမကိုယ်သူမ ဆုံးဖြတ်ထား တော့သည်။

လေးစားစွာ
နွေးအ

www.burmeseclassic.com




# ဆရာမ ဝေါ်ဝေးမြတ်ချို B.A (MS)

## (လက္ခဏာဗေဒင် ယတြာအစီအရင်)

- လက်ရှိချစ်သူ၊ ခင်ပွန်း ရှုပ်ထွေးဖောက်ပြန်မှု အမြန်ဆုံးတင်းရှင်းဖို့။
- မိမိနောက်ကွယ်မှာ အသစ်တစ်ယောက်နဲ့ ခြေရှုပ်နေသူ အမြန်ဆုံးတင်းရှင်းပြတ်သွားဖို့။
- ခင်ပွန်း၏လုပ်ငန်းခွင်မှာ အနှောင့်အယှက်တင်းရှင်းစေဖို့။
- ချစ်သူ၊ ခင်ပွန်းအပေါ် မိမိပြောစကားအောင်မြင်ပြီး ကြင်နာဝရုစိုက်မှုရဖို့။
- လက်ရှိချစ်သူ၊ ခင်ပွန်းနဲ့မကွဲဘဲ ဆက်လက်ခိုင်မြဲမှု ရဖို့။
- မိမိချစ်သူ၊ ခင်ပွန်းနဲ့ အဆက်အသွယ် အမြန်ဆုံးပြန်ရဖို့။

(အမျိုးသမီးသီးသန့်ဟောခန်း)

**ယိဇ်ဗာ-အမှတ် (၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**

**ဖုန်း-၀၉-၅၀၆၂၈၄၃၊ ၀၉-၂၅၇၃၁၁၄၉၃**



အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်

နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

# ခရသင်း သမင်ဖြူ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654

ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၈၇)

ခရသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကရှိုက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို **အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်

**အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် တဆိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com





# တက်တက်ဟာသများ

လိုချင်ဦးလေ

**ဇနီး။** ။ ကားတွေမှ ပေါလိုက်တာတော်၊ ဈေးတွေကကျနဲ့၊ ကားတစ်စီးလောက်လိုချင်လိုက်တာ။

သတင်းစာဖတ်နေသော အမျိုးသားက ဇနီးဖြစ်သူကို လှမ်းကြည့်လိုက်စဉ် အနီးရှိ သားဖြစ်သူက.....

**သား။** ။ သားသူငယ်ချင်းတွေအိမ်မှာ ကားရှိတယ်ဗျ။ ဘိုဘိုတို့အိမ်မှာ၊ ကျော်ကျော်တို့အိမ်မှာ၊ ရှင်းသန့်တို့အိမ်မှာဗျ။ သားတို့အိမ်မှာ ဘာမှမရှိဘူး။



အမျိုးသားက ပြုံးတုံ့တုံ့ဖြင့် သတင်းစာအားဆက်ဖတ်နေတော့သည်။ ညနေစောင်းအချိန်တွင် အပြင်မှပြန်လာပြီး.....

**အမျိုးသား။** ။ ရော့.....စီးကြလေ၊ ဒီကားက လမ်းကျဉ်းလည်း မောင်းနိုင်တယ်၊ လမ်းကြိုလမ်းကြားလည်း မောင်းလို့ရတယ်၊ ယာဉ်ကြောပိတ်ဆို့လို့ စောင့်နေစရာမလိုဘူး၊ စိတ်ကြိုက်သာ မောင်းကြတော့။

ကလေးစီးမော်တော်ကားကြီးအား ဇနီးနှင့် သားဖြစ်သူတို့လက်ထဲသို့ ထည့်ပေးလိုက်လေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



# ဖော်ကောင်

အိမ်သို့ ညွှန့်သည်ရောက်လာရာ အမျိုးသမီးနှစ်ယောက်က သားသမီးများအကြောင်း အပြိုင်ကြွားနေကြတော့သည်။

**ညွှန့်သည်။** ။ ကျွန်မသားလေးက ဆေးကျောင်းတက်နေပြီရှင့်၊
အရမ်းကိုလိမ္မာတာပါ၊ အဲဒါ သူ့အတွက် ချွေးမလောင်းကို ကြိုရှာနေတာလေ။

အိမ်ရှင်အမျိုးသမီးက သမက်လောင်းရှာနေသူဖြစ်ရာ သူ့သမီးအကြောင်း ပြန်ကြွားလိုက်ပြန်၏။

**အိမ်ရှင်။** ။ ကျွန်မသမီးလေးကတော့ အိမ်ကိုကျောင်းသူပါ၊
အချက်အပြုတ်ကအစ မီးဖိုချောင်နိုင်တယ်ရှင့်၊
ဒီအရွယ်အထိ ချစ်သူလည်း မရှိသေးပါဘူး။

ထိုစကားကြောင့် အနားတွင် စာဖတ်နေသော ကလေးငယ်က.....

**ကလေးငယ်။** ။ မမမှာ ချစ်သူတွေအများကြီးပဲ မေမေရဲ့၊
အခုလည်း သူ့ချစ်သူနဲ့သွားချိန်းတွေ့တာ၊
သားသားကို မေမေ့မပြောနဲ့ဆိုပြီး မုန့်ဖိုးပေးသွားသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


# ဗေဒင်မှန်

အမျိုးသားတစ်ဦးသည် ဗေဒင်ဆရာတစ်ဦးထံသို့ ဗေဒင်သွားတွက်ရာ တစ်လအတွင်း အိမ်ထောင်ကျလိမ့်မည်ဟု ဟောလိုက်၏။ ဝမ်းသာအားရပြန်လာပြီး ဖူးစာရှင်အား မျှော်နေတော့သည်။ သို့သော် တစ်လပြည့်သည့်နေ့အထိ ဖြစ်မလာ၍ ဗေဒင်ဆရာထံသို့ ဒေါသဖြင့်ရောက်သွား၏။ ဗေဒင်လာမေးသူအများရှေ့တွင်....

**အမျိုးသား။ ။** ခင်ဗျားဟောလိုက်တာ မှန်လိုက်တာဗျာ။

**ဗေဒင်ဆရာ။ ။** မှန်ရမယ်လေ၊ ခဏလေးစောင့်ကြပါဦးနော်။

ဗေဒင်ဆရာလည်း အမျိုးသား၏လက်ကိုဆွဲ၍ အိပ်ခန်းထဲခေါ်သွား၏။ အခြေအနေ မကောင်းမှန်းသိသည့်အတွက်.....

**ဗေဒင်ဆရာ။ ။** ကျုပ်ဟောတာ မှန်ကိုမှန်ရမယ်ဗျာ၊
မမှန်ရင် ကျုပ်သမီးပေးလိုက်မယ်ဗျာ၊
ကျုပ်အရှက်ကိုတော့ လူရှေ့မှာ မခွဲလိုက်ပါနဲ့နော်။
သည်တော့မှ အမျိုးသားလည်း ကျေနပ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com




## မေတ္တာတု

ဖနီးဖြစ်သူက ရွှေဆိုင်ကြော်ငြာတွင်ပါသည့် စိန်ဆွဲကြိုးလှလှလေးအား ခင်ပွန်းဖြစ်သူကို ပူဆာထား၏။

**ဖနီး** ။ ။ ခင့်မွေးနေ့မှာ ဒါမျိုးလေး ဝယ်ပေးရမယ်နော်။

**ခင်ပွန်း**။ ။ OK...ရရစေမယ်။

**ဖနီး** ။ ။ အဲဒါကြောင့်မို့ချစ်တာ၊ မွေးနေ့အကြိုမှာရရင် တော်ပါပြီ။

ဖနီးဖြစ်သူက မွေးနေ့သို့ မြန်မြန်ရောက်ချင်နေ၏။ မွေးနေ့တွင် စိန်ဆွဲကြိုးလေးဆွဲပြီး ခင်ပွန်းဖြစ်သူနှင့်အတူ ဘုရားသွားမည်၊ အလှူပွဲကျင်းပမည်ဟု စိတ်ကူးထား၏။

မွေးနေ့အကြိုနေ့တွင်တော့.....

**ခင်ပွန်း**။ ။ ခင်ရေ...ဟောဒီမှာ ခင်လိုချင်တဲ့စိန်ဆွဲကြိုး၊ တူအောင်ရှာပြီး ဝယ်လာခဲ့ရတာဗျ။

ဖနီးဖြစ်သူလည်း ဝမ်းသာအားရ ကြည့်လိုက်ရာတွင်.....


**ဖနီး** ။ ။ ဟင်.....ဖန်စီကြီး။

ထက်ထက်

www.burmeseclassic.com

www.burmeseclassic.com






# လျှမ်းထက်

## သေမင်းနှင့်တကယ်စစ်ခင်းသူ ဂျိမ်း(စ်)ဘွန်း

ကျွန်တော်တို့မြန်မာနိုင်ငံရုပ်သံလွှင့်အစီအစဉ်မှ ၂၀၁၄ ခုနှစ်၊ ဇက်တင်ဘာလ ၁၀ ရက်နေ့ နံနက် ၈ နာရီတွင် ထုတ်လွှင့်သွားသော နိုင်ငံတကာသတင်းတွင် အင်္ဂလန်နိုင်ငံ၌ကျင်းပမည့် ထာဝရရှင်သန်နေသည့် ဇာတ်ဆောင်ကြီးဂျိမ်း(စ်)ဘွန်းပါဝင်သော 'Gold Finger' ရွှေလက်ချောင်း ရုပ်ရှင်ကားကြီး၏ ရွှေရတုအခမ်းအနားကို ကျယ်ကျယ်ပြန့်ပြန့်၊ စည်စည်ကားကား ကျင်းပမည့် သတင်းထုတ်လွှင့်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းကို မြန်မာနိုင်ငံမှထုတ်ဝေသော သတင်းစာအချို့နှင့် ဂျာနယ်အချို့တွင် ထိုရုပ်ရှင်ကားကြီးမှ ဇာတ်ဝင်ခန်းဓာတ်ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြခဲ့ကြပါသည်။ ထိုဂျိမ်း(စ်)ဘွန်းပါဝင်သော ရွှေလက်ချောင်းရုပ်ရှင်ကားကြီး၏ ရွှေရတုသဘင်အခမ်းအနားတွင် ထိုရုပ်ရှင်ကားတွင် ဇာတ်ဆောင်ဂျိမ်း(စ်)ဘွန်းစီးခဲ့သော ကားခေါင်မိုးပွင့်တတ်ပြားကို လှည့်နိုင်ပြီး မောင်းသူထိုင်ခုံ စပရိန်တွန်းအားဖြင့် လေထဲသို့ လွင့်တက်နိုင်သောကား၊ ကျည်ကာမှန်များ တပ်ဆင်ထားသည့် အက်(စ်)ထွန်းမာတင် ဒီဘီ ၅ ကားကိုလည်း လေလံတင်ရောင်းချမည်ဟုဆိုသည်။ ထို့ပြင် အထက်ဖော်ပြပါ ထာဝရရှင်သန်နေသော စပိုင်မင်းသား ဂျိမ်း(စ်)ဘွန်း ရုပ်ရှင်သက်တမ်း နှစ်(၅၀) အတွင်း အသုံးပြုခဲ့သော ပစ္စည်းများအနက် ပစ္စည်း ပေါင်း ၅၀ကိုလည်း လေလံတင်ရောင်းချသွားမည်ဟုဆို သည်။

အဆိုပါလေလံပွဲမှရရှိသော ငွေကြေးများကို ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ သိပ္ပံပညာပြတိုက်၊ ဗြိတိန်နိုင်ငံ လူငယ်သင်တန်းကျောင်းနှင့် အများအကျိုးဆောင်လုပ်ငန်းများကို အသုံးပြုမည်ဟု သက်ဆိုင်ရာတာဝန်ရှိသူက သတင်းမီဒီယာများကို ထုတ်ဖော်ပြောဆိုခဲ့၏။

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ကသည်း ပွဲဦးထွက် ဂျိမ်း(စ်)ဘွန်းဇာတ်ကားဖြစ်သော "Dr.No"(ဒေါက်တာနိုး) နှစ်ငါးဆယ်ပြည့်အခမ်းအနားကို အင်္ဂလန်နိုင်ငံတွင် စည်စည်ကားကား ကျင်းပခဲ့ကြပြီး အင်္ဂလန်နိုင်ငံလူထုက အောက်တိုဘာလ ၅ ရက်နေ့ကို ဂျိမ်း(စ်)ဘွန်းနေ့ဟု သတ်မှတ်ခဲ့သည်ကို ကျွန်တော်တို့ သိရှိခဲ့ရသည်။ ထိုစဉ်က မှတ်တမ်းများအရ ထိုရုပ်ရှင်ကားကို ရိုက်ကူးခဲ့သော ၂၀ ရာစုမြေခွေး (20 Century Fox) ရုပ်ရှင်ကုမ္ပဏီကလည်း ဂျိမ်း(စ်)ဘွန်းအမှတ်တရ အထိမ်းအမှတ်ပွဲများ ပြုလုပ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင်မူ နယူးယောက်မြို့၊ မော်ဒန်အနုပညာပြတိုက်၊ လော့(စ်)အိန်ဂျယ်လိမြို့နှင့် တိုရွန်တိုမြို့များတွင်လည်း ဂျိမ်း(စ်)ဘွန်းအမှတ်တရပွဲများ ကျင်းပခဲ့ကြသည်ဟုဆိုသည်။ ထို့ပြင် ဂျိမ်း(စ်)ဘွန်းကို မွေးဖွားပေးသော စာရေးဆရာကြီး အီယန်ဖလိမ်းမင်းနှင့် ဂျိမ်း(စ်)

**စုံထောက်ကြီး**
**ရှားလော့ဟုမ်းအား**
**ယနေ့ လျှမ်းလျှမ်းတောက်**
**ကျော်ကြားနေသော**
**အမေရိကန်ပြည်ထောင်စု**
**စီအိုင်အေအဖွဲ့ကြီးနှင့်**
**အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့၊**
**ပြင်သစ်နိုင်ငံမှ**
**အမျိုးသားဆူရီတေးစုံထောက်အဖွဲ့နှင့်**
**အင်္ဂလန်နိုင်ငံ၊ အင်(မ်)အိုင် အမှတ်(၅)**
**စုံထောက်အဖွဲ့တို့၏**
**ခေတ်မီဆက်သွယ်ရေးပစ္စည်း၊**
**ခေတ်မီစုံစမ်းထောက်လှမ်းသည့်**
**ကိရိယာများအသုံးပြုသည့်**
**စုံထောက်များထက်သာသည်ဟု**
**လူထုက ယူဆဆဲဖြစ်သည် ...**

ဘွန်းရုပ်ရှင်ကား ထုတ်လုပ်သူများဖြစ်ခဲ့ကသော ဘရိုကိုလီ၊ ဟယ်ရီဆောမန်းတို့အကြား ဆက်ဆံရေးကို အလေးပေးရိုက်ကူးခဲ့သော မှတ်တမ်းတင်ရုပ်ရှင်ကား "Everything Or Nothing The Untold Story Of 007" (၀၀၇ ၏ လူသိနည်းသော အတွင်းရေးများ)ကိုလည်း ပြသခဲ့သည်ဟု သိရှိခဲ့ကြရသည်။ ၂၀၁၄ ခုနှစ် ရွှေလက်ချောင်းရုပ်ရှင်ကားကြီး၏ ရွှေရတုသဘင်ကိုမူ အထက်ဖော်ပြပါ ယခင်နှစ်များက ကျင်းပခဲ့သော အခမ်းအနားများထက် လူအများစိတ်ဝင်စားအောင် ... လိမ့်မည်ဟု သတင်းမီဒီယာများက ဖော်ပြခဲ့...


www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာတစ်ယောက် စိတ်ကူးဉာဏ်ကွန့်မြူး၍ဖန်တီးခဲ့သော စိတ်ကူးယဉ်ဝတ္ထုများထဲမှ ဇာတ်ဆောင်များ၏ အမည်များသည် တစ်ခါတစ်ရံ အသက်ထင်ရှားရှိနေကြသည့် အထင်ကရ နိုင်ငံတကာခေါင်းဆောင်ကြီးများနှင့် ကမ္ဘာကျော်သူများထက်ပို၍ ပြည်သူလူထုအတွင်း ထင်ရှားကျော်ကြား လူသိများကြသည်။

သာဓကအားဖြင့် ဗြိတိသျှအမျိုးသား စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း ဖန်တီးခဲ့သော အလွတ်စုံထောက်ကြီးရှားလော့ဟုမ်းသည် စိတ်ကူးယဉ် စုံထောက်ဝတ္ထုများထဲမှ ဇာတ်ဆောင်တစ်ဦးဖြစ်ပါသည်။ အလွတ်စုံထောက် ရှားလော့ဟုမ်းမှာ တကယ်မရှိပါ။ ရှိလည်းမရှိနိုင်ပါ။ သို့သော် စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းက စိတ်ကူးကောင်းကောင်း ဝတ္ထုရေးနည်းအတတ်ပညာဖြင့် သရုပ်ဖော်လိုက်သောအခါ နိုင်ငံတကာမှ စာဖတ်သူများသည် အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းဆိုသူမှာ အမှန်တကယ်ရှိသည်၊ အင်္ဂလန်နိုင်ငံ၊ လ[န်]ဒန်မြို့၊ ဘေကာလမ်း၊ အမှတ် ၂၂၁ ဘီတွင် နေထိုင်လျက်ရှိပြီး သူ့မိတ်ဆွေကြီး ဒေါက်တာဝပ်ဆင်နှင့်အတူ ဒုစရိုက်လူသတ်သမားများနောက်သို့ လိုက်နေဆဲဟုမှတ်ယူထားကြ၏။

မှန်ဘီလူးနှင့် တုတ်ကောက်ကိုင် စုံထောက်ကြီးရှားလော့ဟုမ်းအား ယနေ့ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော အမေရိကန်ပြည်ထောင်စု စီအိုင်အေအဖွဲ့ကြီးနှင့် အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့၊ ပြင်သစ်နိုင်ငံမှ အမျိုးသားဆူရီတေးစုံထောက်အဖွဲ့နှင့် အင်္ဂလန်နိုင်ငံ အင်(မ်)အိုင် အမှတ်(၅)စုံထောက်အဖွဲ့တို့၏ ခေတ်မီဆက်သွယ်ရေးပစ္စည်း၊ ခေတ်မီစုံစမ်းထောက်လှမ်းသည့် ကိရိယာများအသုံးပြုသည့် စုံထောက်များထက်သာသည်ဟု လူထုက ယူဆဆဲဖြစ်သည်။ နှစ်ပေါင်း ၁၀၀ ကျော်ခဲ့သော်လည်း ရှားလော့ဟုမ်းနှင့် သူ့မိတ်ဆွေ




www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဝပ်ဆင်တို့သည် လန်ဒန်မြို့ ဘေကာလမ်းတွင် နေထိုင်ခဲ့ဟု ယူဆထားကြသည်။

ထို့အတူ စာရေးဆရာကြီး အီယန်ဖလီမ်းမင်း ဖန်တီးခဲ့သည့် "ဂျိမ်း(စ်)ဘွန်း"ဟူသောအမည်သည် ကမ္ဘာနိုင်ငံအသီးသီးမှ ပြည်သူအားလုံး လူမျိုးမရွေး၊ ဘာသာမရွေး၊ ကလေးလူကြီးမှအစ တစ်ယောက်မကျန် ကြားဖူးနားဝရှိကြသည်။ အထူးသဖြင့် ဂျိမ်း(စ်)ဘွန်း ဇာတ်ဆောင်အဖြစ်ပါဝင်သော ဝတ္ထုများကို ရုပ်ရှင်ရိုက်ကူးခဲ့သောအခါ ကမ္ဘာ့နိုင်ငံအသီးသီးမှ မြို့ကြီးပြကြီးများနှင့် ကျေးလက်တောရွာများအထိ ဂျိမ်း(စ်)ဘွန်းသရုပ်ဆောင်အဖြစ်ပါဝင်သည့် ရုပ်ရှင်ကားများကို သန်းပေါင်းများစွာသော လူထုက နှစ်သက်စွဲလမ်းကြသည်။

ဂျိမ်း(စ်)ဘွန်းရုပ်ရှင်ကားဆိုလျှင် မော်တော်ကားတစ်စီးနှင့်တစ်စီး အရှိန်ပြင်းစွာ မောင်းနေသော မော်တော်ကားလိုက်ဖမ်းသည့်အခန်း၊ ရေပြင်တွင် မော်တော်ဘုတ်ချင်း လိုက်လံပစ်ခတ်ကြသည့်အခန်း၊ မီးပုံးပျံကြီးများ၊ ရဟတ်ယာဉ်များ၏ သည်းထိတ်ရင်ဖိုဖွယ် ပျံသန်းပေါက်ကွဲခန်းများ၊ အထိုးအကြိတ်၊ အပြေးအလွှားများ၊ မိန်းမချောကလေးများပါသည်ဟု ပရိသတ်က သိထားသည်။ နောက်ဆုံး အစရိုက်လူဆိုးများကို ဂျိမ်း(စ်)ဘွန်းက အနိုင်ရမြဲဖြစ်၏။

မှန်ပါသည်။ ဂျိမ်း(စ်)ဘွန်းဇာတ်ကားများတွင် ဒါရိုက်တာနှင့် မင်းသား "ဂျိမ်း(စ်)ဘွန်း"ကသာ ပြောင်းလဲသွားသည်။ အထိုးအကြိတ်နှင့် ဇာတ်လမ်းဇာတ်ကွက်များက အပြောင်းအလဲမရှိ၊ နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ထင်ရှားသော ဂျိမ်း(စ်)ဘွန်းအဖြစ် သရုပ်ဆောင်သူများမှာ မင်းသားကြီး ရှောင်ကွန်နရီ၊ ရော်ဂျာမိုး၊ ပီယာဘရော့စနန်နှင့် ဒင်နီရယ်ခရိတ်တို့ဖြစ်ကြသည်။ ဤသို့သော ဂျိမ်း(စ်)ဘွန်းဝတ္ထုများ၊ ရုပ်ရှင်ကားများကြောင့် စာရေးဆရာကြီး အီယန်ဖလီမ်းမင်း၏ ကျော်ကြားမှုသည် ၂၀ ရာစုနှစ်အတွင်း အထွတ်အထိပ်သို့ရောက်ခဲ့သည်။ အမှန်အားဖြင့် ဂျိမ်း(စ်)ဘွန်းဝတ္ထုများသည် စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်းဝတ္ထုများလောက် အရေအတွက်မများပေ။ ဆာအာသာကိုနင်ဒွိုင်းသည် ဝတ္ထုရှည်လေးပုဒ်(ဝတ္ထုရှည်ကြီးများကို စာရေးဆရာ စိုးမြိုင်က တိုက်ရိုက်မြန်မာဘာသာပြန်ဆို ထုတ်ဝေပြီးဖြစ်ပါသည်)နှင့် ဝတ္ထုတို ၅၆ ပုဒ် ရေးသား ထုတ်ဝေခဲ့သည်။ (ထို ဝတ္ထုများကို ကွယ်လွန်သူ ဆရာ မြသန်းတင့်က လုံးစေ့ပတ်စေ့ တိုက်ရိုက် မြန်မာဘာသာပြန်ဆို ထုတ်ဝေခဲ့ပါသည်။) ရှားလော့ဟုမ်းဝတ္ထုတိုအများကိုမူ ဆရာကြီး ရွှေဥဒေါင်းက စုံထောက်မောင်စံရှားအဖြစ် မှီငြမ်းရေးသားခဲ့ပါသည်။ သို့ဖြစ်၍ ကျွန်တော်တို့ စာဖတ်ပရိသတ်များအဖို့ ရှားလော့ဟုမ်းပါဝင်သော ဝတ္ထုများအားလုံးနှင့် အကျွမ်းဝင်ပြီးဖြစ်နေပေသည်။

**စာရေးဆရာတစ်ယောက်**
**ဖန်တီးရေးသားခဲ့သော**
**ဇာတ်ဆောင်တစ်ယောက်သည် မိုးကျရွှေကိုယ်၊**
**တစ်နည်းဆိုရလျှင်**
**မိုးပေါ်မှကျလာသူတစ်ယောက်မဟုတ်ပါ။**
**စာရေးဆရာသည် ဇာတ်ဆောင်ကို ဖန်တီးရာ၌**
**သူ့ပတ်ဝန်းကျင်၊**
**သူကြုံတွေ့ခဲ့ရသောပုဂ္ဂိုလ်များ၊ သူလေးစားခဲ့သူ၊**
**သူနှင့်ရင်းရင်းနှီးနှီးပေါင်းသင်းခဲ့ရသူများကို**
**စံပြု၍ သူ့စရိုက်နှင့်ပေါင်းကာ**
**ဖန်တီးခဲ့ကြသည်ဟု ဆိုသည်...**

စာရေးဆရာ အီယန်ဖလီမ်းမင်းသည် သူစာရေးခဲ့သည့် ၁၀ နှစ်တာကာလအတွင်း ဂျိမ်း(စ်)ဘွန်းပါဝင်သည့်ဝတ္ထု ၁၃ အုပ်မျှသာ ရေးသားထုတ်ဝေခဲ့သည်။ သို့သော် သူ့စာအုပ်ပေါင်း သန်း ၃၀ ကျော် ပုံနှိပ်ထုတ်ဝေခဲ့ရပြီး ဘာသာပေါင်း ၂၄ ဘာသာ ပြန်ဆိုခဲ့ရသည်။ သို့ဖြစ်၍ ဂျိမ်း(စ်)ဘွန်းဝတ္ထုများ မည်မျှအောင်မြင်ပေါက်ရောက်သည်ကို အကဲခတ်နိုင်ကြသည်။ စာပေသုတေသီများ၏ မှတ်တမ်းအရဆိုရလျှင် အင်္ဂလန်နိုင်ငံ၌ ဂျိမ်း(စ်)ဘွန်းဝတ္ထု စာအုပ်တစ်အုပ်နှင့် သမ္မာကျမ်းစာ ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်စာအုပ်တစ်အုပ် တိုက်တိုက်ဆိုင်ဆိုင် ပြိုင်၍ထွက်လာခဲ့ရာ နှစ်အုပ်စလုံးကို စာဖတ်သူများက အလုအယက် ဝယ်ယူဖတ်ရှုခဲ့ကြသည်ဟု သိရ၏။ မှတ်တမ်းအရ ဂျိမ်း(စ်)ဘွန်း လျှမ်းလျှမ်းတောက်ကျော်ကြားနေသည့်ခေတ်တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ ချဲရင်ကရော့(စ်) လမ်းရှိ စာအုပ်ရောင်းချသော ဆိုင်တစ်ဆိုင်သည် အခြားစာအုပ်များကို ဆိုင်တင်ရောင်းချခြင်းမပြုဘဲ ဂျိမ်း(စ်) ဘွန်းစာအုပ်များကိုသာ ဆိုင်တင်ရောင်းချခဲ့သည်ဟုဆိုသည်။

မှန်ပါသည်။ ကမ္ဘာ့စာပေတွင် သမ္မတကြီးကတော်ကအစ အိမ်ဖော်နှင့် ဓာတ်လှေကားမောင်းသူများအဆုံး ဖတ်ရှုသော ဝတ္ထုကိုပြပါဆိုလျှင် ဂျိမ်း(စ်)ဘွန်းဝတ္ထုများကိုသာ လက်ညှိုးထိုးပြရမည်မှာ မလွဲပေ။ ဤမျှအောင်မြင်ပေါက်ရောက်သော ဂျိမ်း(စ်)ဘွန်းဝတ္ထုများ ရုပ်ရှင်ပိတ်ကားပေါ်သို့ ရောက်သွားသောအခါ ကမ္ဘာတစ်ဝန်းလုံး ရုပ်ရှင်ချစ်သူများ၏ အသည်းစွဲဖြစ်လာသည်။ ရုပ်ရှင်သုတေသီတို့၏ မှတ်တမ်းများအရ ကမ္ဘာ့မြောက်ဖျားပိုင်းရှိ ဂရင်းလန်းကျွန်းတွင် နေထိုင်ကြသော အက်စကီးမိုးလူမျိုးများကအစ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဖီဂျီကျွန်းသားများအဆုံး ကမ္ဘာ့လူထုသည် ဂျိမ်း(စ်)ဘွန်းဝတ္ထုများနှင့် ဂျိမ်း(စ်)ဘွန်းကို စွဲလမ်းလာခဲ့ကြသည်။

ဂျိမ်း(စ်)ဘွန်းဝတ္ထုများကို ရေးသားသူ စာရေးဆရာ အီယန်ဖလိမ်းမင်းကလည်း သူဖန်တီးခဲ့သော ဇာတ်ဆောင် ဂျိမ်း(စ်)ဘွန်း၏ အစားအသောက်၊ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများကို သူ့ဝတ္ထုများထဲတွင် တိတိပပ အသေးစိတ်ရေးသားဖော်ပြခဲ့ရာ ဂျိမ်း(စ်)ဘွန်းဝတ်သည့် အင်္ကျီ၊ ဘောင်းဘီ၊ ဂျိမ်း(စ်)ဘွန်းသောက်သည့် စီးကရက်၊ သူရောက်သည့်အရက်၊ သူ့အင်္ကျီ ဘောင်းဘီချုပ်သည့် အပ်ချုပ်ဆိုင်၊ သူကိုင်သည့် ဓာတ်မီးခြစ်၊ သူပတ်သည့်ခါးပတ်အမျိုးအစားများမှာ လက်မလည်အောင် ရောင်းချခဲ့ရရာ နေ့ချင်းညချင်း အကြီးအကျယ် စီးပွားဖြစ်ခဲ့သည်။

ထို့အတူပင် ဂျိမ်း(စ်)ဘွန်း၏ ထောက်လှမ်းရေးအမှတ်ဖြစ်သော ဇီးရိုးဇီးရိုးဆဲဗင်း(၀၀၇)အမှတ်မှာလည်း လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ကလေးကစားစရာအမျိုးမျိုးတို့၏ အမှတ်တံဆိပ်အဖြစ် နိုင်ငံတကာမှ ကုန်ပစ္စည်းထုတ်လုပ်သူများက ရိုက်နှိပ်ရောင်းချကြသည်။ တစ်ခိုန်က ကျွန်တော်တို့မြန်မာနိုင်ငံမှ ထုတ်ဝေသော ဆီးယိုဆီးပေါင်း ထုတ်လုပ်ရောင်းချသူများသည်လည်း အထက်ဖော်ပြပါ ၀၀၇ အမှတ်တံဆိပ်ဖြင့် ထုတ်ဝေရောင်းချခဲ့ကြပြီး ဂျိမ်း(စ်)ဘွန်းဝတ္ထုများကို စာရေးဆရာကြီးများက အပြိုင်အဆိုင် မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့ကြသည်ကို တွေ့ခဲ့ရ၏။ အချို့ဂျိမ်း(စ်)ဘွန်းဝတ္ထုများကို စာရေးဆရာကြီး နှစ်ယောက်သုံးယောက်က နာမည်အမျိုးမျိုးဖြင့် မြန်မာဘာသာပြန်ဆိုထုတ်ဝေသည်ကို တွေ့ကြရ၏။

အမှန်အားဖြင့် စာရေးဆရာတစ်ယောက် ဖန်တီးရေးသားခဲ့သော ဇာတ်ဆောင်တစ်ယောက်သည် မိုးကျရွှေကိုယ်၊ တစ်နည်းဆိုရလျှင် မိုးပေါ်မှကျလာသူတစ်ယောက်မဟုတ်ပါ။ စာရေးဆရာသည် ဇာတ်ဆောင်ကိုဖန်တီးရာ၌ သူ့ပတ်ဝန်းကျင်၊ သူကြုံတွေ့ခဲ့ရသောပုဂ္ဂိုလ်များ၊ သူလေးစားခဲ့သူ၊ သူနှင့်ရင်းရင်းနှီးနှီးပေါင်းသင်းခဲ့ရသူများကို စံပြု၍ သူ့စရိုက်နှင့်ပေါင်းကာ ဖန်တီးခဲ့ကြသည်ဟုဆိုသည်။ သာဓကအားဖြင့် ထာဝရရှင်သန်နေဆဲဖြစ်သော အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းအား စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း ဖန်တီးရာတွင် သူ အီဒင်ဘာရာဆေးတက္ကသိုလ် တက်ရောက်ခဲ့စဉ်က သူ့ငယ်ဆရာ ဒေါက်တာဘဲ(လ်)၏စရိုက်နှင့် စာ ရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း၏စရိုက်များကို ပေါင်းစပ်၍ ဖန်တီးထားသော ဇာတ်ဆောင်တစ်ဦးဖြစ်ပြီး ရှားလော့ဟုမ်း၏မိတ်ဆွေ ဒေါက်တာဝပ်ဆင်မှာလည်း သူ့မိတ်ဆွေ ဗိုလ်မှူးဟောင်း မေဂျာဝုဒ်၏စရိုက်နှင့် သူ့စရိုက် ပေါင်းစပ်ဖန်တီးထားခြင်းဖြစ်သည်ဟု စာပေအကဲဖြတ်သူများကဆိုသည်။ မှန်ပါသည်။ မည်သည့်စာရေးဆရာမဆို မိမိ၏ဇာတ်ဆောင်အား မိမိ၏စိတ် သဘောထား၊ ဝါသနာအထုံစသော ကိုယ်ရည်ကိုယ်သွေးများဖြင့် အသက်သွင်းလေ့ရှိရာ စာရေးဆရာကြီး ဆာ အာသာကိုနင်ဒွိုင်းကလည်း သူ့ဇာတ်ဆောင်ကြီးဖြစ်သော အလွတ်စုံထောက် ရှားလော့ဟုမ်းအား အသက်သွင်းခဲ့သည်။ ဆရာကြီး၏ စာရေးနည်းအတတ်ပညာ

www.burmeseclassic.com





ဆရာ အီယန်ဖလီမ်းမင်းသည် ဂျိမ်း(စ်)ဘွန်းကို ဖန်တီးရာတွင် သူ့ရုပ်ရည်မှအစ စိတ်နေသဘောထား၊ ဗီဇစွဲလမ်းမှုများကို အခြေခံထား၍ တန်ဆာဆင်ခဲ့သည်ဟု စာပေအကဲဖြတ်သူတို့က တညီတညွတ်တည်း ဆိုခဲ့ကြသည်။

သူ့ဝတ္ထုဇာတ်လမ်းဇာတ်အိမ်များမှာ ဒုတိယကမ္ဘာစစ်ကြိုကာလနှင့် စစ်ကြီးအတွင်း သူ၏ကိုယ်တွေ့အဖြစ်အပျက်များအပေါ် မှီငြမ်း၍ ရေးသားထားသည်ဟု သိရ၏။ စင်စစ်အားဖြင့် စာရေးဆရာကြီး အီယန်ဖလီမ်းမင်းသည် သူ၏ဝတ္ထုများထဲမှ ဇာတ်ဆောင်များ၏အမည်များအား အမှန်တကယ် သက်ရှိထင်ရှားရှိခဲ့သော လူများ၏အမည်များကိုအသုံးပြုခြင်းဖြစ်သည်။ မှန်ပါသည်။ မည်သည့်စာရေးဆရာမဆို မိမိ၏ဇာတ်ဆောင်အား မိမိ

နှင့် စိတ်ကူးကောင်းမှုကြောင့် သူ့ဇာတ်ဆောင် ရှားလော့ဟုမ်းမှာ ယနေ့ထိ အသက်ရှင်နေဆဲဟု ကမ္ဘာ့စာဖတ်ပရိသတ်က မှတ်ယူထားကြသည်။


ယနေ့ထိ နိုင်ငံတကာမှ မျိုးဆက်သစ်စာဖတ်ပရိသတ်သည် ရှားလော့ဟုမ်းနှင့် ဒေါက်တာဝပ်ဆင်တို့သည် လန်ဒန်မြို့တော်တစ်ခွင် ဒုစရိုက်လူဆိုးများနောက်သို့ ခြေရာခံလိုက်နေဆဲဟု မှတ်ယူထားကြသည်။ ထို့အတူ စာရေးဆရာ အီယန်ဖလီမ်းမင်းသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဗြိတိသျှထောက်လှမ်းရေးလောက တွင် ကျင်လည်ခဲ့ရသူဖြစ်သည်။ သူလျှိုပေါင်းစုံနှင့်တွေ့ကြုံခဲ့ရသည်။ တန်ပြန်သူလျှိုများနှင့်လည်း ဆုံခဲ့ရ၏။ သူလျှိုတို့တတ်ထားသည့် ပညာရပ်များကိုလည်း အသုံးချခဲ့ရဖူးသည်။ ထိုအတွေ့အကြုံများနှင့် သူ့ပတ်ဝန်းကျင်မှ သူလျှိုများ၏ စရိုက်၊ ဝါသနာ၊ ဗီဇတို့ကို စံထား၍ သူ၏စာရေးနည်းအတတ်ပညာဖြင့် ဂျိမ်း(စ်)ဘွန်းဝတ္ထုများကို ထိထိမိမိ ရေးသားခဲ့သောအခါ သူ့ဝတ္ထုများ အရောင်းရအသွက်ဆုံး ဝတ္ထုများဖြစ်လာခဲ့သည်မှာ ဘာဆန်းသလဲဟု ဆိုရမည်ဖြစ်သည်။ မှန်ပါသည်။ စာရေး

ဂျိမ်း(စ်)ဘွန်းဆိုသော
ဇာတ်ဆောင်နှင့်
ကျွန်တော်သိကျွမ်းခင်မင်ခဲ့သော
စာရေးဆရာ အီယန်ဖလီမ်းမင်းတို့ဟာ
ခွဲခြားမရပါဘူး၊
သူနှစ်သက်တဲ့ အဝတ်အစားတွေ၊
သူကြိုက်တဲ့ အစားအစာတွေ၊ သူရုပ်ရည်နဲ့
တန်ဆာဆင်ထားတဲ့ ဂျိမ်း(စ်)ဘွန်းကို
ရုပ်ရှင်ပိတ်ကားပေါ်မှာ
ကျွန်တော်ကြည့်လိုက်တိုင်း
ဂျိမ်း(စ်)ဘွန်းအဖြစ် သရုပ်ဆောင်တဲ့
ရှောင်ကွန်နရီကို မမြင်ပါဘူး
အီယန်ဖလီမ်းမင်းရဲ့
မျက်နှာကိုပဲ မြင်နေတာပါပဲ . . .

www.burmeseclassic.com

www.burmeseclassic.com

၏ စိတ်နေသဘောထား၊ ဝါသနာ၊ ဗီဇ၊ အထုံစသော ကိုယ်ရည်ကိုယ်သွေးများဖြင့် အသက်သွင်းထားလေ့ရှိသည်ဟု အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သူရေးသားခဲ့သော Casino Royale စာအုပ်တွင် အံ့သြစရာကောင်းလှသည့် ဖဲဝိုင်းကြီးအကြောင်းကိုလည်းကောင်း၊ Gold Finger ရုပ်ရှင်ဇာတ်ကားတွင် ဂေါက်သီးရိုက်ပွဲကိုလည်းကောင်း၊ Dr.No ဇာတ်ကားတွင် ငှက်သတ္တဝါများ၊ ရေသတ္တဝါများ၊ ပင်လယ်ခရုအမျိုးမျိုးအကြောင်းကို နောက်ခံထား၍လည်းကောင်း ရေးသားခဲ့သည်ကို တွေ့ရ၏။




ဖလိမ်းမင်းကိုယ်တိုင် ဖဲကစားဝါသနာပါသူဖြစ်၏။ သူသည် ကွယ်လွန်သည်အထိ တစိုက်မတ်မတ် ဂေါက်သီးရိုက်ကစားခြင်းကို မြတ်နိုးသူဖြစ်၏။ သူနေထိုင်သည့် ဂျမေကာကျွန်းကလေးတွင် ထူးဆန်းသော ငှက်သတ္တဝါ အမျိုးမျိုး၊ ရေသတ္တဝါအမျိုးမျိုး၊ ပင်လယ်ခရုအမျိုးမျိုးတို့ကို လေ့လာလိုက်စားရင်း ပျော်မွေ့နေရာ ထိုအတွေ့အကြုံများကို သူ့ ဂျိမ်း(စ်)ဘွန်းဝတ္ထုများတွင် ခရေစေ့တွင်းကျ ထည့်သွင်းဖော်ပြလေ့ရှိသည်မှာ ဘာဆန်းသလဲဟု ဆိုရမည်ဖြစ်သည်။ စာရေးဆရာကြီးကိုယ်တိုင် နှစ်ခြိုက်လှသော စီးကရက်အမျိုးအစား၊ ဘူဘွန်အရက် အမျိုးအစား၊ မြင်းကောင်ရေအားကြီးသော မော်တော်ကားအမျိုးမျိုးတို့ကို သူရေးသည့် ဂျိမ်း(စ်)ဘွန်းဝတ္ထုများတွင် တွေ့ရမည်ဖြစ်သည်။

စာပေအကဲဖြတ်သူအချို့ကမူ ဂျိမ်း(စ်)ဘွန်း၏ အသွင်သဏ္ဌာန်ကို ဖလိမ်းမင်းကြည်ညိုလေးစားသော ထောက်လှမ်းရေးသမားတစ်ယောက်ကို စံပြု၍ရေးသည်ဟု ဆိုကြ၏။ ဤဆောင်းပါးတစ်နေရာတွင် ရေးသားဖော်ပြခဲ့သော စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းသည် သူ့ဇာတ်ဆောင်ကြီးဖြစ်သော အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းကို ဖန်တီးရာတွင် သူဆေးကျောင်းသားဘဝက ကြုံခဲ့ရသော သူ့ဆရာ ဘဲ(လ်)နှင့် သူ့စရိုက်တို့ကို ပေါင်းစပ်ရေးခဲ့သည်ဟုဆိုလျှင် စာရေးဆရာ အီယန်ဖလိမ်းမင်းသည် သူကြုံတွေ့ခဲ့ရသော ထောက်လှမ်းရေးသမားတစ်ဦးကို စံပြု၍ သူ့စရိုက်နှင့်ပေါင်းကာ ရေးသားခဲ့သည်ဟု မဆိုနိုင်ပေဘူးလော။

သို့ဖြစ်ရကား ဂျိမ်း(စ်)ဘွန်းခေတ်တစ်ခေတ် ထူထောင်ခဲ့ပြီး သမ္မတကြီးများမှအစ ဓာတ်လှေကားမောင်းသမားအထိ ပါးစပ်ဖျားတွင် ရေပန်းစားခဲ့သော ဂျိမ်း(စ်)ဘွန်းသည်လည်း တကယ့်သက်ရှိလူတစ်ယောက် မဖြစ်နိုင်ပေဘူးလော။ ကျွန်တော်တို့ စဉ်းစားစရာဖြစ်လာခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့အား ဂျိမ်း(စ်)ဘွန်းနေ့အဖြစ်လည်းကောင်း၊ ဂျိမ်း(စ်)ဘွန်း ပါဝင်ရိုက်ကူးခဲ့သော 'Gold Finger' ရွှေလက်ချောင်းရုပ်ရှင်ကားကြီး၏ အနှစ် ၅၀ မြောက် အထိမ်းအမှတ်ပွဲများကိုလည်းကောင်း ဂျိမ်း(စ်)ဘွန်းအား မမေ့နိုင်သူများ၊ တသသစွဲလမ်းသူများက ကျင်းပကြမည်ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ဟု ဆို

www.burmeseclassic.com



ပေတော့မည်။ ဂျိမ်း(စ်)ဘွန်းရုပ်ရှင်ကားများ ထုတ်လုပ်ခဲ့သူများ၏ အကူအညီနှင့် အင်္ဂလန်နိုင်ငံမှ (DK) ဒီကေ စာအုပ်ထုတ်ဝေရေးကုမ္ပဏီကြီးသည် "James Bond The Secret World Of 007" ဇီးရိုးဇီးရိုးဆဲဗင်း၏ လျှို့ဝှက်ကမ္ဘာ အမည်နှင့် စွယ်စုံကျမ်းစာအုပ်တစ်အုပ် ထုတ်ဝေခဲ့ရာ အုပ်ရေအမြောက်အမြား ရောင်းချရသည့် စာအုပ်တစ်အုပ်ဖြစ်ခဲ့သည်။ ယင်းစွယ်စုံကျမ်းတွင် ဂျိမ်း(စ်)ဘွန်းဝတ္ထုများ၊ ဂျိမ်း(စ်)ဘွန်းရုပ်ရှင်ကားများမှ သရုပ်ဆောင်မင်းသားမင်းသမီးများ၊ ဂျိမ်း(စ်)ဘွန်း၏ အသုံးအဆောင်ပစ္စည်းများကို ဖော်ပြခဲ့သည်။ ဂျိမ်း(စ်)ဘွန်းစွဲလမ်းသူများအတွက် ထာဝစဉ် လက်စွဲထားရမည့် စွယ်စုံကျမ်းဖြစ်ခဲ့သည်။

စာရေးဆရာ အီယန်ဖလီမ်းမင်း ကွယ်လွန်ခဲ့ပြီးနောက် သူနှင့် နှစ်ပေါင်းများစွာ လက်ပွန်းတတီး နေထိုင်ခဲ့သော သတင်းစာဆရာတစ်ဦးဖြစ်သည့် ဂျွန်ပီယာဆင်သည် အီယန်ဖလီမ်းမင်း၏ အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ထိုသတင်းစာဆရာ ပီယာဆင်ကမူ "တကယ်တော့ ဂျိမ်း(စ်)ဘွန်းဆိုသော ဇာတ်ဆောင်နှင့် ကျွန်တော် သိကျွမ်းခင်မင်ခဲ့သော စာရေးဆရာ အီယန်ဖလီမ်းမင်းတို့ဟာ ခွဲခြားမရပါဘူး။ သူနှစ်သက်တဲ့ အဝတ်အစားတွေ၊ သူကြိုက်တဲ့ အစားအစာတွေ၊ သူ့ရုပ်ရည်နဲ့ တန်ဆာဆင်ထားတဲ့ ဂျိမ်း(စ်)ဘွန်းကို ရုပ်ရှင်ပိတ်ကားပေါ်မှာ ကျွန်တော်ကြည့်လိုက်တိုင်း ဂျိမ်း(စ်)ဘွန်းအဖြစ် သရုပ်ဆောင်တဲ့ ရှောင်ကွန်နရီကို မမြင်ပါဘူး၊ အီယန်ဖလီမ်းမင်းရဲ့ မျက်နှာကိုပဲ မြင်နေတာပါပဲ"ဟု သတင်းမီဒီယာများကို ထုတ်ဖော်ပြောခဲ့သည်။

သတင်းစာဆရာ ပီယာဆင်သည် စာရေးဆရာ အီ ယန်ဖလီမ်းမင်း၏ အတ္ထုပ္ပတ္တိသာမက "James Bond The Authorised Biography Of 007" သက်ဆိုင်ရာမှ ခွင့်ပြုချက်အရ ပြုစုထားသော ဂျိမ်း(စ်)ဘွန်း၏ အတ္ထုပ္ပတ္တိကို ရေးသားထုတ်ဝေခဲ့ရာ အရောင်းရစံချိန်တင်ခဲ့သော စာအုပ်တစ်အုပ်ဖြစ်ခဲ့သည်ဟု ဆိုကြပါကြောင်း။ ။

လှျမ်းထက်

ကျမ်းကိုး– The Secret World Of 007


# ခရုသင်း၊ သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ခရုသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်

- တိုက်(၁)၊အခန်း(၀၁၁)၊၄ - လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၁ - ၂၀၀၄၉၁။
- အမှတ်(၂၀၃)၊ ပထမထပ်၊ ယုဇနပလာဇာရှေ့၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၅၀၄၁၂၃၈။


www.burmeseclassic.com

www.burmeseclassic.com

# ရွှေဘို့ဘကမထိခင်အောင်

## မသဲဖြူ

နှင့်

## သွေးလူးသောမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com


''ဖော်လတ်..အပူးမခံနဲ့ အပူးခံနဲ့၊ ခွာထိုး.....ခွာထိုး၊ ဝိုက်လက်သီးကိုသတိထား၊ ဝိုက်လက်သီးကိုသတိထား''

''ရဲသွေးကွ...ရဲသွေး၊ ရဲသွေး အလဲထိုး၊ အလဲထိုးပစ်''

လက်ဝှေ့ဝါသနာရှင် ရွှေပွဲလာပရိသတ် ၅၀၀၀ ကျော်ကျော်၏ တစ်ခဲနက် တစ်ပြိုင်နက်တည်း အားပေးသံများသည် အောင်ဆန်းအားကစားပြိုင်ပွဲရုံကြီးဝန်းကျင်၌ ဟိန်းထည်းလျက်ရှိနေပေသည်။

မသဲဖြူ၏ရင်သည် တလုပ်လုပ်ဖြစ်နေရှာသည်။ အသက်ရှူပင် သေလိုလို၊ မသဲဖြူ၏ရင်တွင်းတွင် ထားဆယ်စင်း ခုတ်မောင်းနေသကဲ့သို့ ခံစားနေရတော့သည်။

လက်ဝှေ့ဗိုလ်လုပွဲကို ယခင်က ရဲသွေးထိုးလေတိုင်း အကြိမ်ကြိမ်ကြည့်ခဲ့ဖူးပေသည်။ ထိုစဉ်က မသဲဖြူ ရင်မမောမိ။ ယနေ့ည ထိုးသည့်ပွဲကျမှ မသဲဖြူ အရင်ကနှင့်မတူ ရင်တလုပ်လုပ် ဖြစ်နေရချေသည်။

ဘာကြောင့်နည်း။

''ရဲသွေး''

''ခင်ဗျာ''

''မင်းငါ့သမီးလေးကို တကယ်ချစ်လား၊ တကယ်လက်ထပ်မှာလား''

''တကယ်ချစ်တာပါ ဦး၊ တကယ်လည်း လက်ထပ်ယူမှာပါ ခင်ဗျာ''

''အေး.....ငါက လက်ဝှေ့သမားကွ၊ ပြောတိုင်းတော့ မယုံတတ်ဘူး''

ဦးဘကျားသည် လက်ဖက်ရည်တစ်ကျိုက်သောက်လိုက်ရင်း သူ့ရှေ့တွင် ကျုံ့ကျုံ့ကလေးထိုင်နေသော လက်ဝှေ့ကျော် ရဲသွေးကို တစ်ချက်စိုက်ကြည့်၍ အကဲခတ်လိုက်သည်။ ကိုယ်လုံးကိုယ်ပေါက်ထွားကျိုင်းသန်မာလှလေသော အသက်အားဖြင့် ၆၅ နှစ်ရှိ ဦးဘကျားအား ရဲသွေးက တုံ့ပြန်၍အကဲခတ်နေလေသည်။ ရဲရင့်တည်ကြည်ပြတ်သားတတ်သည့် လူစားတစ်ယောက်ဖြစ်ကြောင်း ဦးဘကျား၏ လေးထောင့်ကျသော မေးရိုးကားကားကြီးက ဖော်ညွှန်းနေပေသည်။ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ မိုဟာမက်အလီနှင့် တိုကျိုမြို့တွင် ထိုးယှဉ်ခဲ့သည့် ဂျပန်နပန်းသမားကြီး အန်တိုနီယိုအီနိုကီ၏ မေးရိုးပမာအလားတူနေသေးသည်။

''မင်းကို ငါ ပြတ်သားတဲ့စကားပြောမယ်၊ သေသေချာချာနားထောင်''

ရဲသွေးသည် ဦးဘကျားပြောစကားကို ပို၍ပို၍ ဂရုတစိုက်ရှိနေသည်သာမက ရင်တဖိုဖိုဖြင့် နားထောင်လျက်ရှိ၏။ မသဲဖြူသည်လည်း အိမ်တွင်းမှနေ၍ နားထောင်နေလေသည်။

''မင်း ဝိတ်တန်းမှာအကောင်းဆုံးလက်ဝှေ့သမားကတော့ ဖော်လတ်ပဲ၊ ရှေ့လမှာ အရှေ့တောင်အာရှလက်ဝှေ့လူရွေးပွဲရှိတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

ငါသိထားတယ်၊ မင်းလည်းသိပါတယ်လေ၊ အဲဒီပွဲမှာ မင်း ဖော်လတ်ကို အနိုင်သတ်နိုင်ရင် စင်ကာပူကို ပါသွားမှာ သေချာတယ်၊ ဒီတော့ကာ.....''

ဦးဘကျားသည် စကားကို ဆက်မပြောသေးဘဲ သူ့ထုံးစံအပြုအမူအတိုင်း မေးဖျားကို လက်ညှိုးဖြင့် ပွတ်သပ်နေ၏။ အတော်ကြာမှ စကားဆက်သည်။

''တိုတိုနဲ့လိုရင်းကိုပြောလိုက်မယ် ရဲသွေး။ (၁) မင်း နိုင်ငံ့လက်ရွေးစင်ဖြစ်တာနဲ့တစ်ပြိုင်နက် သမီးကို မင်းလက်ထပ်ခွင့်ရပြီမှတ်၊ (၂) မင်း စင်ကာပူကို သွားရတဲ့နေ့မှာ



**“ဘုရင့်နောင်ကျော်ထင်နော်ရထာရဲ့ 'နောင်ရိုးတိုက်ပွဲ'လို့ဆိုတာ မင်းသိထားပါ၊ မင်း စင်ကာပူလူရွေးပွဲမှာ နိုင်ကိုနိုင်မှဖြစ်မယ်၊ ရှုံးရင်တော့ ဆုံးရရှုံးရ၊ လက်လွှတ်ရမယ့် ကိန်းချည်းပဲဟေ့ မင်းအဖို့က”**

ဟောဒီ မိုးကုတ်ကျောက် နီ
လက်စွပ်တစ်ကွင်းကို မင်းလက်
စွပ်ပေးလိုက်မယ်၊ ငါပေးလိုက်
လိပ်စာရှင် သူဌေးဆီကိုသွား၊ သူ
လက်စွပ်ကို သိန်း (၁၀၀)၊
မဟုတ် သိန်း(၃၀၀)တန်တဲ့
ချောင်း ပြန်ပေးလိမ့်မယ်၊ အဲဒီ
ချောင်းကို မင်းအစွမ်းအစနဲ့ အတ
နိုင်ဆုံးဖုက်ပြီး ယူလာခဲ့ပေတော့၊ (၃)
စင်ကာပူလက်ရွေးစင်မဖြစ်ဘဲ လ
ရွေးပွဲမှာ မင်းရှုံးရင်တော့ မောင်
သွေးရေ မင်း ငါ့သမီးနဲ့ ဝေးပြ
သာမှတ်ပေတော့၊ ကဲ.....ငါပြော
တာ ရှင်းပြီလား''

''ဟုတ်ကဲ့ ရှင်းပါတယ် ဦး
လေး''

''အေး.....ငါပြောတာဟာ
ဘုရင့်နောင်ကျော်ထင်နော်ရထာရဲ့
'နောင်ရိုးတိုက်ပွဲ'လို့ဆိုတာ မင်းသိ
ထားပါ၊ မင်း စင်ကာပူလူရွေးပွဲမှာ
နိုင်ကိုနိုင်မှဖြစ်မယ်၊ ရှုံးရင်တော့
ဆုံးရရှုံးရ၊ လက်လွှတ်ရမယ့်ကိန်း
ချည်းပဲဟေ့ မင်းအဖို့က''

ဦးဘကျားက ရေနွေးကြမ်း
သောက်ရင်း ရဲသွေးကို အကဲခတ်
ပြန်သည်။

ရဲသွေးနှင့် သူ့သမီး မသဲ
တို့ လွန်ခဲ့သည့်(၃)နှစ် တက္ကသိုလ်
ပထမနှစ်ကတည်းက ချစ်ကြိုက်
ကာ သံယောဇဉ်အမျှင်တန်းနေခဲ့
ကြကြောင်းကို ဦးဘကျား သိထား
ခဲ့ပေ၏။ ထို့ကြောင့်လည်း
အဖြစ် တော်ကောင်းတော်ရမည့်
တက္ကသိုလ်ကျောင်းသား လက်သ
ကျော် ရဲသွေးအား အတွင်းစကား

www.burmeseclassic.com



ပြောကြားခြင်းဖြစ်ဟန်တူပါသည်။ ရဲသွေး လက်ဝှေ့ထိုးလေတိုင်း မသဲဖြူက လိုက်၍အားပေးလေ့ရှိ၏။ တစ်ဦးတည်းသော သမီးကလေးပေမို့ ဦးဘကျားက အလိုလိုက်ခဲ့လေသည်။ မိခင်မရှိရှာတော့သော အမိမဲ့သမီးကလေးပေမို့ လိုလေသေးမရှိ ဖြည့်ဆွမ်းပေးလျက်ရှိသည်ကိုလည်း ရဲသွေးက သိထားလေသည်။

ဦးဘကျားသည် တစ်ခေတ်တစ်ချိန်က အင်္ဂလိပ်၊ နီဂရိုး၊ ဂေါ်ရာ၊ ကုလားကပြား လက်ဝှေ့ကျော်တွေနှင့် ရန်ကုန် ဂျူဗလီဟောတွင် ကြေးစားတန်းလက်ဝှေ့ပွဲပေါင်း ၅၀ ကျော်မနည်း ထိုးသတ်လာခဲ့သည့် ကြေးစားတန်းလက်ဝှေ့ကျော်ကြီးတစ်ယောက်ဖြစ်ပေသည်။ ၁၄၇ ပေါင်တန်းမှ ထိုးသတ်ခဲ့သူတည်း။

"ဒီနယ်ချဲ့မျက်နှာဖြူတွေကို လက်ဝှေ့ယှဉ်သတ်ပြီး ကလဲ့စားချေမယ်၊ အခုအချိန်မှာ နယ်ချဲ့မျက်နှာဖြူတွေကို ကြိုးဝိုင်းအတွင်းမှာပဲ ကလဲ့စားချေလို့ရဦးမယ်၊ အဲ..... မြန်မာ့သွေး၊ မြန်မာ့သတ္တိကို ရဲရဲကြီးပြဖို့ ကိုယ့်ကိုယ်ကိုယ် ကတိပေးထားတယ်ဟေ့"ဟု ၁၉၃၉–၄၀ ခုနှစ်က ပြောခဲ့သူမှာ ဝယ်တာဝိတ် ၁၄၇ ပေါင်တန်း လက်ဝှေ့ချန်ပီယံ ဦးဘကျားပင်ဖြစ်တော့သည်။ ထိုခေတ်၊ ထိုကာလက ရန်ကုန်မြို့တွင် နာမည်ကျော် ကြေးစားလက်ဝှေ့သမားများဖြစ်သော နော်မန်ဂေါက်နှင့် ဂျော့ဂေါက်ဒီညီနောင်၊ တိုရီဒီမီလီရို–ဆိုးဆား၊ ဟာမက်ဟူစိန်၊ သူရဲဗအေး၊ အမေရိကန်နီဂရိုး ဂန်းဘုတ်ဂျက်တို့ ခေတ်ထနေစဉ်ကဖြစ်သည်။

ဘကျားသည် ဘယ်ဝိုက်လက်သီးထိုးချက် အထိုးကောင်းလှသူဖြစ်၍ နာမည်ကျော်ခဲ့ပေသည်။

ယခုအခါ ဦးဘကျားသည် အငြိမ်းစားရဲဝန်ထောက်အဖြစ်နှင့် ငြိမ်းချမ်းစွာနေရင်း ရှေ့နေလိုက်စားလျက်ရှိနေသည်။

"ရဲသွေး အလဲထိုး.....အလဲထိုး၊ ရဲသွေးကွ.....ရဲသွေး"

ရဲသွေး၏ ဘယ်ပင့်လယ်ဝိုက် ထပ်ဆင့်လက်သီးချက်နှစ်လုံးသည် ဇော်လတ်၏မေးဖျားနှင့် ဝမ်းဗိုက်ကို ထိလိုက်စဉ် ရဲသွေးသည် ညာဖြောင့်တိုတစ်လုံး ထပ်လောင်းသွင်းလိုက်သည်။ ထိုအခါ ဇော်လတ် မဟန်နိုင်ဘဲ 'ဝုန်း'ခနဲ လဲခွေကျသွားတော့သည်။

"ရဲသွေး....ရဲသွေး၊ ရဲသွေးတဲ့ဟေ့"

တစ်ရုံလုံး ပွက်လောရိုက်သွားလေတော့သည်။

ကြိုးဝိုင်းဒိုင်လူကြီးသည် အလဲကျအောင် ထိုးချလိုက်သူ ရဲသွေးအား ဥပဒေအတိုင်း ကြားထောင့် (အဖြူထောင့်)သို့ ချက်ချင်းသွားရောက်နေစေလေသည်။ လက်ဝှေ့ဥပဒေကို နားလည်သည့် ရဲသွေးသည် ချက်ချင်းပင် ကြားထောင့်ဆီသို့ ပြေးသွားကာ ရပ်နေ၏။ ဒိုင်လူကြီးသည် လဲကျနေသူ ဇော်လတ်အား အမှတ်စဉ်ရေတွက်လိုက်သည်။ (၁)(၂)(၃)(၄)(၅)(၆)(၇)(၈) အမှတ် ဆို(၈)တွင် ဇော်လတ် အားယူ၍ ပြန်ထလာသည်။

"ဇော်လတ် ထ.....ထ၊ ဇော်လတ်သတိထားထိုး၊ သတိထား ဘယ်ဝိုက်ကို သတိထား"

ဇော်လတ်၏ပရိသတ်များသည် ဇော်လတ်အား သောင်းသောင်းဖြဖြ အားပေးနေ၏။ ဇော်လတ်သည် မြန်မာပြည်လိုက်ဝိတ် (၁၃၂)ပေါင်တန်းမှ မြန်မာ့ချန်ပီယံဖြစ်သည်သာမက ပြည်ပပွဲ အကြိမ်ကြိမ်နွှဲလာခဲ့လေသူဖြစ်၍ လက်ဝှေ့ထိုးရာ၌ ပါးရည်နပ်ရည်ရှိလှ၏။ ကြိုးဝိုင်းဒိုင်က ပွဲဆက်လွှတ်စဉ်တွင် ရဲသွေးကို အရမ်းမဲ့ဝင်မသတ်ဘဲ စောင့်ထိုးထိုးနေသည်။ လဲကျသူဇော်လတ် အမူးမပြေမီ ထပ်ဆင့်လက်သီးသွင်းရန် ရဲသွေးကမဲ၍ တရကြမ်းဝင်ကျုံးလိုက်စဉ် ဇော်လတ်က ဘယ်ဖြောင့်ထောက်လက်သီးဖြင့် ဖမ်းထောက်လိုက်ပြီး ညာဖြတ်တစ်လုံး ဆွဲလိုက်ရာ ရဲသွေး ခါသွားသည်။

"ထိပကွ၊ ဇော်လတ် ဆက်ထိုး.....ဆက်ထိုး"

လက်ဝှေ့ကြိုးဝိုင်းနှင့်အနီးဆုံးရှေ့ဆုံးထိုင်ခုံ၌ကြည့်နေသော မသဲဖြူ၏မျက်နှာသည် သွေးဆုတ်သလိုဖြူဖပ်ဖြူရော် ဖြစ်နေရှာသည်။ သူချစ်သူ ရဲသွေးမျက်နှာကို အထိုးခံရသဖြင့် စိုးရိမ်စိတ်ဖြင့် ထိုင်ခုံလက်နှင့်တအားဖိညှစ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မသဲဖြူလေး၏ တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင်ဖြစ်နေရှာသည်။ ငါးကျပ်တန်းတစ်နေရာမှ ရုပ်ဖျက်၍ လက်ဝှေ့ပွဲသို့ လာရောက်ကြည့်ရှုနေလေသော ဦးဘကျားသည် သမီးလေး၏ မချိတင်ကဲဖြစ်နေပုံကိုကြည့်၍ စိတ်ထိခိုက်နေပေသည်။

"ဩော်...သမီးလေး...သမီးလေး။ သူ့ကောင်ကလေးကို ချစ်ရှာသားနော်၊ သမီးလေး စိတ်ထိခိုက်နေရှာပြီ၊ သူ့ခမျာ တစ်ယောက်တည်းရယ်"

ဦးဘကျားသည် သူ့သမီးလေးကို လှမ်းမျှော်၍ကြည့်ရင်း သနားကရုဏာ ပွားနေလေသည်။

ဇော်လတ်ထိုးသွင်းလိုက်သည့် လက်သီးချက်ကြောင့် ရဲသွေး၏ နှုတ်ခမ်းနှင့် နှာခေါင်းမှ သွေးရဲရဲနီနီများ ကျဆင်းလာသည်။

"ကိုရဲ.....ကိုရဲ.....ကိုရဲ"

မသဲဖြူမှာ မပွင့်တပွင့် မြည်တမ်းရင်း မျက်ရည်ပေါက်ပေါက်ကျလာတော့သည်။

ရဲသွေးသည် မကြောက်မရွံ့ နောက်သို့မတွန့်ဘဲ ခပ်ရဲရဲတိုက်စစ်ဆင်နေစဉ်အတွင်း ထိုးချိန်သုံးမိနစ်စေ့သွားပြီဖြစ်ကြောင်း ပွဲရပ်ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။

ပွဲပြီးလေပြီ။

တတိယအချီ ပြီးဆုံးသည့်နောက် ကြိုးဝိုင်းဒိုင်ဖြစ်သူ ဦးအေးကိုသည် အမှတ်ပေးဒိုင် ငါးဦးထံမှ အမှတ်ပေးဇယားများကိုယူ၍ ဂျူရီလူကြီး၏လက်သို့ ပေးလိုက်သည်။



ဂျူရီလူကြီးအဖွဲ့ ရမှတ်များကို ပေါင်းလိုက်ပြီးနောက် အခမ်းအနားမှူးဖြစ်သူ ဆရာဦးကြည်ထွန်း၏ လက်သို့ ပေးလိုက်သည်။

အခမ်းအနားမှူးဖြစ်သူ ဦးကြည်ထွန်းက ရွှေပွဲလာပရိသတ်များအား ကြေညာလိုက်လေသည်။

"ရွှေပွဲလာပရိသတ်များခင်ဗျား ၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ လက်ဝှေ့လူရွေးပွဲမှာ ယနေ့ည နောက်ဆုံးအဆိုင်းဖြစ်တဲ့ လိုက်ဝိတ်တန်း နောက်ဆုံးဗိုလ်လုပွဲမှာ အနီးထောင့်က လက်ဝှေ့ကျော် ဇော်လတ်ကို အမှတ်ပေးဒိုင် ငါးဦးမှ သည့်အနက် သုံးဦးက အနိုင်ပေး လိုက်ပါတယ်ခင်ဗျား။ နိုင်သူ ဇော်လတ်၊ ရှုံးသူ ရဲသွေး။ ဇော်လတ်ကို ၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ လက်ဝှေ့ပွဲအတွက် မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်လိုက်ပါကြောင်းကို ထပ်ဆင့်ကြေညာလိုက်ပါတယ်ခင်ဗျား"

"ဇော်လတ်ကွ၊ ဇော်လတ်တဲ့ဟေ့၊ ချန်ပီယံ ဇော်လတ်ကွဟေး....."

ပရိသတ်အများ၏ အားပေးသံသည် တဝေါဝေါ တသောသော။

ဇော်လတ်သည် မြန်မာ့လက်ရွေးစင်အဖြစ်နှင့် စင်ကာပူသို့လိုက်ပါသွားရတော့မည်ဖြစ်သဖြင့် ရွှင်မြူးကာ ကြိုးဝိုင်းပေါ်တွင် လက်နှစ်ဖက်ကိုမြှောက်၍ လှည့်ပတ်ပြေးနေတော့သည်။ ရဲသွေးခမျာ မှိုင်ငိုင်လျက် သူ့ထောင့်ကြိုးကြားမှကျော်၍ လေးတွဲ့စွာ ဆင်းလာလေသည်။ ရဲသွေး၏မျက်နှာတွင် သွေးစသွေးနတွေနှင့်။

လူ့သဘောသဘာဝအတိုင်း ရှုံးသူကို မည်သူကမျှ နှုတ်ဆက်အားပေးဖော်မရကြ။ ရဲသွေးသည် မျက်နှာမသာမယာနှင့် မသဲဖြူရှိရာသို့ ထွက်ခွာသွားသည်။

"ဟေ့....ရဲသွေး၊ ဘယ်သွားမှာလဲ"

သူ့အကူလူ (Seconds) က လက်လှမ်းဆွဲမေးလိုက်သည်။

"မဖြူဆီ"

www.burmeseclassic.com



"မင်းမဖြူ ပြန်သွားပြီ"

"ဟင်....."

"လာပါကွာ ...ရဲသွေးရာ၊ အဝတ်အစားလဲခန်းထဲ သွားကြပါစို့၊ မင်း အအေးမိလိမ့်မယ်၊ အဝတ်အစားလဲလိုက်ရအောင်"

"မဖြူပြန်သွားပြီ ဟုတ်လား"

"အေး...မဖြူကို လူကြီးတစ်ယောက် ဆွဲခေါ်သွားတာကို ငါမြင်လိုက်တယ်၊ မင်းမဖြူ တရှုပ်ရှုပ်နဲ့ငိုနေတာကိုလည်း ငါတွေ့ရတယ် ရဲသွေး"

"ဟင်...မဖြူငိုနေတယ်ဟုတ်လား၊ မဖြူငိုနေတယ်"

"အေး....."

"မဖြူလေးရယ်.....မဖြူရယ်၊ လွဲရပြီ မဖြူရယ်"

ရဲသွေးတစ်ယောက် မျက်ရည်ဆို့နေရှာသည်။ လက်သီးကြမ်းတမ်းသော လက်ဝှေ့သမားကြီးဖြစ်ပေမယ့် အသည်းနှလုံးနှင့်ပေမို့ ဝမ်းနည်းမှု၊ စိတ်ထိခိုက်မှုဖြစ်ရသည်မှာ ခမ္ဘာ။

"ရဲသွေး သွားကြပါစို့ ညီလေးရာ၊ မဖြူပြန်သွားပြီပဲဟာ၊ လာ...လာ၊ မနက်ဖြန်မှ မဖြူအိမ်ကို ငါလိုက်ပို့ပေးပါ့မယ်"

ညသည် တိတ်ဆိတ်ငြိမ်သက်လှသည်။ ပါရမီရပ်ကွက်၊ မဥ္ဇူလမ်းအတွင်းရှိ တစ်ထပ်တိုက်ပြာလေးအတွင်းသို့ ရဲသွေးတစ်ယောက်သည်း ရောက်လာ၏။

**အားကစားသမားတွေဟာ များသောအားဖြင့်ပေါ့ကွာ အကျင့်စာရိတ္တကောင်းမြတ်ကြတယ်၊ ကိုယ်ကျင့်တရားကောင်းတတ်ကြတယ်၊ ကိုယ်ချင်းစာနာစိတ်ရှိကြတယ်**

...

ည ၁၀ နာရီ ၅၅ မိနစ်ရှိနေလေပြီ။

ရဲသွေးသည် မဝံ့မရဲနှင့် တံခါးကို နှစ်ချက်ခေါက်လိုက်သည်။

ဦးဘကျားသည် ဧည့်ခန်းအတွင်းရှိ ပက်လက်ကုလားထိုင်မှာ ထိုင်လျက်ရှိသည်။ ဦးဘကျား၏ ပေါင်ပေါ်တွင် မသဲဖြူသည် ခေါင်းအုံးသဖွယ် ခေါင်းတင်ရင်း တလှိုက်လှိုက်နှင့် ရှိုက်၍ငိုနေရှာသည်။

ရဲသွေးသည် ရဲဆေးတင်ပြီး တံခါးကိုထပ်၍ခေါက်လိုက်ပြန်သည်။

"မအေးကြည်ရေ...ဧည့်သည်လာနေတယ်၊ ဖွင့်ပေးလိုက်"

အသက် ၃၀ အရွယ်ရှိ အိမ်ဖော် ဒေါ်အေးကြည်သည် တံခါးဖွင့်ပေးလိုက်သည်။

"ဟင်.....ကိုရဲ၊ ကိုရဲ.....ကိုရဲရယ်"

မသဲဖြူသည် သွေးလူး၍ ဖူးရောင်နေသောဒဏ်ရာတွေနှင့် ရဲသွေးကို မြင်လျှင်မြင်ချင်း စိတ်မထိန်းနိုင်တော့ပါဘဲ ချုံးပွဲချငိုမိလေတော့သည်။ တံခါးပေါက်ဝတွင် လက်ကလေးနှစ်ဖက်နောက်ပစ်၍ ရပ်နေရှာသော ရဲသွေးကို ဦးဘကျားက သားကောင်တွေ့သော ကျားရဲကြီးပမာ မာန်တင်းတင်းနှင့် မျက်တောင်မခတ် စိုက်ပြီးကြည့်နေသည်။ ပြီး.....

"ဟေ့ကောင်.....မင်းလာစရာမလိုတော့ဘူးဆိုတာ မသိဘူးလား"

"ခင်ဗျာ....."

"ဘာခင်ဗျာလဲ၊ မင်းပွဲရှုံးပြီပဲ၊ မင်းပွဲရှုံးတာနဲ့တစ်ပြိုင်နက် ငါ့သမီး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မင်း ဘာမှမဆိုင်တော့ဘူးဆိုတာ မင်းမသိဘူးလား.....ဟင်''

''ဖေဖေ.....ဖေဖေ၊ ကိုရဲကို သနားပါဖေဖေရယ်''

''ဟော့ကောင် ငါမေးနေတယ်''

ဦးဘကျားက တအားဟစ်လိုက်၍ ရဲသွေးတစ်ကိုယ်လုံး တုန်ခါသွား၏။

''သိ.....သိပါတယ် ဖေဖေ''

ဘယ်လိုကဘယ်လို ပါးစပ်မှ ထွက်သွားလေသည်ကိုပင် ရဲသွေး မသိလိုက်သော စကားကလေးမှာ ''ဖေဖေ''ဟူ၏။ တကယ်တော့ ရဲသွေး၏အဖေ သေဆုံးခဲ့သည်မှာ ၁၀ နှစ်ပင် ကျော်ခဲ့ပေပြီ။

အမှတ်တမဲ့ ''ဖေဖေ''ဟု ပထမဦးဆုံး အခေါ်ခံလိုက်ရသဖြင့် ဦးဘကျား၏ရင်ထဲ နင့်ခနဲဖြစ်သွားမိသည်ကတော့အမှန်။

''မင်းထွက်သွား၊ နောက်ဘယ်တော့မှ ငါ့သမီးကို လာမတွေ့နဲ့ ဒါပဲ''

''ဖေဖေ ကိုရဲ.....ကိုရဲကို သနားပါဦး ဖေဖေရယ်၊ သနားပါဦး၊ သမီးတို့ချစ်ခြင်းကို မခွဲပါနဲ့ ဖေဖေရယ်၊ သမီးတောင်းပန်ပါတယ် ဖေဖေရယ်''

မသဲဖြူက ဖေဖေ့ခြေထောက်ကိုကိုင်၍ တောင်းပန်နေသည်။

''မဖြူ ကိုရဲသွားတော့မယ်၊ ဖေဖေ့ကို ကန်တော့ခဲ့ပါတယ်ခင်ဗျာ''

တံခါးပေါက်ဝတွင် ဒူးကလေးတုပ်၍ ရဲသွေးသည် ရိုကျိုးစွာကန်တော့နေရှာသည်။



''စိတ်ချပြီဟေ့ စိတ်ချပြီ၊ စိတ်ချပြီ၊ ဖေဖေစိတ်ချသွားပြီ''

ဦးဘကျားသည် လှိုက်လှဲသော ပီတိသောမနဿဖြင့် ဟစ်ကြွေးလိုက်ရာ မသဲဖြူ၊ ရဲသွေးနှင့် မအေးကြည်တို့သုံးဦးသား အံ့သြထိတ်လန့်သွားတော့သည်။

''ကဲလာ.....ငါ့သား မောင်ရဲသွေး၊ လာ.....လာ၊ ဒီမှာထိုင်၊ ဖေဖေ အားလုံးဖွင့်ပြောလိုက်တော့မယ်၊ လာကွယ်.....မောင်ရဲသွေး ထိုင်.....ထိုင်၊ ဘာမှမကြောက်နဲ့ ကဲ.....မအေးကြည်လည်းထိုင်''

ဘာပြော၍ ဘာတွေဖြစ်မည်ကိုမသိ၍ အားလုံး အံ့အားသင့်နေကြ၏။ မသဲဖြူနှင့် ကိုရဲသွေးမှာ ဝမ်းသာရတော့မလိုလို၊ ဝမ်းနည်းရမလိုလို ဖြစ်နေလေ၏။ အားလုံးသည် ဦးဘကျားကို စူးစူးစိုက်စိုက် ကြည့်နေကြလေသည်။

''ဖေဖေပြောမှာကတော့ ဒီလိုကွဲ့၊ မသဲဖြူလေးရဲ့မေမေဟာ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ကားတိုက်ပြီး သေဆုံးရှာတယ်၊ သမီး ၅ နှစ်ကျော်ကျော်ပဲရှိဦးမယ်၊ သမီးလေးရဲ့ မေမေ ဆုံးပြီးတဲ့နောက် ဖေဖေ့မှာ ဖခင်တာဝန်ရော၊ မိခင်တာဝန်တွေပါ ဒီသမီးကလေးအတွက် ထမ်းဆောင်ခဲ့ရတယ်ပေါ့၊ သမီးကလေး တက္ကသိုလ်ရောက်တော့ မောင်ရဲသွေးနဲ့ မေတ္တာရှိကြတယ်ဆိုတာ ကြားရတော့ ဖေဖေ တော်တော်ပဲ ထိတ်လန့်သွားတယ်၊ ငါ့သမီးလေး လူကောင်းသူကောင်းနဲ့ မဟုတ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com


**“ဖေဖေက မောင်ရဲသွေးကို အမျိုးမျိုး စမ်းလိုက်တာပါပဲ၊ စမ်းတာ တစ်ချက်တည်းမဟုတ်ဘူးကွဲ့၊ လက်ဝှေ့အနိုင်ရမှုဆိုတာရယ်၊ နီလာလက်စွပ်ကိစ္စရယ်၊ လက်ဝှေ့ပွဲပြီးတော့ မောင်ရဲသွေးကိုထားခဲ့ပြီး သမီးကို ခေါ်လာခဲ့တာရယ်၊ စောစောက နှင်ထုတ်တာရယ်ပေါ့ကွာ”**

ရင် ငါးပါးမှောက်ရချည်ရဲ့ဆိုပြီး မောင်ရဲသွေးနဲ့ပတ်သက်လို့ စုံစမ်းကြည့်လိုက်တော့ လက်ဝှေ့သမားဆိုတာ သိရတယ်၊ ဖေဖေလည်း လက်ဝှေ့အားကစားသမားပါ၊ အားကစားသမားတွေဟာ များသောအားဖြင့် ပေါ့ကွာ အကျင့်စာရိတ္တကောင်းမြတ်ကြတယ်၊ ကိုယ်ကျင့်တရားကောင်းတတ်ကြတယ်၊ ကိုယ်ချင်းစာနာစိတ် ရှိကြတယ်၊ ကတိလည်း တည်တတ်ကြလေ့ရှိတာမို့ မောင်ရဲသွေးကို တစ်နည်းအားဖြင့် ကျေနပ်နေမိတယ်''

ရဲသွေးနှင့် မသဲဖြူတို့က ဦးဘကျားစကားကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။

''သမီးနဲ့ ရာသက်ပန် လက်ဆက်ရမယ့်ကလေးဟာ သမီးလေးအပေါ် မေတ္တာသစ္စာ၊ သံယောဇဉ်အကယ်ရှိ မရှိ ဖေဖေက မောင်ရဲသွေးကို အမျိုးမျိုး စမ်းလိုက်တာပါပဲ၊ စမ်းတာ တစ်ချက်တည်းမဟုတ်ဘူးကွဲ့၊ လက်ဝှေ့အနိုင်ရမှုဆိုတာရယ်၊ နီလာလက်စွပ်ကိစ္စရယ်၊ လက်ဝှေ့ပွဲပြီးတော့ မောင်ရဲသွေးကိုထားခဲ့ပြီး သမီးကို ခေါ်လာခဲ့တာရယ်၊ စောစောက နှင်ထုတ်တာရယ်ပေါ့ကွာ''

ဦးဘကျားက စကားကို ခဏနားပြီး ရဲသွေးကို အကဲခတ်လိုက်သည်။ စိတ်ဝင်စားစွာ နားထောင်နေသည်ကိုတွေ့တော့မှ စကားဆက်ခဲ့သည်။

''လက်ဝှေ့ပွဲအနိုင်ရမှ သမီးနဲ့ လက်ဆက်ရမယ်ဆိုတာက မင်းပဲ အနိုင်ရစေချင်လို့ပါ၊ ဒီပွဲမှာ မောင်ရဲသွေးရဲ့နိုင်ပွဲပါ၊ အခန့်မသင့်လို့ဆိုတာ သိလိုက်တယ်၊ လက်စွပ်ရောင်းဖို့ဆိုတာကလည်း ငွေမက်တတ်လားလို့ စမ်းကြည့်တာပါပဲ၊ ဖေဖေဘယ်တော့မှ တိုင်းပြည်နဲ့လူမျိုးအပေါ် သစ္စာမဖောက်ဘူး၊ စင်ကာပူမှာလည်း ဖေဖေ့အသိ မရှိပါဘူး၊ ပြီးတော့ လက်ဝှေ့ပွဲအပြီး သမီးကိုခေါ်လာတာကို မောင်ရဲသွေး စိတ်ကောက်ပြီးသာ ဒီည ဖေဖေ့အိမ်ကို မလာခဲ့ရင် သမီးကို တကယ်ချစ်တဲ့လူလို့ ဖေဖေတွက်မှာမဟုတ်ဘူး''

ရဲသွေးမှာ သက်ပြင်းချရင်း တော်သေးတာပေါ့ဟု တွေးနေမိသည်။

''နောက်ဆုံးအဆင့်ကတော့ ဖေဖေနှင်ချတာကို တစ်ခွန်းပြန်မပြောတဲ့အပြင် ဗုဒ္ဓဘာသာပီပီ ဖေဖေ့ကိုထိုင်ပြီး ကန်တော့လိုက်တော့ ဖေဖေစမ်းတဲ့ အဆင့်(၄)ဆင့်စလုံး အောင်မြင်သွားခဲ့တယ်၊ မောင်ရဲသွေးကို စိတ်ချပြီ၊ မောင်ရဲသွေးနဲ့ သမီးလေး ထာဝရ ချစ်ချစ်ခင်ခင် နေသွားကြရမယ်၊ ကဲ…ကဲ ဖေဖေပြောချင်တာကတော့ ဒါလောက်ပါပဲကွယ်''

''ဝမ်းသာလိုက်တာ ဖေဖေရယ်''

မသဲဖြူသည် သူ့ဖေဖေလည်တိုင်ကို လက်နှစ်ဖက်နှင့် တအားသိုင်းဖက်၍ သူ့ဖေဖေပါးနှစ်ဖက်ကို နမ်းပစ်လိုက်သည်။

''ဖေဖေ့ကို ကျေးဇူးတင်မဆုံးဖြစ်ရပါတယ်ခင်ဗျာ၊ ကျွန်တော် မဖြူ လေးကို ရာသက်ပန် ရိုးမြေကျ လက်တွဲသွားမယ်လို့ ကတိပေးပါတယ် ဖေဖေရယ်''

''အေးကွယ် သာဓု..သာဓု.. သာဓု၊ သားနဲ့သမီး ရာသက်ပန် ထာဝရ ပေါင်းသင်းနိုင်ကြပါစေလို့ ဖေဖေဆုတောင်းပါတယ်''

ရွှေကိုတာမထီးခင်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်းဝဉ့်မြေတောခက်

## ထိုင်းပြန်လူငယ်တစ်ယောက်အကြောင်း (၅)



www.burmeseclassic.com

www.burmeseclassic.com


ကြီးကျောင်းဆိုတာရှိတယ်။ တစ်နေ့မှာတော့ ထားဝယ်ဘက်က ဘုန်းကြီးတူလေး ဖေမောင်စိုးဆိုတာ ရောက်လာခဲ့တယ်။ ဆွေဆွေငြိမ်းဟာ ကိစ္စကြီးငယ်ရှိရင် ဘုန်းကြီးကျောင်းရှေ့ကနေ ဖြတ်သွားဖြတ်လာ လုပ်ရတယ်လေ။ အဲဒီအချိန်မှာ ဘုန်းကြီးကျောင်းက ကိုရွှေညော်သည့် ဖေမောင်စိုးရဲ့ အကြည့်တွေအောက်မှာ ဆွေဆွေငြိမ်းမည်တဲ့ ကောင်မလေးဟာ စွဲမက်စရာအဖြစ် နှလုံးသားမှာ ထင်ဟပ်သွားတယ်။ ဒီတွင်ပဲ သူကအလာ၊ ကျွန်တော်က အသွားဆိုတဲ့အတိုင်းပါပဲ။ တစ်ယောက်နဲ့တစ်ယောက် မေတ္တာသက်ဝင် သံယောဇဉ်နှယ်မျှင်တန်းသွားကြတဲ့ အဖြစ်တွေပဲပေါ့လေ။

သမုဒယဒီရေတွေတိုးပြီး သံယောဇဉ်ရပ်ဝန်း ကျယ်ပြန့်လာတဲ့အခါမှာတော့ စွဲလမ်းမှုတွေ အရမ်းမြင့်မားပြီး ရယူပိုင်ဆိုင်လိုကြတဲ့ အခြေအနေမျိုးထိ ဖြစ်ခဲ့ကြပြီပေါ့။

အဲဒီမှာတင် စိတ်ကူးယဉ်မှုရဲ့ ဆိုးကျိုးတရားကို သူတို့နှစ်ယောက် ချက်ချင်းခံစားသွားကြရတယ်။ တစ်ယောက်က ဘုန်းကြီးကျောင်းမှာ မီးခိုကပ်ရပ်နေတဲ့လူ၊ တစ်ယောက်က မုန့်တိုက်မှာ လုပ်ဖော်ကိုင်ဖက် ကောင်မလေးတွေနဲ့ ငါးပိသိပ်ငါးချဉ်သိပ် အိပ်နေကြတာ။ ခု လင်မယားယူဖြစ်ကြပြီး မင်္ဂလာဦးည ဘယ်မှာ စခန်းသွားပြီး ညအိပ်ကြမလဲ။ ကဲ... ဒါဆို ဒီညတော့ မောင်ကြီးကောနှမကော အကုန်လုံး လက်ရှေ့... လိုက်ကြပေါ့ဗျာ။ လူ့ဘဝမှာ ဆင်

ဆွေဆွေငြိမ်းဆိုတဲ့ ကောင်မလေးကတော့ ကြို့ပင်ကောက်နယ်မှလေးတစ်ရွာကပါပဲ။ သူတို့ရွာ၊ သူတို့ပတ်ဝန်းကျင်မှာတော့ လယ်ယာလုပ်ငန်းနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ အဓိကလုပ်ကိုင်ကြတယ်။ သူတို့ရွာနဲ့ သူတို့ဝလေ့ အဆင်တော့ပြေကြပါတယ်။ ဒါပေမဲ့ ဆွေဆွေငြိမ်းတစ်ယောက်ကတော့ အရွယ်ရောက်လို့ အပျိုပေါက်ဖြစ်လာတဲ့အချိန်မှာ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနဲ့အတူ စိတ်ပိုင်းဆိုင်ရာတွေလည်း ပြောင်းလဲလာတယ်။

သူက ရွာမှာတင် နစ်မနေချင်ဘူး။ မြို့ပေါ်တက်ပြီး အလုပ်လုပ်ချင်လာတယ်။ စွန့်စားတယ်လို့ပဲဆိုရလေမလား။ ကောင်မလေးဟာ အထုပ်ကလေးပိုက်ပြီး မြို့ပေါ်ရောက်လာခဲ့တယ်။ ဘာပညာမှ လည်းမရှိတော့ ဘယ်နေရာတွေမှာ အလုပ်ရမှာလဲ။ သူမ ကံကောင်းတယ်လို့ပဲ ဆိုရပေမပေါ့။ မုန့်တိုက်တစ်ခုမှာ အလုပ်ရသွားတယ်။ အခြားအလုပ်သမလေးတွေနဲ့အတူပေါ့။ အတူအိပ်၊ အတူစားပေါ့ဗျာ။

ဆွေဆွေငြိမ်း အလုပ်လုပ်နေတဲ့မြို့က ဧရာဝတီမြစ်ကမ်းနံဘေးက ပြည်မြို့မှာပဲ။ ကောင်မလေးမှာ စုမိဆောင်းမိ မရှိပေမယ့် သူ့အလုပ်နဲ့သူ ကျေနပ်နေတယ်။ ဆွေဆွေငြိမ်းဟာ ပြည်မြို့မှာပဲသုံးနှစ်လောက် ကြာသွားတဲ့အချိန်မှာ အသက်အရွယ်က ဆွဲခေါ်လာတဲ့ ရုပ်ပိုင်းဆိုင်ရာ ဖွံ့စည်းပုံလေးဟာဖွံ့ထွားပြည့်ဖြိုးပြီး အရမ်းကြည့်ကောင်းလာတယ်။

ဆွေဆွေငြိမ်းတို့ အလုပ်လုပ်တဲ့ မုန့်တိုက်အနီးမှာ ပုဏ္ဏရိပ်ဘုန်း

www.burmeseclassic.com

www.burmeseclassic.com



ခြင်တုံတာရားမဲ့မှုရဲ့ ဒုက္ခဆိုတာ အဲဒါပါပဲ။

ခု သူတို့မှာ ယူဖြစ်ကြတာပဲရှိသေးတာ။ ညားကြတာမဟုတ်သေးဘူးခင်ဗျ။ ပုဆိုးလည်း တန်းမတင်ရသေးဘူး၊ ထဘီလည်း ကွင်းမကျွတ်သေးဘူး။ သူတို့နှစ်ယောက် ဘယ်လောက်များ ခံစားကြရမလဲဗျာ။ အဲဒီထက် ထူးဆန်းတာက ဆွေဆွေငြိမ်းရဲ့ယောကျ်ား ဖေမောင်စိုးဟာ ပေါက်ကွဲတာများလား၊ ရိုးသားတာလား၊ မသိနားမလည်တာလား ဝေခွဲရတော့ အခက်သားခင်ဗျ။ အကြောင်းကတော့ မယားအဖြစ်ယူထားပြီး အတူအိပ်စက်ခြင်း တစ်ကြိမ်တစ်ခါမျှ လင်ခန်းမယားခန်း မမြောက်သေးတဲ့ မိန်းမချောကိုထားပြီး သစ်မှောင်ခိုစက်လှေနဲ့ စီးပွားရှာလိုက်သွားသတဲ့လေ။ ဩော်...လူမှုဘဝဒုက္ခက ကြီးလှပါကလား။ ဒုက္ခဆိုတာ ဒါပါပဲလေ။

ဆွေဆွေငြိမ်းတစ်ယောက် ငယ်ချစ်လင်ကိုမျှော်တယ်။ အလုပ်လုပ်တော့လည်း တငေးငေးတငိုင်ငိုင်၊ ညအိပ်တော့လည်း အိပ်တစ်ဝက်၊ နိုးတစ်ဝက်။ ချစ်တယ်ဆိုတာ အရမ်းစွဲလမ်း၊ အရမ်းတမ်းတ၊ အရမ်းလွမ်းရတဲ့ အဖြစ်ပါလားလို့ ဆွေဆွေငြိမ်း သိနေရပြီပေါ့။

"သမီးရယ် သမီးတို့က တရားဝင် လင်မယားဖြစ်နေကြပြီပဲ၊ ယောကျ်ားမရှိဘဲ ဒီမှာနေလို့ဘယ့်ဖြစ်မလဲ၊ အဒေါ်က ဖေမောင်စိုးရဲ့ အဒေါ်ပါ၊ သမီး အဒေါ်နဲ့ ထားဝယ်ကို လိုက်ခဲ့နော်"

ဆွေဆွေငြိမ်းနား စကားလာပြောနေတဲ့ အမျိုးသမီးကြီးကို ကြည့်လိုက်တယ်။

"အဒေါ်ကြားတာက သမီးတို့ကို ဟိုဘက်ဒီဘက် မိဘတွေကကလည်းသတင်းတွေကြားကတည်းက သဘောမတူကြဘူးလို့ သိရတယ်"

"ဟုတ်တယ် အဒေါ်၊ သမီးတို့အဖေအမေတွေကလည်း လမ်းပေါ်မှာညားကြတာ၊ လမ်းပေါ်မှာနေကြတဲ့၊ သမီးရှက်လိုက်တာ"

ဝမ်းနည်းခြင်း၊ ရှက်ခြင်းစတဲ့ အကြောင်းတရားတွေကြောင့်ပဲထင်ရဲ့။ ဆွေဆွေငြိမ်းရဲ့ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်အိုင်နေတယ်။

"နော်...သမီး နော်၊ အဒေါ်နဲ့ လိုက်ခဲ့ပါ"

"သမီးရှက်တယ်"

ဆွေဆွေငြိမ်းမှာ ရှိုက်ကာရှိုက်ကာ ငိုနေလေပြီ။

"ဖေမောင်စိုးထွက်သွားတာ ဘယ်လောက်ကြာပြီလဲ"

"အဒေါ်ကလည်း လခွဲထက်မကြာဘူးဆိုပြီး ပြောသွားတာ၊ ခု ၃ လရှိပြီ"

"ဟင်....."

လင်ယောကျ်ားက လင်မယားယူဖြစ်ပြီး တစ်ညမှမအိပ်စက်ရသေးတဲ့ ဇနီးချောကိုထားပြီး ခရီးထွက်သွားတာ ဘယ်ဆီရော်ရမ်း မှန်းဆမသိနိုင်ပြီဆိုတော့ သံယောဇဉ်နှလုံးသားမှာ ပူမီးဖြာဝေ သောကနွယ်ခွေရပြီပေါ့။

နောက်ဆုံးတော့ အမှားအမှန်မဝေခွဲနိုင်တဲ့ ဆုံးဖြတ်ချက်နဲ့ ဆွေဆွေငြိမ်းတစ်ယောက် အထုပ်လေးပိုက်လို့ လိုက်သွားခဲ့လေပြီ။ သူမဘဝက ချစ်ဆိပ်သင့်တဲ့ လွမ်းဒဏ်ရာ ရခဲ့ပြီပေါ့လေ။



www.burmeseclassic.com

**ကိုယ်တို့ အလုပ်က ဥပဒေနဲ့ မလွတ်ကင်းတဲ့ အလုပ်ဆိုတော့ ပိုဆိုးတာပေါ့၊ ဒီတစ်ချီတော့ ဟုတ်တော့မယ်ဆိုပြီး ကြိုးစားနေတုန်းမှာပဲ သက်ဆိုင်ရာတွေက ဖမ်းလို့ ခွေးပြေးဝက်ပြေး ပြေးခဲ့ရတာ**

ဖေမောင်စိုးက ထားဝယ်သား ဆိုပေမယ့် ထားဝယ်မြို့သားတော့ မဟုတ်ဘူးခင်ဗျ။ ထားဝယ်မြို့နယ်ထဲက ပြင်းထိန်ဆိုတဲ့ ရွာကလေးက ပါပဲ။ ဖေမောင်စိုးရဲ့မိဘ၊ ဆွေဆွေငြိမ်းရဲ့ ယောက္ခမတွေကတော့ အိမ်ပေါ်ရောက်လာတဲ့ ချွေးမကို ဘာမှတော့ မပြောကြတော့ပါဘူး။ အသာတကြည့်ပဲ လက်ခံထားလိုက်ကြတယ်။ ဆွေဆွေငြိမ်းအတွက် တစ်ပူတော့ အေးခဲ့ရပြီလို့ ဆိုနိုင်တာပေါ့။

ဆွေဆွေငြိမ်းရဲ့ ယောက္ခထီးကတော့ ဗိန္ဒောဆေးဆရာ။ မိသားစုအလုပ်ကတော့ ဇင်ဖျာရက်ကြတယ်။ ဆွေဆွေငြိမ်းလည်း သူ့ခြံရောက်တော့ သူ့နွားပေါ့။ သူတို့လုပ်တာမှာ ဝင်လုပ်တယ်။ သူမမှာ အကြင်နာနှလုံးသားနဲ့ လင်မျှော်စိတ်က နေ့တိုင်း အချိန်တိုင်း ရှိနေတာကလား။

လင်မယားယူပြီးကြလို့ ၆ လ တိတိ ကြာတဲ့အချိန်မှာတော့ အရမ်းချစ်တယ်ဆိုတဲ့ လင်ယောကျ်ားဆီက စာတစ်စောင်ရောက်လာတယ်။ ပိုက်ဆံကလည်း ဟုတ်တိပတ်တိ မရသေးတာနဲ့ အိမ်မပြန်နိုင်သေးတဲ့ အကြောင်းရယ်လေ။

ကဲ.....ဘာတတ်နိုင်မှာလဲ။ အလွမ်းမင်းသမီးလေး ဆွေဆွေငြိမ်း လင်မျှော်စိတ်နဲ့ လွမ်းရစ်လေဦးပေါ့လေ။ မျက်ဝန်းအိမ်ထဲမှာတော့ လွမ်းမျက်ရည် သီသီဝေ့လို့။

ဟော.....မောင်မင်းကြီးသား ဆွေဆွေငြိမ်းရဲ့ သိပ်ချစ်တဲ့ လင်ယောကျ်ား လက်ချည်းဗလာ ငွေမပါဘဲ ခေါင်းငိုက်စိုက်နဲ့ ရောက်လာခဲ့ပြီလေ။

ဆွေဆွေငြိမ်းတစ်ယောက် ဘယ်လောက်များ ခံစားရမလဲဗျာ။ သနားပါတယ်။

"ရှင် ငွေရှာသွားတာကော ဟုတ်ရဲ့လား"

"ငြိမ်းရယ် ကိုယ်လည်း ငွေမပါရင် အိမ်မပြန်ဘူးဆိုပြီး လုပ်နေခဲ့တာပဲကွာ၊ ကိုယ်တို့အလုပ်က ဥပဒေနဲ့ မလွတ်ကင်းတဲ့အလုပ်ဆိုတော့ ပိုဆိုးတာပေါ့နော်၊ ဒီတစ်ချီတော့ ဟုတ်တော့မယ်ဆိုပြီး ကြိုးစားနေတုန်းမှာပဲ သက်ဆိုင်ရာတွေကဖမ်းလို့ ခွေးပြေးဝက်ပြေး ပြေးခဲ့ရတာ"

"......"

"ဒါတောင် လုပ်ငန်းရှင်တွေက ကိုယ်တို့ကို သနားလို့ အတင်းပြေးခိုင်းပြီး သူတို့ပဲ ခေါင်းခံသွားလို့သာပေါ့"

"အောင်မယ်လေး...ကိုမောင်ရယ် အချုပ်အနှောင်မကျဘဲလွတ်လာတာ တော်သေးတာပေါ့ရှင်၊ မဟုတ်ရင် ကိုမောင်နဲ့ငြိမ်း ပြန်တွေ့ဖို့ ဘယ်လွယ်မလဲ"

ဆွေဆွေငြိမ်းမှာ ပြောရင်း မျက်ရည်များလည်လာတယ်။

"ငြိမ်း မှတ်ထားတယ်၊ ကိုမောင် ငြိမ်းကို ဒီအတိုင်းထားပြီး ထွက်သွားတာ တစ်နှစ်တိတိကြာတယ်"

"ဟုတ်တယ် ငြိမ်း၊ ကိုမောင်လည်း အရမ်းခံစားရတယ်၊ အခြေအနေကမပေးဘူး၊ ဘဝတွေပေါ့ကွယ်"

သည်တစ်ခါတော့ တစ်ဦးနဲ့တစ်ဦး ပြန်လည်ခွဲခွာကြရမှာ ကြောက်နေကြပြီထင်ပါရဲ့။ တိုးဝှေ့လုဖက်ကြရင်း ရင်ဘတ်ချင်း ပိုမိုထိကပ်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



“ငြိမ်းရယ် ဒီတစ်ခေါက် အဖေကြီး ဆေးကုထွက်ရင် ကိုမောင်ပါ လိုက်သွားမယ်နော်”

“ကိုမောင်တစ်ယောက်တည်း လိုက်လို့ဘယ်ဖြစ်မလဲ၊ ကိုမောင့်ကို ငြိမ်းမပါဘဲ ဘယ်မှမလွှတ်တော့ဘူး။ ကိုမောင်ဘယ်သွားသွား ငြိမ်းလိုက်မယ်”

“ငြိမ်းလိုက်လို့ ဘယ်ဖြစ်မလဲ၊ တစ်ရွာဝင်တစ်ရွာထွက် သွားရတာလေ၊ နောက်ပြီး ငြိမ်းမှာက သားလေးနဲ့ဖြစ်နေပြီလေ”

“ဟင့်အင်း.....မရဘူး၊ လိုက်မယ်၊ သားလေးပါခေါ်မှာပေါ့၊ သားလေးကို ကိုမောင်နဲ့ငြိမ်း အလှည့်ကျချီမယ်လေ၊ နောက်ပြီး ငြိမ်းက အလကားလျှောက်လိုက်မှာမဟုတ်ဘူးလေ၊ တစ်ရွာဝင်တစ်ရွာထွက် ဈေးရောင်းမယ်”

သည်လောက်တောင်ဖြစ်နေမှတော့ မထူးတော့ပါဘူးလို့များ လင်တော်မောင် သဘောပေါက်သွားလေပြီထင့်။ ဘာသံမှတော့ ထွက်မလာတော့ဘူး။

ဆွေဆွေငြိမ်းကား အာဂမိန်းကလေးပါပဲ။ ကလေးကို ခါးထစ်ခွင်တင်ပြီး ဈေးတောင်းခေါင်းရွက်ကာ ရွာစဉ်လျှောက်လို့ ဈေးရောင်းထွက်ခဲ့လေပြီ။ ဖေမောင်စိုးက အဖေ့ပညာကိုလည်းသင်၊ အဖေ့ကိုလည်း ကူညီရာရောက်အောင် အဖေဗိန္ဒောဆရာနောက်ကလိုက်တယ်။ သည်တော့ လင်နဲ့မယား တစ်ခရီးတည်းသွားပြီး စီးပွားအတူရှာကြတာပေါ့ ပျာ။

အဲဒီအချိန်မှာ ၁၉၈၈ ခုအရေး အခင်းပြီးလို့ နိုင်ငံမှာ ပြန်လည်ထူ ထောင်ရေးလုပ်ငန်းတွေ လုပ်နေချိန် ပေါ့။ တနင်္သာရီဘက်မှာတော့ ထားဝယ်–ရေး ရထားလမ်းဖောက်နေချိန်ပေပဲ။ လုပ်အားတွေကိုတော့ ပြည်သူက ပေးဆပ်ရတဲ့ကာလပေါ့။ တစ်အိမ် တစ်ယောက်ကျ ထွက်ရတယ်။ မလိုက်နိုင်တဲ့ မိသားစုတွေအတွက် ဆွေဆွေငြိမ်းတို့လင်မယားက အစားထိုးဝင်လုပ်ပေးကြတယ်။ သတ်မှတ်လုပ်အားခလေးရတာပေါ့။ မြေတူး၊ မြေသယ်၊ ကျောက်သယ်နဲ့ အလုပ်ကြမ်းမို့ အရမ်းပင်ပန်းကြတယ်။ နွေနေကြီးကလည်း မာန်ဖီပြီး နှိပ်စက်တဲ့ရာသီဆိုတော့ ပိုဆိုးတာပေါ့။

ဆွေဆွေငြိမ်း မတွေဝေခဲ့ပါဘူး။ မောင်တစ်ထမ်း မယ်တစ်ရွက်ပေါ့။ ဘဝကြမ်းသမားတွေရဲ့ ရုန်းကန်ခြင်းသရုပ်သကန်တွေပေါ့။



“ငြိမ်းရယ် တို့ဘဝ ဒီလိုနေလို့ မဖြစ်တော့ဘူး”

“ကိုမောင်က ဘယ်လိုလုပ်ချင်လို့လဲ”

“ဒီလိုကွဲ့၊ တို့မှာ ညီလေးတစ်ယောက် ထိုင်းမှာရှိတယ်၊ ဒီကောင်က ရနောင်းမြို့၊ ဖန်ဖလားသဘော် ဒေါက်တင်ဒေါက်ချလုပ်ငန်းမှာ လုပ်တာလေ”

“ဘယ်လိုလဲ ကိုမောင်က ငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



ကိုပစ်ထားပြီး သွားမလို့လား၊ ကိုမောင်ဘယ်သွားသွား ငြိမ်းလိုက်မှာနော်၊ ကိုယ့်ယောက်ျားနဲ့ ခွဲခွာနေရတဲ့ ဒုက္ခမျိုးကို ငြိမ်း နောက်ထပ်မခံစားပါရစေနဲ့နော်''

''ဪ...ငြိမ်းရယ်၊ ကိုမောင်ငြိမ်းကို မခွဲတော့ပါဘူးနော်၊ ငြိမ်းကိုပါ ခေါ်သွားမှာပါ၊ အဲဒါ သားလေးအတွက်ကိုပဲ စဉ်းစားနေတာ''

''ကိုမောင်ကလည်း တို့က တစ်သက်လုံးထွက်သွားမှာမှမဟုတ်တာ၊ ဟိုမှာလုပ်လို့ကိုင်လို့ အဆင်ပြေတော့ ပြန်လာကြမယ့်ဟာကို၊ သားလေးက နို့မလိုတော့ဘူးလေ၊ ဒီမှာ အမေတို့နဲ့ အပ်ထားခဲ့လို့ရတာပေါ့''

လင်ယောက်ျားကတော့ မိန်းမကို စိုက်ကြည့်ရင်း လေပူတစ်ချက်မှုတ်ထုတ်ပစ်လိုက်တယ်။

ဆွေဆွေငြိမ်းကတော့ လင်ကိုတကယ်ချစ်တဲ့ လင်ချစ်မပါ။ အခုတော့ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ခဲ့လေပြီ။ ယောက်ျားလက်မောင်းလေးကို တွယ်ဖက်ပြီး လွတ်အိတ်လေးလို လင်သွားလေ ရာ အမြဲပါနေလေရဲ့။

ဘဝဆိုတာက ထင်တိုင်းဖြစ်တတ်တဲ့သဘောက အနည်းသားကလား။ သည်တော့ မပြေမလည်စခဲ့ကြတဲ့ ဆွေဆွေငြိမ်းတို့အိမ်ထောင်ရေးခရီးလမ်းက မချောမွေ့ခဲ့။ ခုလည်းကြည့်။ ထိုင်းနိုင်ငံသို့ရောက်နေကြပါပြီ။ ပထမဆုံးကြုံရတဲ့ အခက်အခဲက အိပ်ရာနေရာကိစ္စပါပဲ။ အိမ်ထောင်ဦးညရဲ့ ဖနီးမောင်နှံနှစ်ယောက်အတွက် သည်အိပ်ရာအခက်အခဲကြောင့်ပဲ အတူမအိပ်စက်ရဘဲ တစ်နှစ်ခွဲတိတိ ဒုက္ခများခဲ့ကြရသည်မဟုတ်ပေလော။

ဘာတတ်နိုင်မလဲလေ။ ဖေမောင်စိုးညီလေးရဲ့ တစ်ယောက်အိပ်အခန်းကျဉ်းကလေးမှာပဲ ဆွေဆွေငြိမ်းတို့လင်မယားပါ ခွေးလေးဝက်လေးတွေလို တိုးဝှေ့အိပ်ကြရတာပေါ့နော်။

အလုပ်ကတော့ ညီလေးရဲ့ အလုပ်ရှင်ဆီမှာပြောပြတော့ သိပ်အခက်အခဲတော့ မရှိခဲ့ပါဘူး။ ပြေလည်ပါတယ်၊ ဆွေဆွေငြိမ်းကိုတော့ မိန်းကလေးဆိုတော့ အလုပ်သီးသန့်သတ်မှတ်ပေးတယ်၊ ဒါပေမဲ့ ဆွေဆွေငြိမ်းကတော့ မိန်းကလေးဆိုပေမယ့် မတွေ့ဝေခဲ့ပါဘူး။ ရွှံ့ပြင်ထဲဆင်းဆိုဆင်းတယ်။ ရေပြင်ထဲဆင်းဆိုဆင်းတယ်။ ဒေါက်တင်သဘော်အောက်ဝင်ဆိုဝင်တယ်။ သဘော်ပေါ်တက်ဆိုတက်တယ်။ ဘာဖြစ်လဲ၊ မိန်းမလည်း လူပါပဲ။ ယောက်ျားတွေလုပ်သလို အကုန်လုပ်တတ်တယ်။ ဆွေဆွေငြိမ်းရဲ့ အဓိကအလုပ်ကတော့ ထေးကြောင်းတွေကို တာလပတ်ရိုက်ခြင်းပါပဲ။ ဆွေဆွေငြိမ်း အရမ်းကြိုးစားတယ်။ ယောက်ျားတွေလက်ရာအောက်လုံးဝမကျစေရဘူး။

လုပ်ငန်းခွင်ထဲဝင်လို့ ၂ လလောက်အကြာမှာတော့ ဆွေဆွေငြိမ်းအတွက် တစ်နေ့လုပ်အားခဘတ်(၁၂၀)ရလာတယ်။ တစ်နှစ်အတွင်း ထိုင်းလို အန်ဘောခေါ်တဲ့ဘောနပ်က ဘတ် (၄၀၀၀)ထိရတယ်။ အဲဒီတုန်းက ဘတ်(၄၀၀၀)နဲ့ဝယ်ရင် ရွှေတစ်ကျပ်သားရတယ်။

ဆွေဆွေငြိမ်းတို့ အိမ်ထောင်ရေးဘဝ အတက်ပိုင်းသို့များရောက်လာလေပြီလား။

* * *

''ကိုမောင်ရယ် သားလေးကိုလွမ်းလှပြီ၊ ကိုယ့်နိုင်ငံ ပြန်ကြစို့နော်''

''ပြန်ကြတာပေါ့ကွယ်၊ မြိတ်ဘက်မှာတော့ တို့အလုပ်နဲ့ အံဝင်နိုင်တဲ့ ဒေါက်တင်ဒေါက်ချအလုပ်တွေရှိတယ်''

ဘဝခံယူချက်ရှိ မျက်ဝန်းနှစ်စုံထိတွေ့သွားကြတယ်။

သားသမီးတည်းဟူသော သံယောဇဉ်တရားရဲ့ စေ့ဆော်မှုကြောင့်ထင်ရဲ့။ ဆွေဆွေငြိမ်းတို့ဇနီးမောင်နှံ အမိမြန်မာ့မြေကို ခြေချခဲ့ကြပြန်လေပြီ။ ဆွေဆွေငြိမ်းဆိုတဲ့ အမျိုးသမီးကလည်း အလုပ်နဲ့ပြတ်လို့မဖြစ်တဲ့မိန်းမ။ ဒါကြောင့် မြိတ် ကျွဲကူးဆိပ်သဘော်ကျင်းမှာ ချက်ချင်းအလုပ်ဆင်းလိုက်ကြတယ်။ တစ်ယောက်ကို တစ်နေ့လုပ်အားခ ကျပ် ၁၉၀၀ ဆိုတော့ လင်မယားနှစ်ယောက်ဆို ကျပ် ၃၈၀၀ ရကြတာပေါ့။ ဆွေဆွေငြိမ်းမှာ လက်ရာကောင်းလို့ ယောက်ျားတွေနဲ့တန်း တူလုပ်အားခရတဲ့သဘောပါပဲ။

ဆွေဆွေငြိမ်းတို့လင်မယားမှာ ရသမျှပိုက်ဆံက အသုံးလောက်သာ

www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး အဖြုန်းမရှိပါလေခဲ့။ လင်မယားညားခါစက ပေးလိုက်သော စိတ်ဆင်းရဲခြင်းဒုက္ခမျိုး နောက်ထပ်မကြုံရအောင် ဆင်ခြင်ကြခြင်းပေပ။ ညားခါစဇနီးမောင်နှံဆိုတာ ကြားလေသွေးရင်တောင် ဝေးတယ်လို့ထင်ကြရတဲ့ဘဝမျိုးမှာ တစ်ကြိမ်တစ်ခါမျှ အတူမအိပ်စက်ရဘဲ တစ်နှစ်ခွဲတိတိ ခွဲခွာပြီး နေခဲ့ကြရတဲ့ဘဝ။ ကမ္ဘာပေါ်မှာ သူတို့အပြင်နောက်ရှိမယ်မထင်ပါဘူး။



မတ်တတ်ရပ်လို့ လမ်းမှာဝိုခဲ့ရတဲ့ အဖြစ်ကိုတွေးပြီး ဆွေဆွေငြိမ်းမှာ ယနေ့တိုင် နှလုံးတုန်ဆဲ၊ ရင်ခုန်ဆဲ။

၂၀၀၀ ပြည့်နှစ်သက္ကရာဇ်လေးကတော့ ဆွေဆွေငြိမ်းတို့အိမ်ထောင်သက် ၆ နှစ်ပြည့်တဲ့ကာလပါပဲ။

ဆွေဆွေငြိမ်းတို့လင်မယားကိုယ်တတ်ထားတဲ့ပညာနဲ့ ပုလဲနံ့ပသင့်မယ့် နေရာကိုရှာရင်း ရန်ကုန်မည်တဲ့ မြို့တော်ဘကီးသို့ ရောက်လာခဲ့ကြပြီပေါ့။ သည်မှာတင် ထိုင်းဖန်ဖလားမှာကတည်းက ကိုယ့်လုပ်ငန်းရှင်ဖြစ်ခဲ့တဲ့ မြိတ်သူဌေး ဦးမောင်သန်းကိုတွေ့ပါရော့လား။ သည်လူက အင်းစိန်ဘက်မှာ သီတာကုမ္ပဏီ သင်္ဘောလွန်းကျင်းဆိုပြီး လုပ်ငန်းတည်ထောင်ထားတော့ ဆွေဆွေငြိမ်းအတွက် ရေကန်အသင့် ကြာအသင့်ပဲပေါ့။ ဆွေဆွေငြိမ်းဟာ ထေးလုံးသွင်း၊ ဆေးရိုက်တဲ့အလုပ်ကြမ်းကို ချောင်းစပ်၊ မြစ်စပ်တွေမှာ ရွှံ့အလိမ်းလိမ်း၊ နွံအလိမ်းလိမ်းနဲ့ လုပ်နေတာ။ မိန်းကလေးပေမယ့် ဩချလောက်ပေရဲ့။

ဘဝဆိုတာ အစဉ်အမြဲပြောင်းလဲနေတာပဲလေ။ ၂၀၀၃ ခုနှစ်ရောက်တော့ ဆွေဆွေငြိမ်း ဘဝအခြေအနေ တစ်မျိုးပြောင်းသွားပြန်ပေါ့။ ထိုင်းဖန်ဖလားသင်္ဘောကျင်းမှာ တွေ့ခဲ့တဲ့ လက်သမားဆရာ ဦးလှကြည်နဲ့တွေ့တော့ အလုပ်တွဲလုပ်ဖြစ်သွားပြန်တယ်။ ဘဝတူချင်းမို့ တစ်ယောက်အကြောင်း တစ်ယောက်နားလည်ကြတာပေါ့။ လက်သမားဆရာကြီးက သင်္ဘောပြုပြင်တယ်။ ဆွေဆွေငြိမ်းက လှေထေးတယ်၊ ဆေးရိုက်တယ်။

ခုဆို ဆွေဆွေငြိမ်းရဲ့အိမ်ရှေ့မှာ ဆိုင်းဘုတ်ကလေးတောင် ထောင်လိုက်ပြီ။

**"ငြိမ်း လှေထေးလုပ်ငန်း ငါးဖမ်းသင်္ဘောပြုပြင်ရေး"**

တဲ့ဗျာ။

ကြည့်မြင်တိုင်၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ အာရှဒေါက်၊ တနင်္သာရီလွန်း၊ ဝင်းရွှေဝါအောင်ဇမ္ဗူလွန်းတွေဟာ ဆွေဆွေငြိမ်းရဲ့ယုံကြည်ချက်လုပ်ကွက်စခန်းတွေပေါ့။

ဆွေဆွေငြိမ်းကား သင်္ဘောထေးခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်းကို နိုင်ငံတကာအဆင့်မီ လုပ်ပေးနိုင်ပါတယ်လို့ လက်သီးလက်မောင်းတန်းနိုင်ပါလေပြီကော။

ကျွန်းစဉ်မြေစောက်

www.burmeseclassic.com

## အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ ဆရာကြီးဆရာလှ အကြောမြွှမြင်ရာဌာန-

ဆရာကြီး၏သား ဆေရာဦးရဲဝင်း

ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။

ခါးနာ၊ ခါးကိုက်၊ ဒူးနာ၊ အကြောသေ၊ အကြောတက်၊ ထုံနာ၊ ကျင်နာ၊

ခြေသေလက်ကစ်၊ လေငန်းရောဂါ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်

ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းဖွင့်ရာနေရာ**

၇/၁၂၀၊ ဗိုလ်ချုပ်လမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊

အမှတ် (၄၃) ဒေဟာသီကားစီး၍နွယ်သာဂီမှတ်တိုင်တွင်ဆင်းပါ၊

ဖုန်း - ၀၉ ၇၃၁၀၀ ၂၅၁၊ ၀၉ ၂၅၄၄၉၃၁၈၉

ဆေးခန်းဖွင့်ချိန်။ ၊ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်၊)

အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး

ဤဆေးခန်းတွင် ရနိုင်ပါသည်၊



## ခရုသင်း၊ သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**

မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊

ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရိုက်၊ ရေယုန်၊ ရိဖြူ-ရိနီသင်းရောဂါ၊

အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊

<u>ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။</u>

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်

အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။

ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀ ၂၅၄၃၆ ၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊

လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၄၅

www.burmeseclassic.com

# နိုင်ငံတကာသတင်း

## ထူးခြားသော မျက်စိနှစ်လုံးမပါသည့် အမြွှာကလေးနှစ်ဦး

အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် မျက်စိနှစ်လုံးမပါသည့် အမြွှာယောကျ်ားလေးနှစ်ဦးကို မွေးဖွားခဲ့သဖြင့် ထိုဖြစ်ရပ်သည် ကြုံတောင့်ကြုံခဲဖြစ်ရပ်တစ်ခုဖြစ်ကြောင်း သိရသည်။

ကလေးနှစ်ဦးကို ဂျိမ်းဆင်နှင့် ဂျက်ဆင်ဟု အမည်ပေးထားပြီး ၎င်းကလေးများသည် ရှားပါးသည့် Anoph-thalmia ရောဂါကို ခံစားနေရခြင်းကြောင့် ယခုကဲ့သို့ မွေးဖွားလာခဲ့ခြင်းဖြစ်သည်။ သို့သော် ဂျိမ်းဆင်သည် မျက်စိတစ်ဖက်မြင်ရသော်လည်း အခြားတစ်ဖက်မှာ အမြင်အာရုံ ချို့ယွင်းလျက်ရှိသည်။

ကလေးနှစ်ဦးကို ဆေးဝါးကုသမှုများပြုလုပ်ရန်အတွက် မိဘနှစ်ပါးက Gofund Me ဝက်ဘ်ဆိုက်မှ အလှူငွေများ ရှာဖွေလျက်ရှိကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုတွင် နှစ်စဉ် ထိုကဲ့သို့ ရှားပါးသည့် ဝေဒနာခံစားနေရသူ ကလေး ၃၈၀ ဦးခန့် မွေးဖွားလေ့ရှိကြောင်း သိရသည်။


Ref: USA News

6-10-2014



www.burmeseclassic.com

# တိမ်ဖုံးနေသည့် မျက်လုံးသူငယ်အိမ်ကို တက်တူးထိုးခဲ့သူ




နယူးယော့ခ်မြို့တွင် အသက် နှစ်အရွယ် အမျိုးသားတစ်ဦး၏ သားဖြစ်သူ ဝီလျံသည် ငယ်စဉ် လေးဘဝက မတော်တဆထိခိုက်မှုကြောင့် ဘယ်ဘက်မျက်လုံး တိမ်စွဲခဲ့ရာမှ ယခု အသက်ကြီးလာချိန်တွင် မျက်လုံးမှာ တဖြည်းဖြည်း အဖြူရောင်ဖုံးအုပ်လာသည့်အတွက် မျက်လုံးသူငယ်အိမ်ပေါ်တွင် တက်တူးအမည်းရောင်ကို ခက်ခက်ခဲခဲ ထိုးနိုင်ခဲ့ကြသည်။

ဝီလျံ၏မျက်လုံးကို ထိခိုက်ဒဏ်ရာရပြီးပြီးချင်း ဆေးပစ္စည်းမျိုးစုံနှင့် ကုသသော်လည်း သက်သာလာခြင်းမရှိဘဲ အမြင်အာရုံတဖြည်းဖြည်း ဝေဝါးလာခဲ့သည်။ ဆရာဝန်ဒေါက်တာချန်းက ယခုကဲ့သို့ ခွဲစိတ်မှုမျိုး တစ်ကြိမ်တစ်ခါမှ မလုပ်ဖူးခဲ့သည့်အတွက် အခက်အခဲမျိုးစုံရှိခဲ့ကြောင်း၊ ယခုတက်တူးထိုးခဲ့သည့်အတွက် အနည်းငယ်ကြည့်ကောင်းသွားကြောင်း ပြောကြားခဲ့သည်။

Ref: World News

2-10-2014

# ကြုံကြုံဖန်ဖန် ချောက်ကမ်းပါးကအိမ်



ဩစတြေးလျလူမျိုး ဒီဇိုင်နာတစ်ဦးသည် ဩစတြေးလျနိုင်ငံ၊ အနောက်မြောက်ကမ်းရိုးတန်းတွင် ချောက်ကမ်းပါးတစ်ခု၌ ငါးထပ်ပါဝင်သော အဆောက်အအုံတစ်ခုကို ဆောက်လုပ်ခဲ့သည်။ ထိုအိမ်ကို ချောက်ကမ်းပါးအိမ် (Cliff House) ဟု အမည်ပေးထားသည်။

အိမ်ကို အိန္ဒိယသမုဒ္ဒရာသို့ မျက်နှာမူကာ ဆောက်လုပ်ထားပြီး နှင့်ဆောက်ထားသော်လည်း အကြမ်းခံ၊ မုန်တိုင်းဒဏ်ခံနိုင်ပြီး ရေကြီးလျှင် အိမ်ထဲရေမဝင်နိုင်အောင် ဖန်တီးထားသည်။ အဆောက်အအုံ၏ အပေါ်ဆုံးထပ်သည် ကားပါကင်ဖြစ်ပြီး အိပ်ခန်း၊ ရေချိုးခန်း၊ အိမ်သာ၊ ညှိခန်းအပြင် အခြားသော အခန်းများစွာပါဝင်သည်။

ထိုအိမ်သည် မိသားစုတစ်စု နေထိုင်နိုင်ရန် ကျယ်ဝန်းပြီး မြေငလျင်၊ လေမုန်တိုင်း၊ လှိုင်းဒဏ်ခံနိုင်အောင် ဆောက်လုပ်ထားကြောင်း သိရသည်။

Ref: World Amazing News

5-10-2014

www.burmeseclassic.com

www.burmeseclassic.com

# တင်ပါးကြီးချင်သော လိင်ပြောင်းထားသည့် အမျိုးသမီး

လိင်ပြောင်းထားသော အမျိုးသမီး Tatiana Williams ဆိုသူသည် ဒေါ်လာ ၉၈၂၀၀ ကျော် အကုန်အကျခံကာ သူမ၏တင်ပါးကို ခွဲစိတ်ပြုပြင်ခဲ့သလို မျက်နှာကိုပါ ခွဲစိတ်မှုများပြုလုပ်ခဲ့သည်။

တင်ပါးတွင် ထည့်ထားသော ဆီလီကွန်မှာ ၁၆ ပေါင် အလေးချိန်ရှိပြီး သူမ၏ ကြီးမားသော တင်ပါးဆုံကြောင့် သက်သောင့်သက်သာရှိပြီး အနှောင့်အယှက်မရှိကြောင်း ပြောကြားခဲ့သည်။

သူမသည် လွန်ခဲ့သော အနှစ် ၂၀ က လိင်အင်္ဂါပြောင်းလဲပြုပြင်ထားသူဖြစ်ပြီး မတူညီ ကွဲပြားသော ဆရာဝန်သုံးဦးနှင့် ခွဲစိတ်မှုများကိုပြုလုပ်ခဲ့သည်။ ထိုဆရာဝန်သုံးဦးမှာ တစ်ဦးတစ်ယောက်မှ ဆေးကုသခွင့်လိုင်စင်မရှိကြပေ။ တရားမဝင် ခွဲစိတ်ပြုပြင်ကုသမှု ခံယူသည်မှာ အန္တရာယ်များစွာရှိကြောင်း သိရှိသဘောပေါက်သူဖြစ်ပြီး ထိုကုသမှုကြောင့် လေဖြတ်သွားသည့် မိတ်ဆွေသူငယ်ချင်းများလည်းရှိကြောင်း၊ အန္တရာယ်ရှိသော်လည်း ထိုက်တ[...]
သ ည ် ဟ
သူမ, ယုံ ကြည် ထား ကြောင[...]
ပြောကြားခဲ့သည်။

ယခုအခါ သူမ၏ပုံစံမှာ လှ[...] သော်လည်း ရေရှည်တွင် ကျန်း[...] ရေးအတွက် အန္တရာယ်ရှိကြောင်း [...] စိတ်ကုသမှုများနှင့်ပတ်သက်၍ စိ[...] မှုများပြုလုပ်ခဲ့သည့် ဆရာဝန်များ[...] ပြောကြားခဲ့သည်။

Ref: World Interesting Ne[...]

6-10-20[...]



www.burmeseclassic.com

www.burmeseclassic.com



# မွေးစားသားကို ပြန်ပို့ခဲ့သည့်မိခင်



အမေရိကန်နိုင်ငံ၊ တန်နက်ဆီမှ အမျိုးသမီးတစ်ယောက်သည် မွေးစားခဲ့သည့် (၇)နှစ်အရွယ် ကောင်လေးတစ်ဦးကို မော်စကိုအပြန်လေယာဉ်ခရီးစဉ်တွင် တစ်ယောက်တည်းပြန်ပို့ခဲ့ပြီးနောက် အမေရိကန်မိသားစုများ ကလေးမွေးစားသည်ကို ရပ်တန့်ရန် ရုရှားကသတိပေးခဲ့သည်။

ကောင်လေးသည် စိတ်ပိုင်းဆိုင်ရာ ပြဿနာရှိပြီး အကြမ်းဖက်တတ်သည်ဆိုသည့် စာတစ်စောင်နှင့် ပြန်လာခြင်းဖြစ်သည်။ ကောင်လေးကို မွေးစားအဘွားဖြစ်သူက လေယာဉ်ပေါ်တင်ပေးလိုက်ခြင်းဖြစ်သည်။ တန်နက်ဆီအာဏာပိုင်များက မွေးစားအမေဖြစ်သူကို ဆက်လက်စုံစမ်းခဲ့သည်။ မွေးစားအမေက ကလေးသည် စိတ်တည်ငြိမ်မှုမရှိ၊ အကြမ်းဖက်တတ်ပြီး ပြင်းထန်သော စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာရှိကြောင်းပြောကြားခဲ့သည်။

သူတို့မိသားစုသည် မော်စကိုလေဆိပ်မှ ကောင်လေးကိုခေါ်ယူပြီး ရုရှားပညာရေးနှင့် သိပ္ပံဝန်ကြီးဌာနကိုပို့ရန် လူတစ်ယောက်ကို ဒေါ်လာ ၂၀၀ ပေးခဲ့သည်။ မွေးစားမိခင်က လေယာဉ်ပျံသန်းနေစဉ် လေယာဉ်မယ်တစ်ယောက်နှင့် ကောင်လေးကိုကြည့်ရှုရန် ဂုဏ်သရေရှိသူတစ်ဦးကို ရုရှားတွင်လာကြိုရန် တောင်းဆိုခဲ့သည့်အတွက် ကလေးစွန့်ပစ်မှုမဟုတ်ကြောင်း ငြင်းဆိုထားသည်။

Ref: International News

2-10-2014

www.burmeseclassic.com

www.burmeseclassic.com

# ပိန်ချင်လွန်း၍ နံရိုးထုတ်ခဲ့သည့် အဆိုတော်


မက္ကဆီကိုနိုင်ငံမှ အဆိုတော် Ariadna Thalia Sodi Miranda သည် ပိန်ချင်လွန်း၍ နံရိုးထုတ်ခဲ့သည်။ နံရိုး ဘယ်နှချောင်းထုတ်ခဲ့သည်ကို သေသေချာချာ မပြောခဲ့သော်လည်း သူမ,ထုတ်ခဲ့သည့် နံရိုးကို ဖန်ပုလင်းထဲထည့်ကာ ပရိသတ်မြင်ရန် ဓာတ်ပုံရိုက်ပြီး အင်တာနက်ပေါ်တင်ခဲ့သည်။

သူမသည် အသက် (၄၂)နှစ်ရှိပြီဖြစ်ပြီး ကမ္ဘာကျော်အဆိုတော်တစ်ဦးဖြစ်သည်။ အသက်ကြီးလာသည်နှင့်အမျှ ထိန်းရခက်သည့် အဆီများကို ဖယ်ထုတ်ရန် ရွေးချယ်ခဲ့သည့်နည်းလမ်းမှာ နံရိုးကို ခွဲထုတ်ခဲ့ခြင်းပင်ဖြစ်သည်။

အသက်အန္တရာယ်ရှိသည့် ခွဲစိတ်မှုမျိုးကို ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပိန်သွယ်လှပသည့်ခါးနှင့် ပွဲ တကာတက်၍ အလှဓာတ်ပုံများ ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

Ref: World Interesting News

28-9-2014



ဆောင်းဟေမန်

www.burmeseclassic.com

www.burmeseclassic.com


အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်

# ရှုရှုအေးအောင်

TMR. 011758(1215)

# ဝမ်းမှန်အကြောပြေဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"ရှင်.....ဘာပြောတယ်"

"နားမလည်တာလား၊ မသိချင်ယောင်ဆောင်တာလား"

ခင်လေး ဘာပြောရမည်မသိ။ နှမ်းသမျှကို သဘောမပေါက်၍ပြန်မေးသည်ကိုပင် အထက်စီးလေသံဖြင့် ပြန်ပြောခြင်းခံလိုက်ရသည်။

ခင်လေးမှာ အသက် (၂၀) အရွယ် လုံးကြီးပေါက်လှ မိန်းကလေးမျိုးဖြစ်သည်။ ရုပ်ရည်မချောပေမယ့် အကြည့်ခံအလှပိုင်ရှင်မျိုးဖြစ်သည်။

ခင်လေး သည့်နေရာကို ရောက်လာစဉ်က အနှိပ်သည်အဖြစ် ဆောင်ရွက်ရန် ရောက်လာခြင်းဖြစ်သည်။ ခင်လေး၏မိဘများမှာ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှဖြစ်သည်။ မိဘနှစ်ပါးမှာ တောင်ယာလုပ်ငန်းဖြင့် ဘဝကို ရပ်တည်နေကြသူများဖြစ်သည်။

မိဘနှစ်ပါးက သမီးဖြစ်သူကို တောင်ငူမြို့ မင်းကြီးညီ့ရပ်ကွက်ရှိ ဆွေမျိုးတော်စပ်သူနေအိမ်တွင်ထားရှိ၍ ပညာသင်ယူစေခဲ့သည်။

ဆယ်တန်းရောက်သည့်နှစ်တွင် အဝေးပြေးကုန်တင်ကားမောင်းနှင်သည့် သန်းဌွေးကျော်နှင့် ရင်းနှီးရာမှ ချစ်သူများဖြစ်သွားခဲ့ကြသည်။ ချစ်သူသက်တမ်း တစ်လအတွင်း သန်းဌွေးကျော်နှင့် ခိုးရာလိုက်ပါပြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ်တွင် နေထိုင်ခဲ့သည်။

သန်းဌွေးကျော်က ယာဉ်မောင်းဖြစ်၍ နေအိမ်တွင် တစ်လလျှင် (၁၀)ရက်ခန့်သာ နေထိုင်သည်။ ခင်လေးက သန်းဌွေးကျော်၏မိဘများနှင့်အတူ နေခဲ့ရသည်။ သန်းဌွေးကျော်ကို လင့်မျက်နှာတစ်ရွာထင်ပြီး လိုက်ပါခဲ့သော ခင်လေးမှာ မျက်နှာငယ်စွာနေထိုင်ရသည်။ (၁၀)တန်းစာမေးပွဲလည်း မဖြေလိုက်ရ၊ အိမ်ထောင်ကျပြန်တော့ ဘာမှမလုပ်တတ်၍ ပိုပြီးအနိုင်ခံရသည်။

သန်းဌွေးကျော်က ရှုပ်ပြောင်သည်။ သွားလေရာတွင် အိမ်ထောင်ကျရပါစေဟု ဆုတောင်းပြည့်သွားလားမသိ။ ဇနီးဖြစ်သူ ခင်လေးကို ညားခါစ၌သာ ကြင်ကြင်နာနာရှိပြီး အချိန်ကြာလာတော့ မိုးအိသော အချစ်အဖြ● ဥပေက္ခာပြုမှုတွေ ရှိလာခဲ့သည်။

အချစ်မိုး အမြဲရွာတတ်သော သန်းဌွေးကျော်က ခုမြင်၊ ခုကြိုက်၊ ယခုပင်လျှင် လင်နောက်လိုက်ခဲ့သော ခင်လေးကို အထင်သေးစွာ ဆက်ဆံရင်း နှိပ်စက်မှုတွေပြုလာသည်။

ခင်လေး၏ သည်းခံစိတ်များ လျော့ပါးလာသောအခါ လူငယ်မာနချင်း ယှဉ်ပြိုင်ပွဲဖြစ်လာရာမှ လင်မယားချင်း ကွဲခဲ့တော့သည်။

လင်မယားချင်း ရှစ်လခန့် ကွဲကွာချိန်၌ ခင်လေးမှာ ကိုယ့်ဝမ်းစာ ကိုယ်ရှာဖွေရင်း သာကေတဘက်တွင် အိမ်ငှား၍ ဈေးရောင်းရင်း ဘဝကို ရပ်တည်ခဲ့ရသည်။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် စောင့်ရှောက်မည့်သူမရှိသော ခင်လေးကို အထင်သေးစွာ ဆက်ဆံသူတွေက နည်းမျိုးစုံဖြင့် ချဉ်းကပ်သည်။

အိမ်နီးနားချင်း အမျိုးသမီးကြီးတစ်ဦးက ပြည့်တန်ဆာအလုပ်ဖြင့် ယောကျ်ားသားများအပေါ် ကလေ့စားချေရန် တိုက်တွန်းခဲ့သည်။ အနေဆင်းရဲပေမယ့် ဂုဏ်သိက္ခာ

www.burmeseclassic.com

www.burmeseclassic.com



မဆင်းရဲသော ခင်လေးက မိန်းကလေး၏တန်ဖိုးကို သိက္ခာရှိရှိ ကာကွယ်ထားခဲ့နိုင်သည်။

ထိုစဉ်အတွင်း သန်းဌေးကျော် ရောက်ရှိလာပြီး အကြိမ်ကြိမ်ဝန်ချတောင်းပန်ခဲ့၍ တင်းမာနေခဲ့သော ခင်လေး၏နှလုံးသားမှာ ခင်ပွန်းဟောင်းအတွက် ဖော့ဖယောင်းဖြစ်ခဲ့ရသည်။

လောကအလယ်တွင် မတင့်တယ်၍ ခင်ပွန်းဖြစ်သူနှင့် ပြန်လည်ပေါင်းသင်းခဲ့သည်။ တစ်ဖန်တည်ဆောက်ခဲ့သော အိမ်ထောင်ရေးမှာ ပန်းမွေ့ရာဖြစ်ခဲ့ရသည်။

သန်းဌေးကျော်က ယာဉ်မောင်းအလုပ်ဖြင့် မကြာခဏ ခရီးထွက်နေရ၍ ခင်လေးမှာ ပုံမှန်အတိုင်း အထီးကျန်ခရီးကိုလျှောက်နေရပြန်သည်။

သန်းဌေးကျော်၏ညီမက အနှိပ်ခန်းတွင် မိန်းကလေးချင်း နှိပ်ပေးရသည့်အလုပ် သွင်းပေးမည်ဟု ပြောခဲ့၍ အပိုဝင်ငွေရရှိရန် ခင်လေးက သဘောတူခဲ့သည်။

ဂျပန်နည်းပညာ အနှိပ်သည်ပညာကို ရက်သတ္တတစ်ပတ် သင်ယူခဲ့ရသည်။ အနှိပ်ခန်းပိုင်ရှင်မှာ အမျိုးသမီးကြီးဖြစ်သည်။ အထပ်သုံးထပ်ရှိသောတိုက်၏ ပထမထပ်နှင့် ဒုတိယထပ်တွင် ဧည့်သည်များကို ပြုစုရမည်ဟုဆိုသည်။

အောက်ထပ်တွင် အမျိုးသမီးကြီးတစ်ဦးနှင့် လူငယ်သုံးဦးသာရှိသည်။ အနှိပ်သမများအားလုံးကို ပထမထပ်နှင့် ဒုတိယထပ်တွင်သာထားသည်။

အမျိုးသမီးချင်း နှိပ်ပေးရမည်ဟု ပြောဆိုခဲ့ပေမယ့် ဧည့်သည်များမှာ အမျိုးသားတွေချည်းဖြစ်သည်။ ထူးခြားသည်မှာ ပိုင်ရှင်အမျိုးသမီးထံတွင် မိန်းကလေးများ၏ ဓာတ်ပုံအယ်လ်ဘမ်ရှိသည်။

ဧည့်သည်ရောက်လာပါက ဓာတ်ပုံအယ်လ်ဘမ် ထုတ်ပြသည်။ ဧည့်သည်ရွေးချယ်သည့် အမျိုးသမီးရှိရာအခန်းသို့ ပိုင်ရှင်နှင့်အတူ အောက်ထပ်တွင်ရှိသည့် လူငယ်လေးများက လိုက်လံပြသ ပို့ပေးရသည်။

ဧည့်သည်က စိတ်တိုင်းမကျလျှင် ငါးမိနစ်အတွင်း လူလဲပေးသည်။ ငါးမိနစ်ကျော်ပါက ဆက်ရှင်ခ (၂၀၀၀၀)ကို ပြန်မပေးဟုသိရသည်။ ဘာကြောင့် ကျပ်(၂၀၀၀၀) ယူသည်မသိ။

ဧည့်သည်အမျိုးသား အခန်းထဲရောက်ချိန်တွင် အင်္ကျီအဝတ်အစားချွတ်သည်။ ခင်လေးက နှိပ်နယ်ပေးမည်ဟု ပြောသောအခါ ဧည့်သည်က အနှိပ်ခံရန်လာခြင်းမဟုတ်၊ အချစ်သစ်အတွက် သွေးသစ်လောင်းရန်လာခြင်းဟု ပြောသည်။ ဤသို့ပြောဆိုသည့်အတွက် ဧည့်သည်က ငွေကျပ်(၂၀၀၀၀)ပေးရခြင်းမှာ ဘာကိုလိုချင်၍ပေးရကြောင်း ပြောပြသည်။

ခင်လေးရင်တုန်ခဲ့ရသည်။ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ရန် မြူဆွယ်သည်ကို ငြင်းပယ်ခဲ့သော ခင်လေးမှာ အသိနောက်ကျစွာဖြင့်

**ငွေနှင့် တန်ဖိုးဖြတ်သော ဧည့်သည်၏ မညှာမတာ ဆက်ဆံခံရသဖြင့် ခင်လေးမှာ အရှင်လတ်လတ် ငရဲအိုးထဲ ပြုတ်ကျသလို ခံစားလိုက်ရသည် . . .**

www.burmeseclassic.com

ပြည့်တန်ဆာအဖြစ်လုပ်ကိုင်ရန် ရင်ဆိုင်ခဲ့ရတော့သည်။

ခင်လေး ငြင်းသည်၊ ရုန်းကန်သည်။ လူတစ်ယောက်၏အခွင့်အရေးအားလုံး ချေဖျက်ခံရသည်။ ပိုင်ရှင်အမျိုးသမီးကြီးနှင့် လူမိုက်သုံးယောက် ရောက်လာသည်။ ခြိမ်းခြောက်နှိပ်စက်ခံဘဝဖြင့် ခင်လေးမှာ ခေတ်သစ်ကျွန်ပြုခြင်းခံလိုက်ရတော့သည်။

ငွေနှင့်တန်ဖိုးဖြတ်သော ညှော်သည်၏ မညှာမတာဆက်ဆံခံရသဖြင့် ခင်လေးမှာအရှင်လတ်လတ် ငရဲအိုးထဲပြုတ်ကျသလို ခံစားလိုက်ရသည်။



စိတ်ဆန္ဒမပါဘဲ ပြည့်တန်ဆာဘဝ၏ ငရဲခန်းအတွင်း လွန့်လူးနေရသော ခင်လေးထံ သန်းဋ္ဌေးကျော် လာတွေ့သည်။ ငါးပိကြော်၊ ကြက်ကြော်၊ ချဉ်ပေါင်ကြော်နှင့် အစားအစာမျိုးစုံလာပို့သည်။

"ကိုကျော်၊ ခင်လေးလုပ်နေရတဲ့ အလုပ်က အနှိပ်သည်မဟုတ်ဘူး"

"ဘာအလုပ်လဲ"

"အသွေးအသား ရောင်းစားခံရတဲ့အလုပ်၊ ခင်လေး ဒီနေ့ပဲ ကိုကျော်နဲ့ ပြန်လိုက်ခဲ့မယ်"

သန်းဋ္ဌေးကျော် မျက်နှာပျက်သွားသည်။ ဟန်ဆောင်သည့်အပြုံးဖြင့် ခင်လေးအား လေပြည်ဖြင့်ပြောသည်။

"အဆောင်ပိုင်ရှင်ဆီက ငွေသုံးသိန်းယူထားပြီးပြီ ကိုကျော် အဲ ကြည့်ပါဦးမယ်၊ ဟုတ်တယ်ဆိုရင် ဒီနေ့ညနေမှာ သူ့ငွေပြန်ဆပ်ပြီး ခင်လေးကို ပြန်ခေါ်မယ်"

"အဲဒီငွေတွေက ဘယ်သူယူထားတာလဲ"

"ကိုကျော့်ညီမနဲ့ အမေတို့ပါ"

"ဒါဖြင့် သူတို့က ခင်လေးကို ရောင်းစားခဲ့တာပေါ့"

"စိတ်အေးအေးထားပါ မိန်းမရာ၊ ကိုယ့်မိန်းမကို ဒီလိုဘဝမျိုးထဲ အရောက်မခံဘူး၊ အခုပဲ ပိုင်ရှင်နဲ့ သွားတွေ့မယ်"

"ကိုကျော် ဒီနေ့ပဲ ပြန်လိုက်ချင်တယ်နော်"

"အေးပါ၊ သူ့ဆီက ယူထားတဲ့ငွေ ပြန်ရှာပြီး ချက်ချင်းလာပြန်ခေါ်မယ်"

ခင်ပွန်းဖြစ်သူက စားစရာတွေထားခဲ့ပြီး ပြန်ထွက်သွားသည်။

ခင်လေးက ဘောက်ဆူးရရှိထားသော စုဆောင်းထားသည့်ငွေများကို သန်းဋ္ဌေးကျော်ကိုပေးလိုက်သည်။ ငွေကျပ်သုံးသိန်းဖြင့် ပြန်ရွေးရာတွင် အသုံးပြုရန်ဖြစ်သည်။

အဆောင်၏စည်းကမ်းအရ ခင်လေးမှာ အပေါ်ထပ်မှအောက်ထပ်သို့ ဆင်းခွင့်မရှိ၊ အခန်းထဲမှာ ပင်နေရင်း ခင်ပွန်းဖြစ်သူ ရောက်ရှိလာမည့်အချိန်ကို စောင့်နေခဲ့သည်။

"သူ ငွေရှာနေလို့ဖြစ်မှာပါ"

မိုးချုပ်သည့်တိုင် သန်းဋ္ဌေးကျော်က ရောက်မလာခဲ့သော သန်းဋ္ဌေးကျော်အစား ညှော်သည်ရောက်

www.burmeseclassic.com

www.burmeseclassic.com


လာသည်။ ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်းနှင့် စိတ်ကြမ်းလူကြမ်း ညှို့သည်ဖြစ်သည်။

အဆောင်၏ ပထမထပ်နှင့် ဒုတိယထပ်တို့တွင် ခင်လေးလိုမိန်းကလေးမျိုး (၂၀)ခန့်ရှိသည်။ အချို့က မိမိတို့၏ဆန္ဒအရ ဒီနေရာသို့ ရောက်လာကြခြင်းဖြစ်သည်။

စိတ်အပျော်ရှာရန် ရောက်ရှိလာသူ ညှို့သည်တိုင်းက ညာတာမှုမရှိ။ သူတို့၏ဆန္ဒအတိုင်း လိုက်လျောခိုင်းသည်။ ညှို့သည်ကိုကျေနပ်အောင် မဆက်ဆံပါက ပိုင်ရှင်အမျိုးသမီး၏တပည့် လူမိုက်များ၏ နှိပ်စက်ခြင်းကိုခံရသည်။

လူဖြစ်သော်လည်း ခင်လေး၏အဖြစ်မှာ လူသားတစ်ဦး၏အခွင့်အရေးအားလုံး ဆုံးရှုံးရသည်။ ကိုယ့်ဘဝနှင့် သူများဆန္ဒဖြစ်နေခဲ့သည်။ ဘဝဆိုးထဲသို့ ပို့ခဲ့သူများကို တွေးကြည့်ရင်း စိတ်နာခဲ့သည်။

ကွဲကွာပြီးနောက် ပြန်လည်ပေါင်းသင်းခဲ့သည့် ခင်ပွန်းဖြစ်သူ၏ လူကို ကုန်ပစ္စည်းလိုသဘောထားသည့် စိတ်ရိုင်းကို လေ့လာမိခဲ့သည်။ သန်းငွေကျော်က ခင်လေးကို မရမကဆက်သွယ်ပြီး အချစ်ကို ပြယုဂ်လုပ်၍ လူကိုရောင်းစားခဲ့ကြောင်း သဘောပေါက်လိုက်သည်။

ခုမြင်၊ ခုကြိုက်၊ ခုပင်လိုက်ခဲ့သော မိန်းကလေးကို အညာလွယ်သူဟု သဘောထားပြီး ပြည့်တန်ဆာလောကထဲသို့ တွန်းပို့လိုက်ကြောင်း ပိုပြီးသဘောပေါက်မိခဲ့သည်။ လူသားစိတ်ပင်မရှိ။ အချစ်နှင့်မြှူဆွယ်ပြီး သူ့ဘဝအတွက် အသုံးတော်ခံစေပြီးသောအခါ လွယ်လွယ်ကူကူပင် စွန့်ပစ်ပစ္စည်းလို သဘောထားခဲ့သည်။

အချစ်ဆူးက ခင်လေး၏နှလုံးသားထဲတွင် အဆိပ်ဆူးအဖြစ် အသွင်ပြောင်းခဲ့သည်။ ငါးမျှားချိတ်လို ဆူးမျိုးဖြစ်၍ နုတ်ရခက်ခဲခဲ့သည်။

အချစ်ဆူးက အဆိပ်ဆူးအဖြစ် ပုံစံပြောင်းသွားသောအခါ ခင်လေး၏ရင်ထဲတွင် အချစ်စိတ်အစား အမုန်းစိတ်တွေက ကင်ဆာလိုအမြစ်တွယ်ရင်း ဖြာထွက်လာခဲ့သည်။

* * *

"မင်းနာမည် ဘယ်သူလဲ"

"ခင်လေးပါ"

"မင်းက တကယ့်ကို စွဲမက်စရာကောင်းတာပဲ"

အရက်မူးမူး၊ ရာဂမူးမူးဖြင့် သကာစကားဆိုသူကို ခင်လေးက အချိုသတ်၍ အသုံးချရန် စဉ်းစားလိုက်သည်။

"အစ်ကိုက ဘာလုပ်သလဲ"

"အစ်ကိုက ကုန်သည်ကြီးတစ်ဦးပါ"

"အစ်ကို့မှာ အိမ်ထောင်ရှိတယ်မဟုတ်လား"

"ခင်လေးက ဘယ်လိုသိတာလဲ"

"အိမ်ထောင်သည်မှန်ရင် ဘယ်လိုဆက်ဆံတတ်တယ်၊ လူပျိုဆိုရင် ဘယ်လိုဆက်ဆံတတ်တယ်ဆိုတာ ခင်လေးသိပါတယ်"

"ဟုတ်လား၊ အစ်ကို့မှာ မိန်းမရှိပါတယ်၊ ကြက်သားဟင်းချည်းစားနေရတာ ရိုးအီလာလို့ အချစ်သစ်ကိုရှာတာလေ"

"အခုကိစ္စက အချစ်မှမဟုတ်ဘဲ"

"သွေးသစ်လောင်းအချစ်လို့ ခေါ်တယ် ခင်လေးရဲ့"

"ဒါဖြင့် မေတ္တာတုနဲ့ အချစ်သစ်ရှာတာပေါ့"

"ဟုတ်တယ်"

"ကောင်းပါပြီ၊ ခင်လေးလေ အစ်ကို့ကို မေ့မရနိုင်အောင် ပြုစုပေးမယ် အစ်ကို"

ခင်လေးက သူမ၏အကြံအစည်ဖြင့် ညှို့သည်ကို ယုံကြည်မှုရှိစေရန် ဆွဲဆောင်ခဲ့သည်။ ညှို့သည်အလိုကျ လိုက်လျောပေးခဲ့သော်လည်း စက္ကန့်တိုင်းသည် သူမအတွက် ငရဲမီးကို မျိုချရသလိုဖြစ်နေခဲ့သည်။

ခင်လေးက ညှို့သည်ကို ဘီယာချော့တိုက်သည်။ ဘီယာထဲတွင် အရက်ပြင်းများကို ရောထည့်ခဲ့သည်။ အရက်ပြင်းမှာ သူမထံရောက်လာသော ညှို့သည်များ မကုန်၍ ကျန်နေခဲ့သည့် အရက်ဖြစ်သည်။

စိတ်ကြိုက်ပြုစုမှုခံခဲ့ရသော ညှို့သည်က အကျေနပ်ကြီး ကျေနပ်ကာ မူးမူးဖြင့် အိပ်ပျော်သွားခဲ့သည်။

ညှို့သည် အိပ်ပျော်သွားသည်နှင့် ခင်လေးက ညှို့သည်ထံတွင်

www.burmeseclassic.com

www.burmeseclassic.com



ပါလာသော လက်ကိုင်ဖုန်းဖြင့် ရဲတပ်ဖွဲ့အရေးပေါ်ဖုန်းအမှတ် ၁၉၉ သို့ ဆက်သွယ်ပြီး သတင်းပေးလိုက်သည်။

ခင်လေးရှိနေသည့်နေရာမှာ မြို့တွင်းမြို့လယ် မြို့နယ်ဖြစ်သည်။ ခင်လေး ဖုန်းဆက်သည့်အချိန်မှာ ည (၁၂)နာရီဖြစ်သည်။

ညဉ့်နက်ပိုင်း (၁)နာရီမထိုးမီ ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ရောက်လာသည်။

ခင်လေးရှိသော အဆောက်အအုံကို ရဲတပ်ဖွဲ့က ဝိုင်းရံပိတ်ဆို့ထားပြီး အတွင်းသို့ ဝင်ရောက်ရှာဖွေစစ်ဆေးမှုပြုခဲ့သည်။

ပိုင်ရှင်အမျိုးသမီးကြီးမှာ မြန်မာလူမျိုးမဟုတ်။ နိုင်ငံအတွင်းသို့ ဗီဇာဖြင့်လာရောက်ပြီး စီးပွားရေးလုပ်ကိုင်နေသူဖြစ်သည်။

အဆောက်အအုံမှာ မြန်မာလူမျိုးပိုင်ဖြစ်သည်။ တစ်လလျှင် ကျပ်ငွေ သိန်း (၅၀)နှင့် ငှားရမ်းထားသောတိုက်ဟု သိရသည်။

ငှားရမ်းအသုံးပြုသည်မှာ အဆောက်အအုံငှားရမ်းခ၊ ဝန်ထမ်းစရိတ်၊ ရေ၊ မီးစရိတ်များအပါအဝင် ကုန်ကျငွေက များလှသည်။

ထိုအမျိုးသမီးကြီးအနေဖြင့် အဆောက်အအုံငှားရမ်းခသာ ကုန်ကျပြီး လုပ်အားခမှာ မိန်းကလေးများကို ထုတ်ကုန်လိုသဘောထား၍ အမြတ်ကြီးစား ခေါင်းပုံဖြတ်နေသူဖြစ်သည်။

လူကို လူဟုသဘောမထားဘဲ ငွေအတွက် လူကိုအရင်းအနှီးပြု၍ ရရှိငွေကို ဒေါ်လာဖြင့် ပြန်လည်လဲလှယ်ကာ သူမ၏နေရပ်ဌာနသို့ ပြန်လည်ပို့ပေးနေသူဖြစ်ကြောင်း သက်ဆိုင်ရာ၏စစ်ဆေးချက်အရ သိရသည်။

ခင်လေးက သတင်းပေးသည်ဖြစ်သော်လည်း ရဲတပ်ဖွဲ့က သတင်းပေးအမည်ကို မထုတ်ဖော်ဘဲ အခြားသူများနည်းတူ စစ်ဆေးခဲ့သည်။

ခင်လေးက နိုင်ငံခြားသူ၏ ဒုစရိုက်လုပ်ငန်းကို ဖော်ထုတ်ခဲ့ပြီးနောက် သူမအား ပြည့်တန်ဆာလောကထဲသို့ သွတ်သွင်းခဲ့သူများကို ရဲအရာရှိထံ သတင်းပေး ထွက်ဆိုချက်ပေးခဲ့သည်။

အမှုကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ဖမ်းဆီးစစ်ဆေးဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

BURMESE CLASSIC

ခင်လေး၏ခင်ပွန်း သန်းဌေးကျော်၊ သန်းဌေးကျော်၏မိခင် ဒေါ်တင်သန်း၊ သန်းဌေးကျော်၏ညီမဖြစ်သူ နေခြည်ဝင့်တို့ကို ရဲတပ်ဖွဲ့က နောက်တစ်နေ့တွင် ရှာဖွေဖမ်းဆီးခဲ့သည်။

ရဲတပ်ဖွဲ့ စစ်ကြောရေးခန်းထဲတွင် ခင်လေးကို ရဲမေနှစ်ယောက်က ဝိုင်းရံစောင့်ရှောက်ရင်း စောင့်ကြည့်နေကြသည်။

ရဲတပ်ဖွဲ့ဝင်များက သန်းဌေးကျော်၊ ဒေါ်တင်သန်းနှင့် နေခြည်ဝင့်တို့ကို တစ်ပါတည်းခေါ်ဆောင်လာပြီး မျက်နှာချင်းဆိုင် တိုက်ဆိုင်စစ်ဆေးမှုပြုခဲ့သည်။

စစ်ဆေးသူ ရဲအရာရှိက ခင်လေးကို စတင်မေးသည်။

"မခင်လေး သူတို့ကိုသိလား"

"သိပါတယ်၊ ကိုသန်းဌေးကျော်က ကျွန်မရဲ့ယောကျ်ားပါ၊ ဒေါ် တင်သန်းက ယောက္ခမပါ၊ နေခြည် ဝင့်က ကျွန်မရဲ့ယောက်မပါ"

"ဟုတ်ပြီ၊ မခင်လေးကို ဖမ်းမိတဲ့အဆောက်အအုံထဲပို့ခဲ့တာ ဘယ်သူလဲ"

"ကျွန်မရဲ့ယောက္ခမနဲ့ယောက်မပါ"

"ဘယ်လိုပြောပြီးပို့ခဲ့တာလဲ"

"အနှိပ်သည်လုပ်ငန်းလုပ်ရမယ်ဆိုပြီး ပို့ခဲ့တာပါ"

ဒေါ်တင်သန်းနှင့် နေခြည်ဝင့်တို့က ပို့ဆောင်ခြင်းမရှိကြောင်း၊ လင်ဖြစ်သူ ခရီးထွက်နေစဉ် ၎င်း၏ဆန္ဒအရ သွားခဲ့ခြင်းဖြစ်ကြောင်း ငြင်းဆန်ခဲ့သည်။

"သူက ကျွန်မသားနဲ့ တွေ့တွေ့ချင်းကြိုက်ပြီး လိုက်လာတာပါ၊ အဲဒီတော့ သူ့ရဲ့အခြေအနေကို ဗိုလ်ကြီးတို့ သုံးသပ်နိုင်ပါတယ်"

"မဟုတ်ဘူးရှင့်၊ ကျွန်မက ကိုသန်းဌေးကျော်နဲ့ ရည်းစားဖြစ်ချိန်မှာ သူက တောင်ငူမြို့မှာ ရပ်နားထားတဲ့ သူ့ကုန်ကားဆီခေါ်ပြီး ချိန်းတွေ့တာပါ"

"အဲဒါ ဘယ်အချိန်ဖြစ်မလဲ"

"ညဉ့်ဦးပိုင်းပါ၊ အဲဒီမှာတင် အတင်းအဓမ္မနဲ့ ကျွန်မရဲ့အပျိုစင်ဘဝကို ဖျက်ဆီးခံရလို့ တစ်ရက်က နှစ်ရက်မဖြစ်ချင်တာနဲ့ သူ့နောက်လိုက်ပြီး ပေါင်းသင်းခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com

ကြားရသူတိုင်း စိတ်မကောင်းဖြစ်မိကြသည်။ ချစ်သူချိန်းဆိုတိုင်း အယုံအကြည်လွန်ပြီး လိုက်သွားတတ်သူ မိန်းကလေးများအတွက် သင်ခန်းစာယူစရာဖြစ်ခဲ့ရသည်။

"မင်းက နဂိုကတည်းကစိတ်ကစားတတ်သူပဲ"

"ရှင် အဲဒီလိုမပြောပါနဲ့ ကိုသန်းဌေးကျော်၊ ရှင့်ညီမ နေခြည်ဝင့် အဲဒီလိုဖြစ်ရင် ရှင်ဘယ်လိုပြောမလဲ"

အချီအချ အငြင်းအခုံကြောင့် ပဋိပက္ခဖြစ်ခဲ့သည်။ အမှုစစ်ရဲအရာရှိက သတိပေးထိန်းသိမ်းရင်း ဆက်လက်စစ်ဆေးခဲ့သည်။

"ကျွန်မကို သူတို့မိသားစု ပူးပေါင်းပြီး ရောင်းစားခဲ့တာပါ"

"ဘယ်လိုကြောင့် အဲဒီလိုစွပ်စွဲနိုင်တာလဲ"

"ကျွန်မကို လိမ်လည်ရောင်းစားပြီး တစ်ပတ်အကြာမှာ ကိုသန်းဌေးကျော် ကျွန်မဆီရောက်လာတယ်၊ ကျွန်မက အခြေအနေပြောပြပြီး ချက်ချင်းကယ်ထုတ်ဖို့ ပြောခဲ့ပါတယ်၊ အဲဒီနေ့ကစပြီး ကိုသန်းဌေးကျော် ပျောက်သွားခဲ့ပါတယ်"

အမှုစစ်ရဲအရာရှိက အခြေအနေကို ဆက်စပ်မိခဲ့သည်။ ကွင်းဆက်ကို ရှာနိုင်ခဲ့သည်။ သန်းဌေးကျော်ကို ပစ်မှတ်ထားပြီး စစ်ဆေးချိန်တွင် အမှန်တရားက ပေါ်လာသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်က ခင်လေးကို အပျော်ကြံခဲ့တာပါ၊ ခင်လေးက ကျွန်တော်နဲ့အတူ လက်ထပ်ပေါင်းသင်းမယ်ဆိုပြီး အတင်းလိုက်ခဲ့လို့ ငြင်းမရတာနဲ့ လက်ထပ်ခဲ့ပါတယ်"

"ဟုတ်ပြီလေ၊ ကိုယ့်ဘက်က လွန်ကျူးမိရင် တာဝန်ယူရမှာက ယောကျ်ားမြတ်တွေရဲ့အလုပ်ပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်က သူ့ကို မပေါင်းချင်ဘူး၊ သူ့ကို ပြည့်တန်ဆာလောကထဲ ဆွဲထည့်လိုက်ရင် အတွေ့ပေါင်းများစွာကြောင့် ကျွန်တော်တို့ကို မေ့သွားမယ်ထင်ပြီး လုပ်ခဲ့တာပါ"

"ဒေါ်တင်သန်းနဲ့ နေခြည်ဝင့်တို့ကကော ဘာ့ကြောင့် အခုလိုလုပ်ရက်ကြတာလဲ"

"ကျွန်မက ကျွန်မသားကို ခင်လေးက အတွေ့နဲ့အပိုင်ကြံတယ်ထင်ပြီး လုပ်ခဲ့တာပါ"

"ဒီလိုဆိုရင် သူတို့ချင်း ကွဲနေတာပဲ၊ ဒီအတိုင်းလွှတ်ထားလို့ မရဘူးလား"

"ခင်လေးနဲ့ကွဲတယ်ဆိုပေမယ့် ခင်လေးက မယားစရိတ်နဲ့ နစ်နာကြေးတောင်းဆိုရင် ပေးရမှာစိုးလို့ ကြံခဲ့မိတာပါ"

အမှုစစ်အရာရှိက အားလုံးကို အမှုဖြင့်ဖမ်းဆီးလိုက်သည်။ ခင်လေးအား အမျိုးသမီးစောင့်ရှောက်ရေးဂေဟာသို့ ခေတ္တပို့အပ်ခဲ့ပြီး အမှုကို ဆက်လက်စစ်ဆေးခဲ့သည်။ မိမိသဘောအရ ပြည့်တန်ဆာအဖြစ်လုပ်ကိုင်ခဲ့သူ မိန်းကလေးများကို ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေဖြင့် အရေးယူခဲ့သည်။



ခင်လေးက သူမ၏ဘဝတွင် အချစ်ဦးဖြစ်ပြီး အချစ်ကြီးစွာ ချစ်ခဲ့မိသော သန်းဌေးကျော်အား မမြင်ချင်လောက်အောင် မုန်းသွားမိခဲ့သည်။

အသည်းနှင့်အောင် ချစ်ခဲ့မိသော်လည်း အသည်းတွင် မေ့မရစေအောင် စိုက်ဝင်ခဲ့သည့် အမုန်းဆူးမှာ ခင်လေးဘဝအတွက် နုတ်မရသောဆူးတစ်ချောင်း ဖြစ်နေခဲ့တော့သည်။

စာပေသစ္စာဖြင့်
အောင်ကျော်ဇော

www.burmeseclassic.com




www.burmeseclassic.com



## မိဿ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ

လုပ်ငန်းတွင် တိုးတက်အောင်မြင်၍ ဝင်ငွေအထူးကောင်းမွန်နေလိမ့်မည်။ ရင်းနှီးမြှုပ်နှံမှု အကျိုးပြုတတ်သည်။ မိမိကျန်းမာရေး ဂရုစိုက်ပါ။ ဆွေမျိုး၊ မိတ်ဆွေများ၊ လက်အောက်ငယ်သားများအတွက် အမှုအခင်းပြဿနာပေါ်၍ ငွေကုန်ကျမှုများနေတတ်သည်။ သားသမီးအတွက် စိတ်ချမ်းသာမှုနှင့် သောက ဒွန်တွဲနေတတ်မှု သတိပြုပါ။ ပညာရေးကောင်းသော်လည်း ဝီရိယနည်းပါးမှုကြောင့် လွဲချော်မှုရပြုပါ။ ကျန်းမာရေးအတွက် ဘာသာတရား များများလုပ်ပေးပါ။ ခရီးဝေးကိစ္စ အကျိုးပြုတတ်သည်။ အချစ်ရေးတွင် မိမိအမှားကြောင့် ကွေကွင်းရတတ်သည်။ ခရီးယာယီရှိနေ၏။ ပညာသင်များ အခက်အခဲကြုံရတတ်သည်။ အင်္ဂါနေ့သားသမီး အကျိုးပေးပြီး စနေ့သားသမီး ရှောင်ပါ။ **ယတြာ** – ဘုန်းကြီးကျောင်းတွင် ဆီးဖျော်ရည် ကပ်လှူပေးပါ။

BURMESE CLASSIC

---



## ပြိဿ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ

ကျန်းမာရေးကောင်းမည်။ မိမိ၏ လုပ်ငန်းကိစ္စများ အောင်မြင်မှုရရန် အလားအလာကောင်း၏။ ရှယ်ယာ လုပ်ငန်းများ အကျိုးမပေးပါ။ အတိုက်အခံရန်ဘက်များနှင့် အငြင်းပွားတတ်သည်။ ငွေကြေးပျောက်ရှတတ်၏။ ဆုံးဖြတ်ချက်မှားယွင်းမှုကြောင့် ငွေကုန်ကျနေမည်။ အမှုပြဿနာဖြစ်တတ်သည်။ ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာရ တတ်သည်။ အိမ်ခြံမြေ အရှုပ်အရှင်းဖြစ်တတ်သည်။ ပညာရေး အကောင်းအဆိုး ဒွန်တွဲနေမည်။ လက်အောက် ငယ်သားကို သတိထားပါ။ ယုံကြည်မှုမထားပါနှင့်။ ခရီးယာယီညံ့သည်။ လူကြီးသူမများအတွက် ပူဆွေးသောက ဖြစ်တတ်သည်။ အိမ်ထောင်ဖက်အတွက် ငွေကုန်ကျမှု သတိပြုပါ။ သောကြာနေ့သားသမီး အကျိုးပေးပြီး ရာဟုသားသမီး ရှောင်ပါ။ **ယတြာ** – နေအိမ်ဘုရားတွင် သကြားဆွမ်းကပ်လှူပါ။

---



## မေထုန် မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ

ဝင်ငွေများများဝင်မည်။ ယှဉ်ပြိုင်မှုတိုင်း အနိုင်ရတတ်သည်။ နိုင်ငံရပ်ခြား ပညာသင်ခရီးရှိသည်။ ကျန်းမာရေး ကောင်းမွန်နေမည်။ လုပ်ငန်းများ အဆင်ပြေပြီး ပျော်ရွှင်စရာများနှင့် ကြုံတွေ့နေရမည်။ နေအိမ်ပတ်ဝန်းကျင်၌ အမှုအခင်းဖြစ်တတ်သည်။ ဘာသာရေးများများ လုပ်လျှင် မိမိအတွက် အကျိုးရှိ၏။ ပညာရေးကောင်းမွန်သော်လည်း ဖွဲ၊ လုံ့လ၊ ဝီရိယ အားနည်းမှု သတိပြုပါ။ အိမ်ထောင်ဖက်ကောင်းရတတ်သည်။ အချစ်ရေးတွင် ပြိုင်ဘက်ဟောင်းနှင့် ပြန်ဆုံတွေ့မည်။ အပေါင်းအသင်း မိတ်ဆွေများအတွက် စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ ဗုဒ္ဓဟူး နေ့သားသမီးများ အကျိုးပေးပြီး စနေသားသမီး ရှောင်ပါ။ **ယတြာ** – ကလေးများအား ရွှေရင်အေးဖြင့် ကျွေးမွေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com





## ကရကဋ် ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ

ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရတတ်မှု သတိပြုပါ။ ကျန်းမာရေးအညံ့ရှိ၏။ လုပ်ငန်းများ အောင်မြင်နေသော်လည်း လက်အောက်ငယ်သားများ၏ ပြဿနာများကို ဖြေရှင်းပေးနေရတတ်သည်။ စပ်တူလုပ်ငန်းများရှောင်ပါ။ အကြီးအကဲထံမှ ကူညီမှုရရှိတတ်သည်။ အင်္ဂါနံပစ္စည်း စာပေ၊ စက်ပစ္စည်း၊ ဆန်၊ ဆီ၊ ဆား ရောင်းဝယ်ပါက အကျိုးပေးမည်။ ငွေကြေးပျောက်ရှတတ်သည်။ သေချာစွာသိမ်းဆည်းပါ။ သားသမီးများ ကောင်းစားမည်။ အိမ်ထောင် ဖက်ကောင်းရတတ်သည်။ ခရီးယာယီရှိသည်။ အချစ်ရေး၊ ပညာရေး ကောင်းမွန်ပါသည်။ တနင်္လာနေ့သားသမီးများ အကျိုးပေးပြီး အင်္ဂါသားသမီးရှောင်ပါ။ **ယတြာ** – အိမ်ဘုရားတွင် ကြာဆံကြော် ကပ်လှူပေးပါ။

---



## သိဟ် ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ

လုပ်ငန်းကောင်းမည်။ ဝင်ငွေ၊ ထွက်ငွေ သတိပြုပါ။ လက်အောက်ငယ်သား သတိထားပါ။ ရင်းနှီးမြှုပ်နှံမှုတွင် ငွေကြေးကိစ္စ အလိမ်ခံရတတ်သည်။ ဆွေမျိုးမိတ်ဆွေတို့၏ ပြဿနာကြောင့် သောကရောက်တတ်သည်။ အေးအေးသာသာနေပါ။ အပူဒုက္ခ မရှာပါနှင့်။ မြေယာကိစ္စ ပြဿနာရှိသော်လည်း မိမိဘက်က အားသာနေမည်။ ပညာရေးတွင် လုံ့လ၊ ဝီရိယစိုက်မှ အကျိုးများမည်။ ကျန်းမာရေး ချူချာတတ်၏။ ဦးခေါင်းနှင့် မျက်စိတွင် ဝေဒနာ ခံစားရတတ်သည်။ သက်ကြီးရွယ်အိုများကြောင့် ပူဆွေးရတတ်သည်။ ပညာသင်များ ကြိုးစားမှုရှိပါ။ အချစ်ရေးတွင် စိတ်တိုင်းကျမဖြစ်နိုင်သေးပါ။ တနင်္ဂနွေသားသမီးများ အကျိုးပေးပြီး စနေသားသမီး ရှောင်ပါ။ **ယတြာ** – သံဃာတော်များအား ဘုန်းထမင်းဆွမ်း ကပ်လှူပေးပါ။

BURMESE CLASSIC

---



## ကန် ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ

ကျန်းမာရေး တိုးတက်ကောင်းမွန်နေမည်။ သို့သော် ဦးခေါင်းနှင့်ပတ်သက်သော ရောဂါဝေဒနာ ဂရုပြုပါ။ ကိုယ်တိုင်စီးပွားရှာမှ အောင်မြင်မှုရတတ်သည်။ အလှအပပစ္စည်း ရတနာပစ္စည်း ရောင်းဝယ်လုပ်ကိုင်ပါက အကျိုး ပေးမည်။ လုပ်ငန်းသစ်စတင်ရန် အချိန်ကောင်းဖြစ်သည်။ အရာရာ လွှမ်းမိုးနိုင်ပြီး လူအများလေးစားခြင်းခံရမည်။ ပရဟိတလုပ်ငန်းများဖြင့် အချိန်ကုန်နေတတ်၍ လုပ်ငန်းလစ်ဟာမှု ဂရုပြုပါ။ ခရီးယာယီရှိတတ်သည်။ ပညာရေး ကောင်းမွန်သည်။ ပညာသင်များ မိမိဆန္ဒအတိုင်း ဖြစ်လာမည်။ အချစ်ရေးတွင် အတိုက်အခံရှိ၏။ အချစ်ပြိုင်ပွဲ ဆင်နွှဲရတတ်သည်။ ဗုဒ္ဓဟူးသားသမီး အကျိုးပေးပြီး သောကြာသားသမီး ရှောင်ပါ။ **ယတြာ** ဘုရားတွင် ရွှေထီးငယ်လက် ကပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com





## တူ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ

ကျန်းမာရေး ထွေထွေထူးထူးရောဂါမရှိပါ။ စိတ်အလိုမကျမှုနှင့် ဒေါသကြီးတတ်မှု ရှောင်သင့်၏။ လုပ်ငန်းတွင် မည်မျှအောင်မြင်ပါစေ အတိုက်အခံနှင့် အနှောင့်အယှက်မကင်းဘဲ ရှိနေလိမ့်မည်။ ပထမတွင် အညံ့ရှိသော်လည်း အဆုံးတွင် အောင်မြင်သွားမည်။ အထက်လူကြီးများကို ကူညီမှုပေးရတတ်သည်။ ပညာရေးတွက် အခက် အခဲရှိမည်။ ပညာသင်များ အခက်အခဲနှင့် ကြုံတွေ့ပြီးမှ အောင်မြင်မှုရလာမည်။ အချစ်ရေးတွင် သောကနှင့်ယှဉ်၍ အနှောင့်အယှက်များနှင့် ကြုံတွေ့ရတတ်သည်။ အတွန်းအတိုက်များကြောင့် ရန်များတတ်၏။ ရသောငွေပြန် ကုန်သွားတတ်သည်။ အစစအရာရာ စိတ်တိုင်းမကျဘဲရှိနေမည်။ သောကြာနေ့သားသမီးများ အကျိုးပေးပြီး တနင်္ဂနွေနေ့သားသမီးများရှောင်ပါ။

**ယတြာ** – သံဃာ တော်များအား သစ်သီးဖျော်ရည် ကပ်လှူပါ။

---



## ဗြိစ္ဆာ အောက်တိုဘာလ (၂၁) ရက်မှ နိုဝင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ

ကျန်းမာရေးကောင်းသော်လည်း ရင်ဘတ်နှင့်လက်တွင် ဝေဒနာခံစားရတတ်သည်။ ငွေကြေးကံကောင်း၍ စိတ်တိုင်းကျပြုလုပ်ဆောင်ရွက်ရတတ်သည်။ ငွေအစုလိုက်အပုံလိုက် ရကိန်းရှိသည်။ အောင်မြင်တိုးတက်မှုရှိ၏။ သို့သော် အနီးကပ်နေသူများကြောင့် ခိုက်ရန်ဒေါသဖြစ်တတ်သည်။ မိသားစုကြောင့် ငွေကုန်ကြေးကျမှု များနေတတ်သည်။ သားသမီးအကျိုး ခံစားရတတ်သည်။ မိသားစုကျန်းမာရေး ဂရုစိုက်ပါ။ ၎င်းတို့အတွက် ပူဆွေးသောက ရောက်ရတတ်သည်။ ပညာသင်များ အောင်မြင်မည်။ အချစ်ရေး အဆင်ပြေမည်။ မည်သူမျှ အဖျက်ရန်မရှိတော့ပါ။ အင်္ဂါသားသမီး အကျိုးပေးပြီး တနင်္လာသားသမီး ရှောင်ပါ။ **ယတြာ** – ဘုရားတွင် ဆီးသီး၊ ဆီးညွှန့် ကပ်လှူလိုက်ပါ။ ဆီမီးပူဇော်ပါ။

BURMESE CLASSIC

---



## ဓနု နိုဝင်ဘာလ (၂၁) ရက်မှ ဒီဇင်ဘာ လ (၂၀) ရက်အတွင်း မွေးဖွားသူများ

ကျန်းမာရေးကောင်းမည်။ လုပ်ငန်းကို မိမိကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုပါ။ မြေကိစ္စ အောင်မြင်မည်။ ငွေကြေးကိစ္စ နှောင့်နှေးကြန့်ကြာတတ်၏။ မိသားစုနှင့်ပတ်သက်၍ အမွေကိစ္စ သတိထားပါ။ ဒေါသရှေ့ထားမှုရှောင်ပါ။ စကားပြောဆင်ခြင်ပါ။ လုပ်ငန်းများအောင်မြင်ပြီး ဝင်ငွေများ တိုးပွားနေမည်။ အသွားအလာဆင်ခြင်ပါ။ ရုတ်တရက် ထိခိုက်ဒဏ်ရာရတတ်သည်။ ပညာသင်များ အဆင့်မြင့်ပညာ သင်ကြားခွင့်ရရှိမည်။ ပညာရေးကောင်း၏။ အချစ်ရေးတွင် အနီးကပ်နေသူများ၏ သွေးထိုးစကားကို နားယောင်တတ်သည်။ သူတစ်ပါး၏ မတရားစွပ်စွဲခြင်း ခံရတတ်သည်။ ကြာသပတေးသားသမီး အကျိုးပေးပြီး ရာဟုသားသမီး ရှောင်ပါ။ **ယတြာ** – ကလေးများအား ပေါင်မုန့်ကျွေးမွေးလိုက်ပါ၊ သို့မဟုတ် ပေါင်မုန့်ဖြင့် ငါးစာကျွေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com





### မကာရ ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ

မျက်စိနှင့် ဦးခေါင်းပိုင်းဝေဒနာ ဂရုစိုက်ပါ။ ဝင်ငွေတိုးပွားလာမည်။ လုပ်ငန်းသစ်စတင်ချိန်ရောက်နေ၍ ရဲရဲဝံ့ဝံ့ တိုးချဲ့လုပ်ကိုင်ပါ။ လုပ်ငန်းမှ အကျိုးခံစားခွင့်ရရှိမည်။ နိုင်ငံရပ်ခြား အဆက်အသွယ်ကောင်းရတတ်သည်။ အထက်လူကြီးများ၏ ကူညီစောင်မခြင်း ခံရတတ်သည်။ ဝန်ထမ်းများ ရာထူးတက်ကိန်းရှိနေသည်။ အနီးကပ်နေသူများ ခိုက်ရန်ဖြစ်ပွားတတ်သည်။ သားသမီးများ ပညာသင်ခရီးရှိသည်။ ပညာရေးတွင် လုံ့လ၊ ဝီရိယ စိုက်ထုတ်နိုင်မှ အောင်မြင်မှုရမည်။ အချစ်ရေးကောင်းသည်။ စနေနေ့သားသမီးများ အကျိုးပေး၍ သောကြာနေ့သားသမီးများ ရှောင်ပါ။ **ယတြာ** နေအိမ်ဘုရားတွင် နှီထမင်း ကပ်လှူပေးပါ။

---



### ကုမ် ဇန်နဝါရီလ (၂၁) ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ

စိတ်ကျန်းမာရေး ဂရုစိုက်ပါ။ ဝမ်းဗိုက်နှင့်ပတ်သက်သော ရောဂါခံစားရတတ်သည်။ အလုပ်များ၍ စိတ်ဖိစီး မှုရှိတတ်သည်။ ဆုံးရှုံးမည်ဟုထင်ထားသောငွေများ မမျှော်လင့်ဘဲ ပြန်လည်ရရှိတတ်သည်။ ရင်းနှီးသူများနှင့်စိတ် ဝမ်းကွဲတတ်သည်။ ငွေကြေးနှင့်ပတ်သက်၍ သတိထားပါ။ အလုပ်အကိုင် ပြောင်းလဲလုပ်ကိုင်ရမည်။ နေရာမပြ သေးပါ။ အခွင့်အလမ်းကောင်းများပေါ်ပြီး အကြံအစည်များ အောင်မြင်မည်။ ဂုဏ်သတင်းကျော်စောမည်။ မြေ ယာဥစ္စာများ ဝင်ကိန်းရှိ၏။ ပညာရေး တိုးတက်မည်။ အချစ်ရေးတွင် မိမိထက်အသက်ကြီးသူနှင့် မေတ္တာရေး အချစ်စခန်းဖွင့်ရမည်။ စနေနေ့သားသမီးများ အကျိုးပေး၍ တနင်္ဂနွေသားသမီးများရှောင်ပါ။ **ယတြာ** – ဘုရားတွင် နှီခေါက်ဆွဲ ကပ်လှူပေးလိုက်ပါ။

---



### မိန် ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ

ကျန်းမာရေးချူချာနေမည်။ တစ်ခုပြီးတစ်ခု ဝေဒနာခံစားရတတ်သည်။ နှလုံးရောဂါ သတိထားပါ။ သို့သော် စိုးရိမ်စရာမရှိပါ။ ကြံစည်ထားသောကိစ္စများ အောင်မြင်မည်။ လုပ်ငန်းအပြောင်းအလဲရှိသော်လည်း တိုးတက်မှုရှိ လာနိုင်သည်။ အခွင့်အရေးကောင်းများ ပေါ်လာမည်။ မြေယာဥစ္စာ ဝင်ကိန်းရှိသည်။ ငွေကြေးအခက်အခဲရှိသည်။ သားသမီး ဒုက္ခပေးတတ်၏။ အမွေကိစ္စ တောင်းဆိုလာလိမ့်မည်။ ဝန်ထမ်းများ အထက်လူကြီးများကို ငြိငြင်တတ် သည်။ ပညာသင်များ နိုင်ငံရပ်ခြား ပညာသင်ခရီးရှိသည်။ ပညာရေးကောင်းပါသည်။ အချစ်ရေးတွင် မေတ္တာအပြိုင်ရှိ၏။ အိမ်ထောင်ရေးတွင် အိမ်ထောင်ဖက်နှင့် အလျှုအတန်းပေးရတတ်သည်။ အိမ်ထောင်ရေးသုခ ခံစားရလိမ့်မည်။ ဘာသာတရားများများလုပ်လျှင် အဆိုးမှလွတ်မြောက်မည်။ ကြာသပတေးနေ့သားသမီးများ အကျိုးပေး၍ ဗုဒ္ဓဟူးနေ့သားသမီးများရှောင်ပါ။ **ယတြာ** – သံဃာတော်များအား မုန့်ဟင်းခါးဆွမ်း ကပ်လှူပေးလိုက်ပါ။



www.burmeseclassic.com